www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၁.၃၇

ကြီးတေ့

အယ်ဒိသာကာကျိန်စာ/ကြီးတေ့။ - ရန်ကုန်၊

စောင်မြင့်စာပေ၊ ၂၀၁၄။

၂၆၆ - စာ၊ ၁၂.၅ × ၁၈.၅ စင်တီ။

(၁) ကြီးတေ့

ဖြန့်ချီရေး။ စောင်မြင့်စာပေ၊ ...



# ဒသနလက်ဆောင်

❖ နပျိုလှပခြင်းကို
အိုမင်းရင့်ရော်ခြင်းက
ဒုက္ခပေးဖို့ အဆင်သင့်စောင့်နေတယ်၊
ချစ်ခြင်းမေတ္တာကိုတော့
အချိန်ကာလက ဒုက္ခမပေးနိုင်ပါဘူး။

❖ နီးရင်လည်း သတိရတယ်၊
ဝေးနေရင်လည်း သတိရနေတယ်၊
တမလွန်ဘဝ ရောက်တဲ့အထိ မမေ့ရင်
ငါ့ အချစ်အတွက်
တာဝန်ကျေရာ ရောက်မှာပါ။

❖ သစ်မြစ်ခြောက်သွားရင်
အပွင့်၊ အရွက်တွေ ကြွေရတော့မယ်၊
အချစ် ပျောက်ခဲ့ရင်တော့
ဘဝတစ်ခုလုံး ကြေမွတော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ မနေ့က အပြုံးတွေကို
ဒီကနေ့ထိ သယ်ဆောင်လာပေးပါ၊
ဒီကနေ့ အပြုံးတွေ မကြွေလွင့်ဖို့
မနက်ဖြန်အတွက်
မင်းလက်ထဲကိုပဲ အပ်နှံထားပါရစေ။

❖ အခြားသူ ဖောက်ခဲ့တဲ့
လမ်းဟောင်းကသွားရင်
သက်သာပေမယ့် ဘာမှမရနိုင်ပါဘူး
ကိုယ့်ဘာသာ လမ်းသစ်ဖောက်မှသာ
ပင်ပန်းသော်လည်း
အကျိုးတရား ရနိုင်ပါတယ်၊

❖ အချစ်တစ်ခုကို ပိုင်ဆိုင်ခွင့်ရဖို့
ရင်းနှီးမြှုပ်နှံရတာတွေ ရှိပါတယ်၊
မျှော်လင့်ချက်ကိုတော့ ဘယ်တော့မှ
အပွန်းအပဲ့ မခံပါနဲ့၊

BURMESE CLASSIC

# ဒဿနလက်ဆောင်

❖ နေဝင်ချိန်ဆိုတာ
နေထွက်ချိန်ရဲ့ နိဒါန်းပါပဲ၊
နေထွက်ချိန်ဆိုတာလည်း
နေဝင်ချိန်ရဲ့ နိဒါန်းတစ်ခုပါပဲ
ကံကြမ္မာရဲ့ အလှည့်အပြောင်းဆိုတာ
နိဒါန်းနဲ့နိဂုံး နှစ်ခုကြားမှာပဲ ရှိပါတယ်၊

❖ မိတ်ဆွေဖွဲ့ဖို့ အပြစ်ကင်းတဲ့သူကို
ရှာဖွေရင်း...နောက်ဆုံး မိမိကိုယ်ကို
ပြန်တွေ့ရပါလိမ့်မယ်၊ ဒီတစ်ခါ...
လောကတစ်ခုလုံး အပြစ်ကင်းသူ
မရှိတာ သဘောပေါက်လာပါလိမ့်မယ်၊

❖ မီးတောက်တစ်ခုအတွက်
လောင်စာလိုပါတယ်၊ မျှော်လင့်ချက်
မီးတောက်အတွက်ကတော့
ယုံကြည်ချက် ရှိနေဖို့ပဲ
အရေးကြီးပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ မျောက်တစ်ကောင်ရဲ့ အမြီးကို
မီးလောင်ရင် မျောက်ပဲ ပူမှာပါ။
ဒီမျောက်ကြောင့်
တစ်တောလုံး မီးလောင်ရင်တော့
အားလုံးပူကြရမှာပါပဲ၊

❖ ပျော်ရွှင်မှုဆိုတာ
အနီးဆုံးမှာ ရှိနေပေမယ့်
လိုက်လေ ဝေးလေပါပဲ၊
ပျော်ရွှင်မှုကို မျှော်လင့်ရင်း
မပျော်ရွှင်မှုတွေနဲ့သာ တွေ့ကြရတယ်၊

❖ အတောင်တစ်ဖက်သာရှိတဲ့ငှက်ဟာ
မပျံနိုင်ပါဘူး။ ဒါပေမယ့်…
အတောင်တစ်ဖက်သာရှိတဲ့
ငှက်နှစ်ကောင် အတူပေါင်းပျံရင်
အမြင့်ကိုရောက်နိုင်ပါတယ်၊

BURMESE CLASSIC

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) အိုဝ်မက်၏သားကောင်များ
အခန်း(၂) မရှိသောအရာမရှိသည့်သာဝတ္ထိ
အခန်း(၃) အင်္ဂုလိမာလ တောကြမ်း
အခန်း(၄) အင်္ဂုလိမာလ အောင်ပွဲ
အခန်း(၅) သွေးစွန်းနေသော မရဏပန်းကုံး
အခန်း(၆) ဦးသူတော်နှင့်ချမ်းသာစေသောတဘောင်
အခန်း(၇) အပယ်ခံရွာမှ အပယ်ခံဘဝများ
အခန်း(၈) ကြေးပုရပိုဒ်နှင့် လျှို့ဝှက်သောစာ
အခန်း(၉) သစ်ခွပန်းတို့၏ သမိုင်းကြောင်းအစ
အခန်း(၁၀) နီမောင်၊ ဒေါက်တာမင်းထင်ကျော်နှင့် ရွှေဝှက်စာ
အခန်း(၁၁) မာယာစက်ကွင်း သို့မဟုတ် အချစ်စက်ကွင်း
အခန်း(၁၂) လက်ညှိုးတစ်ချောင်းဖြင့် အပေးအယူ
အခန်း(၁၃) တောတောင်မာယာဝက်ပါ
အခန်း(၁၄) ကောသလမင်းလက်ထက်မှ ပြိတ္တာများ
အခန်း(၁၅) ဦးသူတော်နှင့် ပြန်တွေ့ရခြင်း
အခန်း(၁၆) အတိတ်ကတောကြမ်းမှ သက်ဆိုင်သူများ
အခန်း(၁၇) သောကဗယ်ဘွာချစ်သူတို့ရင်ခွင်မှာ


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

# အိပ်မက်၏ သားကောင်များ

အိန္ဒိယအကြောင်း ရေးမည်ပြောမည်ဆိုပါက ဟိမဝန္တာအကြောင်းမှာ မဖြစ်မနေ ပါလာရမည်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်. . ဟိမဝန္တာတောင်တန်းကြီးမှာ အိန္ဒိယနိုင်ငံ၏ အမှတ်တံဆိပ် သို့မဟုတ် သင်္ကေတတစ်ခု ဖြစ်နေသောကြောင့်ပင် ဖြစ်ပေသည်။

မိုင်ပေါင်း(၁၅၀၀)ကျော်ခန့် ရှည်လျားပြီး ကမ္ဘာ့အမြင့်ဆုံး ဝေရက်တောင်ထွတ်အပါအဝင် တောင်ထွတ်ပေါင်းမြောက်



www.burmeseclassic.com

www.burmeseclassic.com



များစွာတို့ ဝန်းရံတည်ရှိသော ဟိမဝန္တာတောင်တန်းကြီးမှာ သူတော်စင်တို့ ပျော်မွေ့ရာ၊ ခိုအောင်းရာ၊ တရားကျင့်ကြံအားထုတ်သော နေရာထူးတစ်ခုအဖြစ်လည်း တည်ရှိနေသည်။

ဟိမဝန္တာတောင်မှ မြစ်ဖျားခံ စီးဆင်းလာကြသော ဂင်္ဂါမြစ်၊ ယမုံနာမြစ်တို့သည်လည်း လူသိများသော နေရာများ မြစ်များ ဖြစ်ကြလေသည်။

ဂင်္ဂါမြစ်သည် ထူးခြားသော မြစ်ကြီးတစ်စင်းပင် ဖြစ်သည်။ အိန္ဒိယနိုင်ငံကို လူသိများရသော အကြောင်းများထဲတွင် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသော ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းရာ ဒေသဖြစ်သောကြောင့်လည်း အပါအဝင် ဖြစ်ပေသည်။

အိန္ဒိယနိုင်ငံအတွင်းမှာရှိသော ဗုဒ္ဓနှင့်သက်ဆိုင်သော နေရာများ၊ မြို့များမှာလည်း ယခုထက်တိုင် ရှိကြပေသည်။ ဗာရာဏသီ၊ သာဝတ္ထိ၊ မိဂဒါဝုန် စသောနေရာဒေသများမှာ ယခုထက်တိုင် ထင်ရှားလျက် ရှိကြပေသည်။

ယခုဝတ္တု ဖြစ်ပေါ်လာသော အရပ်ဒေသမှာ သာဝတ္ထိမြို့ ရှိခဲ့သော အရပ်ဒေသပင် ဖြစ်သည်။

သာဝတ္ထိသည် ဗုဒ္ဓသာသနာပြု စေလွှတ်ခဲ့သော ကိုးတိုင်းကိုးဌာနတွင် တစ်နေရာတစ်ဒေသ ပါဝင်လေသည်။

မြတ်စွာဘုရားက သံဃာတော်များကို သာသနာပြု စေလွှတ်ခဲ့သော ကိုးတိုင်းကိုးဌာနမှာ. . .

(၁) ကသ္မီရ ဂန္ဓာရတိုင်း
(၂) မဟိံသကတိုင်း
(၃) ဝနဝါသီတိုင်း
(၄) အပရန္တတိုင်း
(၅) မဟာရဋ္ဌတိုင်း
(၆) ယောနကတိုင်း
(၇) ဟိမဝန္တာအရပ်
(၈) သုဝဏ္ဏဘူမိတိုင်း
(၉) သီဟဠ(သီဟိုဠ်)တိုင်း စသည်တို့ပင်ဖြစ်သည်။





အရှင်မဇ္ဈန္တိကက ခေါင်းဆောင်သော သာသနာပြုအဖွဲ့ကို ကသ္မီရဂန္ဓာရတိုင်းသို့ စေလွှတ်တော်မူသည်။

ထိုတိုင်းမှာ ဟိမဝန္တာတောင်၏ အနောက်မြောက်စွန်းဘက်၌ ရှိလေသည်။ တရုတ်ပြည်၊ တူရကီ ပန်ဂျပ်၊ တိဗက်တို့နှင့် ဆက်စပ်နေသော အရပ်ဒေသပင် ဖြစ်သည်။

အရှင်မဟာဒေဝ ခေါင်းဆောင်သော သာသနာပြုအဖွဲ့ကို မဟိံသကတိုင်းသို့ စေလွှတ်တော်မူသည်။

မဟိံသကတိုင်းမှာ အိန္ဒိယတောင်ပိုင်း မိုက်ဆိုးနယ် အရပ်ဒေသဖြစ်သည်။

အရှင်ရက္ခိတ ခေါင်းဆောင်သော သာသနာပြုအဖွဲ့ကို ဝနဝါသီတိုင်းသို့ စေလွှတ်တော်မူသည်။ ဝနဝါသီတိုင်းမှာ ဘုံဘေနယ်တောင်ပိုင်း အရပ်ဒေသဖြစ်သည်။

အရှင်ယောနက ဓမ္မရက္ခိတ ခေါင်းဆောင်သော သာသနာပြုအဖွဲ့ကို အပရန္တတိုင်းသို့ စေလွှတ်တော်မူသည်။

သုနာပရန္တတိုင်းမှာ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း၌



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။

အရှင် မဟာဓမ္မရက္ခိတ ခေါင်းဆောင်သော သာသနာပြုအဖွဲ့ကို မဟာရဋ္ဌတိုင်းသို့ စေလွှတ်တော်မူသည်။ မဟာရဋ္ဌတိုင်းမှာ ဘုံဘိုင်မြို့အလယ်ပိုင်း အရပ်ဒေသဖြစ်သည်။

အရှင်မဟာ့ရက္ခိတခေါင်းဆောင်သော သာသနာပြုအဖွဲ့ကို ယောနကတိုင်းသို့ စေလွှတ်တော်မူသည်။

ယောနကတိုင်းမှာ ရှေးအခါက ပန်ဂျပ်နှင့် အိန္ဒိယမြစ်အနောက်ဘက်၌ ပါဝင်သော အရပ်ဒေသဖြစ်သည်။ နောက်ပိုင်းမြန်မာနိုင်ငံ နယ်နိမိတ်အတွင်းသို့ ပါဝင်သည်။

အရှင်မဇ္ဈိမ ခေါင်းဆောင်သော သာသနာပြုအဖွဲ့ကို ဟိမဝန္တာအရပ်သို့ စေလွှတ်သည်။

ထိုအရပ်ဒေသတွင် ခိုတန်၊ ပရကန်၊ တိဗက်၊ ဘူတန်၊ တရုတ်ဒေသများ ထိစပ်နေသော အရပ်ဒေသဖြစ်သည်။

အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ခေါင်းဆောင်သော သာသနာပြုအဖွဲ့ကို သုဝဏ္ဏဘူမိသို့ စေလွှတ်တော်မူသည်။

သုဝဏ္ဏဘူမိမှာ မြန်မာနိုင်ငံအောက်ပိုင်းအရပ်၌ တည်ရှိလေသည်။

အရှင်မဟိန္ဒ ခေါင်းဆောင်သော သာသနာပြုအဖွဲ့ကို သီဟိုဠ်ကျွန်းသို့ စေလွှတ်တော်မူသည်။

သီဟိုဠ်ကျွန်းမှာ ယခု သီရိလင်္ကာကျွန်းပင် ဖြစ်ပေသည်။

မြတ်စွာဘုရားက တပည့်သံဃာတော်များအား ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူခဲ့ရာမှ နောက်





ပိုင်းတွင် တိုင်းကြီး(၁၆)တိုင်းသို့ ဗုဒ္ဓသာသနာတော် ပြန့်နှံ့ရောက်ရှိခဲ့လေသည်။ တိုင်းကြီး(၁၆)တိုင်းတို့မှာ. . .

(၁)အင်္ဂတိုင်း (၂)မဂဓတိုင်း (၃)ကာသိတိုင်း (၄)ကောသလတိုင်း (၅)ဝဇ္ဇီတိုင်း (၆)မလ္လတိုင်း (၇)စေတိယတိုင်း (၈)ဝံသတိုင်း (၉)ကုရုတိုင်း (၁၀)ပဉ္စာလတိုင်း (၁၁)မစ္ဆတိုင်း (၁၂)သုရသေနတိုင်း (၁၃)အဿကတိုင်း (၁၄)အဝန္တိတိုင်း (၁၅)ဂန္ဓာရတိုင်း (၁၆)ကမ္ဘောဇတိုင်းတို့ ဖြစ်ကြသည်။

သာဝတ္ထိသည် ကောသလတိုင်းအတွင်း၌ ပါဝင်သော ရှေးမြို့ဟောင်းတစ်ခု ဖြစ်ပေသည်။

မြတ်စွာဘုရား ပွင့်တော်မူစဉ် အချိန်ကာလက အိန္ဒိယနိုင်ငံအတွင်းမှာ အစည်ကားဆုံး မြို့တော်ကြီးတစ်ခု ဖြစ်ခဲ့လေသည်။

သာဝတ္ထိ မြို့တော်နှင့်ပတ်သက်ပြီး ထင်ရှားသော နေရာများနှင့် အကြောင်းအရာအဖြစ်အပျက်များ ရှိခဲ့လေသည်။

* မြတ်စွာဘုရား (၂၄)ဝါတိုင်တိုင် သီတင်းသုံးခဲ့သော ဇေတဝန်ကျောင်းတော်ကြီး ရှိခြင်း။
* ယခုမျက်မှောက်ကာလတွင် ဖြစ်ပျက်နေသော အဖြစ်အပျက်တို့ကို လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော်ကပင် ကြိုတင်အိပ်မက်မြင်ခဲ့သော ကောသလမင်းကြီး၏ တရားနာကြားရာ တရားနန်းတော်ရှိခြင်း။
* မလ္လိကာမိဖုရား မွေးဖွားရာ အရပ်ဒေသဖြစ်ခြင်း။
* အောင်ခြင်းရှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂုလိမာလနှင့် ပတ်သက်ခဲ့သော နေရာဖြစ်ခြင်း။

* အာနန္ဒာ ဗောဓိပင်ကြီးရှိခြင်း။
* မြတ်စွာဘုရားကို ရန်ပြုခဲ့သော ဒေဝဒတ်နှင့် စိဉ္စမာနတို့ မြေမျိုခံရသော နေရာများရှိခြင်း။
* မြတ်စွာဘုရား ခုနစ်ဝါရစဉ် တိတ္ထိများနှင့် တန်ခိုးပြိုင်ခဲ့သော သရက်ဖြူပင်ရှိခြင်း။

မြတ်စွာဘုရား (၇)ဝါမြောက် ဝါမဆိုခင် တိတ္ထိများနှင့် သရက်ပင်ရင်းတွင် တန်ခိုးပြိုင်ရန် ကတိပေးခဲ့ရာ တိတ္ထိများက ထိုနေရာမှာရှိသော သရက်ပင် မှန်သမျှတို့ကို ခုတ်လှဲသုတ်သင်ထားကြသည်။

တန်ခိုးပြိုင်မည့်နေ့ ရောက်သောအခါ ကဏ္ဍအမည်ရှိ ဘုရင်ဥယျာဉ်တော်စောင့် လှူဒါန်းသော သရက်သီးကို မြတ်စွာဘုရားဘုန်းပေးပြီးနောက် သရက်စေ့ကို မြေသို့ချပြီး စိုက်ပျိုးရာ ချက်ချင်း သရက်ဖြူပင် ပေါက်လေသည်။

ထိုသရက်ပင်ခြေရင်းတွင် ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာကို ပြပြီးနောက် တာဝတိံသာသို့ နှစ်လှမ်းသုံးဖဝါးမျှဖြင့် ကြွလှမ်းပြီး မယ်တော်နတ်သားအား ကျေးဇူးဆပ်သောအားဖြင့် အဘိဓမ္မာတရားဟောကြားရင်း တာဝတိံသာနတ်ပြည်၌ (၇)ဝါမြောက် ဝါဆိုတော်မူသည်။

ထို့ကြောင့် သာဝတ္ထိသည် မြတ်စွာဘုရား တန်ခိုးတော် အနန္တနှင့်ပတ်သက်ပြီး ထင်ရှားခဲ့သော နေရာတစ်ခုအဖြစ် ပါဝင်ခဲ့လေသည်။





သာဝတ္ထိနှင့် ပတ်သက်သည့် ရှေးအခါကအကြောင်းများကို ရေးမည်ပြောမည်ဆိုပါက နှစ်ပေါင်း(၁၅၀၀)ကျော်တွင် ဖြစ်ပျက်သည့် အကြောင်းများကို ကြိုတင်အိပ်မက်မက်ခဲ့သော ကောသလမင်းကြီးအကြောင်း၊ လက်ညှိုးပေါင်း တစ်ထောင်ရအောင် လူပေါင်းများစွာတို့ကို သတ်ဖြတ်ခဲ့သော လူဆိုးကြီး အင်္ဂုလိမာလအကြောင်းများကတော့ မလွဲမသွေ ပါကြရပေမည်။

ကောသလမင်းကြီး မက်ခဲ့သော အိပ်မက်(၁၆)ချက်ကို ယခုကာလ ဖြစ်ပျက်နေသော အဖြစ်အပျက်များနှင့် ယှဉ်တွဲ၍ အတိုချုပ်ကာ ဖော်ပြပေးပါမည်။

(၁) နွားနက်လေးကောင် ဝှေ့မယောင်နှင့် ကွေ့ရှောင်သွားကြသည့် အိပ်မက်ကား . . .
သစ်ပင်တောတောင်များ မရှိတော့သဖြင့် မိုးမည်းများရွာဟန်ပြုပြီးမှ မရွာဘဲရှိခြင်း . . .

(၂) သစ်ပင်ခြုံနွယ် လွန်နုနယ်သော်လည်း အသီးအပွင့်တို့ ပွင့်ကြ၊ သီးကြသော အိပ်မက်ကား . . .
မိန်းကလေးများ အရွယ်မရောက်သေးခင်မှာ အိမ်ထောင်ပြုခြင်း သားသမီး မွေးခြင်းများ ပြုလုပ်ခြင်း . . .

(၃) နွားငယ်၏နို့ကို နွားမကြီး စို့ရသော အိပ်မက်မှာ မိအိုဖအိုတို့မှာ သားသမီးတို့ စွန့်ကြဲပေးမှသာ စားသောက်ကြရခြင်း . . .

(၄) သန်မာသော နွားကြီးများကို မခိုင်းစေပဲ အရွယ်မရောက်သေးသော နွားပေါက်ကလေးများကို စေခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်း အိပ်မက်အဓိပ္ပါယ်မှာ. . .

ဉာဏ်ပညာနှင့် ပြည့်စုံသူတို့ကို ဖယ်ပြီး အတွေ့အကြုံမရှိသော လူငယ်များကို ရှေ့တန်းတင်စေခိုင်းသော အဖြစ်မျိုးနှင့် ကြုံရခြင်း. . .

(၅) မျက်နှာနှစ်ခု၊ ပါးစပ်ပေါက်နှစ်ပေါက်ရှိသော မြင်းပါးစပ်သို့ အသီးအနှံတို့ မနားတမ်းကျွေးရသော အိပ်မက်အဓိပ္ပါယ်မှာ. . .

တရားစီရင်သူတို့သည် တရားလိုဘက်မှရော၊ တရားခံဘက်မှပါ ပေးလာသောလာဘ်တို့ကို မရပ်မနားယူပြီး တရားစီရင်ကြခြင်း. . .

(၆) အသပြာတစ်သိန်းထိုက်သော ရွှေခွက်ကို ကျင်ငယ်စွန့်ရန်အတွက် မြေခွေးဖိုအားပေးသဖြင့် ရွှေခွက်၌ ကျင်ငယ်စွန့်သော အဓိပ္ပါယ်မှာ. . .

မတရားသော အစိုးရလက်ထက်တွင် ရာထူးအာဏာရှိသူတို့၏ နှိပ်စက်မှုကြောင့် အမျိုးကောင်းသမီးတို့ကို ပေးဆက်ရခြင်း ဖြစ်သည်. . .

(၇) လုလင်ယောက်ျား ကျစ်သမျှကြိုးကို အောက်မှ မြေခွေးက စားပစ်သော အိပ်မက်အဓိပ္ပါယ်မှာ. . .

လင်ယောက်ျားတို့ ရှာဖွေသမျှ ဥစ္စာပစ္စည်းများကို သစ္စာမရှိသော မိန်းမယုတ်တို့ ဖြုန်းတီးပစ်ကြခြင်း ဖြစ်သည်. . .

(၈) ရေအိုးငယ်များတွင် ဘာမှမရှိသော်လည်း ပြည့်လျှံနေ





သော ရေအိုးကြီးအတွင်းသို့ ဝိုင်းဝန်းဖြည့်ဆည်းပေးရသော အိပ်မက်အဓိပ္ပါယ်မှာ. . .

တိုင်းသူပြည်သားများ ဆင်းရဲမွဲတေကြသော်လည်း တရားမရှိသောအစိုးရနှင့် အပေါင်းပါတို့အတွက်သာ ဖြည့်ဆည်းပေးကြရခြင်း. . .

(၉) ကြာမျိုးစုံဖြင့်ရှိသော ရေကန်အလယ်မှာ ရေနောက်ပြီး ရေစပ်များ၌သာ ကြည်လင်နေသော အိပ်မက်အဓိပ္ပါယ်မှာ. . .

မတရားသော မင်းအစိုးရတို့ နှိပ်စက်သဖြင့် မြို့တွင်းမှာ မနေနိုင်တော့၊ မြို့၏ပတ်ဝန်းကျင်၌သာ မြို့များရွာများ တည်နေကြရခြင်း. . .

(၁၀) အိုးတစ်လုံး၌ ချက်ထားသော ထမင်းမှာ မနပ်သော ထမင်း၊ နပ်သောထမင်း၊ ပျော့သောထမင်းဟူ၍ သုံးမျိုး ထွက်သော အိပ်မက်အဓိပ္ပါယ်မှာ. . .

မသမာသော အစိုးရမင်းများလက်ထက်တွင် အချို့နေရာတွင် မိုးရွာ၊ အချို့နေရာတွင် မိုးခေါင်၊ အချို့နေရာ မိုးရေကြီးခြင်းများနှင့် ကြုံတွေ့ကြရခြင်း. . .

(၁၁) အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာကို အရာမဟုတ်သော ရက်တက်ပုတ်နှင့် ရောင်းစားသည်ဟူ၍ မက်သော အိပ်မက်၏အဓိပ္ပါယ်မှာ. . .

မြတ်စွာဘုရား၏ တရားဒေသနာတို့ကို ဇာတ်မင်းသားတို့၏ အသံမျိုးဖြင့်ဟောကြားပြီး တရားဟောခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ငွေရှာသော ဘုန်းကြီးများ ပေါ်ပေါက်လာမည်ဖြစ်ပြီး တရားနာသူ လူတို့ကလည်း တရားဓမ္မ ဒေသနာတို့ကို အလှူငွေထည့်ပြီး နာကြားကြရခြင်း. . .

(၁၂) ရေ၌ အပေါက်မရှိသော ဗူးတောင်းများ နစ်မြုပ်ရသော အိပ်မက်၏ အဓိပ္ပါယ်မှာ. . .

သီလသမာဓိမရှိသော ရဟန်းဆိုးများက မင်းအစိုးရကို မြှောက်ပင့်နေရာယူကာ ရဟန်းအလုပ်မလုပ်ကြဘဲ ရဟန်းအလုပ် ကြိုးစားအားထုတ်သူတို့မှာ ရေအောက်သို့ နစ်မြုပ်သကဲ့သို့ ဖြစ်ကြရခြင်း. . .

(၁၃) ကြီးမားလေးလံသော ကျောက်ဖျာကြီးများ ရေပေါ်တွင် ပေါ်လာသော အိပ်မက်အဓိပ္ပါယ်မှာ. . .

သီလသမာဓိပြည့်စုံသောရဟန်း ပညာရှိသောလူပုဂ္ဂိုလ်တို့ နစ်မြုပ်ပျောက်ကွယ်သောခေတ်တွင် သီလမရှိသောရဟန်းနှင့် ပညာမဲ့သောလူတို့သည် မင်းဆိုး မင်းညစ်များ အုပ်စိုးသောအချိန်တွင် မင်းလိုလိုက် မင်းအကြိုက်ဆောင်ကာ ထင်ပေါ်ကျော်ကြားမှု ရကြခြင်း

(၁၄) ငယ်ရွယ်သော ဖားမများက အဆိပ်ပြင်းသော်မြွေများကို ကိုက်မြိုကျသည်ဟု မြင်မက်သောအိပ်မက် အဓိပ္ပါယ်မှာ. . .

ကာမဂုဏ်မီးကြောင့် အရွယ်ကြီးသောယောကျ်ားတို့က ငယ်ရွယ်လှပသော မိန်းမများကို အမြောင်မယားထားရာ ၎င်းတို့စေသမျှ တဏှာကျွန်ဘဝဖြင့် ပြုလုပ်ပေးကြရ





ခြင်း. . .

(၁၅) အမျိုးယုတ်သော ကျီးထံပါးမှာ အမျိုးမြတ်သော ရွှေဟင်္သာတို့ ဝိုင်းဝန်းခစားရသော အိပ်မက်အဓိပ္ပါယ်မှာ အမျိုးညံ့သူတို့ ဩဇာအာဏာရပြီး တိုင်းပြည်ကို အုပ်စိုးခွင့်ရသောအခါ အမျိုးမြတ်သော မျူးကြီးမတ်ရာတို့မှာ ၎င်းထံပါးမှာ ခစားလျက် မင်းလိုလိုက် မင်းအကြိုက်ကိုသာ ဆောင်ရွက်ပေးကြရခြင်း. . .

(၁၆) အစွမ်းသတ္တိရှိသော သစ်၊ ကျားသတ္တဝါတို့မှာ ဆိတ်သတ္တဝါ မမြင်ရလေအောင် တစ်ပြည်အဝေးသို့ ပုန်းရှောင်ထွက်ပြေးရသော အိပ်မက်အဓိပ္ပါယ်မှာ. . .

မတော်မတရား လူရမ်းကားများနှင့် သီလမရှိသော အလဇ္ဇီရဟန်းတို့ တိုင်းပြည်မှာ နေရာရကြသော အချိန်တွင် သီလရှိသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ ပညာတတ်သောသူတို့မှာ မိမိတိုင်းပြည်မှာ မနေသာကြသဖြင့် အရပ်တပါးနေရာများသို့ ထွက်ပြေးတိမ်းရှောင်ရခြင်း. . .

သာဝတ္ထိပြည်တွင် မြတ်စွာဘုရား သီတင်းသုံးနေစဉ် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်း တစ်ညအတွင်းမှာ မက်ခဲ့သောအိပ်မက်(၁၆)ချက်ပင်ဖြစ်သည်။

အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း အိပ်မက်တို့မှာ နောက်ဖြစ်လာလတ္တံ့သော အကြောင်းအရာတို့အား ကြိုတင်သိမြင်စေသော အတိတ်နိမိတ်များပင် ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိပ်မက်များ မက်ခြင်းမှာလည်း ထိုကဲ့သို့ပင်ဖြစ်သည်။ နောင်လာမည့် နှစ်ပေါင်း(၂၅၀၀)ကျော်အချိန် ယခုမျက်မှောက်ကာလတွင်ဖြစ်မည့် လာမည့်အကြောင်းအရာတို့ကို. . မြတ်စွာဘုရား ပွင့်တော်မူစဉ်ကပင် ကြိုတင်နိမိတ်ထင်ခဲ့ခြင်းပင်ဖြစ်၏။

ခြသေ့်အနားမှာနေကြသော မြေခွေးတို့က ရွှေ၊ ငွေ၊ လူတို့သာမက မြေတို့ကိုပါ အာသာငန်းငန်းရသမျှ စားသောက်ကြသော အိပ်မက်မျိုးမှာ ယခုမျက်မှောက်ကာလတွင် ကြုံတွေ့နေရခြင်းများနှင့် တစ်ထပ်တည်း ကျနေပေလိမ့်မည်။

လူ့ဘဝကို ရခဲ့ကြသဖြင့် ကံကောင်းကြပါသည်။

မြတ်စွာဘုရား၏ တရားတော်များ မကွယ်ပမီ လူဖြစ်ရသဖြင့် ပို၍ပြီးကံကောင်းကြပါသည်။

သို့သော် လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော်အချိန်က ကောသလမင်းကြီး မြင်မက်ခဲ့သော အိပ်မက်ထဲမှ အကြောင်းအရာများ အကောင်အထည်ဖော် ဖြစ်ပျက်နေသော အချိန်ကျမှ အချိန်ကိုက် လူလာဖြစ်ရသည်ကတော့ ကံဆိုးလှပါသည်။

သို့သော် ဘာမှမတတ်နိုင်တော့ပါချေ။

မျှော်လင့်ချက်မဲ့ပြီး အိပ်မက်၏သားကောင်များ ဘဝဖြင့်သာ ဝဋ်ကြွေးမကုန်မချင်း နေကြရုံသာ ရှိပေတော့သည်။





# အခန်း(၂)

## မရှိသောအရာ မရှိသည့် သာဝတ္ထိ

ယခုရေးသားသောဝတ္ထုသည် မြတ်စွာဘုရားပွင့်တော်မူစနဲ့ သာဝတ္ထိမြို့တော်၌ ပေါ်ထွန်းခဲ့သော "အဟိံသက" ဟူသော အမည်ရှိသော်လည်း "အင်္ဂုလိမာလ"ဟူသော အမည်ဖြင့် ထင်ရှားခဲ့သူတစ်ဦးအကြောင်းကို အခြေခံကာ ရေးသားသောဝတ္ထုပင် ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် အင်္ဂုလိမာလ လူဆိုးကြီး ပေါ်ပေါက်လာသော အချိန်မှာ သာဝတ္ထိမြို့တော်ကြီးကို ကောသလ



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး အုပ်စိုးနေသော အချိန်အခါလည်း ဖြစ်ပေသည်။

သာဝတ္ထိသည် မြတ်စွာဘုရား ပွင့်တော်မူစဉ်က (၂၄) ဝါတိုင်အောင် သီတင်းသုံး စံပွယ်ခဲ့ရာအရပ်ဒေသ ဖြစ်သဖြင့် အချိန်အကြာဆုံး သီတင်းသုံးခဲ့သည့် နေရာတစ်ခုလည်းဖြစ်သည်။

သာဝတ္ထိအကြောင်း ရေးမည်ပြောမည်ဆိုလျှင် မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်ကြီး၊ ပသေနဒီ၊ ကောသလမင်းကြီး၊ အင်္ဂုလိမာလ၊ စိဉ္စမာန မိန်းမယုတ်၊ မြတ်စွာဘုရားကို အံတုပြိုင်ခဲ့သော ဒေဝဒတ် စသည်တို့လည်း ပါဝင်ကြရပေမည်။

မြတ်စွာဘုရားကို ယှဉ်ပြိုင်အံတု၍ မရမှန်းသိတော့မှ နောင်တရကာ ရှိခိုးတောင်းပန်ဖို့လာတော့ လမ်းခုလတ်တွင် ဒေဝဒတ် မြေမျိုခံရသောနေရာမှာ သံဝေဂယူစရာ ဖြစ်သည်။

စာရေးသူအနေနှင့် ဝတ္ထုဇာတ်လမ်းကို မရေးမီ စာဖတ်သူမှာ ဗဟုသုတ ပိုမိုရစေရန်အတွက် သာဝတ္ထိနှင့်ပတ်သက်သော အကြောင်းအရာများကိုလည်း ရေးသားဖော်ပြပေးပါဦးမည်။

သာဝတ္ထိသည် အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့(ရှ်)ပြည်နယ်၊ ဂွန်ဒါဒိစတြိတ်အပိုင် (ဂွန်ဒါနှင့် ဘာရိုင့်ချ် ခရိုင်တို့၏နယ်စပ်)တွင် တည်ရှိပြီး ရာပတီခေါ် အစိရဝတီမြစ်၏ အရှေ့ဘက်တွင် တည်ရှိသည်။

ဗုဒ္ဓ၏ ထေရီသမိုင်းတွင် အရေးပါ၍ မြန်မာများ အသိများသော ပဋာစာရီနှင့် သာကီဝင်တို့အား သတ်ရာမှ အပြန်တွင်





ဝိဋူဋဘအား ဒုက္ခပေးခဲ့သည့် မြစ်ဖြစ်သော ရာပတီမြစ်သည် နီပေါလ်နိုင်ငံ(ဟိမလယတောင်ခြေ)မှစကာ. . ဖူသန်မြို့မှ နီပေါ(လ်)ဂန့်ချီမြို့အနီးထိ ကွေ့ကောက်လာပြီး အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့(ရှ)ပြည်နယ်၊ ဘာရိုင့်(ချ်)ခရိုင်သို့ စီးဝင်သည်။

ထိုမှတဆင့် ဘန်ဂတာနှင့် ဘဂေါ်မြို့များအတိုင်း ဂွန်ဒါခရိုင် သာဝတ္ထိနှင့် ဗာ(လ်)ရာမ်ပူမြို့မှ ဘတ်(စ)တီးခရိုင် ဘန်စီတို့မှ ဂိုရက္ခပူ(ရ)သို့ စီးဝင်လာသည်။

သာဝတ္ထိနှင့် ယခုအခါ အနီးဆုံးမြို့မှာ ဘာ(လ)ရမ်ပူ(ရ) မြို့ဖြစ်ပြီး (၁၇)ကီလိုမီတာ ကွာဝေးသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ကောသလတိုင်း၏ နေပြည်တော်သည် သာဝတ္ထိဖြစ်သည်။

မဟာပရိနိဗ္ဗာနသုတ်နှင့် မဟာသုဒဿနသုတ်၏ အဆိုအရ သာဝတ္ထိသည် ဇမ္ဗူဒိတ်ကျွန်း(အိန္ဒိယ)ရှိ မဟာနာဂရမြို့ကြီး ခြောက်မြို့ထဲတွင် အပါအဝင်ဖြစ်သည်။

အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသ၏ အဆိုအရ ဗုဒ္ဓလက်ထက်တော်အခါက သာဝတ္ထိ၌ အိမ်ထောင်မိသားစု (၅၇)သိန်း နေထိုင်ခဲ့ကြသည်။ လူဦးရေမှာ (၁၈)ကုဋေရှိသည်။

ထိုစဉ်က သာဝတ္ထိသည် စည်ပင်ဝပြောသော လူဦးရေပေါများသော ကုန်သန်းရောင်းဝယ်ရေး အချက်အချာကျသော မြို့ဖြစ်သည်။

“ယံကိဉ္စိ မနုဿာနံ ဥပဘောဂ ပရိဘောဂံ ဧတ္ထ အတ္ထိတိ သာဝတ္ထိ”



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပပဥ္စသူဒနီခေါ် မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ ဖွင့်ဆိုထားချက်အရ လူ့အသုံးအဆောင်ပစ္စည်းဝတ္ထု ဘာမဆို ရရှိသောကြောင့် "သာဝတ္ထိဟု အမည်တွင်၏"ဟု သိရှိရသည်။

အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသသည် သာဝတ္ထိ၏ ဗျုပ္ပတ်နှင့်ပတ်သက်၍ အခြားအကြောင်းအရာ တစ်ခုကိုလည်း ဖွင့်ဆိုရေးသားထားသေးသည်။

တစ်ရံရောအခါ ခရီးသွားအုပ်စုတစ်စု သာဝတ္ထိသို့ ရောက်လာပြီး. . .

"ကိံဘဏ္ဍံအတ္ထိ"

(ဤမြို့၌ ဘာပစ္စည်း ရှိသနည်း။)

ဟု မေးသည်တွင်. . .

"သဗ္ဗံအတ္ထိတိ"

(ဘာမဆိုရှိ၏)

ဟူသော အဖြေစကားကို ရရှိသည်။

ယင်း အဖြေစကားဖြစ်သော "ဘာမဆိုရှိ၏"ဟူသော အဖြေစကားကို အစွဲပြုလျက် "သာဝတ္ထိ အမည်တွင်၏"ဟု အဆိုရှိသည်။

"သဗ္ဗံ အတ္ထိတိ ဝစနမုပါဒါယ သာဝတ္ထိ"ဟု ဖွင့်ဆိုထားသည်။

သာဝတ္ထိ အမည်တွင်ပုံ အခြားဗျုပ္ပတ်တစ်ခုလည်း ရှိသေးသည်။

ယင်း တတိယဗျုပ္ပတ်ကိုလည်း ရှင်မဟာဗုဒ္ဓဃောသ





တပင် ဆိုထားသည်။

ရှေးအတိတ်ကာလက "သာဝတ္ထိ"အမည်ရှိသော ရသေ့တစ်ပါး ဤအရပ်ဒေသ၌ နေထိုင်သောကြောင့် "သာဝတ္ထိ"ဟု မြို့အမည်တွင်နေသည်။

ဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားရေး အမြင်ဖြင့်ကြည့်လျှင် သာဝတ္ထိသည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကာလက အလွန်အရေးပါသော နေရာဌာန ဖြစ်ခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် နိကာယ်လေးရပ်၏ သုတ်ပေါင်းတရာသုတ်ကို သာဝတ္ထိ တစ်မြို့တည်း၌သာ ဟောကြားတော်မူသည်။

ယင်းသုတ်များအနက် (၈၄၄)သုတ်ကို. . ဇေတဝန်ကျောင်းတော်၌လည်းကောင်း (၂၃)သုတ်ကို ပုဗ္ဗာရုံကျောင်းတော်၌လည်းကောင်း၊ ကျန်(၄)သုတ်ကို သာဝတ္ထိ အနီးအနားရှိ နေရာဌာနများ၌လည်းကောင်း ဟောကြားဖော်မူသည်။

ယင်းသုတ်များမှာ ဒီဃနိကာယ်သုတ်ခြောက်သုတ်၊ မဇ္ဈိမနိကာယ်သုတ် (၇၅)သုတ်၊ သံယုတ္တနိကာယ်သုတ် (၇၃၆) သုတ်၊ အင်္ဂုတ္တရနိကာယ်သုတ် (၅၄)သုတ်တို့ ဖြစ်ကြသည်။

အဆိုပါသုတ်များအပြင် (၅၅၀)ဇာတ်တော်ထဲက. . ဇာတကဝတ္ထု (၄၁၆)ဝတ္ထုကိုလည်း သာဝတ္ထိမြို့၌သာလျှင် ဟောကြားတော်မူသည်။

သာဝတ္ထိသည် ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်ကာလကပင်. . မည်မျှ သာသနာပြန့်ပွားထွန်းကားသော အချက်အချာ



www.burmeseclassic.com

www.burmeseclassic.com



ဌာနဖြစ်သည် ဆိုသည်ကို ယင်းဒေသ၌ ဟောကြားသော သုတ္တန်ဒေသနာတော်များနှင့် ဇာတ်တော်အရေအတွက်အရ သိရှိရသည်။

သာဝတ္ထိသား အမျိုးသားအမျိုးသမီးပေါင်းများစွာတို့သည်လည်း မြတ်စွာဘုရား၏ တပည့်သားသာဝက ဖြစ်လာကြသည်။

ကင်္ခါရေဝတ၊ ဝကလိ၊ သုဘူတိ၊ အဇိတ၊ ကုဏ္ဍဓာန၊ ဝင်္ဂီသ၊ သွာဂတ၊ မောဃရာဇ၊ သောဘိတ စသော ရဟန်းတော်များသည် တစ်နည်းမဟုတ်တစ်နည်း သာဝတ္ထိနှင့် အဆက်အသွယ် ရှိကြသူများ ဖြစ်ကြသည်။

ထိုနည်းတူစွာ အမျိုးသမီးများထဲတွင် ဥပါသိကာမကြီးဝိသာခါမိဂါရမာတာ၊ ဥပ္ပလဝဏ္ဏာ၊ သကုလာ၊ ကိသာဂေါတမီ၊ သောဏာ၊ ပဋာစာရီ စသော အမျိုးသမီးများ ပါဝင်ကြသည်။

ဇာနုသောဏာဗြာဟ္မဏလည်း သာဝတ္ထိသားဖြစ်သည်။

အနာထပိဏ္ဍိကအပြင် မဟာသုဝဏ္ဏကဲ့သို့သော သာဝတ္ထိသား သူဌေးသူကြွယ်ကြီးများလည်း ဤစာရင်းတွင် ပါဝင်ကြသည်။

အင်္ဂုလိမာလမထေရ် ရဟန်းပြုသည်မှာလည်း သာဝတ္ထိ၌ပင်ဖြစ်သည်။

သာဝတ္ထိသည် ဗုဒ္ဓခေတ်၊ အိန္ဒိယနိုင်ငံ၏ စည်ပင်ဝပြောသော မြို့ကြီးတစ်မြို့ဖြစ်သည့်အတိုင်း . . ထိုခေတ် မြို့ကြီးပြကြီးအားလုံးနှင့် ရောင်းဝယ်ဖောက်ကားရေးလမ်းကြောင်း ဆက်





သွယ်မှုရှိသည်။

သာဝတ္ထိမှ ရာဇဂြိုဟ်သို့ သွားသောလမ်းသည် ဗုဒ္ဓခေတ်အခါက အလွန်ကျော်ကြားပြီး အလွန်လူသိများသောလမ်းဖြစ်သည်။

ခရီးသွားခရီးလာများသည် ယင်းလမ်းမှ အများအပြားအသွားအလာ ပြုလုပ်ကြသည်။

ပုဗ္ဗာရုံကျောင်း၌ ဂဏကမောဂ္ဂလာနအမည်ရှိ ဗြာဟ္မဏနှင့် တရားစကား ဆွေးနွေးပြောကြားတော်မူစဉ်က မြတ်စွာဘုရားသည် မောဂ္ဂလာန ဗြာဟ္မဏအား. . .

"ဗြာဟ္မဏ သင်သည် ရာဇဂြိုဟ်သို့ သွားသောလမ်းကိုသိ၏မဟုတ်လော"

ဟု မေးတော်မူ၏။

ထိုအခါ ဗြာဟ္မဏက. . .

"တပည့်တော် ရာဇဂြိုဟ်သို့ သွားသောလမ်းကို ကောင်းစွာသိရှိပါ၏ အရှင်ဘုရား"

ဟု ပြန်ကြားဖြေဆိုသည်။

ယင်းလမ်း၌ တည်ရှိနေသော နေရာဌာနများမှာ သာဝတ္ထိ၊ သေတဗျာ၊ သာကေတ၊ ကပိလဝတ္ထု၊ ကုသိနာရုံ၊ ပါဝါ၊ ဘောဂနဂရ၊ ဝေသာလီ၊ ရာဇဂြိုဟ်တို့ ဖြစ်ကြသည်။

သက္ကတဘာသာ ဗုဒ္ဓစာပေကျမ်းဂန်ဖြစ်သော "ဒိဗျာဝဒါန"၌လည်း သာဝတ္ထိမှ ရာဇဂြိုဟ်သွားသောလမ်းနှင့် စပ်လျဉ်း၍

"တစ်ရံရောအခါ မြတ်စွာဘုရားသည် တပည့်ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



သံဃာများနှင့် အတူတကွ၊ ဤလမ်းမှ ဒေဝစာရီ ကြွချီတော်မူသည်တွင် သာဝတ္ထိမှ ကုန်သည်အချို့အား မားပြရန်မှ ခြောက်ကြိမ်ကယ်ဆယ်တော်မူခဲ့သည်"

ဟူ၍ဆိုထားသည်။

ထိုကျမ်း၌ပင်. . .

"သာဝတ္ထိမှ ရာဇဂြိုဟ်သွားသော ခရီးသည်များသည် လမ်းခရီး၌ ဂင်္ဂါမြစ်ကြီးကို ဖြတ်ကူးရ၏။ ဝေသာလီမှ လစ္ဆဝီများနှင့် မဂဓဘုရင် အဇာတသတ်က ကူးတို့လှေများကို စီမံဖန်တီးပေးထား၏" ဟူ၍လည်း ဖော်ပြထားသည်။

ဗုဒ္ဓခေတ်အခါက သာဝတ္ထိမှ ဒက္ခိဏာပထ၏ ပတိဋ္ဌာန (ပိုက်ထန်)သို့သွားသော အခြားလမ်းတစ်လမ်းလည်း ရှိသည်။

ယင်းလမ်း၌တည်ရှိကြသော ထင်ရှားသည့် နေရာဌာနများမှာ သာဝတ္ထိ၊ သာကေတ၊ ကောသမ္ဗီ၊ ဝိဒိသာ၊ ဂေါနဒ္ဓ၊ ဥဇ္ဇေနီ(ဥဇ္ဇေန်)၊ မဟိဿတိ၊ ပတိဋ္ဌာနတို့ ဖြစ်ကြသည်။

ယင်းသို့အားဖြင့် သာဝတ္ထိသည် ယင်းမြို့များနှင့် ကုန်သန်းရောင်းဝယ်ရေးအရ ဆက်စပ်မှုရှိနေသည်။

သာဝတ္ထိမှ သောရေယျကိုဖြတ်လျက် တက္ကသိုလ်သို့လည်းကုန်သည်များ အဆက်မပြတ် သွားလာကြသည်။

သာဝတ္ထိနှင့် ဗာရာဏသီသည်လည်း ကုန်သန်းရောင်းဝယ်ရေးလမ်းကြောင်း ဖောက်ထားသည်။

ယင်းမြို့နှစ်မြို့၏အကြား၌ ကိဋာဂိရိ အမည်ရှိသော နေရာဌာနရှိသည်။





သာဝတ္ထိမှ ရာဇဂြိုဟ်အထိ (၄၅)ယူဇနာ ဝေးသည်ဟူ၍လည်းကောင်း၊ တက္ကသိုလ်အထိ (၁၉၂)ယူဇနာ ဝေးသည်ဟူ၍လည်းကောင်း မဇ္ဈိမနိကာယ်အဋ္ဌကထာ၌ ဆို ထားသည်။

သာဝတ္ထိသည်

| | | |
|---|---|---|
| သာကေတ | နှင့် | ၆ ယူဇနာ |
| သင်္ကဿ | နှင့် | ၃၀ ယူဇနာ |
| သုပ္ပါရက | နှင့် | ၁၂၀ ယူဇနာ |
| အာလဝီ | နှင့် | ၃၀ ယူဇနာ |
| မစ္ဆိကာသဏ္ဍ | နှင့် | ၃၀ ယူဇနာ |
| ကုက္ကုဋဝတီ | နှင့် | ၁၂၀ ယူဇနာ |
| ကုရုရဋ္ဌ | နှင့် | ၁၂၀ ယူဇနာ |

အသီးသီး အကွာအဝေးရှိသည်ဟု ဇာတကနှင့် အဋ္ဌကထာများ၌ ဖော်ပြထားသည်။

မြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်နှင့်လည်းကောင်း၊ ဒေသနာတော် ထွန်းကားပြန့်ပွားမှုနှင့်လည်းကောင်း သာဝတ္ထိ၏ ဆက်စပ်မှုသည် အခြားမြို့ရွာဒေသများထက် အဆများစွာ သာလွန်နေသည်ကို တွေ့ရသည်။

သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တော်မူပြီးနောက် မြတ်စွာဘုရားသည် သာဝတ္ထိ၌ စတုဒ္ဒသမ ဝါကပ်တော်မူသည်။

အခြားအချိန်ကာလများ၌လည်း မြတ်စွာဘုရားသည် ဝေသာလီ၊ ဗာရာဏသီ၊ ရာဇဂြိုဟ်၊ ထုလ္လကောဋ္ဌိတမြို့များမှလည်းကောင်း၊ အခြားမြို့ရွာ ဇနပုဒ်များမှလည်းကောင်း အကြိမ်



www.burmeseclassic.com

www.burmeseclassic.com



များစွာ သာဝတ္ထိသို့ ကြွတော်မူသည်။

အထူးခြားဆုံးမှာ နောက်ပိုင်း (၂၅)ဝါ ((၂၀)ဝါမှ (၄၅)ဝါအထိ)သာဝတ္ထိ၌ ဝါကပ်တော်မူလျက် သာဝတ္ထိ၌ပင် အချိန်ကြာမြင့်စွာ သီတင်းသုံးတော်မူခြင်း ဖြစ်သည်။

ထို့ကြောင့် ဤမျှများပြားသော သုတ္တန်ဒေသနာတော်များကို သာဝတ္ထိ၌ ဟောကြားတော်မူခြင်း ဖြစ်သည်။

သာဝတ္ထိရှိ ပဓာနအကျဆုံး ကျောင်းတိုက်မှာ ဇေတဝန်ကျောင်းတိုက် ဖြစ်သည်။

မိဂါရမာတာ ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတိုက်မှာ ဒုတိယအရေးပါသော ကျောင်းတိုက်ဖြစ်သည်။

မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်းတိုက်၌လည်း ဇေတဝန်ကျောင်းတိုက်၌ကဲ့သို့ပင် သီတင်းသုံးတော်မူသည်။

သို့ရာတွင် သုတ္တန်ဒေသနာတော် အများအပြားကိုမူ ဇေတဝန်ကျောင်းတော်၌သာလျှင် ဟောကြားတော်မူသည်။

ဇေတဝန်ကျောင်းတော်သည် သာဝတ္ထိနှင့် မနီးမဝေး ငြိမ်းချမ်းသာယာသောအရပ်ရှိ သာဝတ္ထိတောင်ဘက် တံခါးအနီး၌ တည်ရှိသည်။ ကျယ်ပြန့်သောနယ်မြေ၌ တည်ရှိပြီး ငြိမ်းချမ်းသော ပတ်ဝန်းကျင်နှင့်တကွ၊ လိုအပ်သော အရာဝတ္ထုမှန်သမျှ လွယ်လင့်တကူ ရရှိရန် စီမံဖန်တီးထားသည်။

ဝိနည်းပိဋကတ်၌ "အနာထပိဏ်သူဌေးသည် ဇေတဝန်ဥယျာဉ်၌ ဝိဟာရ၊ ပရိဝုဏ်၊ ကျောင်းဆောင်များ၊ ဥပဋ္ဌာန သာလာ(ခန်းမ)၊ အဂ္ဂိသာဏာ(မီးဖိုဆောင်)၊ ကပ္ပိယကုဋီ (ကျက်





သရေဆောင်)၊ ဝစ္စကုဋီ၊ ပဿာဝကုဋီ၊ စင်္ကြံနေရာ၊ ရေအိုးစင်၊ ရေချိုးဆောင်၊ ရေချိုးအိမ်၊ ရေကန်တို့ကို ဆောက်လုပ်လှူဒါန်းထား၏"ဟူ၍ ဖော်ပြထားသည်။

ဇေတဝန်ကျောင်းဝင်းအတွင်း၌ ကရေရီကုဋီ၊ ကောသမ္ဗကုဋီ၊ ဂန္ဓကုဋီ၊ သလလဃရ(သို့မဟုတ်)သလာလာဂါရ အမည်ရှိ ကျောင်းဆောင်ကြီးလေးဆောင်ရှိသည်။

ယင်းတို့အနက် ပထမကျောင်းဆောင်လေးဆောင်သည် အနာထပိဏ်ဆောက်လုပ်လှူဒါန်းထားသော ကျောင်းဆောင်များဖြစ်သည်။

သလလာဂါနကိုမူ ပသေနဒီမင်းကြီးက ဆောက်လုပ်လှူဒါန်းသည်။

ဒီဃနိကာယ် မဟာပဒါနသုတ်၌ ကရေရီကုဋီတွင် ရဟန်းသံဃာတော်များအား မြတ်စွာဘုရား တရားဒေသနာဟောကြားတော်မူကြောင်း ဖော်ပြထားသည်။

သံယုတ္တနိကာယ် သလလာဂါရသုတ်၏ အဆိုအရ သလလာဂါရ၌ ရှင်အနုရုဒ္ဓါ သီတင်းသုံးတော်မူသည်ဟု သိရှိရသည်။

သလလဂါရ(သို့မဟုတ်)သလလာဂါရဟု အမည်ရခြင်းမှာ ယင်းကျောင်းဆောင်၏တံခါးဝ၌ ရနံ့ကြိုင်လှိုင်သော "သလလ"အမည်ရှိ အပင်ရှိသောကြောင့် ဖြစ်သည်။

ရှင်မဟာဗုဒ္ဓဃောသက ယင်းကျောင်းဆောင်ကို "သလလမယဂန္ဓကုဋီ"ဟူ၍လည်းကောင်း၊ "သလလရုက္ခမယ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်းကောင်း ခေါ် ဆိုသည်။

ဇေတဝန်ကျောင်းတော်၏ ဝင်းတံခါးကို "ဒွါရကောဋ္ဌက"ဟု ခေါ်သည်။

ယင်းဝင်းတံခါးသည် ဇေတမင်းသား၏ အလှူဒါနဖြစ်သည်။

အနာထပိဏ်သူဌေးသည် တန်ဖိုးအဖြစ် မြေပြင်ပေါ်၌ ရွှေဒင်္ဂါးပြားများကိုခင်းပြီး ဇေတမင်းသားထံမှ မြေနေရာကို ဝယ်ယူသောအခါ ပထမတစ်ကြိမ် ယူလာသော ရွှေဒင်္ဂါးပြားများ ကုန်သွားသည်ဖြစ်၍ အနည်းငယ်မျှသော ဝင်းတံခါးဆောင် နေရာ ကျန်နေသည်။

ထိုနေရာတွင်လည်း ခင်းရန် ရွှေဒင်္ဂါးပြားများကို အိမ်ပြန်ယူခိုင်းသောအခါ ဇေတမင်းသားက တားမြစ်လျက်. . .

"ဤနေရာကွက်လပ်တွင် ရွှေဒင်္ဂါးပြားများ မခင်းပါနှင့်၊ ဤကွက်လပ်ကို ကျွန်ုပ်အားပေးပါ၊ ကျွန်ုပ် လှူဒါန်းပါရစေ"ဟု ပြောလေသည်။

ထိုနေရာ၌ ဇေတမင်းသားသည် "ဒွါရကောဋ္ဌက"(ဝင်းတံခါးဝ၌ ဆောက်သောအဆောင်)ကို ဆောက်လုပ်လှူဒါန်းသည်။

ဇေတမင်းသားဆောက်လုပ်လှူဒါန်းသော "ဒွါရကောဋ္ဌက"၏ အနီး၌ပင် အာနန္ဒာဗောဓိပင် ရှိသည်။

မြတ်စွာဘုရား သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိပင်မှ အစေ့ကိုယူ၍ ရှင်အာနန္ဒာ စိုက်ပျိုးထားသော





အပင်ဖြစ်သည်။

ထို့ကြောင့်"အာနန္ဒာဗောဓိ"ဟု အမည်တွင်နေခြင်းဖြစ်သည်။

တစ်ညသ၌ မြတ်စွာဘုရားသည် အာနန္ဒဗောဓိပင်ရင်း၌ သမာပတ်ဝင်စားတော်မူသည်။

ပဒုမဇာတကနှင့် ကလိင်္ဂဇာတကမှာ အာနန္ဒာဗောဓိပင်ကိုရည်ညွှန်း၍ ဟောကြားထားသော ဇာတ်တော်များဖြစ်ကြသည်။

ယခုခေတ်တွင် ဇေတဝန်ကျောင်းတော် အပျက်အစီးအကျန်အကြွင်းများ၏ရှေ့၌ ညောင်ပင်အိုတစ်ပင်ရှိသည်။

ယင်းညောင်ပင်အိုမှာ အာနန္ဒာဗေဓိပင်၏ အဆက်အနွယ် အဆက်အပွား ဖြစ်သည်ဟု ယုံကြည်ကြသည်။

ဝိသာခါ မိဂါရမာတာ ဆောက်လုပ်လှူဒါန်းသော ပုဗ္ဗာရုံကျောင်းတော်ကို "ဟတ္ထိနခ"ကျောင်းတော်ဟူ၍လည်း ခေါ်ဆိုသည်။

ထိုကျောင်းတော်၏ပုံသဏ္ဌာန်မှာ ဆင်၏ခွာ(သို့မဟုတ်)ဖရဲသီးနှင့် တူသည်။

အဆိုပါကျောင်းတော်ကို ရှင်မဟာမောဂ္ဂလ္လာန်ကြီး ကြပ်ဆောက်လုပ်သည်။

ထိုပုဗ္ဗာရုံကျောင်းတော်၌ မြတ်စွာဘုရားသည် သံယုတ္တနိကာယ်၌ပါသော ကဋ္ဌလသုတ်၊ ပဝါဏာသုတ်၊ ပုဏ္ဏမာသုတ်၊ ဇရာသုတ်၊ ပထမ ပုဗ္ဗာရာမသုတ်၊ မောဂ္ဂလ္လာနသုတ် စသော



www.burmeseclassic.com

www.burmeseclassic.com



သုတ်များကို ဟောကြားတော်မူသည်။

ပုဗ္ဗာရုံကျောင်းတော်သည် မှည့်ခေါ်ထားသည့် အမည် အတိုင်းပင် သာဝတ္ထိ၏ အရှေ့တံခါးအနီး၌ တည်ရှိသည်။

ဇေတဝန်ကျောင်းတော်နှင့် ပုဗ္ဗာရုံကျောင်းတော်တို့၏ အနေအထားနှင့်စပ်လျဉ်း၍ ဓမ္မပဒအဋ္ဌကထာ၌. . .

"မြတ်စွာဘုရားသည် ဝိသာခါ၏အိမ်၌ ဆွမ်းခံတော်မူပြီးနောက် တောင်တံခါးမှ ထွက်တော်မူပြီးလျှင်. . ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ အနာထပိဏ်သူဌေး၏ အိမ်၌ ဆွမ်းခံတော်မူပြီးနောက် အရှေ့တံခါးမှ ထွက်တော်မူပြီးလျှင် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူ၏"

ဟူ၍ ဖွင့်ဆိုထားလေသည်။

ပုဗ္ဗာရုံကျောင်းတော်သည် ဇေတဝန်ကျောင်းတော်နှင့် မနီးမဝေး အရှေ့အရပ်၌ (သို့မဟုတ်) အရှေ့မြောက်အရပ်၌. . တည်ရှိသည်ဟု ဆိုလိုသည်။

ဖာဟီယန်သည် ပုဗ္ဗာရုံကျောင်းတော်ကို သာဝတ္ထိနှင့် (၆)လိ(သို့မဟုတ်)(၇)လိအကွာ အရှေ့မြောက်အရပ်၌ တွေ့မြင်ခဲ့သည်။

မြတ်စွာဘုရားသည် နေ့လယ်နေ့ခင်းအချိန်၌ ပုဗ္ဗာရုံကျောင်းတော်တွင် နေသန့်တော်မူလျှင် ညဉ့်အချိန်၌ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူသည်။

ပုဗ္ဗာရုံကျောင်းတော်သည် ကျယ်ပြန့်ကြီးမားသော နှစ်ထပ်အဆောက်အအုံဖြစ်သည်။





ဓမ္မပဒ အဋ္ဌကထာ၌ "အောက်ထပ်၌ အခန်းငါးရာရှိပြီး အပေါ်ထပ်၌ အခန်းငါးရာရှိသောကြောင့် အခန်းပေါင်း တစ်ထောင်ရှိသော ကျောင်းတော်ဖြစ်၏။

ဟူ၍ဆိုထားလေသည်။

ပုဗ္ဗာရုံကျောင်းတော်သည် ယခုခေတ် ဆဟက်မဟက် အနီး အရှေ့အရပ်၌ရှိသော ဟနုမာနဝအမည်ရှိနေရပ်တွင် တည်ရှိသည်။

ဇေတဝန်နှင့် ပုဗ္ဗာရုံကျောင်းတိုက်အပြင် သာဝတ္ထိမြို့တွင်း၌ ဘိက္ခုနီမများအတွက် ပသေနဒီမင်းကြီး ဆောက်လုပ်လှူဒါန်းထားသော "ရာဇကာရာမ"အမည်ရှိ ကျောင်းဆောင်တစ်ဆောင်လည်း ရှိသည်။

မဟာပဇာပတိ ဂေါတမီ လျှောက်ထားတောင်းပန်ချက်အရ မြတ်စွာဘုရားသည် တစ်ကြိမ်တွင် ထိုကျောင်းတိုက်တွင် မဇ္ဈိမနိကာယ်၌ပါသော နန္ဒကောဝါဒသုတ်ကို ဟောကြားတော်မူသည်။

သံယုတ္တနိကာယ်၌ပါသော သဟရသ သုတ်၌လည်း ထိုကျောင်းတိုက်၏ အကြောင်းကို ဖော်ပြထားသည်။

ပသေနဒီ ကောသလမင်းကြီး၏နှမတော် သုမနာသည် ဘတ္တုနိ ပြုပြီးသောအခါ ထိုကျောင်းတိုက်၌ သီတင်းသုံးသည်။

ဇာတက အဋ္ဌကထာ၌ ထိုကျောင်းတိုက်ကို "ပိဋ္ဌိဝိဟာရ"ဟူသော အမည်နာမဖြင့် ဖွင့်ဆိုထားသည်။

ဇေတဝန်ကျောင်းတော် အနောက်ကကျောင်းဟု ဆိုလို



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဇေတဝန်ကျောင်းတော်၏ မြောက်အရပ်(သို့မဟုတ်) အရှေ့မြောက်အရပ်၌ သာဝတ္ထိမြို့နှင့် ဆက်လက်တည်ရှိသော ကျောင်းဖြစ်သည်။

ယင်း ဘိက္ခုနီကျောင်းအကြောင်းကိုလည်း ဖာဟီယန်၏ မှတ်တမ်း၌ တွေ့ရှိရသည်။

သာဝတ္ထိ၏ အရှေ့တံခါး (ပုဗ္ဗကောဋ္ဌက)၏ အနီး၌ ရမ္မကအမည်ရှိ ပြဟ္မဏ၏ "ရမ္မကာရာမ"အမည်ရှိ သင်္ခမ်းကျောင်းတစ်ကျောင်းလည်း ရှိသည်။

တစ်နေ့သောအခါ၌ မြတ်စွာဘုရားသည် ယင်းသင်္ခမ်းကျောင်းသို့ကြွပြီးလျှင် တရားဒေသနာ ဟောကြားတော်မူသည်။

ယင်း တရားဒေသနာတော်သည် မဇ္ဈိမနိကာယ်ပါသရာသိ(အရိယပရိယေသန)သုတ်၌ ပါရှိသည်။

ပသေနဒီ ကောသလမင်းကြီး၏ မိဖုရားဆောက်လုပ်ထားသော မလ္လိကာရာမလည်း သာဝတ္ထိမြို့တံခါးအနီး၌ တည်ရှိသည်။

ယင်းကျောင်းတိုက်သည် ပရိဗ္ဗာဇကာရာမ(ပရိဗိုဇ်တို့၏ ကျောင်းတိုက်)ဖြစ်သည်။

ဒီဃနိကာယ် ပေါဋ္ဌပါဒသုတ်၏ အဆိုအရ ထိုကျောင်းတိုက်၌ ပေါဋ္ဌပါဒအမည်ရှိ ပရိဗိုဇ်နေထိုင်သည်ဟု သိရှိရသည်။

ယင်းသုတ်၌ ထိုကျောင်းတိုက်နှင့် စပ်လျဉ်း၍. . .

"သမယပ္ပဝါဒကေ တိန္ဒုကာစီရေ ဧကသာလကေ မလ္လိ





ကာယအာရာမေ"

(အယူဝါဒ အမျိုးမျိုးတို့၏ နေရာဌာနဖြစ်သော အဆောင်တစ်ဆောင်တည်ရှိသော မလ္လိကာ၏ အာရာမဖြစ်သော တင်္ဒုကာစီရ. . ၌)ဟု ဆိုထားသည်။

မလ္လိကာရာမကိုပင် တိန္ဒုကာစီရဟု ခေါ်သည်။

ယင်းကျောင်းတိုက်၌ အဆောင်တစ်ဆောင်ရှိသည်။ တိန္ဒုက(သို့မဟုတ်)တန္ဒုကမည်သော တည်ပင်များ ဝန်းရံနေသဖြင့် တိန္ဒုကာစီရဟုလည်း ခေါ်သည်။

ပါဠိကာရာမကျောင်းလည်း သာဝတ္ထိအနီး၌ပင် ရှိသည်။

ထိုကျောင်းကို သုနက္ခတ္တအမည်ရှိ လိစ္ဆဝီမင်းသားက ရဟန်းသံဃာများအား လှူဒါန်းသောအခါ မြတ်စွာဘုရားသည် ထိုကျောင်း၌ သီတင်းသုံးတော်မူသည်။

ဇေတဝန်ကျောင်းတော်အနီး၌ပင် တတ္ထိရာယာမအမည်ရှိ ကျောင်းတစ်ကျောင်းလည်း ရှိသေးသည်။

ယင်းကျောင်းမှာ တခြားအယူဝါဒရှိသူများ (တတ္ထိ)တို့၏ ကျောင်းတိုက်ဖြစ်သည်။

မဟာပဇာပတိ ဂေါတမီထံမှ တရားမနာကြားရသေးခင်က ဘဒ္ဒါကပိလာနီသည် ယင်းကျောင်းတိုက်၌ ငါးလမျှ ဘာဝနာပွားများ အားထုတ်ခဲ့သည်။

သာဝတ္ထိ၏အရှေ့တံခါးကို ပုဗ္ဗကောဋ္ဌကဟုခေါ်သည်။

မဇ္ဈိမနိကာယ် ပါသရာသိ(အရိယပရိယေသန)သုတ်နှင့် သံယုတ္တနိကာယ်ပုဗ္ဗကောဋ္ဌကသုတ်တို့၌ သာဝတ္ထိ၏ ပုဗ္ဗကော



www.burmeseclassic.com

www.burmeseclassic.com



ဌကအကြောင်းကို ဖော်ပြထားသည်။

ပုဗ္ဗကောဌကနှင့် မနီးမဝေးမှာပင် အစိရဝတီမြစ် စီးဆင်းနေသည်။ ယင်းမြစ်တွင် ရေသန့်တော်မူရန် ရှင်အာနန္ဒာကိုခေါ်လျက် မြတ်စွာဘုရားကြွတော်မူကြောင်း မဇ္ဈိမနိကာယ်ပါသရာသိ(အရိယပရိယေသန)သုတ်အရ သိရှိရသည်။

မဇ္ဈိမနိကာယ် ဓာဟိတိကသုတ်၏ အဆိုအရ ဘုရင့်နန်းတော်သည်လည်း အစိရဝတီမြစ် ပတ်ဝန်းကျင်၌ တည်ရှိသည်ဟု သိရသည်။

ဘုရင့်နန်းတော်နှင့် မနီးမဝေး အနောက်မြောက်အရပ်၌ အနာထပိဏ်သူဌေး၏ စံအိမ်ရှိသည်။

ယင်းနှင့်မနီးမဝေး အနောက်မြောက်ထောင့်၌ ဝိသာခါမိဂါရမာတာ၏ စံအိမ်ရှိသည်။

တရုတ်ခရီးသည်တို့၏ မှတ်တမ်းများအရလည်းကောင်း၊ ယခုခေတ် မဟာက်နယ်မြေကို တူးဖော်ရာ၌ ရရှိသောအထောက်အထား အကျန်အကြွင်းများကို နှိုင်းယှဉ်လေ့လာချက်အရလည်းကောင်း ယင်းသို့သိရှိရခြင်း ဖြစ်သည်။

သာဝတ္ထိအနီး တောင်အရပ်၌ တစ်ဂါဝုတ်(၂မိုင်ခန့်)အဝေး၌ အန္ဓဝနအမည်ရှိ တောအုပ်ရှိသည်။

တရံရောအခါ ထိုတောအုပ်၌ ကုမာရကဿပမထေရ်သီတင်းသုံး နေထိုင်ဖူးသည်။

သံယုတ္တနိကာယ်၊ ရာဟုလာသုတ်၌ ရာဟုလာကို ခေါ်ပြီးလျှင် နေသန့်တော်မူရန်အတွက် အန္ဓဝနတောအုပ်သို့





မြတ်စွာဘုရား ကြွတော်မူကြောင်း ဖော်ပြထားသည်။

မဇ္ဈိမနိကာယ်၌ပါသော ရာဟုလောဝါဒသုတ်ကို ရာဟုလာအား မြတ်စွာဘုရား ဟောကြားတော်မူသည်မှာလည်း ထိုတောအုပ်ပင်ဖြစ်သည်။

အန္ဓဝနတောအုပ်၌ ပမာနယရ(သို့မဟုတ်) ကမ္မဋ္ဌာန်းရိပ်သာတစ်ခု ဆောက်လုပ်ထားသည်။

ဗုဒ္ဓလက်ထက်တော်က ဘိက္ခုနှင့် ဘိက္ခုနီတို့သည် ထိုရိပ်သာသို့ တရားဘာဝနာ ပွားများအားထုတ်ရန် သွားရောက်ကြသည်။

ခေမနှင့် သောမအမည်ရှိ ရဟန်းတို့သည် ထိုနေရာ၌တရားအားထုတ်ကြသည်။

ဓမ္မသေနာပတိ သာရိပုတ္တရာ မထေရ်သည် အန္ဓဝနတောအုပ်၌ တရားဘာဝနာ ပွားများပြီး ဘဝနိရောဓ ဘဝချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်ဖြစ်၏ဟူသောအချက်ကို သိမြင်သွားတော်မူသည်။

သံယုတ္တနိကာယ် ဓာလဟဂိလာနသုတ်၌ ရှင်အနုရုဒ္ဓါမထေရ်သည် အန္ဓဝနတောအုပ်တွင် နာမကျန်းဖြစ်ကြောင်း ဖော်ပြထားသည်။

သံယုတ္တနိကာယ် ဘိက္ခုနီသုတ်၏ အဆိုအရ ဘိက္ခုနီပေါင်းများစွာ အန္ဓဝနတောအုပ်၌ သီတင်းသုံးကြောင်း သိရှိရသည်။ ဘိက္ခုနီတို့၏ အမည်များကို ဖော်ပြပါမည်။

-ဘိက္ခုနီသောမာ(သောမာသုတ်)



www.burmeseclassic.com

www.burmeseclassic.com



-ကိသာဂေါတမီ(ကိသာဂေါတမီသုတ်)
-ဝိဇယာ(ဝိဇယာသုတ်)
-ဥပ္ပလဝဏ္ဏာ(ဥပ္ပလဝဏ္ဏာသုတ်)
-စာလာ(စာလာသုတ်)
-ဥပစာလာ(ဥပစာလာသုတ်)
-သီသူပစာလာ(သီသူပစာလာသုတ်)
-သေလာ(သေလာသုတ်)
-ဝဇီရာ(ဝဇီရာသုတ်)

အမည်ရှိ ဘိက္ခုနီတို့သည် အန္ဓဝနတောအုပ်သို့ တရားဘာဝနာပွားများအားထုတ်ရန် သွားရောက်ကြသည်။

ထေရီဂါထာ အဌကထာနှင့် ဇာတကတို့၌လည်း ယင်းဘိက္ခုနီများသည် အန္ဓဝနတောအုပ်တွင် တရားဘာဝနာ ပွားများအားထုတ်ကြကြောင်း ဖော်ပြထားသည်။

အန္ဓဝရတောအုပ်၌ သူခိုးဓားပြဘေးရန် အမြဲရှိနေသည်။

ကဿပဘုရားရှင် လက်ထက်တော်က သူခိုးဓားပြများသည် မျက်လုံးကန်းသွားကြပြီးလျှင် တောထဲတွင် လမ်းပျောက်ပြီး တဝဲလည်လည် ဖြစ်နေကြသည်။

ယင်းအကုသိုလ်ကံကြောင့် သူခိုးဓားပြများသည် မျက်လုံးကန်းသွားကြပြီးလျှင် တောထဲတွင်လမ်းလျှောက်ပြီး တဝဲလည်လည် ဖြစ်နေကြသည်။

ပပဉ္စသူဒနီခေါ် မဇ္ဈိမနိကာယ်အဌကထာနှင့် သာရတ္ထ





ပကာသနီခေါ် သံယုတ္တနိကာယ်အဌကထာ၏ အဆိုအရ "အန္ဓဝန"အမည်တွင်ခြင်းမှာ ယင်းအဖြစ်အပျက်ကြောင့် ဖြစ်သည်ဟု သိရသည်။

"အန္ဓဝန" ဟူသည်မှာ "မျက်စိကန်းသောတော"ဟု အနက်အဓိပ္ပါယ်ထွက်သည်။

ဖာဟီယန်ကမူ ယင်းတောကို သုဝဏ္ဏောပဝနစေတျ (ဇေတဝန်ကျောင်းတော်)နှင့် ၄လီအကွာ အနောက်မြောက်အရပ်၌ တွေ့မြင်ခဲ့ရသည်ဟူ၍ သူ၏မှတ်တမ်း၌ ဆိုထားသည်။

အန္ဓဝရတောအုပ်အတွင်း၌ တစ်ခါတုန်းက စစ်သည်အနည်းငယ်နှင့် ဖြတ်သွားစဉ် ပသေနဒီ ကောသလမင်းကြီးကိုလည်း ဓားပြများ ဝိုင်းထားဖူးသည်။

ယခုခေတ် ပရနာအမည်ရှိအရပ်ကို အန္ဓဝနတောအုပ်တည်ရှိရာနေရာဟု သတ်မှတ်ကြသည်။

သာဝတ္ထိအကြောင်းရေးလျှင် ဂဏ္ဍမ္ဗရုက္ခ(ဂဏ္ဍသရက်ပင်)အကြောင်း မပါလျှင် ပြည့်စုံမည် မဟုတ်ပေ။

သာဝတ္ထိ အဝင်တံခါးဝ၌ရှိသော သရက်ပင်တစ်ပင်ဖြစ်သည်။

မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူသည်မှာ ယင်းသရက်ပင်အောက်၌ ဖြစ်သည်။

ပသေနဒီမင်းကြီး၏ ဥယျာဉ်မှူးဂဏ္ဍ၏ အမည်နာမကို အစွဲပြုလျက် သရက်ပင်၏အမည်သည် ဂဏ္ဍမ္ဗရုက္ခဟု တွင်နေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိဗျာဝဒါန"၌လည်း မြတ်စွာဘုရားတန်ခိုး ဣဒ္ဓိပါဋိဟာ ပြသောနေရာကို သာဝတ္ထိနှင့် ဇေတဝန်အကြားဟု ဆိုထားသည်။

(အန္တရာစသာဝတ္ထိမန္တရာစ ဇေတဝနံ)

ထို့ကြောင့် ယင်းနေရာသည် ဂဏ္ဍာ၏ သရက်ပင်နေရာ ဖြစ်သည်။

တရုတ်ခရီးသည် ဖာဟီယန်နှင့် ရွှင်ကျမ်တို့သည် (၅) ရာစုနှင့် (၇)ရာစုနှစ်များတွင် သာဝတ္ထိသို့ ရောက်သွားကြသည်။

ဖာဟီယန်သည် ပဇာပတိ ဂေါတမီ၏ ဘိက္ခုနီသံဃာရာမ၊ သုဒတ္တ(အနာထပိဏ်)လှူသော ဇေတဝန်ကျောင်းတော်၊ အင်္ဂုလိမာလ ရဟန်းပြုရာဌာနတို့နှင့်တကွ အခြားနေရာဌာနများနှင့်ပတ်သက်၍ ရေးသားဖော်ပြထားသည်။

ရွှန်ကျမ်းလည်း သူ၏မှတ်တမ်း၌ ယင်းဌာနအားလုံး လိုလို၏အကြောင်းကို စကားစပ်ထားသည်။

တရုတ်ခရီးသည်နှစ်ဦး ဖော်ပြထားသော ဘိက္ခုနီ သံဃာရာမသည် ရာဇကာရာမဟူသော အမည်နာမဖြင့်မူ ဖော်ပြထားခြင်း မရှိပေ။

သို့သော်လည်း ရာဇကာရာမဟူသော အမည်နာမဖြင့်မူ ဖော်ပြထားခြင်းမရှိပေ။

ရွှင်ကျမ်သည် သာဝတ္ထိ(ရှိုဟ-လို-ဖ-ဆိတိ)ဟူသော စကားလုံးကို ဇနပဒ(ကောသလ ဇနပဒ)၏ အနက်အဓိပ္ပါယ်ဖြင့် အသုံးပြုထားသည်။

လိ (၆၀၀၀)-မိုင် (၁၀၀၀)ခန့် အကျယ်အဝန်းရှိသည်ဟု





ဆိုထားသည်။

သာဝတ္ထိမြို့ကိုမူ ပါသာဒနဂရဟု ဆိုထားသည်။

ရွှင်ကျမ်သည် ပါသာဒနဂရ(သာဝတ္ထိ)၏ တောင်ဘက် (၆)လိ (၁မိုင်ခန့်)အဝေး၌ ဇေတဝန်(ရှေ-တို)ကို တွေ့မြင်ခဲ့သည်။

ယင်းကို ရွှင်ကျမ်က အနာထပိဏ္ဍိကာရာမ(ကေ-ကု-တု-ယွန်)ဟုလည်း ဆိုထားသည်။

ရွှင်ကျမ်ရောက်သွားချိန်က ကျောင်းတော်သည် ယိုယွင်းပျက်စီးနေလေပြီ။

ဖာဟီယန်လည်း ဇေတဝန်ကျောင်းတော်ကို သာဝတ္ထိ တောင်ဘက် တံခါးအပြင်ဘက် ခြေလှမ်း(၁၂၀၀)အကွာ၌ တွေ့မြင်ခဲ့သည်။

ဖာဟီယန်ကမူ ဇေတဝန်ကျောင်းတော်ကို သုဝဏ္ဏော ဝနစေတျဟု ဆိုထားသည်။

ယင်းသို့အားဖြင့် ဇေတဝန်ကျောင်းတော်ရာနှင့် ပတ်သက်၍ တရုတ်ခရီးသည်နှစ်ဦးလုံး သဘောတူညီမှုနီးပါး ရှိကြသည်။

ရွှင်ကျမ်သည် အနာထပိဏ္ဍိကာရာမ၏ အရှေ့မြောက်ဘက်ရှိ ဂိလာနရဟန်းတော်တစ်ပါးအား မြတ်စွာဘုရား ပြုစုနေရာကိုလည်း တွေ့မြင်ခဲ့ရသည်။

စိဉ္စာ(ကျိ-ကျေ)၏ လုပ်ကြံမှုဖြစ်ပွားရာ ဌာနကိုလည်း ရွှင်ကျမ် တွေ့မြင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖာဟိယန်ကမူ ထိုနေရာဌာနနှင့် ပတ်သက်၍ အသေးစိတ် ဖော်ပြထားသည်။

ဖာဟိယန်၏ အဆိုအရ စိဥ္စာ(စိဥ္စမာန)မတော်မတရား လုပ်ကြံသောဌာနသည်. . သုဝဏ္ဏောပဝနစေတျ(ဇေတဝန်ကျောင်းတော်)အရှေ့တံခါးမှ ခြေလှမ်း (၇၀)လောက်အကွာ. . မြောက်အရပ်၌ ရှိသည်။

ယင်းနေရာအနီး၌ မြတ်စွာဘုရားသည် အခြားဂိုဏ်းဂဏမှ ပုဂ္ဂိုလ်များနှင့် အချေအတင် မိန့်ကြားတော်မူသည်။

ပါဠိကျမ်းဂန်များအရ သိရသည်မှာကား စိဥ္စာ၏ လုပ်ကြံမှုနေရာသည် သာဝတ္ထိရှိ တတ္ထိယာရာမအနီး၌ ရှိသည်။

သာဝတ္ထိ တည်ရှိရာသည် ယခုခေတ် ဆဟက်မဟက်ဖြစ်သည်ဟု သိရှိရသည်။

ဆဟက်က ဂွန်ဒါခရိုင်၌ရှိပြီး မဟက်က ဗဟာရာယတ်ခရိုင်၌ ရှိသည်။

ဆဟက်ရွာနှင့် မဟက်ရွာသည် တစ်ရွာနှင့်တစ်ရွာ တစ်ဖာလုံခွဲလောက် ဝေးသည်။

မဟက်က မြောက်ဘက်တွင်ရှိပြီး ဆဟက်က တောင်ဘက်တွင်ရှိသည်။

မဟက်ကို သာဝတ္ထိတည်ရှိရာ ဟူ၍လည်းကောင်း၊ ဆဟက်ကို ဇေတဝန်ကျောင်းတော်တည်ရှိရာ ဟူ၍လည်းကောင်း သတ်မှတ်ကြသည်။

သာဝတ္ထိနှင့် ဇေတဝန်ကျောင်းတော် နေရာဟောင်းများ





ကို စတင်ဖော်ထုတ်သူမှာ ဂျင်နရယ် ကနင်းဂန်း ဖြစ်သည်။

အိန္ဒိယနိုင်ငံရှိ အခြားဗုဒ္ဓဆိုင်ရာ ရှေးဟောင်းဌာနများကို စတင်ဖော်ထုတ်သူမှာလည်း ထိုပုဂ္ဂိုလ်ပင်ဖြစ်သည်။

ဂျင်နရယ် ကနင်းဂန်းသည် ပထမဦးဆုံး သာဝတ္ထိ ရှေးဟောင်းအပြိုအပျက်များကို စတင်တူးဖော်သည်။

ထိုအချိန်၌ (၇)ပေ (၄)ပေရှိသော ဗောဓိသတ် ရုပ်တုတော်တစ်ဆူ တွေ့ရသည်။

ယင်းရုပ်တုတော်၌ ရေးထိုးထားသောစာအရ သာဝတ္ထိကျောင်းတော်၌ ဗလဘွဲ့အမည်ရှိ ရဟန်းကိုးကွယ်တည်ထားသော ရုပ်တုတော်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါစာတန်းကို အခြေခံ၍သာလျှင် ဆဟက်နေရာကို ဇေတဝန်တည်ရှိရာဟု မှတ်ယူရသည်။

(၁၈၇၆)ခုနှစ်တွင် ဆဟက်တစ်ဝိုက်ကို တစ်ဖန်တူးဖော်ပြန်သောအခါ ရှေးဟောင်းအဆောက်အအုံများ၏ အုတ်မြစ်အများအပြားကို တွေ့ရပြန်သည်။

ဗောဓိသတ် ရုပ်တုတွေ့သည့်နေရာ၌ ကောသမ္ဗကုဋီရှိသည်ဟူ၍ ကနင်းဂမ်းက ယူဆသည်။

ကောသမ္ဗကုဋီ၏ မြောက်ဘက်၌ တူးဖော်တွေ့ရှိရသော ရှေးဟောင်းအပျက်အစီးများကို ကနင်းဂမ်းက မြတ်စွာဘုရား သီတင်းသုံးတော်မူသည့် ဂန္ဓကုဋီဟု ယူဆသည်။

ဂန္ဓကုဋီသည် ဇေတဝန်ကျောင်းတော်၏ အလယ်ပတ်ပိုင်း၌ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာက်တည်ရှိရာ နေရာတစ်ဝိုက်တွင်လည်း အကြိမ်များစွာ တူးဖော်ပြီးလေပြီ။

ထိုနေရာမှ ရှေးဟောင်းသာဝတ္ထိ မြို့တော်အဖြစ် ညွှန်ပြသော အရေးကြီးသည့် အထောက်အထားများစွာကို တူးဖော်ရရှိသည်။

"သာဝတ္ထိ"ဟူသော အမည်နာမကို ဖော်ပြထားသော စာတန်းပေါင်းများစွာကို ဆဟက်နှင့် မဟာက်ရှိ ရှေးဟောင်းအဆောက်အအုံ အပျက်အစီးအကျန်အကြွင်းများ၌ များစွာတွေ့ရှိကြသည်။

ယခုအထိ ဆဟက်နှင့် မဟာက်တစ်ဝိုက်၌ တူးဖော်တွေ့ရှိသော အချက်အလက်များသည် ဇေတဝန်ကျောင်းတော်. . စသည်တို့နှင့်ပတ်သက်၍ ပါဠိကျမ်းဂန်များ၌ ဖွင့်ဆိုထားသော အဆိုအမိန့်များ၏မှန်ကန်မှုကို အပြည့်အဝ ထောက်ခံနေသည်ကို တွေ့ရှိရပေသည်။

သာဝတ္ထိနှင့်ပတ်သက်သော အကြောင်းအရာများကို ရေးသားဖော်ပြသောအခါ မြတ်စွာဘုရား၏ ဂုဏ်တော်များသာမကပဲ သံဝေဂယူစရာများလည်း တွေ့ရပေသည်။

ဒေဝဒတ် မြေမြိုခံရသော ရေအိုင်၊ စိဉ္စမာန မြေမြိုခံရသော နေရာများကို မြင်တွေ့ရသောအခါ သံဝေဂရစရာပင် ဖြစ်၏။

ထို့ထက် ထူးခြားသောအချက်မှာ သာဝတ္ထိမြို့ဟောင်းနေရာတွင် ဇေတဝန်ကျောင်းတော်ရှာ နေရာဟောင်းနှင့် အ





ဆောက်အဦးပျက်များအပြင် ရေတွင်းတစ်တွင်းပါ ရှိသေးသည်။ ရေတွင်း၌ ရေရှိသေးသည်။

မြတ်စွာဘုရားလက်ထက်က အသုံးပြုခဲ့သော ရေတွင်းဟောင်း ဖြစ်သည်ဟု သတ်မှတ်ကာ ထိုရေတွင်းမှရေကို အမြတ်တနိုး ခပ်ယူသုံးစွဲကြသည်။

မြတ်စွာဘုရား ပွင့်တော်မူစဉ်က အိမ်ထောင်မိသားစု (၅၇)သိန်း၊ လူဦးရေ (၁၈)ကုဋေနေခဲ့သော သာဝတ္ထိမှာ ယခုနောက်မှောက်ကာလမှာတော့ မြို့ဟောင်းမြို့ပျက်ကြီးအဖြစ်နှင့်သာ တွေ့ရပေတော့သည်။

သို့သော် သာဝတ္ထိအကြောင်းကတော့ ရေးနေပြောနေစရာဆဲပင် ရှိကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

# အင်္ဂုလိမာလ တောကြမ်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေသော အချိန်ကာလတွင် သာဝတ္ထိမြို့ကို အုပ်ချုပ်နေသော မင်းကြီးမှ ပသေနဒီကောသလမင်းပင် ဖြစ်လေသည်။

'ပသေနဒီ'ဟူသော ဝိသေသတပ်ထားခြင်းမှာ အခြားတော့တ်ပေ။ ကောသလမင်းကြီးမှာ အစာအိမ် ကျယ်ဝန်းလှပြီး အစားအသောက် မြောက်များစွာတို့ကို စားသောက်သော်လည်း ပြည့်သည်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ထဲသို့ အစားအစာများ ပစ်ချသကဲ့သို့ပင် ပြည့်သည် မရှိခြင်းကြောင့် ပသေနဒီဟူသော ဝိသေသ တပ်ထားခြင်းဖြစ်လေသည်။

'ပသေနဒီ'ဟူသော အမိပ္ပါယ်မှာ 'မြစ်နှင့်တူသော ဝမ်းဗိုက်ရှိသူ'ဟု အမိပ္ပါယ်ရှိလေသည်။

ပသေနဒီ ကောသလမင်းကြီးမှာ မြတ်စွာဘုရားအား ဆည်းကပ်ကိုးကွယ်သူဖြစ်ပြီး ယခုမျက်မှောက်ကာလတွင် ဖြစ်ပျက်နေသော အဖြစ်အပျက်တို့ကို ကြိုတင်အိပ်မက် မြင်မက်ခဲ့သည့် ဘုရင်တစ်ပါးလည်း ဖြစ်သည်။

ကောသလမင်းကြီးထံမှ ခစားနေသော မင်းဆရာပုဏ္ဏားမှာ အန္တက ဖြစ်သည်။

၎င်း၏ဇနီးမှာ မန္တာနီဖြစ်ပေသည်။

တစ်ခါသော်. . . မင်းဆရာပုဏ္ဏား၏ဇနီးမှာ သားယောကျ်ားလေးတစ်ဦး ဖွားမြင်လေသည်။

မွေးဖွားစမှာပင် ရုပ်ဆင်းအင်္ဂါဖြင့် ပြည့်စုံမှုရှိလေသည်။

ထိုသူငယ် ဖွားမြင်သောည၌ပင် သာဝတ္ထိပြည်အတွင်းမှာ ရှိကြသော ဓားလှံ၊ လေးမြှားစသော လက်နက်တို့မှာ အရောင်အဝါ တပြောင်ပြောင်နှင့် ထူးခြားစွာ တောက်ပကြလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် ဘုရင့်ရှေ့တော်မှောက်သို့ မင်းဆရာပုဏ္ဏား အခစား ရောက်သောအခါ မင်းကြီးက မေးတော်မူသည်။





"ဆရာပုဏ္ဏား၊ ညက နန်းတွင်းမှာရှိသော ဓားလှံလက်နက်တို့ အရောင်တလက်လက်နှင့် တပြိုင်နက် တောက်ပကြသောအကြောင်းရင်းမှာ ဘယ်သို့သော အကြောင်းရှိသနည်း"

"အခြားမဟုတ်ပါ အရှင်မင်းကြီး၊ ညက ကျွန်တော်မျိုးအိမ်တွင် သားယောကျ်ားလေးတစ်ယောက် ဖွားမြင်ပါသည်၊ စောရနက္ခတ်နှင့်စန်းယှဉ်ပြီး ဖွားမြင်လာသူဖြစ်သဖြင့် အရွယ်ရောက်လာသောအခါ လူဆိုးဘဝသို့ ရောက်ရမည့်သူ ဖြစ်ပါသည်၊ သို့ကြောင့် ပုဗ္ဗနိမိတ် ထင်သောအနေဖြင့် လက်နက်များ အရောင်ထွက်ကြခြင်း ဖြစ်ပါဘုရား"

"အချင်း ပုရောဟိတ်၊ ထိုသူငယ် အရွယ်ရောက်သောအခါ တစ်ကိုယ်တော်လူဆိုးဖြစ်မည်လော၊ အခြွေအရံသင်းပင်းနှင့် တိုင်းပြည်ကို ပုန်ကန်နှောက်ယှက်မည့်သူ ဖြစ်မည်လော"

"ခြွေရံသင်းပင်းမပါ တစ်ကိုယ်တော် ဆိုးသွမ်းသည့်လူဆိုးကြီး ဖြစ်ပါလိမ့်မည်ဘုရား၊ နောင်အခါ ကျွန်တော်မျိုးတို့အပေါ် အပြစ်မရောက်ရလေအောင် ယခုထိုသူငယ်အား စီရင်တော်မူပါဘုရား"

ဟု ပုဏ္ဏားကြီးက ဝတ္တရားရှိသည့်အတိုင်း ဘုရင်အား အပ်နှံလေသည်။

"တစ်ကိုယ်တော် ဆိုးသွမ်းမည့်လူဆိုး ဖြစ်မည်ဆိုလျှင် အဘယ်ကြောင့် ဂရုစိုက်ရပါမည်နည်း၊ စပါးတစ်သိန်းထွက်သော လယ်ထဲတွင် သီးနှံတစ်ခု အဖျင်းဖြစ်သကဲ့သို့သာ ရှိချေသည်၊ သင်၏သားကို ကောင်းမွန်စွာပင် ကျွေးမွေးစောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ပေတော့"

ဟု ခွင့်တော်ပေးသနားလေသည်။

ပုဏ္ဏားကြီး ဝမ်းသာစွာဖြင့်ပြန်သွားပြီး သားဖြစ်သူ‌ကို အမည်နာမ ပေးလေသည်။

"ငါတို့ အမျိုးအနွယ်ကို မညှင်းဆဲ"ဟူသော ပုဇ္ဇနိမိတ်ကိုယူပြီး "အဟိံသက"ဟု အမည်ပေးလေသည်။

အဟိံသကတို့သားမှာ မိဘတို့ သွန်သင်ဆုံးမမှုကြောင့် အရွယ်ရောက်သည်အထိ ယဉ်ကျေးလိမ္မာသော သားအဖြစ်နှင့်သာ ရှိလေသည်။

အရွယ်ရောက်လာသောအခါ မိဘများက အဟိံသက‌သတို့သားအား ဟိမဝန္တာတောင်မှာရှိသော တက္ကသိုလ်သို့ စေလွှတ်ကာ ပညာသင်ကြားစေသည်။

အဟိံသကမှာ လိမ္မာယဉ်ကျေးပြီး အလိုက်သိသူ ဖြစ်သောကြောင့် ဒိသာပါမောက္ခဆရာကြီးနှင့် ဆရာကတော်တို့က သားအရင်းကဲ့သို့ ချစ်ခင်ကြလေသည်။

အဟိံသကသည် ပညာသင်ကြားရာမှာ အခြားသူများထက် ပိုမိုထူးချွန်သလို ဆရာအပေါ်မှာ သိတတ်မှုကလည်း အခြားသူများထက် သာလွန်သောကြောင့် ဆရာကတော်၏ အရေးပေးမှုကို ခံရလေသည်။

ခိုင်းစေစရာရှိပါက သူ့ကိုသာ ရွေးချယ်စေခိုင်းသဖြင့် အခြားသူများ လုပ်ခွင့်မသာဘဲ ရှိကြသောအခါ မနာလိုဖြစ်ကြသည်။





အဟိံသက အပေါ်မှာ မစ္စရိယစိတ် ထားကြသည်။

တစ်နေ့တော့ ဒိသာပါမောက္ခဆရာကြီးအား ကုန်းချောတော့ ပြောဆိုကြသည်။

ဆရာကတော်သည် အဟိံသကအား အရေးပေးလွန်းပြီး ငြိစွန်းဖောက်ပြန်နေသည်ဟု ဝိုင်းဝန်းပြောကြလေသည်။

ဆရာကြီးကလည်း အဟိံသကကို ချစ်ခင်နှစ်သက်သောကြောင့် ပထမတော့ မယုံကြည်ပေ။

မကြာခဏ လာရောက်ပြောဆိုသောအခါ စိတ်ထဲမှာ သံသယဝင်လာသောကြောင့် တစေ့တစောင်း ခြောင်းမြောင်းကြည့်ရှုလေသည်။

အဟိံသကကတော့ ထိုအကြောင်းများကို မသိသဖြင့် ယခင်အတိုင်း နေမြဲတိုင်းနေကာ ဆရာကတော်နှင့် ပတ်သက်သည့် ပြုလုပ်ဖွယ်ကိစ္စများကို ပြုလုပ်မြဲ ပြုလုပ်ပေးလေသည်။

အချိန်ကြာလာသောအခါ ဆရာကြီးကိုယ်တိုင် စိတ်ထဲမှာ သံသယဝင်လာလေတော့သည်။

ထိုအခါ အဟိံသကအား မိမိနေရာတွင် မရှိစေလိုတော့ပေ။

"သူ့ကို ဒီမှာဆက်ထားလို့တော့ မသင့်တော့ဘူး၊ ကြိုးချင်းထား ကြိုးချင်းညှိ၊ အိုးချင်းထား အိုးချင်းထိ ဆိုသလို . ယခုနေသည်ဆိုသော်လည်း အချိန်ကြာလာသောအခါ တစ်မျိုးဖြစ်လာနိုင်ပေသည်။

သူ့ကို အပြစ်မရှိဘဲသတ်ဖြတ်ပါက ငါ့အတွက် မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘေးမင်းဒဏ် ကျရောက်ပေလိမ့်မည်။

အကြောင်းမပြည့်စုံဘဲ ကျောင်းမှနှင်ထုတ်လျှင်လည်း ကျောင်း၏ ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းပေလိမ့်မည်”

ဟု အမျိုးမျိုးစဉ်းစားကြည့်ရာမှ နောက်ဆုံးတော့ ဥပါယ်တံမျဉ်ဖြင့် ဒုက္ခပေးနိုင်သော နည်းလမ်းတစ်ခုကို စဉ်းစားမိလေတော့သည်။

တစ်နေ့တော့ အဟိံသကကို တစ်ယောက်တည်း ခေါ်ပြောလေသည်။

“အဟိံသက ငါ့တပည့်သည် ပညာကိုလိုလားသူ ဖြစ်သည်၊ ငါ့မှာ သင့်ကို ထူးခြားသောပညာများ သင်ကြားပေးရန် ရှိပေသည်”

ထိုစကားကြောင့် အဟိံသကမှာ စိတ်ထဲမှ ဝမ်းသာသွားမိလေသည်။

“သို့သော် ငါ့အား ပူဇော်ဖွယ်ရာအထူးနှင့် ပူဇော်ရပေလိမ့်မည်”

“ဘယ်လိုအရာနှင့် ပူဇော်ရမည်ကိုသာ အမိန့်ရှိပါ ဆရာကြီး”

“ငါသည် ရွှေငွေဥစ္စာ ရတနာတို့နှင့် ပြည့်စုံပြီး ဖြစ်သောကြောင့် အလိုမရှိပေ၊ လူတို့၏ လက်ညှိုးပေါင်းတစ်ထောင်ကို ပန်းကုံးသဖွယ် ပြုလုပ်၍. . ပူဇော်ခြင်းကိုသာ အလိုရှိပေသည် သင်ဆောင်ရွက်ပေးနိုင်ပါမည်လော”

ဟုမေးသည်။





ထိုစကားကြားသောအခါ မကောင်းသောအရာ ဖြစ်သည်ကို စိတ်ထဲမှသိသော်လည်း ဆရာစကားကို မပယ်ရှားလိုသောကြောင့် ကတိပေးလိုက်လေသည်။

“ဆရာကြီး အလိုရှိပါလျှင် မည်သည့်အရာမဆို ဆောင်ကြဉ်းပေးနိုင်ပါသည်၊ စိတ်ချမ်းသာစွာသာ နေပါတော့”

ဟုပြောဆိုကာ ဆရာကြီးကို ရိုသေစွာ ကန်တော့ပြီး. . ကျောင်းမှခွာလေသည်။

ကုန်းချောကြသော တပည့်များကတော့ ၎င်းတို့အကြံအစည် ထမြောက်အောင်မြင်သွားသောကြောင့် ကျေနပ်ဝမ်းမြောက်မှု ရှိကြလေသည်။

အဟိံသကသည် ဟိမဝန္တာတောအနှံ့သို့ လှည့်လည်သွားလာပြီးနောက် တွေ့သမျှလူတို့ကို ဖမ်းဆီးသတ်ဖြတ်ကာ လက်ညှိုးများ ဖြတ်ယူလေသည်။

သူသည် ဆင်တစ်ကောင်ကဲ့သို့ ခွန်အားကြီးပြီး မြင်းတစ်ကောင်ကဲ့သို့ တဟုန်ထိုး ပြေးနိုင်သူ ဖြစ်သောကြောင့် သူနှင့် တိုက်လျှင် နိုင်သူမရှိပေ။ သူလိုက်လျှင် ပြေး၍လွတ်သူ မရှိပေ။

သာဝတ္ထိပြည်သည်. . . ဟိမဝန္တာတောင်တန်းကြီး၏ တောင်ဘက်၌ရှိပြီး အနီးဆုံးနေရာမှာရှိသော တိုင်းပြည်ဖြစ်သည်။

သာဝတ္ထိနှင့် ဟိမဝန္တာကြားတွင် အခြားမြို့ကြီးများမရှိတော့ပဲ ရွာငယ်ကလေးများလောက်သာ ရှိတော့သည်။

လွင်ပြင်မှာ အတော်ကျယ်ဝန်းပြီး တောနက်ကြီးများက



www.burmeseclassic.com

www.burmeseclassic.com



ဖုံးအုပ်ထားလေသည်။

ဟိမဝန္တာတောင် တကြောအပါအဝင် ထိုတောတောင်များထဲတွင် သွားလာနေသူများ ကုန်သည်အဖွဲ့များမှာ အဟိံသကလက်ချက်ဖြင့် သေကြေပျက်စီးကာ လက်ညှိုးများ ဖြတ်ယူခြင်း ခံရလေသည်။

သူသည် ကုန်သည်များထံမှရသော စားသောက်ဖွယ်ရာများကို ကျောက်ဂူတစ်ဂူ၌ ထားသည်။

သစ်သီးနှင့် ထိုအစားအသောက်တို့ကို နေ့စဉ်စားသောက်လေသည်။

ခရီးသွားကုန်သည်များမှ ပါလာသော ရွှေငွေကျောက်သံပတ္တမြား၊ ရတနာများကိုတော့ လူသူမရှိပဲ တောထဲ၌ထားလျှင် တိရိစ္ဆာန်နှင့် ရာသီဥတုဒဏ်ကြောင့် ပျက်စီးပျောက်ပျက်မည်ဖြစ်သဖြင့် ကျောက်ဂူကြီးတစ်ဂူထဲမှာ သယ်ယူပြီး ထည့်ထားလေသည်။

ထိုကျောက်ဂူဝကိုလည်း ကြီးမားသော ကျောက်တုံးကြီးဖြင့် ပိတ်ဆို့ထားလေသည်။

အဟိံသကသည် ပထမတွင် လူများကို သတ်ဖြတ်ပြီးဖြတ်ယူ၍ရသော လက်ညှိုးများကို သစ်ခေါင်းများ၊ ကျောက်တုံးများပေါ်တွင် အမှတ်မဲ့ပင် တင်ထားခဲ့လေသည်။

ထိုလက်ညှိုးပြတ်များကို ငှက်များ၊ တောတိရိစ္ဆာန်တို့က အစာအဖြစ်နှင့် စားသောက်ပစ်ကြသဖြင့် ဖြတ်ယူပြီးသမျှ လက်ညှိုးတို့မှာ ပျောက်ပျက်ကုန်ကြလေသည်။





“ငါဖြတ်ယူခဲ့သော လကညှိုးများက အဖတ်မတင်ပဲ ပျောက်ပျက်ကုန်ပေပြီ၊ ဒီအတိုင်းဆိုသော် လက်ညှိုးပေါင်း တစ်ထောင်ရအောင် ကြံဆောင်နိုင်တော့မည် မဟုတ်ပေ၊ လက်ညှိုးများ မပျောက်ပျက်ရလေအောင် မည်သို့ကြံဆောင်ရမည်နည်း”

ဟု တွေးတောစဉ်းစားရာ အဖြေတစ်ခုရလေတော့သည်။

“ငါ ဖြတ်ယူခဲ့သော လက်ညှိုးများကို မပျောက်ပျက်ရအောင် ပန်းကုံးသဖွယ် ကြိုးဖြင့်သီကာ, လည်ပင်း၌ ဆွဲထားရသော ကျေးငှက်တိရိစ္ဆာန်တို့ဖျက်ဆီးသော အန္တရာယ်မှ ကင်းဝေးစေလိမ့်မည်”

ဟု တွေးကာ လက်ညှိုးများကို ကြိုးဖြင့်သီကာ ပန်းကုံးသဖွယ် လည်ပင်း၌ဆွဲထားလေသည်။

လက်ညှိုးတို့ကို ပန်းကုံးသဖွယ် ဆွဲထားသောကြောင့် “အင်္ဂုလိမာလ”ဟူသောအမည်တွင်သည်။

အဟိံသကသည် မြင်းတစ်ကောင်ကဲ့သို့ အပြေးမြန်သူဖြစ်သောကြောင့် သုံးယူဇနာ ကွာဝေးသောခရီးကို မရပ်မနားပြေးနိုင်လေသည်။

“အဟိံသကတဲ့ဟေ့”

ဟူသော အော်ဟစ်ကြိမ်းမောင်းသံကို သုံးယူဇနာအကွာအဝေးမှပင် ကြားကြရလေသည်။

နောက်ပိုင်းမှာတော့. . အဟိံသက(အင်္ဂုလိမာလ)ရန်ကြောင့် လူတို့သည် တောသို့မလာဝံ့ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်တို့သည်လည်း ထိုလမ်းခရီးမှ ရှောင်ကြဉ်ပြီး အဝေးမှ ဖယ်ကြဉ်သွားကြလေသည်။

တောသို့ လူများရောက်မလာသောအခါ ရွာငယ်ကလေးများသို့ သွားရောက်ကာ လူတို့ကိုသတ်ဖြတ်ပြီး လက်ညှိုးဖြတ်ယူလေသည်။

ရွာငယ်ကလေးများပျက်သော် ရွာကြီးများသို့ ပြေး၍ စုပေါင်းနေထိုင်ကြရသည်။

အဟိံသကသည် ရွာငယ်များ မရှိသောအခါ ရွာကြီးများသို့သွားရောက်ကာ လူများကိုသတ်ဖြတ်ကာ လက်ညှိုးများဖြတ်ယူပြန်လေသည်။

လျှင်မြန်စွာဝင်ရောက်လာပြီး သတ်ဖြတ်သောကြောင့် သူ့ကိုမတားဆီးနိုင်ပဲ ရှိကြလေသည်။

ရွာသူရွာသားများက ဓား၊ လှံလက်နက်များ ကိုင်ဆောင်ပြီး လူစုလူဝေးဖြင့် လိုက်ကြသော်လည်း သုံးယူဇနာခရီးကို တဟုန်ထိုး ပြေးနိုင်သူဖြစ်သဖြင့် သာမန်လူတို့ လိုက်မမီနိုင်ကြပေ။

မိဖို့မဆိုထားနှင့် ကြည့်နေရင်းမှပင် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်သာ ရှိလေသည်။

အဟိံသကကတော့ လက်ညှိုးများအပြင် ရလာသော စားနပ်ရိက္ခာနှင့် ရွှေငွေရတနာတို့ကို ကျောက်ဂူတစ်လုံးထဲတွင် ထားလေသည်။

ကာလအတန်ကြာသောအခါ တဖြည်းဖြည်း စုထား





သော ရွှေငွေရတနာတို့မှာ မြောက်များစွာရှိလာပြီး ဥစ္စာသိုက်ကြီးသဖွယ် ဖြစ်လာလေတော့သည်။

အဟိံသကသည် ထိုရတနာပစ္စည်းတို့ကို မက်မောခြင်း မရှိပေ။ ပြောရလျှင်တော့ သူ့အတွက် လက်ညှိုးတစ်ချောင်းလောက်မှ အရေးမကြီးပေ။

တောထဲတွင် အလဟဿ ပျက်စီးမှုဖြစ်မည်ကြောင့်သာ ထိုကဲ့သို့ ကျောက်ဂူတစ်လုံးထဲ၌ ယူငင်စုဆောင်းထားခြင်း ဖြစ်ပေသည်။

"ငါစုဆောင်းထားတဲ့ ရွှေငွေရတနာတို့သည် အတော်ပင် များပြားနေချေပြီ၊ ထိုရတနာပစ္စည်းတို့သည် ဆရာကြီးအား ပူဇော်ရန်အတွက် လက်ညှိုးတစ်ချောင်းလောက်မှ တန်ဖိုးမရှိချေ၊ သို့သော် လက်ညှိုးပေါင်းတစ်ထောင် ပြည့်မြောက်ခဲ့ပြီး ငါပြန်သွားခဲ့သော် ဤရတနာတို့သည် အချိုးနှီး ဖြစ်ကြပေလိမ့်မည်၊ သို့ကြောင့် မထိုက်တန်သောသူများ လူဆိုးလူမိုက်များလက်သို့ အကြောင်းမဲ့မရောက်စေရန် ငါ သစ္စာပြုခဲ့ရပေမည်"

ဟု တွေးတောကာ သစ္စာဓိဋ္ဌာန်ပြုသည်။

"ငါသည် ဤဘဝမှ လွတ်မြောက်ပြီး နှစ်ပေါင်းများစွာ ကြာခဲ့ပြီးသော အချိန်ကာလတွင်. . ငါ သိမ်းဆည်းထားသော ရတနာပစ္စည်းတို့သည် ကုသိုလ်ကောင်းမှုပြုသူတို့ လက်သို့သာ ရောက်စေပြီး အကုသိုလ်ဖြင့် အသက်မွေးသူတို့လက်သို့. . မရောက်စေသတည်း၊ ဤရွှေငွေရတနာတို့ကို ရရှိကြသူတို့သည်လည်း ကုသိုလ်ကောင်းမှုပြုခြင်းသာ ဖြစ်ကြစေကုန်သတည်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု သစ္စာဓိဋ္ဌာန်ပြုခဲ့ပြီးနောက် ရွှေငွေရတနာတို့ထားသော ကျောက်ဂူအပေါက်ဝအား ကျောက်တုံးကြီးတစ်တုံးဖြင့် ပိတ်ဆို့ထားခဲ့လေသည်။

ကျောက်ဂူပေါက်ဝကို ပိတ်ထားခဲ့သော ကျောက်တုံးမှာ ကြီးမားလှသောကြောင့် သာမန်လူတို့ ရွှေ့လျားအောင် မတတ်နိုင်ပေ။

နောက်ပိုင်း အချိန်ကာလ ကြာသောအခါ ကျောက်ဂူပေါက်မှာ ကျောက်တုံးနှင့် တသားတည်းဖြစ်ကာ ပိတ်ဆို့သွားလေတော့သည်။

နောက်ပိုင်း အဟိံသက မရှိတော့သည့်နောက်တွင် သူနေခဲ့သော သစ်တောသစ်ပင်တို့မှာလည်း ထူးဆန်းစွာဖြင့် အသွင်ပြောင်းသွားခဲ့ကြလေသည်။

အဟိံသက(အင်္ဂုလိမာလ)သည် တောထဲမှသော်လည်းကောင်း၊ ရွာငယ်များသို့သော်လည်းကောင်း၊ တွေ့သမျှလူတို့ကို သတ်ဖြတ်လျက် လက်ညှိုးများကို ဖြတ်ယူသော်လည်း ပျက်စီးမှုများရှိသဖြင့် တစ်ထောင်ပြည့်အောင် မရရှိပေ။

သို့ကြောင့် ရွာကြီးများသို့ ဝင်ရောက်ကာ လူများကို သတ်ဖြတ်ကာ လက်ညှိုးများကို ဖြတ်ယူပြန်လေသည်။

ရွာကြီးများမှနေကြသူများက စုပေါင်း၍ အဟိံသကကို ဝိုင်းဝန်းဖမ်းဆီးရန်သော်လည်းကောင်း၊ သတ်ဖြတ်ရန်သော်လည်းကောင်း ကြိုးစားကြသော်လည်း မရပေ။

အဟိံသကကို နိုင်အောင်မတိုက်ခိုက်နိုင်သလို မိအောင်





လည်း မလိုက်နိုင်ကြပေ။

သို့ကြောင့် ရွာကြီးများလည်း ပျက်ကြရပြန်လေသည်။

နောက်ဆုံးတော့ သာဝတ္ထိမြို့နှင့်နီးသော နေရာသို့ ရွှေ့ပြောင်းနေကြရရုံမကပဲ ရွာများကို ဆူးခြံဆူးခက်များ အထပ်ထပ်ကာရံပြီး နေကြရလေသည်။

နောက်ဆုံးတော့ ကောသလမင်းကြီးထံ ဝင်ရောက်လျှောက်တင်သောအခါ မြင်းစီးသူရဲ ငါးရာတို့ကို စေလွှတ်၍ အဟိံသကကို ဖမ်းဆီးသုတ်သင်ရန် စီမံလေသည်။

ထိုသတင်းကို ဖခင်ပုရောဟိတ်ပုဏ္ဏားကြီး ကြားသောအခါ ဇနီးဖြစ်သူကို ပြောပြလေသည်။

"ရှင်မ လူတွေကိုသတ်ပြီး လက်ညှိုးတွေ ဖြတ်ယူနေတဲ့ အင်္ဂုလိမာလဆိုတဲ့ လူဆိုးဆိုတာ တခြားမဟုတ်ဘူး၊ ငါတို့ရဲ့သား အဟိံသကပင် ဖြစ်ပေတယ်"

ထိုစကား ကြားသောအခါ ပုဏ္ဏေးမမှာ များစွာထိတ်လန့်သွားလေသည်။

"သူက လိမ္မာယဉ်ကျေးသူပဲ၊ အဘယ့်ကြောင့် ယခုကဲ့သို့ လူတွေကို ညှင်းပန်းသတ်ဖြတ်နေသော လူဆိုးလူမိုက်ဘဝသို့ ရောက်ခဲ့ရသလဲ"

"သူ မွေးဖွားခဲ့သော နက္ခတ်ဇာတာကြောင့်သော်လည်းကောင်း၊ ငယ်စဉ်ကပင် မိဘဆရာသမားတို့ကို ရိုသေကိုင်းရှိုင်းကာ ကြီးသူတို့စကားကို မြေဝယ်မကျအောင် နားထောင်ခဲ့သူဖြစ်သဖြင့် ထိုဘဝသို့ ရောက်ခဲ့ရပေသည်"



www.burmeseclassic.com

www.burmeseclassic.com



"အဘယ်ကြောင့်နည်း"

"သူ့ဆရာက လက်ညှိုးတစ်ထောင်တို့ကို ပန်းကုံးကဲ့သို့ ပြုလုပ်ပူဇော်ရမည်ဟု စေခိုင်းသောကြောင့် ယခုကဲ့သို့ ပြုမူနေရခြင်း ဖြစ်ပေသည်"

"လိမ္မာယဉ်ကျေးခြင်းဟူသည် အလုံးစုံအန္တရာယ်မကင်းနိုင်ပေ။ မိုက်မဲသောဆရာကို ကိုးကွယ်မိပါက လိမ္မာယဉ်ကျေးသောသူပင် လူဆိုးလူမိုက်ဘဝသို့ ရောက်ခဲ့ရပါရောလား"

ဟု ပုဏ္ဏေးမက ညည်းတွားလေသည်။

ထို့နောက် စားဖွယ်စားမြိန်ထုပ်တို့ကို ပြင်ဆင်၍ ခရီးထွက်ရန် ပြင်လေသည်။

"အဘယ်နေရာသို့ သွားမည်နည်း"

"ငါ့သားရှိသောနေရာသို့ သွားရပေမည်၊ ဘုရင့်တပ်သားများ ရောက်မလာခင် ငါကိုယ်တိုင်သွားရောက် သတိပေးရပေမည်"

"အဟိံသကသည် ယခင်လို နူးညံ့လိမ္မာသော ဘဝမျိုး မရှိတော့ပေ၊ အင်္ဂုလိမာလအဖြစ်နှင့် ကြမ်းတမ်းသော လူဆိုးလူမိုက်ဘဝသို့ ရောက်နေချေပြီ၊

လူဆိုးလူမိုက်တို့အား ဆွေမျိုးသားချင်းဟူသောအမှတ်ဖြင့် အကျွမ်းမဝင်ရာပေ၊

မင်းညီမင်းသားတို့အားလည်း ရင်းနှီးခင်မင်သည်ဟု အကျွမ်းမဝင်ရာပေ၊

မိန်းမတို့ကိုလည်း ငါ့အလိုလိုက်သည်ဟု ချစ်ကျွမ်းမဝင်





ရာပေ၊

ဦးချိုရှိသော သတ္တဝါကို တစ်ဂါဝုတ်ကပင် ရှောင်ကြဉ်ရာ၏၊

အစွယ်ရှိသော သတ္တဝါကို နှစ်ဂါဝုတ်ကပင် ရှောင်ကြဉ်ရာ၏၊

အဆိပ်ရှိသော သတ္တဝါကို သုံးဂါဝုတ်ကပင် ရှောင်ကြဉ်ရာ၏၊

လူဆိုးလူမိုက်တို့ကိုကား သားသမီးပင် ဖြစ်လင့်ကစား အရပ်တပါးသို့ စွန့်ခွာရှောင်ပြေးရသည်၊ ရှင်မ သင်မသွားသင့်ပေ"

ဟု တားမြစ်သော်လည်း ပုဏ္ဏေးမ၏ သားသမီးစိတ်ဇောကြောင့် တားမရဘဲ အဟိံသကရှိသောတောသို့ သွားလေသည်။

ထိုအချိန်တွင် ထိုဘဝမှ ကျွတ်တော့မည့် အဟိံသကမှာ လက်ညှိုးပေါင်း (၉၉၉)ချောင်း ရှိနေပြီး . . လက်ညှိုးတစ်ချောင်းသာ လိုတော့သည့်အချိန်သို့ ရောက်နေချေပြီ။

"လက်ညှိုးတစ်ချောင်းရလျှင် လက်ညှိုးပေါင်းတစ်ထောင် ပြည့်ပေမည်၊ ထိုသို့ပြည့်မြောက်ပါက ကတိရှိခဲ့သည့်အတိုင်း ဆရာကြီးအားပူဇော်၍ ထူးခြားသော ပညာရပ်ကို သင်ယူပြီး မိဘရပ်ထံသို့ ပြန်ပေတော့မည်"

ဟု တွေးတောစိတ်ကူးနေလေသည်။

ထိုနေ့မှာပင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌



www.burmeseclassic.com

www.burmeseclassic.com



သီတင်းသုံးနေသော ဘုရားရှင်သည် လောကသုံးပါးတို့၌ ချေချွတ်ရမည့်သူကို ကြည့်သောအခါ အင်္ဂုလိမာလကို မြင်တော်မူသည်။

"သူသည် ရှေးဘဝကပြုခဲ့သော အတိတ်ကံကြောင့် လူဆိုးကြီးဘဝ ရောက်နေရပေပြီ၊ ငါဘုရား မကြွခဲ့သော် မိခင်ကို သတ်ဖြတ်သော အကုသိုလ်ကံကြောင့် ပဉ္စာနန္တရိယကံကြီး ထိုက်ပြီး မဟာအဝီစိငရဲသို့ သက်ဆင်းရပေတော့မည်၊ ငါဘုရားရှင်ကြွတော်မူပြီး တရားဟောတော်မူပါက လေးပုဒ်သော ဂါထာနှင့်ပင် အကျွတ်တရားရကာ ရဟန်းဘဝသို့ ရောက်ရပေတော့မည်"

ဟု မြင်တော်မူသဖြင့် မြတ်စွာဘုရားကလည်း ဇေတဝန်ကျောင်းတော်မှ အင်္ဂုလိမာလရှိသော တောအုပ်သို့ ကြွတော်မူသည်။

ယခင်က အင်္ဂုလိမာလ ရှိနေသော တောအုပ်သို့ မလာဝံ့ကြပေ။ ယခု လက်ညှိုးတစ်ချောင်းသာ လိုတော့မှ ဘုရားရှင်နှင့် မိခင်ဖြစ်သူတို့ ရောက်လာကြခြင်း ဖြစ်သည်။

တောတွင်းသို့ ရောက်သောအခါ ပုဏ္ဏေးမ မန္တာနီက အသံပေး၍ ခေါ်လေသည်။

"သားရေ. . သား. . အဟိံသက၊ မနက်မိုးသောက် အလင်းရောက်တဲ့အခါ ငါ့သားကို ဖမ်းဆီးသတ်ဖြတ်ဖို့ ဘုရင့်ရဲ့ ရဲမက်တွေ လာကြလိမ့်မကွယ့်၊ လွတ်အောင်သာ ပြေးပေတော့ကွယ်"





ထိုအသံကြားတော့ အဟိံသက ပုန်းအောင်းနေရာမှ ထွက်ကြည့်လေသည်။

မိခင်ကို မြင်သောအခါ ပထမတော့ ဝမ်းသာသွားလေသည်။

"အမေတော့ လိုက်လာပြီ၊ သို့သော်လည်း ငါ့ရဲ့ အဓိဋ္ဌာန်ကိုတော့ အပျက်ခံလို့မရဘူး၊ အမေ့ကိုသတ်ပြီး လက်ညှိုးကို ဖြတ်ယူရတော့မှာပဲ"

ဟု တွေးကာ မိခင်နောက်သို့ လိုက်ရန်ပြင်သည်။

ထိုအခိုက်မှာပင် တောအုပ်အတွင်းသို့ မြတ်စွာဘုရား ကြွတော်မူလာလေသည်။

"ဟန်ကျပြီ ဟိုမှာရဟန်းတစ်ပါး ကြွလာနေပါလား၊ အမေ့ကို သတ်ဖို့မလိုတော့ဘူး၊ ဒီရဟန်းကိုပဲသတ်ပြီး လက်ညှိုး ဖြတ်ယူရတော့မှာပဲ"

ဟု တွေးတောကာ ဓားကိုဆွဲပြီး မြတ်စွာဘုရားနောက်သို့ အပြေးလိုက်လေတော့သည်။

မြတ်စွာဘုရားသည် အင်္ဂုလိမာလ မမှီနိုင်အောင် တန်ခိုးတော်ဖြင့် ညီညာသောမြေပြင်ပေါ်မှ ဖြေးဖြေးသာ ကြွတော်မူသည်။

သုံးဂါဝုတ်ခရီးကို မရပ်မနား ပြေးလွှားနိုင်သော အင်္ဂုလိမာလသည် ၎င်းပြေးသော လမ်းတစ်လျှောက်လုံး မြင့်မောက်သော တောင်ကုန်းတောင်တန်းများက တားဆီးထားသကဲ့သို့ ဖြစ်ကာ မြတ်စွာဘုရားရှင်ကို နောက်မှလိုက်၍ မမီနိုင်ဘဲ ရှိ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



လေသည်။

အင်္ဂုလိမာလလည်း လက်ညှိုးတစ်ချောင်းရပါက မိမိ၏ အကြံအစည် ပြည့်မြောက်အောင်မြင်တော့မည် ဖြစ်သောကြောင့် မရပ်မနား လိုက်လေတော့သည်။

သို့သော် ဘုရားရှင်က တန်ခိုးတော်ဖြင့် တားဆီးထားသောကြောင့် မြင်သာမြင်ရသော်လည်း မမီနိုင်ပဲ ရှိလေသည်။

"အင်္ဂုလိမာလတဲ့ဟေ့၊ ငါလိုက်လျှင် ပြေး၍လွတ်သောသူ မရှိစေရဘူး၊ ပြေးနိုင်သမျှ ပြေးထားပေတော့"

ဟု မာန်တင်းပြီး လိုက်သော်ငြားလည်း မမီနိုင်သောအခါ ခြေကုန်လက်ပန်းကျကာ လဲလေတော့သည်။

"ဘယ်လိုဖြစ်တာလဲ၊ ငါ အလိုရှိသဖြင့်လိုက်ပါက လူမဆိုထားနဲ့ ခြေလေးချောင်းဖြင့် အပြေးမြန်လှသော. . တောတိရိစ္ဆာန်များပင် မလွတ်နိုင်ပေ၊ ဒီရဟန်းကျမှ ဘာကြောင့် မမီနိုင်ရတာလဲ"

ဟု စိတ်ထဲမှ တွေးတောနေသည်။

"ထူးဆန်းလိုက်တာ သူ့ကြည့်တော့လဲ ပြေးနေခြင်းမဟုတ်ပဲ ရပ်နေခြင်းမျိုးပဲ၊ ငါ သူ့ကိုလိုက်ရတာ မိမိအရိပ်နောက်ကို လိုက်နေရသလိုပဲ၊ နီးလျက်နှင့် ဝေးနေတာပါလား၊ အံ့သြဖွယ်ရာပါတကား"

ဟု ငြီးတွားနေစဉ် မြတ်စွာဘုရားက သူနှင့် မနီးမဝေးမှာ ရပ်တော်မူသည်။

"သင်ရဟန်း ရပ်လော့၊ အသက်ဘေးကို ကြောက်သ





ဖြင့် ထိုမျှလောက် ပြေးနေခြင်းဖြစ်သလော"

"ချစ်သား အင်္ဂုလိမာလ၊ ငါက ရပ်တံ့နေပြီ ဖြစ်၏၊ သင်သာ မရပ်မနား ပြေးလွှားနေရဆဲပင် ရှိသေးသည်"

"ရှင်ရဟန်း သင်သည် မရပ်မနား သွားနေပါလျက် ရပ်သည်ဟု ဆို၏၊ ရပ်နေသော ကျွန်ုပ်ကိုကား မရပ်မနား ပြေးလွှားနေသည်ဟု အဘယ်ကြောင့် ဆိုသနည်း"

"ချစ်သား ငါသည် မကောင်းမှု ကိလေသာတို့ကို ပယ်သတ်သုတ်သင်ပြီး ဖြစ်သည်၊ မကောင်းမှု မှန်သမျှကိုလည်း မပြုလုပ်တော့ပြီ၊ သို့သော် သံသရာခရီးကို လည်စရာမရှိတော့ဘဲ ဒိဘဝမှလွန်သော် နိဗ္ဗာန်သို့ စံဝင်တော့မည်ဖြစ်သဖြင့် ငါသည် သည်းကောင်း၊ ငါ့ဘဝသည်လည်းကောင်း ရပ်တံ့လျက် ရှိနေပေပြီ"

ထိုတရားကိုကြားတော့. . အင်္ဂုလိမာလမှာ ချက်ချင်း သတိသံဝေဂ ဝင်လာလေသည်။

ရဟန္တာလောင်းလျာဖြစ်သဖြင့် မြတ်စွာဘုရား၏ တရားတောကို ကြားရရုံမျှနှင့်ပင် လျှပ်တပြက်အတွင်း သတိသံဝေဂ ရခြင်းပင် ဖြစ်သည်။

"ချစ်သား သင်သည် သတ္တဝါတို့အား သနားကြင်နာခြင်း ကင်းလျက် သတ်ဖြတ်ခြင်း ပြုပေပြီ၊ ထိုအကုသိုလ်ကံကြောင့် သေသောအခါ အပါယ်ငရဲသို့ ကျရောက်ရပေမည်၊ ထိုမှလွန်သော် ပြုခဲ့သော အကုသိုလ်ဝဋ်ကြွေးတို့ကို တစ်ဖန်ခံရပေဦးမည်၊ မိမိပြုခဲ့သော အကုသိုလ်ကံတို့သည် မိမိနောက်၌ အရိပ်



www.burmeseclassic.com

www.burmeseclassic.com



ပ်မာ လိုက်ပါကြလေသည်။

ထိုတရားကိုကြားတော့ များစွာထိတ်လန့်တုန်လှုပ်သွား
မိလေသည်။

"သို့ကြောင့် အသင်သည် သံသရာခရီးကို မရပ်မနား
ထပ်မံပြေးလွှားရဦးမည့်သူ ဖြစ်သည်ဟု ဆိုခြင်းပင်ဖြစ်ပေသည်"

အင်္ဂုလိမာလမှာ ဒီဘဝနှင့်ပင် ရဟန္တာဘဝ ပြောင်းတော့
မည့်သူ ဖြစ်သောကြောင့် သတိသံဝေဂ ရလာလေတော့သည်။

"နိဗ္ဗာန်မဂ်ဖိုလ်ရမှသာ ဘဝတစ်ခု၏ ရပ်တန့်ခြင်း မည်
ပေသည်၊ နိဗ္ဗာန်မရမချင်း မည်သည့်ဘုံဘဝမှာပင် ရသည်ဖြ
စေ၊ သံသရာခရီးလမ်းမှာ မမောမပန်း ပြေးလွှားကြရမည်သာ
ဖြစ်ပေသည်၊ သို့ကြောင့်. . ငါသည် ရပ်တန့်နေသူဖြစ်ပြီး သင်
သည် မရပ်မနား ပြေးလွှားနေသူသာ ဖြစ်ပေသည်"

ထိုတရားကို နာကြားသောအခါ အင်္ဂုလိမာလ စိတ်ထဲ
တွင်. . .

"ဤရဟန်းသည် သာမန်မဟုတ်တန်ရာပေ၊ သာဝတ္ထိ
ပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေသော ရဟန်း
တို့၏ဆရာ မြတ်စွာဘုရားပင် ဖြစ်ပေလိမ့်မည်၊ ငါသည်. . .
မကောင်းမှု နွံအိုင်ထဲတွင် နစ်နေခဲ့သည်မှာ အချိန်ကြာခဲ့ပေပြီ
ငါ့အားကယ်တင်ရန် ဘုရားရှင်ကြွတော်မူခဲ့ခြင်း ဖြစ်ပေလိမ့်
မည်"

ဟု တွေးတောမိသည်နှင့် ကိုင်စွဲထားသော လက်နက်
တို့ကို မြေပေါ်သို့ချကာ ဘုရားရှင်ရှေ့တွင် ဒူးထောက်ထိုင်





ထိုက်လေသည်။

"အရှင်မြတ်ဘုရား၊ ကျွန်တော်မျိုးအား သနားသဖြင့်
ကယ်မတော်မူပါ၊ ယခုအချိန်မှစပြီး ယုတ်မာသောအကျင့်ကို
ကယ်သတ်ကာ မကောင်းမှုများအား စွန့်ပယ်ပါတော့မည်"

ဟု ဝန်ခံပြီး မြတ်စွာဘုရားကို ကန်တော့လေသည်။

ပြီးလျှင် လည်ပင်းမှာဆွဲထားသော လက်ညှိုးပန်းကုံး
များနှင့် ကိုင်စွဲထားသော လက်နက်မျိုးစုံတို့ကို ရေအိုင်တစ်ခုအ
တွင်းသို့ပစ်ချကာ စွန့်ပယ်လိုက်လေတော့သည်။

မြတ်စွာဘုရားရှင်က အင်္ဂုလိမာလအား တရားတော်
ဟောပုဒ် ဟောကြားတော်မူပြီး. . .

"ဧဟိဘိက္ခု"

သုံးကြိမ်ခေါ်တော်မူရာ လူအသွင်ပျောက်ကွယ်ပြီး. .
ပရိက္ခရာရှစ်ပါး အစုံအလင်နှင့် ရဟန်းအသွင်သို့ ရောက်လေ
တော့သည်။

ထိုအခါမှ မိခင်ပုဏ္ဏေးမကြီးက အနီးသို့ရောက်လာပြီး
သားဖြစ်သူကို ရှိခိုးလေသည်။

"ချစ်သား အဟိံသက သင်နှင့် ခွဲခွာနေရသည်မှာ နှစ်
အတော် ကြာခဲ့ပေပြီ၊ သင့်ဖခင်သည်လည်း သင်နှင့် တွေ့လိုလှ
ပေပြီ၊ အိမ်သို့ လိုက်ခဲ့ပါမည်လော"

ဟု မေးမြန်းလျှောက်ထားလေသည်။

"အို. . မိခင်၊ ဘုရားရှင်သည် ငါ့အား ယခုဘဝ၌ပေါ်
လည်းကောင်း၊ နောင်တမလွန် ဘဝ၌သော်လည်းကောင်း၊ သုခ



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာရစေရန် ချီးမြှောက်ပေးတော်မူခဲ့ပေပြီ ဘုရားရှင်နောက် သို့သာ ငါလိုက်ပေတော့မည်”

ဟု ပြောဆိုပြီး - မြတ်စွာဘုရားနှင့်အတူ ဇေတဝန် ကျောင်းတော်သို့ လိုက်ပါသွားလေတော့သည်။

မိခင် ပုဏ္ဏေးမကြီးလည်း ချမ်းသာသောစိတ်ဖြင့် အိမ်သို့ ပြန်လေတော့သည်။





# အခန်း(၄)

# အင်္ဂုလိမာလ အောင်ပွဲ

အင်္ဂုလိမာလအမည်ဖြင့် ထင်ရှားသော လူဆိုးလူကြမ်း ကြီးတစ်ယောက် မြတ်စွာဘုရား ချွေချွတ်သဖြင့် ကျွတ်ကာ ရဟန်းဘဝနှင့် ဇေတဝန်ကျောင်းတော်သို့ ပါသွားခဲ့သော သတင်းက တောမီးလောင်သည့်ပမာ ပြန့်နှံ့ခဲ့ချေပြီ။

သာဝတ္ထိတစ်မြို့လုံးသာမကပဲ ထိုမြို့နှင့် အနီးတစ်ဝိုက် မှာ လာရောက်နေထိုင်ကြသော ရွာကြီးရွာငယ်များမှလူများပါ ကြားသိရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏ ဘေးအန္တရာယ်ကို ဖယ်ရှားပေးသနားတော်မူပေသည်၊ ကရုဏာတော် ကြီးမားလှပေစွ"

ဟု မြည်တမ်းကာ ဘုရားရှင်၏ ဂုဏ်တော်များကို ကြည်ညိုခြင်း ဖြစ်ကြလေသည်။ အင်္ဂုလိမာလ၏ဘေးရန် အေးချမ်းသွားပြီ ဖြစ်သောကြောင့်. . အချို့လည်း မိမိတို့အရပ်ဒေသသို့ ပြန်လည်ရွှေ့ပြောင်းကြသည်။

လယ်ယာစိုက်ပျိုးခြင်းများနှင့် တောတောင်သို့သွားကာ အလုပ်လုပ်သူတို့လည်း လုပ်ကြလေသည်။

မိမိက စစ်သည်အင်အားဖြင့် ဝိုင်းဝန်းဖမ်းဆီးရန် ကြံစည်ထားသော လူဆိုးကြီးကို. . ဘုရားရှင်က ရဟန်းပြုပေးပြီး ဇေတဝန်ကျောင်းသို့ ခေါ်ဆောင်လာသော သတင်းစကားကို ကောသလမင်းကြီး ကြားသိသောအခါ ကျောင်းတော်သို့ ကြွလေသည်။ မြတ်စွာဘုရားရှေ့ ရောက်သောအခါ ရှိခိုးကန်တော့ပြီး ဤသို့ လျှောက်ထားလေသည်။

"အရှင်ဘုရား အင်္ဂုလိမာလကား လူများစွာတို့အား သတ်ဖြတ်ခဲ့သော လူဆိုးလူမိုက် ဖြစ်ပါသည်၊ ရဟန်းပြုပေးခြင်းဖြင့် မထိုက်တန်ပေ၊ သူပြုခဲ့သော အပြစ်ဒဏ်တို့အတွက် တပည့်တော် စီရင်ပါရစေဘုရား"

ကောသလမင်းကြီး လျှောက်တင်သောစကား ကြားသောအခါ ဘုရင်နောက်ပါးမှ ပါလာကြသော မှူးကြီးမတ်ရာသေနာပတိစသော ကိုယ်ရံတော်တို့မှာ 'အင်္ဂုလိမာလ'ဟူသော





အမည်ကြားရုံမျှနှင့် ထိတ်လန့်တကြား ကြောက်ရွံ့ကာ ဆောက်တည်ရာမရ ဖြစ်ကြလေတော့သည်။ ထိုအခါ ဘုရားရှင်က. . .

"အသင်မင်းကြီး မစီရင်ထိုက်တော့ပြီ၊ ထိုသူက သာမန်မဟုတ်တော့ပေ၊ ၎င်းသည် အကြွင်းပြတ်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ပြီး ဖြစ်ချေပြီ"

ဟု မိန့်တော်မူ မြတ်စွာဘုရားအား ရှိခိုးကန်တော့ပြီး လက်လျှော့ကာ ပြန်လေတော့သည်။

အင်္ဂုလိမာလသည် ရဟန်းအဖြစ်သို့ ရောက်သောအခါ ရပ်ရွာသို့လှည့်လည်ပြီး ဆွမ်းခံကြွလေသည်။

ထိုအခါ လူတို့က သူ့ကို မြင်သည်နှင့်. . .

"ငါ့သားကို သတ်သောသူ၊ ငါ့မိဘတို့ကို သတ်ဖြတ်ခဲ့သောသူ"

ဟူ၍ အမျိုးမျိုး ပြစ်တင်ပြောကြားကာ ဆွမ်းမလောင်းပဲ နေကြလေသည်။

အချို့လည်း မိမိတို့ရပ်ရွာတွင်းသို့ မလာစေလိုသောကြောင့် ကျောက်တုံး အုတ်ခဲတို့ဖြင့် ပစ်ပေါက်ကြရာ ထိမှန်သဖြင့် သွေးထွက်သံယိုဖြစ်ကာ ဒဏ်ရာအနာတရ ဖြစ်လေသည်။

ထိုသို့အပြုခံရသော်လည်း သူတို့အပေါ်မှာ အပြစ်မယူဘဲ သံဝေဂတရား ပွားများခြင်းဖြင့်သာ နေလေသည်။

ထိုအချိန်က အင်္ဂုလိမာလ ရဟန်းသည် ရဟန္တာအဖြစ်သို့ ရောက်နေပြီဖြစ်သောကြောင့် ဘေးအန္တရာယ်တို့ကို တန်ခိုးတော်ဖြင့် တားဆီးမည်ဆိုက တားဆီးနိုင်သော်လည်း မတား



www.burmeseclassic.com

www.burmeseclassic.com



ဆီးပေ။ ဝဋ်ကြွေးရှိခဲ့သောကြောင့်သာ ဤသို့ခံနေရခြင်း ဖြစ်သည်ဟု နှလုံးသွင်းကာ သည်းခံတော်မူလေသည်။

ကျောင်းသို့ရောက်သောအခါ ဆွမ်းမရသဖြင့် သပိတ်ကိုသာ ရေဆေးပြီး ရေဆွမ်းကိုသာ ဘုန်းပေးရလေသည်။

ထိုအကြောင်းကို သီတင်းသုံးဖော် သံဃာတော်များက သတိမပြုမိကြပေ။ နောက်မှ သတိပြုမိကြသဖြင့် မေးသည်။

"ငါ့ရှင် ဆွမ်းအဟာရ ပြည့်စုံမှုတပါရဲ့လား"

"ဆွမ်းမရသဖြင့် ရေဆွမ်းကိုသာ ဆွမ်းအဖြစ် သုံးဆောင်နေရပါသည် ဘုရား"

ထိုသို့သိကြတော့မှ အခြားသီတင်းသုံးဖော် သံဃာတော်များက ဆွမ်းများကို မျှဝေပေးတော့မှ ဘုန်းပေးရလေတော့သည်။ ထိုအကြောင်းကို ဘုရားရှင် သိသောအခါ အင်္ဂုလိမာလအား. . .

"သင်ပြုခဲ့သော အကုသိုလ်ကံကြွေးများကို ပြန်လည်ပေးဆပ်နေရခြင်း ဖြစ်ပေသည်၊ သည်းခံပေလော့၊ သင်ပြုခဲ့သော အကုသိုလ်ကံကို အခြားသူများက လက်ခံယူထားခဲ့သဖြင့် ပြန်ပေးနေကြခြင်း ဖြစ်သည်၊ သူတို့ တဖန်ပြန်ပေးသော ထိုအကုသိုလ်ကံတို့ကို သင့်အနေနှင့် လက်ခံမယူဘဲ သည်းခံပေးမှသာ ပြီးပျောက်ခြင်းသို့ ရောက်ပေလိမ့်မည်"

ဟု ဟောပြောပြသ ဆုံးမတော်မူသည်။

ထို့နောက် အင်္ဂုလိမာလရဟန်းအား လူတို့ကြည်ညိုလာစေရန် ဂါထာသုံးပုဒ်ကို ပေးသနားတော်မူသည်။





ထိုဂါထာသုံးပုဒ်မှာ အင်္ဂုလိမာလရဟန်းကို အကြောင်းပြုသဖြင့် 'အင်္ဂုလိမာလသုတ်'ဟု ထင်ရှားကာ ပရိတ်တော်(၁၁)သုတ်ထဲ အပါအဝင် ဖြစ်လာလေသည်။

အင်္ဂုလိမာလရဟန်းက မီးမဖွားနိုင်သူကို မီးဖွားနိုင်စေရန် သူ့ကိုယ်သူ သစ္စာပြု၍ ဟောသောဂါထာလည်း ဖြစ်သည်။

ထိုဂါထာသုံးပုဒ်မှာ. . .

**အင်္ဂုလိမာလ သုတ္တပါဠိ**

၁။ ပရိတ္တံ ယံ ဘဏန္တဿ၊
နိသိန္နဋ္ဌာန ဓောဝနံ၊
ဥဒကမ္ပိ ဝိနာသေတိ၊
သဗ္ဗ မေဝ ပရိဿယံ၊
၂။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊
ယဉ္စ သာဓေတိ တင်္ခဏေ၊
ထေရဿ'င်္ဂုလိမာလဿ၊
လောကနာထေန ဘာသိတံ၊
ကပ္ပဋ္ဌာယိံ မဟာတေဇံ
ပရိတ္တံ တံ ဘဏာမဟေ။
၃။ ယတောဟံ ဘဂိနိ၊
အရိယာယ ဇာတိယာဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ၊
ဇီဝိတာဝေါ ရောပေတာ၊



www.burmeseclassic.com

www.burmeseclassic.com



တေန သစ္စေန သောတ္ထိတေ၊
ဟောတု
သောတ္ထိ ဂဗ္ဘဿ။
တို့ပင် ဖြစ်ပေသည်။

မြတ်စွာဘုရားနှင့် အင်္ဂုလိမာလထေရ်အား ဂါထာ သုံးပုဒ် ချီးမြှင့်ပေးသနားပြီးနောက်ပိုင်းတွင် မီးမဖွားနိုင်သော မိန်းမများအတွက် အသက်အန္တရာယ်ဘေးနှင့် ကြုံတွေ့နေရလျှင် တင်းတိမ်များကို ကာရံစေလျက် အပြင်ဘက်မှ ရွတ်ဆိုပါက အသက်ဘေးမှ ချမ်းသာရာရကာ မီးဖွားရသည်မှာ လွယ်ကူခြင်း သို့ ရောက်ကြလေသည်။

ထိုသုတ္တာန်မှာ. . . အင်္ဂုလိမာလမထေရ် ရွတ်ဆိုသော ကြောင့် အင်္ဂုလိမာလသုတ္တာန်ဟု ခေါ်ဝေါ်ကြသည်။

ယခင်က လူပေါင်းများစွာတို့ကို သတ်ဖြတ်ခဲ့သဖြင့် လူ တို့၏ ရွံရှာမုန်းတီးခြင်းကို ခံခဲ့ရသော်လည်း လူတို့၏ အသက် အန္တရာယ်တို့ကို ကာကွယ်စောင့်ရှောက်ပေးသောအခါ လေးစား ကြည်ညိုခြင်းကို ရလေသည်။

ထို့နောက် ဒါယကာ ဒါယိကာမတို့သည်လည်း အင်္ဂုလိ မာလမထေရ်ကို ကြည်ညိုလေးစားမှု ဖြစ်လာသောကြောင့် ဆွမ်းစသော လှူဖွယ်တို့ကို လှူဒါန်းပူဇော်ကြလေသည်။

အင်္ဂုလိမာလမထေရ်မြတ်သည် ရဟန္တာဘဝသို့ ရောက် လျှင် မိဘများရှိရာသို့ ကြွတော်မူသည်။

မိဘနှစ်ပါးလည်း သားဖြစ်သူ အဟိံသကမှာ ရက်စက်





ကြမ်းကြုတ်သော လူဆိုးကြီးဘဝမှ ယခုကဲ့သို့ အများကြည်ညို လေးစားရသော ရဟန္တာဘဝသို့ ရောက်သွားသည်ကို မြင်တွေ့ ရသောအခါ များစွာဝမ်းသာခြင်းဖြစ်သည်။

"ငါ့သားသည် ငါတို့ပေးထားသော 'အဟိံသက' ဟူ သောအမည်၏ အဓိပ္ပါယ်ဖြစ်သည့် ငါတို့အမျိုးအနွယ်ကို မညှဉ်း ဆဲ မနှိပ်စက်ရဲသာမကပဲ တိုင်းသူပြည်သား လူအများတို့ကိုပါ နှိပ်စက်ညှင်းပန်းခြင်း မပြုတော့ပြီ၊ ယခုမှ ချမ်းသာခြင်းအစစ်သို့ ရောက်ရလေပြီတကား"

ဟု မြည်တမ်းလေသည်။

အင်္ဂုလိမာလမထေရ်သည် မိဘများထံ ကြွပြီးသောအ ခါ ပညာသင်ပေးခဲ့သော ဆရာကြီးရှိရာသို့ ကြွသွားပြန်လေ သည်။ ပထမသော် ဒိသာပါမောက္ခဆရာကြီးက သူ့ကို မသိပေ။

"ဆရာကြီး ငါ့ကို မှတ်မိပါ၏လော"

"သင် ဘယ်သူဖြစ်သလဲ"

"ဆရာကြီးထံမှာ ပညာဆည်းပူးခဲ့သော 'အဟိံသက' ပင် ဖြစ်ပေသည်။

ထိုစကားကြားသောအခါ များစွာ အံ့သြကြီးစွာ ဖြစ် လျက်ဖြင့် မြတ်သောနေရာတွင် နေရာထိုင်ခင်းပေးလေသည်။

"ဆရာကြီးအား လက်ညှိုးပေါင်းတစ်ထောင်ဖြင့် ပူဇော် ရန် ကတိပေးထားခဲ့သော်လည်း မကျေပွန်ခဲ့ပေ၊ အခု ငါသည် ဘုရားရှင်၏ အဆုံးအမဖြင့် အကျွတ်တရားရကာ ဗုဒ္ဓ၏သာ ဝကတစ်ဦး ဖြစ်ခဲ့ပေပြီ၊ သို့ကြောင့် မကောင်းမှုများကို မပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ၊ သင့်အားပေးထားခဲ့သော ကတိကြွေးအား ပယ်ဖျက်ပေးပါလော့"

ဟု ပြောကြားလေသည်။

ထိုအခါ ဆရာကြီး နောင်တကြီးစွာ ရမိလေသည်။

"အရှင်သူမြတ် ငါ မှားခဲ့ချေသည်။ ငါသည် မလိမ္မာသောတပည့်တို့၏ ကုန်းချောစကားကို ယုံကြည်၍ သင့်အား ဒုက္ခရောက်အောင် ကြံစည်စေခိုင်းခဲ့ပေသည်၊ ထို့ကြောင့် ဤကတိကြွေးအား ယခုအချိန်မှစ၍ ပယ်ဖျက်ပေးပါမည်၊ ငါ့အား ခွင့်လွှတ်ပေးပါတော့"

ဟု တောင်းပန်လျှောက်ထားလေသည်။

"ဆရာမြတ် သင်သည် ငါ့အား ပညာသင်ပေးခဲ့သည်၊ ယခုကဲ့သို့ ဗုဒ္ဓ၏ သာဝကတစ်ဦးအဖြစ် ရောက်ခဲ့သည်မှာလည်း သင်၏ ကျေးဇူးအကြောင်းတရား ရှိခဲ့ပေသည်၊ သို့ကြောင့် သင့်အား ခွင့်လွှတ်ပေးပါသည်"

ဟု ပြောဆိုပြီး မြတ်စွာဘုရားဟောကြားသော တရားတော်တို့ကို ဟောကြားပြသပြီး ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွလေတော့သည်။

ထိုနေ့ကား အင်္ဂုလိမာလမထေရ်မြတ်၏ အောင်ပွဲပင်ဖြစ်ပေတော့သတည်း။





# အခန်း(၅)

# သွေးစွန်းနေသော မရဏပန်းကုံး

အချိန်ကာလမှာ (၁၉၂၅)ခုနှစ် ဝန်းကျင်ကာလ ဖြစ်သည်။ အိန္ဒိယနိုင်ငံအား နယ်ချဲ့အင်္ဂလိပ်များ အုပ်ချုပ်သိမ်းပိုက်ထားသော အချိန်ကာလ ဖြစ်သည်။

ထိုကာလတွင် အိန္ဒိယနိုင်ငံအပါအဝင် အာရှတိုက်နိုင်ငံအတော်များများမှာ သစ်တောကြီးများ မပျက်စီးသေးပဲ စိမ်းစိုသုပ်လျက်ပင် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့များက သိမ်းပိုက်ထားသော တိုင်းပြည်များမှ ရွှေငွေ၊ ကျောက်သံပတ္တမြားများ၊ သတ္တု၊ ရေနံတို့ကိုသာ စိတ်ကြိုက်ထုတ်ယူကြသော်လည်း သစ်တောများကိုတော့ မဖျက်ဆီးကြပေ။

သက်တမ်းစေ့ပြီး ထုတ်ယူနိုင်ပြီဖြစ်သော ကျွန်းသစ်များလောက်သာ ထုတ်ယူကြသဖြင့် သစ်တောကြီးများ မပျက်စီးပဲ စိမ်းလန်းစိုပြည်နေခြင်း ဖြစ်သည်။

သာဝတ္တိသည် ဟိမဝန္တာတောင်ကြီး၏ တောင်ဘက်အနီးဆုံးမှာ ရှိသည်။

ဟိမဝန္တာတောင်ခြေမှ သာဝတ္တိမြို့ဟောင်း ရောက်သည်အထိ ကြားထဲတွင် သစ်တောကြီးများက ကာဆီးထားသည်။

ထိုတောကြီးများမှာ ဆရာ၏စေခိုင်းမှုကြောင့် လူကောင်းဘဝမှ လူဆိုးလူမိုက်ဘဝ ရောက်ခဲ့ရသော အဟိံသကကျင်လည်ခဲ့သော တောပင်ဖြစ်သည်။

ထိုတောနက်ကြီးများကိုတော့ . 'အင်္ဂုလိမာလတောကြမ်း' 'အဟိံသကတောကြမ်း'ဟု ခေါ်ဝေါ်ကြသည်။

တောကြမ်းဟူ၍ ဝိသေသတပ်ခေါ်ကြခြင်းမှာ သာမန်တောများထက် ပိုကြမ်းသောကြောင့် ဖြစ်သည်။

အခြားတောနက်ထဲတွင် လူကို အန္တရာယ်ပေးတတ်သော တိရိစ္ဆာန်များရှိသည်။

သဘာဝ ဘေးအန္တရာယ်များ ရှိသည်။





သာမန် ရှိလေ့ရှိထဖြစ်သော အန္တရာယ်များသာ ရှိသောကြောင့် သာမန်အခြေအနေမျှသာ ဖြစ်သည်ဟု ဆိုရပေသည်။ အဟိံသက နေထိုင်သွားသော ထိုတောကတော့ နည်းနည်းပိုပြီး ထူးဆန်းသည်။

အဟိံသက လူကြမ်းကြီးဘဝက နေခဲ့သောဂူများ၊ လူများကိုသတ်ပြီး လက်ညှိုးများကိုဖြတ်၍ တင်ထားခဲ့သော သစ်ပင်များ၊ ကျောက်တုံးကျောက်ဆောင်များ၊ လက်နက်များ သွေးသောကျောက်များ သွေးများဆေးကြောခဲ့သည့် ရေအိုင်များရှိသည်။

ကုန်သည်များထံမှ ယူဆောင်ခဲ့သော ရွှေ၊ ငွေ၊ ရတနာတို့ကို သိုဝှက်ထားသော ဂူလည်းရှိသည်။

ထိုဂူကိုတော့ ယခုတိုင် မည်သူမှ ရှာဖွေမတွေ့ကြသေးပေ။

လက်ညှိုးပြတ်များကို ပန်းကုံးသဖွယ် သီကုံးကာ ချိတ်ဆွဲထားခဲ့သောနေရာမှ သစ်ပင်တို့မှာ အသီးသီးသောအခါ လက်ညှိုးပြတ်များသဖွယ် အတွဲလိုက်သီးကြသည်။

ပန်းပွင့်များက သွေးရောင်အဆင်းဖြင့်သာ ပွင့်ကြသည်။

ဓားသွေးခဲ့သော ကျောက်တုံးများမှာ ယခုတိုင် မျက်နှာပြင် ချောမွေ့ညီညွတ်နေကြသည်။

ဓားရိုး၊ လှံရိုးများ ဆောင့်သွင်းခဲ့သော ကျောက်သားမျက်နှာပြင်တို့မှာလည်း ယခုတိုင် ချိုင့်ခွက်အရာများ ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



ဆဲပင် ရှိသေးသည်။

ထိုတောသို့ ဒေသခံများက ဝင်ရောက်ခြင်း မပြုကြသော်လည်း အခြားမှလာရောက်သော မုဆိုးများ၊ ရတနာ ရှာဖွေသူများနှင့် သစ်ခွပန်း ရှာဖွေသူများကတော့ ဝင်ရောက်ကြလေသည်။

သစ်ခွပန်းရှာဖွေခြင်းဖြင့် စီးပွားဖြစ် လုပ်ငန်းထူထောင်နိုင်မှုန်း (၁၉၂၀)ခုနှစ် မတိုင်ခင်ကတည်းက အနောက်နိုင်ငံများက သဘောပေါက်ကာ ကုမ္ပဏီများထူထောင်လျက် ပြုလုပ်နေကြပြီ ဖြစ်ပေသည်။

၎င်းတို့သည် ကမ္ဘာ့နေရာအနှံ့အပြားရှိ သစ်ခွပန်းရနိုင်သော တောနက်များအတွင်းသို့ စွန့်စွန့်စားစား သွားရောက်ကာ သစ်ခွပန်း ရှာဖွေကြသည်။

အချို့လည်း ငှက်ဖျားစသော ရောဂါများကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊ သားရဲတိရိစ္ဆာန်များ လူရိုင်းများလက်ချက်ကြောင့် သေကြေပျက်စီးကြရသည်။

ထို့ထက်ထူးဆန်းသော ပရလောကသားများ နှောင့်ယှက်မှုကြောင့် သေကြေပျက်စီးမှုများလည်း ရှိကြသည်။

(၁၉၂၀)ခုနှစ် ဝန်းကျင်ရောက်သောအခါ သစ်ခွမုဆိုးများသည် အင်္ဂလိပ်များလက်အောက်သို့ ကျရောက်နေပြီဖြစ်သော အာရှတိုက်ဘက်ရှိ တောများဘက်သို့ ခြေဦးလှည့်လာကြလေသည်။





အိန္ဒိယ၊ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှားစသော တိုင်းပြည်နိုင်ငံများ၌ ရှိသော တောနက်ကြီးများတွင် သစ်ခွပန်းများ ဝင်ရောက်ရှာဖွေကြသည်။

သစ်ခွပန်း ရှာဖွေရာတွင် လူသူအရောက်အပေါက်နည်းသော တောများတွင် ရှာဖွေခြင်းက သာမန်တွေ့နေကျ သစ်ခွပန်းများအပြင် အမည်နာမ မရှိသေးသော သစ်ခွပန်း မျိုးသစ်များကို ရှာဖွေတွေ့နိုင်ကြသည်။

သို့ကြောင့် လူသူမရောက်သေးသော တောများကို ဦးစားပေး ရှာဖွေကြသည်။

အိန္ဒိယသို့ရောက်လာသော သစ်ခွရှာဖွေသော အဖွဲ့များမှာ ဟိမဝန္တာတောင်ပေါ်နှင့် သာဝတ္ထိတောကို စိတ်ဝင်စားကြလေသည်။ အဘယ်ကြောင့်ဆိုသော်. .

ထိုနေရာများသို့ ဒေသခံများက တကူးတက မသွားရောက်ကြသောကြောင့် ဖြစ်သည်။

ထိုအချိန်ကာလတွင် တောတောင်တို့နှင့် နီးသောနေရာများတွင် နေထိုင်ကြသူတို့မှာ သစ်ခွပန်းကို စိတ်မဝင်စားပေ။ သစ်ခွပန်းရရုံနှင့် ထမင်းစားရသည်ဟုလည်း မထင်ကြပေ။

သို့ကြောင့် အခြားအလုပ်ကိုသာ လုပ်ကြပြီး သစ်ခွပန်းရှာဖွေသော အလုပ်ကို တကူးတက မည်သူမှ မလုပ်လိုကြပေ။

နောက်ပိုင်း အိန္ဒိယတွင် သစ်ခွရှာဖွေသော ကုမ္ပဏီများလာရောက်ဖွင့်လှစ်ကြပြီး ၎င်းတို့ကို ခေါ်ယူပြီး အလုပ်ပေးတော့မှ သစ်ခွပန်းရှာဖွေခြင်းဖြင့် ထမင်းစားရသော အလုပ်ဖြစ်မှန်း



www.burmeseclassic.com

www.burmeseclassic.com



သိကြရသည်။

တစ်ခါသော် သစ်ခွရှာဖွေရန် ရောက်လာသော မျက်နှာဖြူသုံးယောက်တို့မှာ တောနှင့်နီးသော ရွာတစ်ရွာမှ လမ်းပြသုံးယောက်ကို ခေါ်ယူလေသည်။

"ငါတို့ တောထဲသွားမယ်၊ လမ်းပြပေးနိုင်မလား"

"ပြပေးနိုင်ပါတယ်၊ အမဲပစ်ဖို့ သွားမှာလား"

"ငါတို့က အမဲပစ်ဖို့သွားမှာ မဟုတ်ဘူး၊ သစ်ခွပန်းရှာဖွေဖို့ သွားမှာပါ၊ သစ်ခွပန်းတွေ ဘယ်နေရာမှာရှိတယ်ဆိုတာ မင်းတို့ သိကြသလား"

"ဟိမဝန္တာတောင်နဲ့ နီးတဲ့တောတွေမှာ ဘယ်တောထဲသွားသွား သစ်ခွပန်းတွေ အများကြီးရှိတယ်"

"ဒါဖြင့် လမ်းပြပေးပါ၊ သွားကြမယ်"

ဟု ပြောဆိုကာ ခရီးထွက်ကြလေသည်။

ထိုခရီးကို ဦးဆောင်သူမှာ ဝီလျံဖြစ်သည်။

ဝီလျံသည် အိန္ဒိယတွင် လာရောက်အခြေစိုက်သော သစ်ခွရှာဖွေရေး ကုမ္ပဏီမှ သစ်ခွမှုဆိုးတစ်ဦးပင် ဖြစ်သည်။

သူသည် အင်္ဂလိပ်ဘာသာစကားအပြင် အိန္ဒိယဘာသာစကားအပါအဝင် အရှေ့တိုင်းနိုင်ငံများမှ ဘာသာစကားအတော်များများကို နားလည်တတ်ကျွမ်းသူတစ်ဦးဖြစ်သည်။

ရင်းတို့ (၆)ယောက်သည် သာဝတ္ထိမှ လွန်သောအခါ မှိုင်းညို့နေသောတောစပ်သို့ ရောက်ကြလေသည်။

"ဒီတောထဲမှာ သစ်ခွပန်းတွေ ရှိတယ်မဟုတ်လား"





"အများကြီး ရှိပါတယ်၊ ဒါပေမယ့် ဒီတောထဲကို ဝင်လို့မဖြစ်ပါဘူး သခင်"

ရာဂျစ်က ပြောသည်။

"ဘာကြောင့် မဖြစ်ရမှာလဲ"

"ဒီတောထဲမှာ ကြောက်စရာကောင်းတဲ့ အန္တရာယ်တွေအများကြီး ရှိပါတယ်"

ဝီလျံနှင့် ကျန်နှစ်ယောက်တို့ကပါ သဘောကျစွာ ရယ်လိုက်ကြသည်။

"တောထဲမှာ အန္တရာယ်ရှိတာ ဆန်းသလား၊ ဘယ်လိုအန္တရာယ်မျိုးတွေ ရှိတာလဲ၊ သားရဲတိရိစ္ဆာန်တွေကို ပြောတာလား"

"ဒီတောထဲမှာရှိတဲ့ အန္တရာယ်တွေက သားရဲတိရိစ္ဆာန်တွေထက် ပိုပြီးကြောက်စရာ ကောင်းပါတယ်"

"ငါတို့က ဘယ်လိုအန္တရာယ်မျိုးမှ မကြောက်ဘူး၊ သေနတ်နဲ့ပစ်ရင် ဘယ်လိုအန္တရာယ်မျိုးမှ မခံနိုင်ဘူး၊ အချိန်မရှိဘူး၊ တောထဲဝင်ကြမယ် လမ်းပြပေးပါ"

ဟုပြောရာ ရာဂျစ်တို့သုံးယောက်မှာ ဘာမှမတတ်နိုင်တော့ပဲ လမ်းပြပေးကြရလေတော့သည်။

တောထဲသို့ဝင်ကြသည်မှာ အင်္ဂလိပ်လူမျိုး သစ်ခွမုဆိုးသုံးယောက်နှင့် လမ်းပြပေးသူ ကုလားလူမျိုးသုံးယောက် စုစုပေါင်း (၆)ယောက်ဖြစ်သည်။

ထိုတောနက်ကြီးများထဲတွင် လူကို အန္တရာယ်ပေးတတ်



www.burmeseclassic.com

www.burmeseclassic.com



သော တောရိုင်းတိရိစ္ဆာန်များစွာတို့ ရှိကြလေသည်။

ဆင်ရိုင်းများ၊ ကျား၊ ကျားသစ်၊ လူဝံ၊ မျောက်ဝံ၊ ဝက်ဝံနှင့် မြွေတို့မှာ လူကိုမြင်သည်နှင့် သဲကြီးမဲကြီး လိုက်လံတိုက်ခိုက်ကြသော တောတိရိစ္ဆာန်ရိုင်းများ ဖြစ်ကြသည်။

အိန္ဒိယတောနက်ထဲမှာ အပေါ်များဆုံးနှင့် ကြောက်စရာအကောင်းဆုံးမှာ ကိုးတောင်ကျားကြီးများပင် ဖြစ်သည်။

ဘင်္ဂလားကျားဟုခေါ်သော ကိုးတောင်ကျားကြီးများမှာ အကောင်ကြီးသလောက် လျင်မြန်ဖျတ်လတ်ကြသည်။

တောထဲဝင်ကြသူ အတော်များများမှာ အခြားတိရိစ္ဆာန်လက်ချက်ကြောင့် သေရသည်ထက် ကိုးတောင်ကျားများ အန္တရာယ်ကြောင့်သေရသည်က ပိုမိုများပြားလေသည်။ သို့ကြောင့် တောထဲရောက်သည်နှင့် သတိကြီးစွာထားပြီး သွားလာကြရသည်။

ကိုးတောင်ကျားများမှာ လူနှင့်မတွေ့ဘူး၊ လူသားမစားဘူးပါက လူသံကြားသည်နှင့်ပင် အဝေးသို့ ရှောင်သွားလေ့ရှိသော်လည်း လူသားစားဖူးပြီးသော ကျားဖြစ်ပါက လူသံကြားသည်နှင့် အနားရောက်လာလေ့ရှိသည်။

အခွင့်မသာသေးပါက နောက်မှ တကောက်ကောက်လိုက်ချောင်းကြပြီး အခွင့်သာပါက နောက်မှ ဝင်ဆွဲလေ့ရှိသည်။

သို့ကြောင့် တောထဲရောက်ပါက ဘင်္ဂလားကျားဟုခေါ်သော ကိုးတောင်ကျားကြီးများ၏ရန်ကို သတိထားကြရခြင်း ဖြစ်သည်။





ဝီလျံခေါင်းဆောင်သော သစ်ခွမုဆိုးများကတော့ တောတွင်းရောက်သည်နှင့် သူတို့အလိုရှိသော သစ်ခွပန်းများကို ရှာဖွေကြသည်။

သစ်ခွပန်းများက မျိုးစုံရှိကြသည်။

အချို့ သစ်ပင်မြင့်ကြီးများပေါ်မှာ ရှိသည်။

အချို့က မြေပြင်ပေါ်မှာသာ တွေ့နိုင်သည်။

အချို့ သစ်ခွပန်းပင်များမှာ မြေတွင်းအောင်းနေသောကြောင့် ရုတ်တရက် ရှာမတွေ့နိုင်ပဲ ရှိလေသည်။

တောတွင်းတစ်နေရာရောက်တော့ သစ်ပင်တစ်ပင်၏ သစ်ကိုင်းပေါ်မှာ ပန်းဆိုင်းတစ်ခု ချိတ်ဆွဲထားသော ပန်းခိုင်တစ်ခုကို လှမ်းမြင်ရသည်။

ကြောင်အမြီးတူ ပန်းခိုင်ကဲ့သို့ အခွေလိုက်ဖြစ်ကာ အောက်မှကြည့်သောအခါ အခွေလိုက်နှင့် ပန်းကုံးသဖွယ် ဖြစ်နေလေတော့သည်။ ထိုပန်းခိုင်ကိုမြင်တော့ ဝီလျံတို့အဖွဲ့မှာ ဝမ်းသာသွားကြလေသည်။

သူတို့အနေဖြင့် သစ်ခွရှာဖွေသော အချိန်ကာလအတွင်းမှာ ထိုကဲ့သို့သော သစ်ခွပန်းမျိုး မတွေ့မမြင်ဖူးကြသဖြင့် ဝမ်းသာနေကြခြင်း ဖြစ်လေသည်။

သို့သော်လည်း သူတို့နှင့်အတူ ပါလာကြသော ရာဂျစ်တို့ သုံးယောက်တတော့ ထိုပန်းခိုင်ကို မြင်သည်နှင့် ထိတ်လန့်ကြောက်ရွံ့နေကြလေပြီ။ ပန်းခိုင်မှာ အနီရောင်ဖြစ်သည်။

အောက်မှကြည့်သောအခါ သွေးစက်များ ယိုကျနေ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ထင်ရလေသည်။ အချိန်မှာ ညနေပိုင်းအချိန်ဖြစ်သည်။

နေရောင်ခြည်က တောထဲသို့ မရောက်သော်လည်း အလင်းရောင် အချို့ကတော့ ထိုပန်းခိုင်ပေါ်သို့ ကျနေသည်။

"မင်းတို့ ဟိုမှာမြင်နေတဲ့ ပန်းခိုင်ကို မြင်ဖူးသလား"

ရာဂျစ်က ခေါင်းညိတ်ပြသည်။

"မြင်ဖူးပါတယ် သခင်"

"ဒီပန်းမျိုးကို ဒေသက ဘယ်လိုခေါ်ကြသလဲ"

"မရဏပန်းကုံးလို့ ခေါ်ကြပါတယ်"

ထိုစကားကြားတော့ ဝီလျံတို့မှာ မျက်မှောင်ကျုံ့သွားကြလေသည်။

"ဘာကြောင့် ဒီလောက်လှပတဲ့ ပန်းခိုင်ကို ကြောက်စရာကောင်းတဲ့နာမည်မျိုး ပေးထားတာလဲ"

"ဒီပန်းခိုင်ကို ယူတဲ့လူတိုင်း ဘေးအန္တရာယ်နဲ့တွေ့လို့ ဒီလိုနာမည်မျိုး ပေးထားရခြင်း ဖြစ်ပါတယ်"

"ငါတို့က ဒီလိုအစိပ္ပါယ်မရှိတဲ့ အယူအဆတွေကို လက်မခံဘူး၊ ဒီလောက်ရှားပါးတဲ့ သစ်ခွပန်းမျိုး တွေ့ရတာ ငါတို့ကံကောင်းတာပဲ"

ဟု ပြောကာ ထိုသစ်ပင်တစ်ဝိုက်မှာပင် စခန်းချကြလေတော့သည်။ သူတို့သည် သစ်ပင်အောက်တစ်ဝိုက် မြေညီသောနေရာတွင် ရွက်ဖျင်ကြီးတစ်လုံး ထိုးသည်။

အရှေ့နှင့်အနောက်ဘက်နေရာတွင် မီးဖိုကြီးများ မှိုထားသည်။ ထို့နောက် အသင့်ပါလာသော အစားအသောက်





များကို စားသောက်ပြီး နားကြလေသည်။

အရှေ့ရှိပါက အဆင်သင့်ဖြစ်စေရန် သေနတ်များကိုလည်း နံဘေးမှာချထားကြသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ မီးအိမ်တစ်လုံး ထွန်းထားပြီး ဝီလျံက မှတ်တမ်းများရေးနေလေသည်။

ရာဂျစ်က သူ့အနီးမှာထိုင်ကာ ကင်းစောင့်ပေးရပြီး ကျန်လေးယောက်ကတော့ အိပ်ကြလေပြီ။

ညဦးပိုင်းအချိန် ရောက်သောအခါ တောထဲသို့ အစာရှာ ထွက်လာကြသော ကျားဟိန်းသံများနှင့် အခြားတောတိရိစ္ဆာန်တို့၏ အသံများကို ကြားလာရသည်။

မရှေးမနှောင်းမှာပင် ပြေးလွှားသံ၊ အော်ဟစ်သံများ ကြားလာရသည်။

"ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ"

ထိုအော်သံများကြားတော့ ဝီလျံက နံဘေးမှာချထားသော သေနတ်ကို ကောက်ယူပြီး နားစွင့်လိုက်သည်။

"ဘာသံတွေလဲ"

"တောခြောက်တဲ့ အသံတွေ ဖြစ်မှာပါ"

ရာဂျစ်က ပြောသော်လည်း ဝီလျံက သိပ်မယုံပေ။

*နောက်တစ်ကြိမ်မှာတော့ အော်ဟစ်သံများအပြင်၊ ,*

နောက်ထပ် ကြိမ်းဝါးသံတစ်ခုကိုပါ ကြားလိုက်ရသည်။

"အင်္ဂလိပ်မှာလတဲ့ဟေ့၊ ပြေးနိုင်မှလွတ်မယ်"

ထိုကဲ့သို့ ဆူးဆူးဝါးဝါး အော်သံကြီးကိုပါ ကြားရခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဝီလျံ၏ စိတ်ထဲမှာတော့ အင်္ဂလိမာလဆိုသည်မှာ လူဆိုးတစ်ယောက် ဖြစ်မည်ဟုထင်ကာ တဲအပြင်ဘက်သို့ ထွက်ကြည့်လေသည်။

အပြင်သို့ ရောက်သည်နှင့် သူဆောင်းထားသော ဦးထုပ်အပေါ်သို့ ရေစက်များ တပေါက်ပေါက် ကျလာလေသည်။

မော့ကြည့်လိုက်တော့ မျက်နှာပေါ်သို့ ကျလာသည်။

မျက်နှာပေါ်ကျလာသော ရေစက်ကို သုတ်ကြည့်သောအခါ ရေစက်မဟုတ်ပဲ သွေးစက်များ ဖြစ်နေသည်ကို တွေ့ရလေသည်။

"ဘယ်ကသွေးတွေလဲ"

ဝီလျံက ရေရွတ်နေစဉ်မှာ အော်ဟစ်သံ၊ ကြိမ်းမောင်းသံများကလည်း တဖြည်းဖြည်း နီးလာချေပြီ။

သို့ကြောင့် အသံကြားရာသို့ လှမ်းကြည့်လိုက်သောအခါ တောထဲမှပြေးထွက်လာသော လူအချို့ကို အရင်မြင်ရလေသည်။

ယခုခေတ်ကာလ ပုံပန်းသဏ္ဍာန်များနှင့်မတူဘဲ ရှေးခေတ်အဝတ်အစားများနှင့် ဖြစ်သည်။

ထိုလူများ ပြေးထွက်လာသောနေရာမှာ သူတို့ရှိနေသောနေရာနှင့် မဝေးလှပေ။

ပြေးလာသောသူများ အနောက်မှ ဓားကိုင်ထားသော လူတစ်ယောက် ပြေးလိုက်လာသည်။





ဂုင်းလည်ပင်းမှာ ပန်းကုံးနှင့်တူသော လည်ဆွဲတစ်ခုကို ဆွဲထားလေသည်။

နောက်မှလိုက်လာသူက လျင်မြန်သောအဟုန်ဖြင့် ပြေးလိုက်လာပြီးနောက် တစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်တာ လက်ညှိုးများကို ဖြတ်ယူလေတော့သည်။

"တယ်ရက်စက်တဲ့ လူပါလား"

ဟု ရေရွတ်ကာ ဝီလျံက လက်ထဲမှာ အဆင်သင့်ရှိနေသော သေနတ်ဖြင့် ပစ်လိုက်သည်။

"ဒိုင်း . . ဒိုင်း . ."

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ခုလုံး သေနတ်သံကြောင့် ဆူသွားလေတော့သည်။

အိပ်တန်းတက်နေကြသော ကျေးငှက်များနှင့် တောတိရိစ္ဆာန်များ ပြေးလွှားသံများ ပေါ်ထွက်လာသည်။

တဲအတွင်း၌ အိပ်ပျော်နေသူတို့လည်း လန့်နိုးလာကြသည်။ ကပျာကယာထကာ လက်နက်များဆွဲပြီး အပြင်ဘက်သို့ ထွက်လာကြလေသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဝီလျံက သေနတ်ဖြင့်ပစ်သောနေရာသို့ လက်ညှိုး ထိုးပြသဖြင့် ကြည့်ကြရာ ဘာမှမတွေ့ကြရတော့ပေ။

"ဘာမှ မရှိပါလား"

"စောစောကလူတွေ ဘယ်ရောက်သွားပြီလဲ"

ဝီလျံက တအံ့တသြရွတ်နေစဉ် ဘင်ဆင်ဆိုသူက တစ်



www.burmeseclassic.com

www.burmeseclassic.com



စုံတစ်ခုကို သတိပြုမိသွားလေသည်။

"ခင်ဗျားကိုယ်ပေါ်က သွေးစက်တွေက ဘာဖြစ်တာလဲ"

"ဟိုအပေါ်က ကျလာတာ"

ကျန်လူများကပါ အပေါ်သို့ မော့ကြည့်သောအခါ ပန်းခိုင်ရှိသော နေရာဆီမှ သွေးစက်များ ကျနေသည်ကို တွေ့ကြရသည်။

ထိုသို့မော့ကြည့်နေစဉ်မှာ လမ်းပြလိုက်လာသော ကုလားတစ်ယောက်၏ မျက်နှာပေါ်သို့ သွေးစက်များ ကျလာလေသည်။

ထိုကုလားမှာ မျက်နှာပေါ်မှ သွေးစက်များကို လက်ဖြင့် သုတ်ဖယ်ရင်း မျက်စိမျက်နှာ ပျက်သွားလေသည်။

"သွေး. . သွေး. . သွေးတွေ၊ ဒီလိုဆိုရင် ဒီနေရာကို သူရောက်လာတော့မယ် ထင်တယ်၊ ဟော. . ပြောရင်း ဆိုရင်း တောစပ်မှာ သူလာနေပြီ၊ ဟို. . ဟိုမှာ"

ဟု ကြောက်ကြောက်လန့်လန့်ဖြင့် ရေရွတ်ရင်း လက်ညှိုးထိုးပြရာ ကျန်လူများက သူညွှန်ပြသော နေရာဘက်သို့ လှမ်းကြည့်လိုက်ကြသည်။ ဘာမှမတွေ့ရပေ။

"ဟေ့. . မူတူး၊ ဘာတွေ အော်နေတာလဲ၊ မင်းပြောတဲ့ နေရာမှာ ဘာမှမရှိဘူး"

ဟု တစ်ယောက်က ပြောလိုက်သည်။

"မင်းတို့မမြင်ဘူးလား၊ ဟိုမှာ လူတစ်ယောက် ဓားကြီး ကိုင်ပြီး ထွက်လာနေပြီ၊ ငါတော့ မနေဝံ့တော့ဘူး၊ ထွက်ပြေး





တော့မယ်"

ဟု အော်ဟစ်ကာ အမှောင်ထဲသို့ ထွက်ပြေးသွားလေတော့သည်။

"ဟေ့. . မူတူး. . မသွားနဲ့ မသွားနဲ့"

နောက်မှ လှမ်းအော်ကြသော်လည်း မရတော့ပေ။

ကျန်နေသူတို့မှာလည်း အမှောင်ထဲသို့ မလိုက်ဝံ့ကြတော့သဖြင့် နေရာမှာပင် ကျန်ခဲ့ကြလေသည်။

ခဏကြာသောအခါ ၎င်း ထွက်ပြေးသွားသောဘက်မှ စူးစူးဝါးဝါး အော်သံတစ်ချက် ကြားလိုက်ရလေတော့သည်။

မတတ်နိုင်တော့ပေ။

ထိုညအဖို့မှာတော့ မအိပ်ဝံ့ကြတော့သဖြင့် ဒီအတိုင်းသာ စောင့်နေကြရသည်။

ညဥ့်နက်ပိုင်းအချိန်ရောက်တော့လည်း တောနက်ထဲမှ ကြိမ်းမောင်းသံ၊ စူးစူးဝါးဝါးအော်သံများ ကြားနေရသော်လည်း နောက်ထပ်အန္တရာယ်များနှင့်တော့ မတွေ့ကြရပေ။

နောက်တစ်နေ့ နံနက်လင်းတော့မှ မူတူးထွက်ပြေးသွားရာ နောက်သို့ လိုက်ကြည့်ကြသောအခါ တစ်နေရာရှိ သစ်ပင်ကြီး တစ်ပင်ခြေရင်းတွင် ဦးခေါင်းစိုက်ပြီး သေဆုံးနေသည်ကို တွေ့ရသည်။

သူ့အနီးတွင် မရဏပန်းကဲ့သို့ခေါ်သော ပန်းခိုင်တစ်ခိုင်လည်း တွေ့ရသည်။

ထိုပန်းခိုင်တစ်ခုလုံးမှာလည်း လောလောဆယ် စွန်းပေ



www.burmeseclassic.com

www.burmeseclassic.com



ထားဟန်ရှိသော သွေးများကို တွေ့ကြရသည်။

မှောက်လျက်အနေအထား သေဆုံးနေသော မူတူး အလောင်းကို ဆွဲလှန်လိုက်တော့မှ ထိတ်လန့်စရာကို ထပ်မံတွေ့ ရပြန်လေသည်။ အခြားမဟုတ်ပေ။

မူတူး၏ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်နေရာမှ တိတိရိရိပြတ်ကာ မရှိတော့ပေ။

သားကောင်တစ်ကောင် ကိုက်ဖြတ်စားသောက်သွား သည် ထင်သဖြင့် ပတ်ဝန်းကျင်ကို ကြည့်တော့လည်း ဘာမှ မ တွေ့ကြပေ။

သစ်ခွမှုဆိုးများ ဖြစ်ကြသော မျက်နှာဖြူသုံးယောက် ကတော့ ထိုအဖြစ်အပျက်ကို မြင်သော်လည်း သာမန်မျှသာ ရှိကြလေသည်။

သူတို့စိတ်ထဲတွင် မူတူးသေဆုံးသွားခြင်းမှာ သာမန် တိုက်ဆိုင်မှုတစ်ခုဟု ထင်နေကြသည်။

ဒေသခံလမ်းပြနှစ်ယောက်ကတော့ မရဏပန်းကုံးနှင့် သွေးစက်များကို တွေ့ကတည်းက ဘေးအန္တရာယ် တစ်ခုခုနှင့် တွေ့ရတော့မည်ကို ကြိုတင်သိသဖြင့် ကြောက်လန့်နေကြရာ ယခုတော့ အဖော်တစ်ယောက် သေဆုံးခဲ့ရပေပြီ။

ဘာမှမတတ်နိုင်တော့ပါချေ။





# အခန်း(၆)

# ဦးသုတော်နှင့် ချမ်းသာစေသော တဘောင်

တစ်နေ့သ၌ မောရမြိုင်ရွာအတွင်းသို့ အရပ်တကာသို့ ကြည့်လည်အလှူခံနေသော ဆာဒူးတစ်ယောက် ဝင်ရောက်လာ လေသည်။ အသက် (၅၀)ကျော် အရွယ်ခန့်ရှိပြီး ဦးခေါင်းထိပ်မှာ ဆံပင်ထုံးထားသည်။

အညိုရောင် နံငယ်ပိုင်းတစ်ခုကို ခါးမှာပတ်ထားပြီး တစ်ခုကိုတော့ သက်န်းစည်းသကဲ့သို့ ကိုယ်ပေါ်မှာ ပတ်ထားလေ သည်။

www.burmeseclassic.com



လည်ပင်းတွင် အလုံးအရွယ်ကြီးမားသော ပုတီးတစ်ကုံး ဆွဲထားသည်။ ဆာဒူးအတော်များများမှာ ပိန်သော်လည်း ထို ဆာဒူးကတော့ မပိန်သည့်အပြင် ဗိုက်ပင်စူထွက်နေသေးသည်။

တောင်ဝှေးတစ်ချောင်းကို လက်မှာကိုင်ထားပြီး ကြီးမား သော လွယ်အိတ်ကြီးတစ်လုံး လွယ်ထားလေသည်။

နှုတ်ခမ်းမွေး အရှည်များလည်း ရှိနေသောကြောင့် မျက် နှာကိုပင် သဲသဲကွဲကွဲ မမြင်ရပေ။

"နောင်ဝေဝေ . . နောင်ဝေဝေ"

ကြေးစည်ငယ်တစ်ခုနှင့် လက်ခတ်လည်း ပါလာသော ကြောင့် တနောင်နောင် တဝေဝေနှင့်လည်း တီးခတ်လာသည်။

ရွာထဲသို့ ကြေးစည်တနောင်နောင်ထုကာ အလှူခံသော ဆာဒူးတစ်ယောက် ဝင်လာသောကြောင့် အချို့လည်း မရှိရှိတာ ထွက်လှူကြသည်။

ထိုသို့လှူသောသူများကို ဆာဒူးကြီးက ဆုပေးသေ သည်။ အခြားသူများ ဆုပေးသကဲ့သို့ . . 'ကျန်းမာပါစေ . . ချမ်းသာပါစေ . .' ဟူသော ဆုတောင်းစာများမပါဘဲ ထူးထူး ခြားခြား ဆုတောင်းစာတစ်မျိုးကို ရွတ်ဆိုပေးလေသည်။

၎င်း ရွတ်ဆိုပေးသော ဆုတောင်းစာမှာ . . .

"အဟိံသကနေရာ တွေ့အောင်ရှာ
ရွှေငွေရတနာ ရပါစေ၊
တွေ့သောရတနာ လှူပေးပါ၊
ချမ်းသာခြင်းသို့ ရောက်ပါစေ"





ဟူသော ဆုတောင်းစာပင် ဖြစ်သည်။

အချို့လည်း ဆာဒူးကြီးကို စိတ်မနှံ့သောသူဟု ထင်သ င် ၎င်းရွတ်ဆိုပေးသော ဆုတောင်းစာကိုပင် နားထောင်မနေ ဲ ပေးစရာရှိသည်ပေး၊ လှူစရာရှိသည်လှူပြီး ပြန်ဝင်သွားကြ သည်။

ဆာဒူးကြီးကတော့ ရွာစဉ်တစ်လျှောက် ထိုဆုတောင်း ကိုပင် ရွတ်ဆိုပြီး လိုက်လံအလှူခံလေသည်။

မောရမြိုင်ရွာမှာ သာဝတ္ထိမြို့ပျက်၏ မြောက်ဘက်တွင် သည်။

ရှေးအခါက လူပေါင်းများစွာနေထိုင်ခဲ့သော သာဝတ္ထိ ကြီးမှာ ယခုအခါမှာတော ဘုရားပြိုကျောင်းပျက်များနှင့် မြို့ ကြီးအဖြစ်သို့ ရောက်နေချေပြီ။

ယခုအခါမှာတော့ ဇေတဝန် ကျောင်းတော်ရာ၊ နန်း ာ်ရာ၊ ဒေဝဒတ် မြေမြိုခံရသော ရေအိုင်၊ စိဥ္စမာန မြေမြို နေရာ၊ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြခဲ့သော သရက် င်နေရာ၊ ကောသကမ္ဗက ကုဋိကျောင်းတော်ရာ၊ အင်္ဂုလိ မွေးဖွားခဲ့သော နေရာဟောင်းများလောက်သာ တွေ့နိုင် အခြားမှာတော့ နောက်မှပေါ်ပေါက်ခဲ့သော . . . ဘုရားပြို င်းပျက်များသာ ကျန်တော့သည်။

မြတ်စွာဘုရားလက်ထက်က မရှိသောအရာ ဘာမှမရှိ င့် သာဝတ္ထိဟု အမည်ပေးခဲ့သော နေရာဟောင်းကြီးမှာ အခါ ဘာမှမရှိတော့ပဲ အပျက်အစီး အပြိုအပျက်များသာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့ပေတော့သည်။

(၁၉၂၀)ခုနှစ်ပတ်ဝန်းကျင်ကတော့. . . သာဝတ္ထိမြို့ဟောင်းနှင့် တောစပ်နေရာများတွင် အိန္ဒိယလူမျိုး အများနေထိုင်ကြသော ရွာကြီးရွာငယ်အချို့ ရှိခဲ့လေသည်။

ထိုရွာများတွင် 'မောရမြိုင်ရွာ'လည်း တစ်ရွာအပါအဝင်ဖြစ်လေသည်။

အိမ်ခြေပေါင်း တစ်ရာခန့်ရှိသော ရွာကြီးတစ်ရွာလည်းဖြစ်သည်။ ထိုရွာကို အုပ်ချုပ်သူမှာ မောရိယဆိုသူဖြစ်ပြီး မျက်နှာဖြူများနှင့် အကြောင်းအပေါင်းသင့်သူလည်း ဖြစ်သည်။

ထို့ပြင် မောရိယမှာ စိတ်သဘော ခက်ထန်ကြမ်းတမ်းသူတစ်ဦးလည်း ဖြစ်သည်။

ရွာစဉ်တလျှောက် ကြေးစည် တနောင်နောင်ထုတာအလှူခံလာသော ဆာဒူးကြီးမှာ ရွာလူကြီး မောရိယရှေ့သို့ရောက်လာလေသည်။

"နောင်ဝေဝေ၊ နောင်ဝေဝေ"

"အဟိံသကနေရာ တွေ့အောင်ရှာ

ရွှေငွေရတနာ ရပါစေ၊

တွေ့သောရတနာ လှူပေးပါ၊

ချမ်းသာခြင်းသို့ ရောက်ပါစေ"

ထိုကဲ့သို့ ဆုတောင်းစာ ရွတ်ဆိုသံကို အိမ်ရှေ့ဘက်မှာရောက်နေသော မောရိယ ကြားလိုက်မိသည်။

သူအုပ်ချုပ်နေသော မောရမြိုင်ရွာမှာ စီးပွားရေး ချောင်





လည်ပြီး အစားအသောက် ပေါများသော ရွာတစ်ရွာ ဖြစ်သဖြင့် အလှူခံသော ဆာဒူးများ၊ သူတောင်းစားများ မကြာခဏ လာရောက်ကာ တောင်းခြင်း၊ အလှူခံခြင်းများ ပြုလုပ်ကြသည်။

နေ့စဉ်လိုလို မနက်လင်းသည်နှင့် အလှူခံသော အသံများနှင့် တောင်းရမ်းသော အသံများကို ကြားရလေ့ရှိသည်။

မဆန်းတော့ပေ။

ဒါပေမယ့် ယခုကြားရသော ဆုတောင်းသံကတော့ အခြားကြားနေကျ ဆုတောင်းသံများနှင့်မတူဘဲ ထူးခြားနေသဖြင့် နားစွင့်လိုက်လေသည်။

"နောင်ဝေဝေ. . နောင်ဝေဝေ"

"အဟိံသကနေရာ တွေ့အောင်ရှာ

ရွှေငွေရတနာ ရပါစေ၊

တွေ့သောရတနာ လှူပေးပါ၊

ချမ်းသာခြင်းသို့ ရောက်ပါစေ"

မောရိယအနေဖြင့် အလှူအတန်းပြုလုပ်ခြင်းကို ဝါသနာ မပါလှပေ။ သို့သော် ထိုဆုတောင်းစာကိုတော့ စိတ်ဝင်စားလေသည်။ ထို့ကြောင့် ခြံပေါက်ဝသို့ ထွက်သွားလေသည်။

ထိုခြံပေါက်ဝရောက်သောအခါ အလှူခံသော ဆာဒူးကြီးက ကြေးစည်တနောင်နောင် ထုရင်းနှင့် လျှောက်လာရာ ခြံပေါက်ဝ ရောက်လာသည်။ မောရိယကို မြင်သောအခါ ကြေးစည်တနောင်နောင်ထုရင်း ရပ်လိုက်သည်။

"ခင်ဗျားရွတ်နေတဲ့ ဆုတောင်းစာက. . ဘယ်လို အ



www.burmeseclassic.com

www.burmeseclassic.com



ခိပ္ပါယ်လဲ"

ထိုသို့မေးသောအခါ ဆာဒူးကြီးက သူရွတ်လာသော ဆုတောင်းစာကို ထပ်မံရွတ်ပြသည်။ မောရိယက နားထောင်နေသော်လည်း အဓိပ္ပာယ်ကို မသိပေ။

"ဘယ်လိုဆုတောင်းစာလဲ၊ အဲဒီအဓိပ္ပါယ်ကို ခင်ဗျား သိသလား"

ဆာဒူးကြီးက ခေါင်းညိတ်ပြသည်။

"အဟိံသကနေရာဆိုတာ ဘယ်မှာလဲ"

"တောထဲမှာရှိတယ်"

"ကျုပ်မေးတာက ဘယ်နေရာမှာ ရှိသလဲ၊ သိသလားလို့ မေးတာ၊ သိရင်ပြောပါ"

ခေါင်းခါပြသည်။

ထို့ကြောင့် စိတ်ဆိုးသွားလေသည်။

"အလှူခံတာပဲ သူများတွေလို ရိုးရိုးဆုတောင်းပြီး အလှူခံလည်း ရတာပဲ၊ အခုတော့ မဟုတ်တာတွေရွတ်ပြီး အလှူခံနေတယ်၊ ခင်ဗျား အရူးပဲ"

"ရူးတာကတော့ ကျုပ်မှ မဟုတ်ပါဘူး၊ လူတိုင်း တစ်မျိုး မဟုတ်တစ်မျိုး ရူးနေကြတာပါပဲ၊ ကိုယ့်ဘာသာ ရူးမှန်းသိရင် လူတော်ပေါ့"

"ဘာတွေ ပြောနေတာလဲ၊ ခြံရှေ့က ထွက်သွားစမ်း"

ဟု အော်ထုတ်လိုက်လေသည်။

ထိုအခါ ဆာဒူးကြီးက ကြေးစည်ကို ထုလိုက်သည်။





"နောင်ဝေဝေ. . "

စူးစူးဝါးဝါးရှိလှသော ကြေးစည်သံနှင့်အတူ တစ်နေရာဆီမှ ပြန့်လွင့်လာသော အသံအချို့ကိုပါ မောရိယ ကြားလိုက်ရသည်။

"ကိုယ်ပြုသောကံ၊ ကိုယ့်ထံပြန် ကိုယ်သာခံရမည်။
ကိုယ်ပြောသောကံ၊ ကိုယ့်ထံပြန် ကိုယ်သာခံရမည်။
စိတ်ထားယုတ်မာ အပါယ်ရွာ၊
မရှာသော်လည်း ရောက်လိမ့်မည်"

"နောင်ဝေဝေ၊ နောင်ဝေဝေ"

ဆာဒူးကြီးက သူတစ်ယောက်တည်း ရွတ်ဆိုနေသကဲ့သို့ ရွတ်ဆိုရင်းနှင့် ထိုနေရာမှ ထွက်သွားလေတော့သည်။

မောရိယမှာသာ မကျေနပ်ဖြင့် ခြံပေါက်ဝမှာ ရပ်လျက်သာ ကျန်ခဲ့လေသည်။

ဆာဒူးကြီးကတော့ ဘာကိုမှ ဂရုမစိုက်ဘဲ ကြေးစည်ထနောင်နောင်ထုရင်း တစ်အိမ်ဝင် တစ်အိမ်ထွက် အလှူခံသွားရင်းနှင့် ရွာအစွန်ဘက်သို့ ရောက်သွားလေသည်။

သစ်ပင်ရိပ်များ ဖုံးနေသော အိမ်တစ်လုံးရှေ့သို့ ရောက်သောအခါ ဆာဒူးကြီးက ရှေ့ဆက်မသွားပဲ ရပ်နေလိုက်သည်။

"နောင်ဝေဝေ၊ နောင်ဝေဝေ"

"အဟိံသကနေရာ တွေ့အောင်ရှာ
ရွှေငွေရတနာ ရပါစေ၊
တွေ့သောရတနာ လှူပေးပါ၊



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာခြင်းသို့ ရောက်ပါစေ"

ဆာဒူးကြီးက နီမောင်ကဘာမှ မလှူရခင်မှာပင် ကြို တင်ပြီး ဆုပေးနေလေသည်။

"ရှေ့မှာ ဘာမှမရှိတော့ဘူး၊ ဘယ်နေရာ သွားမှာလဲ"

"အလှူခံဆိုတာ လှူမယ့်သူရှိတဲ့နေရာတွေ ဒီလိုပဲ သွား နေရတာပဲပေါ့"

ဆာဒူးကြီးစကား ကြားသောအခါ နီမောင်စိတ်ထဲမှာ အံ့သြသွားလေသည်။

သူ့စိတ်ထဲမှ ကုလားလူမျိုး ဆာဒူးတစ်ယောက်ဟု ထင် ထားသော်လည်း ကြားရသောလေသံက မြန်မာတစ်ယောက် ပြောသောလေသံအတိုင်း ကြားရသဖြင့် စိတ်ထဲမှာ အံ့သြသွား ခြင်း ဖြစ်သည်။

"နေလည်းမြင့်ပြီဆိုတော့ ခဏလောက် ဝင်နားပါဦး လား၊ အစားအသောက်တွေ လှူပါရစေ"

"ဒီလို သဒ္ဓါတရားထက်သန်တဲ့လူမျိုးနဲ့ တွေ့တော့လည်း နားရတာပေါ့"

ဟု ပြောဆိုကာ ခြံဝန်းထဲသို့ ဝင်လာလေသည်။

နီမောင်က အိမ်ရှေ့သစ်ပင်ရိပ်အောက်မှာ ပြုလုပ်ထား သော ကွပ်ပျစ်ပေါ်မှာ နေရာထိုင်ခင်းပေးကာ သောက်ရေတစ် ခွက်ပေးတော့ သောက်သည်။

"ဆာဒူးကြီးက သတ်သတ်လွတ် စားတာလား"

"ငါက ဘာမဆို လက်ခံပါတယ်"





ဟု ပွင့်ပွင့်လင်းလင်း ပြောသဖြင့် နီမောင်က သဘော ကျသွားကာ အိမ်ထဲဝင်သွားပြီး အစားအသောက်အချို့ကို ယူ လာပြီး ပေးသောအခါ အားရပါးရပင် ထိုင်စားလေသည်။

နီမောင်က မနီးမဝေးမှာထိုင်ရင်း အကဲခတ် ကြည့်နေ သည်။

"ဆာဒူးကြီး ကြည့်ရတာ တစ်မျိုးပဲ"

"မင်းက ဘယ်လိုထင်နေလို့လဲ"

"ကုလားလူမျိုး တစ်ယောက်တော့ မဟုတ်ဘူးထင် တယ်"

"ဒီလိုပေါ့ကွာ၊ အလှူခံပြီး စားသောက်တဲ့ သူတွေနဲ့ ဆောင်းရမ်းစားသောက်ရတာနဲ့ အတူတူပါပဲ၊ လှူမယ့်သူ ရှိတဲ့ နေရာရှာပြီး အအလှူခံကြရတာပါပဲ"

"ဗမာစကားလည်း အတော်ပြောတတ်တယ်နော်"

"ပြောတတ်မှာပေါ့၊ ငါက ဗမာပြည်ကလာတဲ့ ဖိုးသူ တော် တစ်ယောက်ပဲကိုး"

"ဟင်. ."

ထိုစကားကြားတော့ အံ့သြသွားလေသည်။

"ဗမာတစ်ယောက် ဟုတ်လား၊ ဗမာဖြစ်ရက်နဲ့ ဘာ ကြောင့် ဆာဒူးတစ်ယောက်လိုနေပြီး အလှူခံနေရတာလဲ"

"ဒါကတော့ စကားပုံတောင် ရှိသားပဲ၊ ရောမရောက် ရင် ရောမလိုကျင့်ရမယ် ဆိုသလိုပေါ့၊ ဗမာပြည်မှာတုန်းကတော့ ဖိုးသူတော်ဘဝနဲ့ အလှူခံတာပေါ့၊ ကုလားပြည်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆာဒူးလိုပြောင်းလဲပြီး အလျှုခံမှ ရမှာပေါ့၊ ဒီနေရာ ဖိုးသူတော်ဘဝနဲ့ အလျှုခံလို့ ဘယ်သူကဆွမ်းဆန်လောင်း လဲ”

ထိုသို့ပြောပြတော့မှ နီမောင်လည်း သဘောကျ ရယ်လိုက်လေသည်။

စကားပြောရင်းနှင့် စားသောက်ရာ ပြီးသွားသော ဆာဒူးဘဝပြောင်းထားသော ဦးသူတော်က လွယ်အိတ် ကွမ်းတစ်ယာထုတ်ပြီး ပါးစပ်ထဲသို့ထည့်ကာ တမြုံ့မြုံ့ ဝါး လေသည်။

“ဦးသူတော်ကြီး ဒီကို ဘယ်အချိန်ကတည်းက ရော နေတာလဲ၊ ဘယ်လိုကနေဘယ်လို ရောက်နေတာလဲ”

“လာတုန်းကတော့ ဗုဒ္ဓဂါယာ ဘုရားဖူးတွေနဲ့ လိုက် တာပဲ၊ နောက်တော့ ဒီမှာ စိတ်ဝင်စားစရာလေးတွေ တွေ့ နေလို့ မပြန်တော့ဘဲ ဒီမှာကျန်နေခဲ့တာ အတော်ကြာပြီ”

ဒီတော့မှ သဘောပေါက်သွားလေသည်။

“ဒီလိုနေရာမျိုးမှာ ကိုယ့်ဗမာအချင်းချင်း တွေ့ရ ဝမ်းသာစရာ ကောင်းပါတယ်၊ ဒါထက် ဦးသူတော်ကြီး ဘယ် နေတာလဲ”

“ဟိမဝန္တာဘက်မှာ ငါနဲ့သိတဲ့ ယောဂီကြီးတွေ ဆာ ကြီးတွေရှိတယ်၊ သူတို့ရှိတဲ့ ဂူထဲမှာပဲ နေတယ်၊ ဒါထက် မင် နာမည်က ဘယ်လိုခေါ်သလဲ”

“နီမောင်လို့ခေါ်တယ် ဦးသူတော်”





“မင်းတစ်ယောက်တည်း ဒီမှာနေတာလား”

“ကျွန်တော့်မိဘတွေလည်း ရှိပါတယ်၊ ဒါအပြင် ကျွန် တော်တို့နဲ့အတူလာတဲ့ သူတွေလည်း ဒီရွာမှာ ရှိကြပါတယ်”

“ဘယ်လိုကနေဘယ်လို. . . အုပ်စုလိုက်ကြီး ဒီနေရာ ရောက်နေကြတာလဲ”

“သစ်ခွရှာဖွေရေး ကုမ္ပဏီတစ်ခုက ဗမာပြည်ကနေ အိန္ဒိယပြောင်းရွှေ့လာတော့ ကျွန်တော်တို့ကိုပါ ခေါ်လာတာနဲ့ လိုက်လာကြတာပါပဲ၊ ဒီမှာ အလုပ်လုပ်ရတာ ပိုပြီးအဆင်ပြေ နေလို့ မပြန်ကြသေးဘဲ နေကြတာပါ”

“ဒီလိုပေါ့ကွာ၊ ကုသိုလ်ကံ မရှိသေးလို့ ဆင်းရဲနေကြတဲ့ ဘဝဆိုတော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် တစ်ဝမ်းတစ်ခါးတော့ သင့်သလို လုပ်ကိုင်စားသောက်ကြရတာပါပဲ၊ ဒါပေမယ့် ဘယ် နေရာပဲနေနေ၊ ဘာပဲ လုပ်ကိုင်စားသောက်ရသည်ဖြစ်စေ အ ရေးကြီးတာ တစ်ခုတော့ မမေ့နဲ့”

“ဘာများလဲ ဦးသူတော်”

“စိတ်ကိုဖြူစင်အောင်ထားပြီး စိတ်ထားကောင်းအောင် ထားရင် ဘာပဲလုပ်လုပ် တစ်နေ့ ကောင်းသောအကျိုးပေးမှုတွေ နဲ့ တွေ့ရတယ်၊ ဒါကြောင့်စေတနာကောင်းကောင်းနဲ့ စိတ်ကို ကောင်းအောင်ထားနီမောင်ရေ၊ အဲဒါအရေးကြီးဆုံးပဲကွ”

“ဟုတ်ကဲ့”

“လူအတော်များများက သတိမမူကြဘူးကွ၊ ဘယ်သူမ ဆို ဘဝတစ်ခုလုံးကို ပြောင်းလဲပေးနိုင်တဲ့ အရာတစ်ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ပါကြတယ်”

“ဘာလဲဟင်”

“စေတနာပေါ့ကွာ၊ လူတစ်ယောက်အတွက် အကောင်းဆုံး အားကိုးဖော်ဆိုတာ တခြားမဟုတ်ဘူး စေတနာတရားပဲ၊ ဘယ်သူ့အပေါ်မှာပဲဖြစ်ဖြစ် ဘယ်အလုပ်ကိုပဲလုပ်လုပ် စေတနာကောင်းကောင်းနဲ့သာ လုပ်ပေး၊ တစ်နေ့ကျရင် စေတနာကောင်းခြင်းရဲ့အကျိုးကို ပြန်ပြီးခံစားရတယ်၊ စေတနာမှန်သောကံတရားဆိုတာ အမြဲရှိတယ်”

“ကျွန်တော် ကြိုးစားပါဦးမယ် ဦးသူတော်”

“လူတစ်ယောက်ဟာ ဘဝဆင်းရဲနေရင် အဖတ်ဆယ်လို့ ရနိုင်သေးတယ်၊ စေတနာဆင်းရဲပြီဆိုရင်တော့ ဘယ်လိုမှအဖတ်ဆယ်လို့မရတော့ဘူး၊ အဲဒါကို သေသေချာချာမှတ်ထားပေတော့ဟေ့”

နီမောင်က ခေါင်းညိတ်ပြလိုက်သောအခါ ဦးသူတော်က ပါးစပ်ထဲမှ ကွမ်းတံတွေးများကို အောက်သို့ထွေးချလိုက်သည်။

“ဒါထက် ဦးသူတော်ကို မေးရဦးမယ်”

“သိချင်တာရှိရင် မေးပေါ့ကွ”

“တခြားတော့ မဟုတ်ပါဘူး၊ ဦးသူတော်ရဲ့ ဆုတောင်းစာက တခြားသူတွေရွတ်တဲ့ ဆုတောင်းစာနဲ့လည်း မတူပါလား”

“ဘာလဲ၊ ကျန်းမာပါစေ. . ချမ်းသာပါစေ၊ ရွှေငွေရတနာတွေ ပြည့်ဝပါစေ၊ နိဗ္ဗာန်မဂ်ဖိုလ်ရပါစေဆိုတဲ့ ဆုတောင်းစာ





တွေကို ပြောတာလား”

“ဟုတ်တယ်. . ဟုတ်တယ်”

“အလှူခံတဲ့သူက သူရတဲ့ ဆုတောင်းစာတွေကို စီကာပတ်ကုံးရွတ်တိုင်း လှူတဲ့သူ ရတာမှမဟုတ်တာ၊ ဒါတွေက လှူတဲ့သူ စိတ်ချမ်းသာအောင် ရွတ်ပေးကြရတာ၊ လူတစ်ယောက်ရဲ့ လိုအင်ဆန္ဒကိုပြည့်အောင် ဆုပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုတာ မြတ်စွာဘုရားနဲ့ ရဟန္တာအရှင်သူမြတ်တွေပဲရှိတယ်၊ ဒါတောင် ပြည့်နိုင်မယ့်သူမှ ဆုပေးတာ၊ မပြည့်နိုင်တဲ့သူမျိုးကို ဘယ်တော့မှ ဆုမပေးဘူး. . မှတ်ထား”

ထိုစကားကြောင့် နီမောင်က ဦးသူတော်ကြီးကို တအံ့တဩ ကြည့်နေသည်။

“အဇာတသတ်မင်းက မြတ်စွာဘုရားရှင်ကို အကြိမ်ကြိမ် ပူဇော်ပြီးတော့ “ဖခင်ကို သတ်ခဲ့တဲ့ အပြစ်ကြွေးက လွတ်စေဖို့ အကြိမ်ကြိမ် ဆုတောင်းခဲ့တယ်၊ ဒါပေမယ့် မြတ်စွာဘုရားရှင်က မလွတ်မှန်းသိလို့ အဲဒီဆုကို မပေးခဲ့ဘူး၊ ဒါကြောင့်. . ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်ခဲ့ပေမယ့် ဖခင်သတ်တဲ့ ကံတစ်ခုတည်းနဲ့ မဟာအဝီစိငရဲမှာ ခံနေရတာပေါ့၊ ဒါကြောင့် မြတ်စွာဘုရားတောင် ဆုတောင်းရင် ပေးသင့်တဲ့လူမှ ပေးတယ်၊ မပေးသင့်ရင် မပေးဘူး”

“မှန်ပါတယ်”

“လှူတဲ့အခါမှာ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ မျှော်လင့်ချက် တစ်ခုခုထားပြီး ဘယ်တော့မှ မလှူလေနဲ့၊ စေတ



www.burmeseclassic.com

www.burmeseclassic.com



နာဖြူဖြူနဲ့ လှူရင်ပေးရင် ဘယ်သူမှ ဆုမပေးလည်း အဲဒီအကျိုး တရားကိုတော့ မလွဲမသွေရမှာပဲ"

"သဘောပေါက်ပါတယ်"

"ကျမ်းမာပါစေ . . ချမ်းသာပါစေ၊ မင်္ဂလာနိဗ္ဗာန်ကို လျင်မြန်စွာ ရပါစေလို့ ဆုပေးကြတာ၊ အလှူခံပုဂ္ဂိုလ်က ဝတ္တရား ရှိတဲ့အတိုင်း လှူတဲ့သူစိတ်ချမ်းသာအောင် ပေးကြရတာ၊ တကယ်တော့ အဲဒါတွေက ဆုပေးရုံ ဆုတောင်းရုံနဲ့ မရဘူး၊ ကိုယ်တိုင်ကြိုးစားယူမှ ရနိုင်တာတွေချည်းပဲ"

ဟု ပြောပြလေသည်။

"ဦးသူတော် ပြောတာကို ကျွန်တော် သဘောပေါက်ပါပြီ၊ ကျွန်တော်မေးတာက 'အဟိသကနေရာ တွေ့အောင်ရှာ၊ ရွှေငွေရတနာ ရပါစေ'ဆိုတဲ့ ဆုတောင်းကို မေးတာပါ။ အဲဒါ ဘယ်လိုအဓိပ္ပါယ်လဲဟင်"

"ငါက သူများတွေလို ကျမ်းမာပါစေ၊ ချမ်းသာပါစေလို့ မပေးဘဲ . . 'အဟိသကနေရာ တွေ့အောင်ရှာ၊ ရွှေငွေရတနာ ရပါစေ'ဆိုတဲ့ ဆုတောင်းကို ရွတ်ပေးတာ တခြားမဟုတ်ဘူး လူတွေကြိုးစားရင် လက်တွေ့ချမ်းသာနိုင်တဲ့နည်းလမ်းကို တစ်ခါတည်း ပြောပြပေးတာ"

ထိုစကားကြားတော့ နီမောင်မှာ များစွာစိတ်ဝင်စားသွားလေသည်။

"ဘယ်လိုချမ်းသာမှာလဲ"

"မင်း . . အဟိသကဆိုတာ သိသလား"





နီမောင်က ခေါင်းခါပြလိုက်သည်။

"အင်္ဂုလိမာလကိုရော သိသလား"

"လူတွေကို လက်ညှိုးဖြတ်တဲ့သူ မဟုတ်လား"

"ဟုတ်တယ် အင်္ဂုလိမာလက လူပေါင်းများစွာကို သတ်ဖြတ်ခဲ့တယ်၊ ကုန်သည်တွေ၊ ခရီးသွားတွေဆီက လက်ညှိုးတွေ တင်မကဘူး၊ ရွှေငွေရတနာတွေပါယူပြီး တစ်နေရာမှာ သိမ်းထားခဲ့တယ်၊ ရွှေငွေရတနာတွေက သူသုံးဖို့ မဟုတ်ဘူး၊ တောထဲမှာ အလဟဿ ပျက်စီးကုန်မှာစိုးလို့ ကျောက်ဂူတစ်ဂူထဲမှာ သိမ်းထားခဲ့တာပဲ၊ အဲဒီကျောက်ဂူက ဒီတောရဲ့ တစ်နေရာမှာ တင် ရှိတယ်"

"စိတ်ဝင်စားစရာပဲ၊ ဦးသူတော်က ဘယ်လိုသိတာလဲ"

"ငါလည်း သိနိုင်တဲ့နည်းတွေရှိလို့ သိတာပေါ့"

"ဒါဖြင့် အဲဒီကျောက်ဂူရှိတဲ့နေရာ သိသလား"

"ငါတော့မသိဘူး၊ သိတဲ့လူတစ်ယောက်တော့ ရှိတယ်၊ သူ့နာမည်က ဖိုးသက္ကလို့ခေါ်တယ်၊ သူက အပါယ်ခံရွာမှာနေတယ်"

"အပါယ်ခံရွာဆိုတာ ဘယ်နေရာမှာ ရှိတာလဲ"

"ဒီနေရာကနေ အနောက်ဘက်ကိုသွားရင် သိပ်မဝေးဘူး၊ တစ်ရွာလုံး တောင်းရမ်းစားသောက်တဲ့ ကယ်ပါမျိုးနွယ်တွေချည်းပဲ နေကြတယ်၊ မင်းအဲဒီရွာသွားရင် ဖိုးသက္ကနဲ့ တွေ့လိမ့်မယ်၊ သူနဲ့တွေ့တော့ အေးအေးဆေးဆေး မေးကြည့်ပေါ့"

ဟုပြောပြီး နေရာမှ ထလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေအပူရှိန် လျော့သွားပြီ၊ ထမင်းလည်း စားပြီးပြီဆို တော့ ငါ သွားတော့မယ်"

"ဦးသူတော်က ဘယ်ကိုသွားမှာလဲ"

"ငါနေတဲ့ နေရာကိုပဲ ပြန်မှာပေါ့ကွာ"

"နောက်တစ်ခါ ဦးသူတော်နဲ့ တွေ့ချင်ရင် ဘယ်နေရာ မှာ လာရှာရမလဲ"

"ငါ ကြေးစည်တနောင်နောင်ထုပြီး. . . နေရာအနှံ့ လျှောက် သွားနေတာပဲ၊ ကြေးစည်သံကြားရင် ငါရှိတဲ့နေရာကို ရောက်နိုင်ပါတယ်"

ဟု ပြောဆိုကာ လွယ်အိတ်ကြီးကိုလွယ်ကာ ခြံပေါက်ဝ ဘက်သို့ ပြန်ထွက်သွားလေတော့သည်။

"နောင်ဝေဝေ. . နောင်ဝေဝေ"

"အဟိံသကနေရာ တွေ့အောင်ရှာ

ရွှေငွေရတနာ ရပါစေ၊

တွေ့သောရတနာ လှူပေးပါ၊

ချမ်းသာခြင်းသို့ ရောက်ပါစေ"

အသံများက တဖြည်းဖြည်းနှင့်ဝေး၍ ပျောက်ကွယ် သွားသော်လည်း နီမောင်စိတ်ထဲမှာတော့ အတွေးများစွာတို့ထ ကျန်ခဲ့ကြလေတော့သည်။





# အခန်း(၇)

## အပယ်ခံရွာမှ အပယ်ခံဘဝများ

နီမောင်တို့ မိသားစုက မများလှပေ။

ဖခင်ဦးဘရှိန်၊ မိခင် ဒေါ်ကျင်မေနှင့် နီမောင်အပါအ ဝင် သုံးယောက်သာရှိသည်။ သူတို့သည် မြန်မာပြည်မှ အိန္ဒိယသို့ သာရောက်နေထိုင်ခဲ့ကြသည်မှာ သိပ်တော့အချိန်မကြာလှသေး ပေ။

မြန်မာပြည်မှာ နေစဉ်က သစ်တောအလုပ်များ ကျွမ်း ကျင်သော နီမောင်သည် သစ်ထုတ်လုပ်ရေး စခန်းတစ်ခုတွင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လုပ်ကိုင်ခဲ့လေသည်။

သူနှင့်အတူ စောထီးနှင့် ငမဲအောင်တို့လည်း အတူတကွ လုပ်ကိုင်ကြလေသည်။

နောက်ပိုင်းမှာတော့ သစ်ထုတ်လုပ်ရေး ကုမ္ပဏီတို့နှင့် အဆက်အသွယ် ပြုလုပ်ကာ သစ်ခွရှာဖွေရေး ကုမ္ပဏီအချို့ ရောက်လာကြလေသည်။

၎င်းတို့သည် သစ်တောများနှင့် နီးသောနေရာများတွင် ရုံးများစိုက်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် စသော တောတောင်ထူထပ်သော နေရာများသို့ဝင်ကာ မြန်မာ့သစ်ခွများကို ရှာဖွေထုတ်ယူခဲ့ကြသည်။

ထိုအချိန် မြန်မာပြည်သူပြည်သားများအနေဖြင့် သဇင်ပန်းစသော တော်ဝင်ပန်းတို့ကို အသုံးပြုကြသော မလေ့ရှိသည်မှလွဲပြီး စီးပွားဖြစ်ရောင်းချရမှန်းတော့ မသိခဲ့ကြပေ။

သို့ကြောင့် နိုင်ငံခြား သစ်ခွရှာဖွေရေး ကုမ္ပဏီများက အခွင့်ကောင်းယူကာ တန်ဖိုးရှိသော သစ်ခွမျိုးနွယ်တို့ကို ရှာဖွေယူကာ နိုင်ငံခြားသို့ သယ်ယူကြလေသည်။

သစ်ခွရှာဖွေသောလုပ်ငန်းမှာ လွယ်ကူသော အလုပ်မျိုးတော့ မဟုတ်ပေ။

အသက်ဖြင့်ရင်းကာ လုပ်ကိုင်ရသော အလုပ်မျိုးဖြစ်သည်။ တောထဲတွင် သစ်များကို ဖြတ်ကြသော အလုပ်သမားများမှာ အသက်ဘေးအန္တရာယ်နှင့် များစွာနီးကြလေသည်။

တောအကြောင်း၊ တောင်အကြောင်း၊ သစ်ပင်များအ





ကြောင်းကို သိကြရသည်။

ထိုအကြောင်းများကို မသိပါဘဲ တောထဲတောင်ထဲ ဝင်မိပါက အသက်သေဆုံးရတတ်လေသည်။

တောတောင်ထဲတွင် သားရဲတိရိစ္ဆာန်များ ဘေးအန္တရာယ်အပြင် သဘာဝဘေးအန္တရာယ်များလည်း ရှိသည်။

ထို့ပြင် မြင်ရသော မမြင်ရသော ပရလောကသားတို့၏ အန္တရာယ်များလည်း ရှိသည်။

တောတိရိစ္ဆာန်များ၏ အန္တရာယ်ဘေးက မြင်တွေ့နေရသဖြင့် သတိဖြင့်ရှောင်မည်ဆိုက ရှောင်နိုင်သော်လည်း သာမန်အနေဖြင့် မမြင်ရသော ပရလောကသားများ၏ သဘောသဘာဝကို မသိလျှင်တော့ ၎င်းတို့လှည့်စားမှုကို ခံရသဖြင့် အသက်သေဆုံးကြရပေသည်။

သို့ကြောင့် အမဲလိုက်သူများ၊ သစ်ခုတ်သူများနှင့် သစ်ခွပန်း ရှာဖွေသူတို့မှာ တောအကြောင်းတောင်အကြောင်းနှင့် ပတ်သက်သည့် သဘောသဘာဝများကို သိနားလည်ကြရပေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့မှာ တောထဲမှာမွေး၊ တောထဲမှာကြီးပြီး တောထဲမှာ အသက်မွေးဝမ်းကျောင်း အလုပ်များ လုပ်ကိုင်စားသောက်ခဲ့ကြသူများဖြစ်သည်။

သို့ကြောင့်. . . တောတောင်နှင့်ပတ်သက်သော အကြောင်းများကို သိကြသည်။

အခြားသူများထက်ပိုပြီး ကျွမ်းကျင်လိမ္မာကြသည်။

နီမောင်တို့ ပထမအလုပ်ဝင်လုပ်ကြသည်မှာ ကုမ္ပဏီသစ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လုပ်သော သစ်တောစခန်းတစ်ခု၌ ဖြစ်သည်။

ထိုစခန်းမှာ အလုပ်ဝင်တော့လည်း သုံးယောက်အတူ တူပင် ဖြစ်ကြသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်မှာ အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိကြရုံမက ညီအစ်ကိုပမာ ချစ်ခင်ကြသူများဖြစ်သည်။

အလုပ်လုပ်သည့်အခါမှာလည်း စိတ်တူကိုယ်တူဖြင့် တက်ညီလက်ညီ ရှိကြလေသည်။

သို့ကြောင့် အလုပ်ရှင်များက သူတို့သုံးယောက်ကို များစွာသဘောကျ နှစ်သက်လေသည်။

(၁၉၂၀)ခန်းကျင် အချိန်ရောက်တော့ နိုင်ငံခြားမှာ အခြေစိုက်ကြသော သစ်ခွရှာဖွေရေး ကုမ္ပဏီများက အာရှတိုက်မှာရှိသော သစ်တောကြီးများအတွင်းမှာ တန်ဖိုးရှိသော သစ်ခွပန်းများ ရှာဖွေယူရန်အတွက် ခြေလှမ်းစတင်လာကြလေသည်။

မြန်မာနိုင်ငံ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ယိုးဒယား စသော သစ်တောကြီးများကိုသော်လည်းကောင်း၊ ဟိမဝန္တာတောများနှင့် ဆက်စပ်နေသော အိန္ဒိယနယ်အဝှမ်းမှာရှိသော သစ်တောကြီးများကိုသော်လည်းကောင်း၊ ခြေဦးလှည့်လာကြသည်။

၎င်းတို့သည် သစ်ခွရှာဖွေရေး ကုမ္ပဏီရုံးခွဲများ လာရောက်ဖွင့်လှစ်ကာ သစ်ခွပန်း ရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်ကြလေတော့သည်။





မြန်မာနိုင်ငံသို့လည်း သစ်ခွရှာဖွေရေးရုံးခွဲတစ်ခု လာရောက်ဖွင့်လေသည်။

ထိုကုမ္ပဏီ၏အမည်မှာ ဗန်ဒါ (Vandar Orchid Company) သစ်ခွရှာဖွေရေးကုမ္ပဏီပင် ဖြစ်လေသည်။

ထိုဗန်ဒါ သစ်ခွရှာဖွေရေးကုမ္ပဏီမှာ ကချင်ပြည်နယ် ဆစ်ဝိုက်တွင် အခြေစိုက် ရုံးဖွင့်ပြီး သစ်ခွရှာဖွေရေး လုပ်ငန်းများ လုပ်ကိုင်ကြသည်။

ထိုသို့လုပ်ကိုင်ရာမှာ ၎င်းတို့ချည်း မတတ်နိုင်ကြသဖြင့် လမ်းပြကျွမ်းကျင်သူများနှင့် တောအကြောင်း၊ တောင်အကြောင်း နားလည်သူများကို ခေါ်ယူအသုံးပြုကြရလေသည်။

နီမောင်တို့သုံးယောက် သစ်ခွရှာဖွေရေး ကုမ္ပဏီသို့ ရောက်လာရခြင်းမှာ အကြောင်းတစ်ခု ရှိပေသည်။

အခြားတော့ မဟုတ်ပေ။ ဒေါက်တာမင်းထင်ကျော်နှင့် ပတ်သက်သည့် အကြောင်းပင် ဖြစ်သည်။

နိုင်ငံခြား သစ်ခွရှာဖွေရေး ကုမ္ပဏီက မြန်မာပြည်သို့ ရောက်လာသောအခါ ဒေသခံများထဲမှ သစ်ခွနှင့်ပတ်သက်သည့် ကျွမ်းကျင်သည့်ပညာရှင်များကို ခေါ်ယူအသုံးပြုရာ ဒေါက်တာမင်းထင်ကျော်မှာ ထိုနေရာသို့ ရောက်လာခြင်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က လမ်းပြနှင့် တောတောင်ကျွမ်းကျင်သူများကို ခေါ်သောအခါ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ကို ရှာဖွေခေါ်ယူခဲ့ခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့ကလည်း ၎င်းတို့ ခင်မင်လေးစားရသော ဒေါက်တာမင်းထင်ကျော်က ခေါ်သဖြင့် မူလလုပ်ကိုင်နေသော သစ်တောဌာနမှ သစ်ခွရှာဖွေရေးကုမ္ပဏီသို့ ရွှေ့ပြောင်းရောက် လာခဲ့ကြခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံမှာ သုံးနှစ်ခန့်ကြာအောင် လုပ်ကိုင်ပြ ပြီးနောက် သစ်ခွမျိုးစုံတို့ ပို၍ပေါသော အိန္ဒိယသို့ ရွှေ့ပြောင်း ခဲ့ကြလေသည်။

ထိုကဲ့သို့ ရွှေ့ပြောင်းသောအခါ ဒေါက်တာမင်းထင် ကျော်လည်း တစ်ပါတည်း ပါလာသလို နီမောင်တို့ သုံးယောက် လည်း လိုက်လာကြလေသည်။

စောထီးနှင့် ငမဲအောင်တို့က နှစ်ယောက်တည်း ဖြ သော်လည်း နီမောင်က သူ၏ မိခင်၊ ဖခင်တို့ကိုပါ တစ်ပါတည် ခေါ်ဆောင်လာခဲ့လေသည်။

ဗန်ဒါ သစ်ခွရှာဖွေရေး ကုမ္ပဏီက ဟာရာဏာသီမြို့ရှ အခြေစိုက်ရုံးဖွင့်ပြီး ရုံးခွဲကိုတော့ သာဝတ္ထိမြို့ဟောင်းနှင့် အနီ တစ်ဝိုက်မှာ ဖွင့်လှစ်ထားသည်။

သာဝတ္ထိနှင့် ဟာရာဏာသီမှာ မဝေးလှပေ။

မီးရထားဖြင့်ဖြစ်စေ၊ ကားဖြင့်ဖြစ်စေ သွားပါက..န လွယ်တကူရောက်နိုင်သော ခရီးမျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က သာဝတ္ထိရုံးခွဲတွင် ယ ရောက်နေထိုင်လေသည်။

နီမောင်တို့ သုံးယောက်ကတော့ ၎င်းတို့အစီအစဉ်





မောရမြိုင်ရွာ၌ အိမ်တစ်လုံးဆောက်လုပ်ကာ နေကြခြင်းဖြစ် ပေသည်။

နီမောင်မှာ မမျှော်လင့်ပဲ ဖိုးသူတော်ကြီးနှင့် တွေ့ခဲ့ရ ပြီးနောက် သူပြောသွားသော စကားများကိုသာ စိတ်ထဲရောက် နေသည်။

သူပြောသွားသည့်အတိုင်း အပယ်ခံရွာဟုခေါ်သော ဘယ်ပါများနေသောရွာသို့ သွားချင်သည့်စိတ်လည်း ဖြစ်ပေါ်နေ သည်။

သူတို့ရွာ အနောက်ဘက်တွင်ရှိပြီး မဝေးလှဟု ပြော သွားသော်လည်း တစ်ခေါက်မှ မရောက်ဖူးသေးပေ။

သို့ကြောင့်..၎င်း၏ အဖော်နှစ်ယောက်ဖြစ်သော စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကိုခေါ်ပြီး အကျိုးအ ကြောင်း ပြောပြရသည်။

"မင်းက တောထဲမှာသစ်ခွမရှာဘဲ ရတနာတွေ ရှာချင် သေးလို့လား"

"ရတနာတွေ လိုချင်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီလိုတ ထူးထူးဆန်းဆန်း ကိစ္စတွေဆိုရင် စိတ်ဝင်စားတယ်"

"ဆရာမင်းထင်ကျော်သာသိရင် မင်းထက်တောင်ပိုပြီး စိတ်ဝင်စားဦးမယ်၊ ဒီတော့ မင်းကဘယ်လိုလုပ်မှာလဲ"

"ငါတို့ ဒီတစ်ပါတ် သစ်ခွပန်းရှာဖွေဖို့ တောထဲမသွား ကြရသေးဘူး၊ အချိန်ရတုန်း ဖိုးသူတော်ကြီးပြောသွားတဲ့ ကယ် ရွာကို သွားကြရရင် မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ပါရွာသွားတော့ ငါတို့ကို သူတောင်းစားတွေလို့ ထင်ကြမှာပေါ့"

"ထင်လည်း ထင်ပစေပေါ့ကွာ၊ ကိုယ်မဟုတ်ရင်ပြီးတာ ပဲ"

ဟု ပြောဆိုတိုင်ပင်ပြီး နောက်တစ်နေ့ နံနက်စောစော အချိန်မှာ ရွာမှထွက်ကြလေသည်။

ရွာမှမထွက်ခင် ဒေသခံများကို စုံစမ်းကြည့်သောအခါ အနောက်ဘက်စူးစူး တောစပ်တစ်နေရာမှာ ရွာငယ်တစ်ရွာ ရှိနေကြောင်း ပြောပြကြလေသည်။

သို့ကြောင့် သုံးယောက်သား ထိုရွာဘက်သို့ ဦးတည် သွားကြလေသည်။

သူတို့သွားသောလမ်းမှာ တစ်ရွာနှင့်တစ်ရွာ သွားလာ ရန်အတွက် ဖောက်ထားသော လမ်းမျိုးမဟုတ်ဘဲ တောလမ်း တောင်လမ်းများမှ ဖြတ်သွားကြရခြင်း ဖြစ်လေသည်။

နံနက်ပိုင်းအချိန်တွင် စကားတပြောပြောနှင့် လျှောက် လာကြရာ နံနက်(၁၀နာရီ)အချိန်ခန့် ရောက်သောအခါ တော စပ်တစ်နေရာတွင်ရှိနေသော ရွာတစ်ရွာကို လှမ်းမြင်ကြရ သည်။

"ရှေ့မှာတော့ ရွာတစ်ရွာတွေ့ရပြီ၊ ဒါပေမယ့် မင်းပြော တဲ့ အပါယ်ခံရွာတော့ ဟုတ်မယ်မထင်ဘူး"

စောထီးက ပြောသည်။

"ဘာကြောင့်လဲ"





"ကယ်ပါတွေ သူတောင်းစားတွေ နေတဲ့ရွာဆိုရင် အိမ် တွေက စုတ်ပြတ်နေမှာပေါ့၊ ဟိုတောစပ်မှာ လှမ်းမြင်နေရတဲ့ အိမ်တွေက အိမ်ကြီးအိမ်ကောင်းတွေချည်းပဲနော်၊ ငါတို့ရွာ မှာရှိတဲ့ အိမ်တွေထက်တောင် ပိုကောင်းနေသေးတယ်"

ငမဲအောင်ကပါ ဝင်ပြောသဖြင့် နီမောင် စိတ်ထဲမှာပင် ဇဝေဇဝါ ဖြစ်သွားလေသည်။

ယခု လှမ်းမြင်နေရသော အိမ်များမှာ သစ်သားဖြင့် ဆောက်ထားသော အိမ်များချည်းဖြစ်ပြီး အိမ်ပုံသဏ္ဌာန်များက သည်း အတော်ပင် ဆင်တူကြလေသည်။

"ဟုတ်မဟုတ် ဟိုရောက်တော့မှ မေးကြည့်ရမှာပဲ"

ဟုပြောပြီး လျှောက်သွားကြရာ ရွာဝင်လမ်းရှိသော ဓံခါးပေါက်တပ်ထားသည့် နေရာတစ်ခုရောက်တော့ ရွာထဲမှ ထွက်လာသော လူတစ်ယောက်နှင့် တွေ့သဖြင့် မေးကြည့်ရ သည်။

"ဒီရွာနံမည်က ဘယ်လိုခေါ်ပါသလဲ"

"မောင်ရင်လေးတို့က ဘယ်ရွာသွားကြမှာလဲ"

"အပယ်ခံရွာကိုသွားဖို့ လာကြတာပါပဲ၊ ဘယ်နေရာမှာ ရှိသလဲ၊ သိရင် တဆိတ်လောက် လမ်းညွှန်ပေးပါ"

"အပယ်ခံရွာ သွားမှာဆိုတော့. . အဲဒီရွာမှာ အသိအ ကျွမ်း ရှိကြလို့လား"

"အသိအကျွမ်းတော့ မရှိပါဘူး၊ ဦးသဏ္ဍာန်နဲ့ တွေ့ချင်လို့ သွားမှာပါ၊ ရွာက အတော်ဝေးသေးသလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်တော့မဝေးလှတော့ပါဘူး၊ ဒီရွာပါပဲ"

ထိုသို့ပြောတော့မှ သက်ပြင်းချနိုင်ကြလေသည်။

ထိုလူကြီးကပင် ဦးသက္ကနေသော အိမ်ရှိရာသို့ လမ်းညွှန်ပြောပြသွားပြီး ထိုနေရာမှ ထွက်သွားလေရာ နီမောင်တို့သုံးယောက်လည်း ရွာတွင်းသို့ဝင်လာကြသည်။

ရွာက အိမ်ခြေသိပ်မများသော်လည်း အိမ်များဆောက်ထားပုံကတော့ သပ်သပ်ရပ်ရပ် ရှိကြလေသည်။

သူတို့သုံးယောက် ဝင်လာတာမြင်တော့ ရွာထဲမှာ ရှိနေသူများက တအံ့တဩနှင့် ထွက်ကြည့်ကြသည်။

တွေ့သည့်လူကိုမေးရင်း သွားရင်းနှင့်ပင် ဦးသက္ကနေသောအိမ်သို့ ရောက်သွားကြသည်။

သူတို့ သုံးယောက်ကိုမြင်တော့ အိမ်ထဲမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

အသက်(၂၀)ကျော် အရွယ်ခန့်ရှိပြီး မြန်မာဆန်သောရုပ်ရည်မျိုး ရှိသူဖြစ်သည်။

"ဘာကိစ္စများ ရှိလို့ပါလဲ"

"ဒါ . . ဦးသက္ကနေတဲ့အိမ်ပါလား"

"ဟုတ်ပါတယ်၊ ဦးသက္ကဆိုတာ ကျွန်မရဲ့ အဘိုးပါပဲ"

ထိုစကား ကြားသောအခါမှ ဝမ်းသာသွားကြသည်။

"ကျွန်တော်တို့က မောရမြိုင်ရွာက လာကြတာပါ၊ ဦးသက္ကနဲ့ တွေ့ချင်ပါတယ်"

ဟု ပြောသောအခါ ထိုအမျိုးသမီးကပင် ဦးဆောင်၍





အိမ်ထဲသို့ ခေါ်သွားလေသည်။

အိမ်မှာ တစ်ထပ်အိမ်အမျိုးအစားဖြစ်ပြီး ကျွန်းသစ်များနှင့် ဆောက်ထားဟန်ရှိလေသည်။

အိမ်ထဲမှာရှိသော အသုံးအဆောင်ပစ္စည်းများမှာ သူ့နေရာနှင့်သူ စံနစ်တကျရှိနေပြီး ပြောင်လက်နေသည်။

အိမ်ရှေ့တွင်ရှိသော သစ်ပင်များ၌သော်လည်းကောင်း၊ အခြားနေရာများတွင် သစ်သားတိုင် သစ်သားတန်းများဖြင့်သော်လည်းကောင်း၊ စိုက်ပျိုးထားသော သစ်ခွပန်း မျိုးစုံတို့ကို တွေ့ရသည်။

သစ်ခွပန်း အတော်များများမှာ အပွင့်ခိုင်များ ရှိနေကြပြီး ရှားပါးသော သစ်ခွပန်းမျိုးများပင် ရှိနေလေသည်။ အဝေးမှကြည့်ပါက သစ်ခွမြိုင်ခြံတစ်ခြံနှင့်ပင် တူလှပေသည်။

အိမ်ထဲရောက်သောအခါ အိမ်ရှေ့ခန်းမှာ ထိုင်နေသော အသက်အရွယ်ကြီးနေပြီဖြစ်သည့် လူကြီးတစ်ယောက်ကို တွေ့ရလေသည်။

သူသည် မျက်စိမမြင်ရသဖြင့် နီမောင်တို့သုံးယောက်တက်လာသော ခြေသံကို နားစွင့်နေသည်။

"ဧည့်သည်တွေလား သမီး"

"ဟုတ်ပါတယ်အဘ၊ ဒီအစ်ကိုတို့က အဘနဲ့တွေ့ဖို့ လာကြတာလို့ ပြောပါတယ်"

"ထိုင်ကြပါကွယ်၊ အမောပြေ လက်ဘက်ရည်ကြမ်းလည်း သောက်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



**နီမောင်တို့သုံးယောက်က** အဘိုးကြီးရှေ့တွင် ဝင်ထိုင်လိုက်ကြသည်။

**သူတို့ကိုခေါ်လာသော** အမျိုးသမီးကပါ မနီးမဝေးနေရာမှာ ဝင်ထိုင်လေသည်။

"ကျုပ်နာမည်က ဦးသက္ကလို့ ခေါ်ပါတယ်၊ ကျုပ် မြေးမလေးရဲ့နာမည်က ရှီမာလို့ခေါ်တယ်၊ မြန်မာအမည်ကိုတော့ မြသင်းကြူလို့ ပေးထားတယ်"

နီမောင်က မြသင်းကြူကို တစ်ချက်ကြည့်လိုက်သည်။ မြသင်းကြူမှာ မြန်မာနှင့် ကုလားကုပြား ရုပ်ရည်မျိုး ဖြစ်သဖြင့် မျက်ခုံးထူထူ၊ မျက်လုံးနက်နက် နှာတံပေါ်လှပြီး ချောမောလှပသူတစ်ဦး ဖြစ်သည်ကို သတိပြုမိလေသည်။

"ကျွန်တော့်နာမည်က နီမောင်လို့ ခေါ်ပါတယ်၊ သူတို့နှစ်ယောက်က စောထီး၊ ငမဲအောင်လို့ ခေါ်ကြပါတယ်၊ ကျွန်တော်တို့က မောရမြိုင်ရွာက လာကြတာပါ"

"ဒါထက် မောင်ရင်တို့ သုံးယောက်က ဗမာပြည်ကလာကြတဲ့ သူတွေများလား"

"ဟုတ်ပါတယ်အဘ၊ သုံးယောက်စလုံး ဗမာပြည်က လာကြတာပါ၊ ဒီမှာ အလုပ်လာလုပ်နေကြတာပါ"

ထိုစကားကြားသောအခါ ဦးသက္က၏ မျက်နှာပေါ်မှာ ကျေနပ်သော အပြုံးရိပ်ကလေးများ ပေါ်လာလေသည်။

"ဝမ်းသာလိုက်တာကွယ်၊ ကျုပ်တို့လည်း ဗမာပြည်က လာကြတာပါပဲ၊ ဒီကို ရောက်နေတာတော့ အတော်လေး ကြာပါပြီ၊ ဗမာတွေနဲ့ မတွေ့ရတာလည်း အတော်ကြာပါပြီ၊ အခုလို ဗမာလူမျိုးတွေနဲ့ တွေ့ရပြီး ဗမာစကားကြားရတာ စိတ်ထဲမှာ တကယ်ပဲ ဝမ်းသာမိပါတယ်"

ဦးသက္က၏မျက်နှာပေါ်မှ အမူအရာများ ကြည့်ရုံနှင့်ပင် သူ့အနေနှင့် ဘယ်လောက်ဝမ်းသာနေသည်ကို သိသာလှပေသည်။

"ကျွန်တော်တို့လည်း အဘတို့နဲ့ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

"ဒါထက် မင်းတို့က ဘယ်လိုကနေဘယ်လို . . ငါ့ဆီ ရောက်လာကြတာလဲ"

နီမောင်က ဦးသူတော်ကြီးနှင့် တွေ့ရာမှ ဦးသက္ကတို့ အကြောင်းကို သိခဲ့ရပုံကို ပြန်ပြောပြလိုက်သည်။ စကားဆုံးတော့မှ. . .

"ငါနဲ့ ဦးသူတော်နဲ့ကတော့ အတော်ကလေး ခင်မင်ရင်းနှီးကြပါတယ်၊ သူက မကြာခဏဆိုသလို ဒီရွာကို ရောက်လာလေ့ရှိတယ်၊ ဒါထက် သူက ငါတို့အကြောင်းတွေကိုတော့ မင်းတို့ကို ကြိုပြောပြလိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ပြောပြလိုက်ပါတယ်၊ ဒါပေမယ့် ဒီရောက်တော့ တစ်ခုခု လွဲနေတယ်လို့ ထင်မိပါတယ်"

"ဘယ်လိုကြောင့်လဲကွယ်"

"ဒီရွာက ကယ်ပါတွေနေကြတဲ့ ကယ်ပါရွာလို့ သူက ပြောပါတယ်"







www.burmeseclassic.com

www.burmeseclassic.com



"ဒါက အမှန်ပါပဲ"

"ဒီရောက်တော့လဲ အိမ်ကြီးအိမ်ကောင်းတွေချည်း တွေ့နေရလို့ အတော်ကလေး အံ့သြနေမိပါတယ်"

ထိုစကားကြားတော့ ဦးသက္ကက ကျိုးတို့ကျဲတဲဖြစ်နေသော သွားများပေါ်အောင် သဘောကျစွာ ပြုံးလိုက်လေသည်။

"တကယ်တော့ သူပြောလိုက်တဲ့ အတိုင်းပါပဲ၊ ငါတို့တစ်ရွာလုံးက ကယ်ပါမျိုးနွယ်တွေချည်းပါပဲ၊ ဒါပေမယ့် တောင်းရမ်းစားသောက်ရတဲ့ ဘဝမျိုးတော့ မဟုတ်ပါဘူး၊ သို့သော်လည်း ဝဋ်ကြွေးကျိန်စာ ရှိနေကြလေတော့ မတောင်းဘဲလည်း နေလို့မဖြစ်ပြန်ဘူး"

"ဘယ်လိုကြောင့် မတောင်းဘဲ မနေရတာလဲ အဘ"

ထိုအခါ ဦးသက္ကက သူတို့ဘဝ အကြောင်းအရာ အချို့ကို ပြောပြလေသည်။

ရှေးအခါ သက်ဦးဆံပိုင် ရှင်ဘုရင်များ လက်ထက်တွင် ၎င်းတို့တည်သော ဘုရားစေတီများကို ပြုပြင်ထိန်းသိမ်းရန်အတွက် ဘုရားကျွန်၊ ကျောင်းကျွန်များ ထားလေ့ရှိကြသည်။

တစ်ဦးချင်း နှစ်ဦးချင်း မဟုတ်ပဲ ရွာလုံးကျွတ် ထားလေသည်။

ထိုသူများသည် ဘုရားမှရသော အစားအသောက်များကို စားသောက်ခွင့်ရှိသည်။

ပိုလျှံသောငွေများကို သုံးစွဲခွင့်ရှိသည်။

အကယ်၍ ထိုမှမစားလောက်လျှင် ရပ်ရွာများသို့ လှည့်





လည်၍ တောင်းရမ်းစားသောက်ကြရသည်။

အရပ်က ၎င်းတို့ကို 'ကယ်ပါ'ဟု ခေါ်ကြသည်။

တောင်းရမ်းသောအခါ "ကယ်ပါ၊ စွန့်ကြပါ" ဟူ၍ အသံဘာစာဖြင့် တောင်းရမ်းကြရသဖြင့် 'ကယ်ပါ'ဟု အလွယ်တကူခေါ်ကြခြင်း ဖြစ်ဟန်တူသည်။

ကယ်ပါမျိုးနွယ်တို့သည် ဘုရင့်အမိန့်တော်ဖြင့် ကျိန်စာတိုက်ပြီး ထားသောကြောင့် ထိုအလုပ်ကို စွန့်ခွာသွား၍ မရကြပေ။

စားဖို့သောက်ဖို့ ရှိနေလျှင်သော်မှ ခုနှစ်အိမ်စေ့အောင် တောင်းရမ်းရသည်။

တောင်းရမ်းရသော ငွေများကို ၎င်းတို့မစားသောက်ဘဲ ဘုရားဝေယျာဝစ္စအတွက် အသုံးပြုပေးရသည်။

ထိုအလုပ်ကို မပြုပဲနေလျှင်သော်လည်းကောင်း၊ ဖုံးကွယ်ထားလျှင်သော်လည်းကောင်း၊ ကျိန်စာသင့်ပြီး နူနာရောဂါများ စွဲကပ်ခြင်းခံရသည်ဟု ယုံကြည်ထားကြလေသည်။

စာရေးသူအနေဖြင့် နယ်လှည့်အယ်ဒီတာဘဝဖြင့် ခရီးသွားလာစဉ်က မြန်မာနိုင်ငံ အထက်ပိုင်းဒေသတွင် ရွာတစ်ရွာကို တွေ့ခဲ့ရဖူးသည်။

ယခင်က ကယ်ပါမျိုးနွယ်ဟု ခေါ်သောသူများချည်း နေကြသောရွာဖြစ်သည်။

ထိုရွာတွင် ငွေကြေးချမ်းသာသူများလည်း ရှိကြသည်။ နှပ်ရည်ချောမောလှပသော မိန်းမပျိုများလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာမှ မိန်းမပျိုတစ်ယောက်ကို **လက်ထပ်ယူပါက** ရွှေတစ်ပိဿာ တင်တောင်းမည်ဟု ကြေညာ**ထားသည်။**

သို့သော် အဘယ်မျှပင် ချမ်းသာပါ**စေ ခုနစ်အိမ်ပြည့်** အောင် တောင်းရမည်ဆိုသဖြင့် ဘယ်သူမှ **မယူဝံ့ကြပေ။**

ဒါကလည်း အစွန်းရောက်သော **အယူအစွဲများလည်း** ဖြစ်နိုင်ကြလေသည်။

အသွင်ပြောင်းသွားပါက အခေါ်အဝေါ်လည်း ပြောင်းသွားနိုင်ပေသည်။

အင်္ဂလိပ်လက်ထက်က အမှိုက်လှည်း၊ ချေးကျုံးသော ကုလားများကို မြူနီစပါယ်အလုပ်သမားဟုခေါ်ကာ မည်သူကမျှ တန်ဖိုးမထားကြပေ။

ယခုခေတ်ကာလပြောင်းလာပြီး စည်ပင်သာယာရေး ကော်မီတီဟု အမည်ပြောင်းသောအခါ သူတို့ကို ပြန်ပြီး လေး စားနေကြရသည်။

ရှေးအခါက ဘုရားကို စောင့်ရှောက်ရသူများကို 'ဘုရား ကျွန်'များဟု ခေါ်ကြသည်။

တောင်းရမ်းရသောငွေဖြင့် ဘုရားကို ပြုပြင်ကြရသည်။

ခေတ်ပြောင်းသောအခါ အယူအဆများလည်း ပြောင်း သွားခဲ့ကြပေပြီ။

နိမ့်ကျသော လူတန်းစားပင် ဖြစ်စေကာမူ တခမ်းတ နား တဆောင်တယောင်နှင့် နေတတ်လျှင် လူရိုသေ ရှင်ရိုသေ ဖြစ်လာရသည့် သဘောမျိုးပင် ဖြစ်ပေသည်။





ဦးသက္က စကားပြောရတာ မောသွားဟန်ဖြင့် လက် ဖက်ရည်ကြမ်းတစ်ခွက်ကို လက်ဖြင့်စမ်းထည့်ပြီး သောက်နေ လေသည်။

နီမောင်တို့ သုံးယောက်လည်း ထိုစကားများကို ကြား သောအခါ များစွာစိတ်မကောင်း ဖြစ်ကြရလေသည်။

အနားမှာ မျက်နှာငယ်လေးဖြင့် ထိုင်နေသော မြသင်း ကြူမျက်နှာလေးကို မြင်သောအခါ ပိုပြီး စိတ်မကောင်း ဖြစ်ရ လေသည်။

"ဒါကြောင့် ဟိုမှာဆက်နေရင် နောင်လာနောင်သား တွေအတွက်ပါ မကောင်းဘူးလို့ ယူဆမိတာနဲ့ တစ်ရွာလုံး ဒီကို ရွှေ့ပြောင်းလာပြီး လူမသိ သူမသိ နေကြတာပါပဲ၊ ဒါပေမယ့် ကျုပ်တို့အကြောင်းတွေကို သိတဲ့လူတွေကတော့ ဝိုင်းပယ်ထား ကြပါတယ်၊ ဒါကြောင့် ရွာကို အပယ်ခံရွာလို့ပဲ ပေးထားခဲ့ကြတာ ပါပဲ"

ဟု ပြောပြသည်။

နီမောင်တို့လည်း သက်ပြင်းချရုံသာ တတ်နိုင်ကြပေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

## ကြေးပုရပိုဒ်နှင့် ချိုးဖျက်သောဓား

နီမောင်တို့သုံးယောက်လည်း ဦးသက္ကနှင့် စကားလက်ကျနေသောကြောင့် လာရင်းကိစ္စကိုပင် မေ့လျော့နေကြလေည်။

နေ့လည်ဘက်အချိန်ရောက်တော့. . မြသင်းကြူကမင်းဟင်းများ ခူးခပ်ပြင်ဆင်ပေးသဖြင့် စားသောက်ကြရည်။

ထမင်းစားပြီးသောအခါ လက်ဖက်ရည် ထန်းလျက်



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ကို စားသောက်ရင်းနှင့် စကားပြန်ဆက်ကြလေသည်

"ဦးသူတော်ကြီးက မင်းတို့ကိုဘာတွေများ ပြောသွား ခဲ့လို့ ငါ့ဆီတကူးတက ရောက်လာကြတာလဲ"

အချိန်အတော်ကြာတော့မှ ဦးသက္ကက လာရင်းကို မေးလေတော့သည်။

ထိုအခါ နီမောင်က ဦးသူတော်ကြီး ဆုတောင်းစာထဲ ပါသော အဟိသက လိုဏ်ဂူအကြောင်းကို သိလိုသဖြင့် ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။

"ဦးသူတော်က ငါနဲ့ ခင်မင်ရင်းနှီးတော့ ဒီအကြော တွေကို သူက သိတန်သလောက်သိတယ်၊ ငါကလည်း ငါသိသ တွေကို သူ့ကိုပြောပြထားတယ်"

"ဟုတ်ကဲ့"

"ဒါပေမယ့် . . သူက ဒီအကြောင်းတွေကို လူတိုင် တော့မပြောဘူး၊ မင်းကိုပြောခဲ့တယ်ဆိုတော့ သူ့စိတ်ထဲမှာ တော်ယုံကြည်မှု ရှိလို့သာပဲ ဖြစ်မှာသေချာတယ်"

ဦးသက္ကက မှတ်ချက်ချသော်လည်း နီမောင်က ထွေထွေထူးထူး ဘာမှပြန်မပြောတော့ပေ။

"အဘ အဟိသက လိုဏ်ဂူအကြောင်းကို သိသ သူသိလိုသောအချက်ကိုသာ မေးလိုက်သည်။

ထိုအခါ ဦးသက္ကက ခေါင်းညိတ်ပြသည်။

"သိရုံတင် ဘယ်ကပါ့မလဲ၊ ငါက အဲဒီလိုဏ်ဂူထဲ တောင်ရောက်ခဲ့ပြီး တစ်ညအိပ်ခဲ့ဖူးတာ အဲဒီလိုဏ်ဂူက သာ





တော့ မဟုတ်ဘူး၊ ကျိန်စာသင့်နေတဲ့ ကြောက်စရာ လိုဏ်ဂူတစ် လုံးပဲ"

"ကျွန်တော်တို့ကို ပြောပြပါလား အဘ"

ထိုအခါ ဦးသက္ကက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် ၎င်းကြုံ တွေ့ခဲ့ရသော အဖြစ်အပျက် အကြောင်းအရာတို့ကို ပြန်ပြော ပြလေသည်။

ဦးသက္ကတို့တစ်ရွာလုံး သာဝတ္တိနယ်ဘက်သို့ တိမ်းရှောင် လာကြခြင်းမှာ 'ကယ်ပါ'ဟူသော အရိပ်မည်းကြီးအောက်မှ လွတ်မြောက်ရန် ဖြစ်ကြလေသည်။

၎င်းတို့သည် ရေတစ်တန် ကုန်းတစ်တန်ဖြင့် ရက်အ တော်ကြာအောင်လာမှ ယခုနေရာသို့ ရောက်ခဲ့ကြခြင်း ဖြစ် သည်။

ထိုနေရာရောက်တော့ ရွာတည်ပြီး နေကြလေသည်။ သူတို့တစ်ရွာလုံး ဆင်းရဲချို့တဲ့သူ သိပ်မပါကြသဖြင့် ရွာတည်ပြီး သော အခါမှာလည်း အခြေအနေမပျက် နေနိုင်ကြလေသည်။

ထိုရွာသို့ ရောက်ကာစက ဦးသက္က၏ မျက်လုံး မကွယ် သေးပဲ အကောင်းအတိုင်းပင် ရှိခဲ့သေးသည်။

သူတို့သည် ရွာတည်ပြီးသောအခါ တောင်းရမ်းစား သောက်သော အလုပ်မလုပ်ကြတော့ပဲ သီးနှံစိုက်ပျိုးခြင်း၊ ဆေးစိုက်ခြင်း၊ တောထဲဝင်ပြီး အမဲလိုက်ခြင်းစသော အလုပ်များ လုပ်ကိုင်စားသောက်ကြသဖြင့် များစွာ အဆင်ပြေကြလေသည်။

၎င်းနေသော နေရာကိုလည်း 'အပယ်ခံရွာ'ဟု အမည်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားလေသည်။

ဦးသက္ကမှာ ထိုနေရာသို့ ရောက်စအချိန်ကပင် အခြားသူများကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများ၊ အမဲလိုက်ခြင်းစသော အလုပ်များ မလုပ်ပဲ တောထဲဝင်၍သော် လည်းကောင်း၊ ဟိမဝန္တာတောင်ပေါ်သို့ သွား၍သော်လည်း ကောင်း၊ ထူးဆန်းသော ဂမုန်းပင်များ၊ ဆန်းကြယ်သော ကျောက်များနှင့် ရှားပါးသော ဆေးပင်ဆေးမြစ်၊ ဆေးဥစသည် တို့ကို ရှာဖွေစုဆောင်းသော အလုပ်ကိုသာ လုပ်လေသည်။

တစ်နေ့တော့ တောထဲတွင် တစ်ယောက်တည်း လှည့်လည်သွားလာရင်းနှင့် ယောဂီကြီး တစ်ယောက်နှင့် တွေ့ရလေသည်။

ဒီလိုနေရာ အရပ်ဒေသမျိုး၌ ယောဂီတစ်ဦးနှင့် တွေ့ရသည်မှာ ထူးဆန်းသည်တော့ မဆိုသာပေ။

သို့သော် ထိုယောဂီကြီးက သူနှင့် တွေ့သောအခါမှာပင် သိနေသလို ရှိလေသည်။

"မင်းက ကျိန်စာတစ်ခု သင့်ထားတဲ့သူပဲ"

"ဘယ်လိုကျိန်စာမျိုးလဲ"

"ရှေးဟောင်းကျိန်စာပေါ့၊ ဒီကျိန်စာတွေကြောင့် ဒီအရပ်ကို ပြေးလာရတာ မဟုတ်လား"

"ယောဂီကြီးက ဘယ်လိုသိနေတာလဲ"

"လူတွေရဲ့ခံစားမှုတွေက အဇ္ဈတ္တသဏ္ဌာန်တွေမှာ ပေါ်နေတာပဲ၊ သာမန်လူတွေက မတွေ့မမြင်ရပေမယ့် ကျင့်ကြံအားထုတ်မှုကောင်းတဲ့သူတွေကတော့ ခန္ဓာကိုယ်က ထွက်နေတဲ့အရောင်ကို ကြည့်ရုံနဲ့သိနိုင်တာပဲ"





ထိုသို့ပြောသဖြင့် ဦးသက္ကလည်း နောက်ထပ်ဘာမှ မပြောတော့ပေ။

သူ့အနေနှင့် ထူးဆန်းသော အိန္ဒိယယောဂီကြီးများ အကြောင်းကို ကြားဖူးနားဝ ရှိခဲ့ပြီးဖြစ်သော်လည်း ယခုအခါမှပင် မမျှော်လင့်ပဲနှင့် တိုက်တိုက်ဆိုင်ဆိုင် လာတွေ့နေရခြင်း ဖြစ်လေသည်။

"မင်းက မကြာခင်မှာ ဒုက္ခိတဘဝ ရောက်ရတော့မယ်"

ထိုစကား ကြားသောအခါ ဦးသက္ကမှာ များစွာတုန်လှုပ်သွားလေသည်။

"ဘယ်လိုဖြစ်မှာလဲဟင်"

"မျက်မမြင်ဘဝကိုရောက်ဖို့ အချိန်သိပ်မလိုတော့ဘူး"

"ဗျာ. . ဒါဟာ ကျိန်စာကြောင့် ဖြစ်တာလားဟင်"

"ကျိန်စာကြောင့် မဟုတ်ဘူး၊ ဝဋ်ကြွေးကံကြောင့် ဖြစ်ရတာ"

"ဒီဝဋ်ကြွေးကံကလွတ်အောင် ကျုပ်ကို ကူညီနိုင်ရင် ကူညီပေးပါလား ယောဂီကြီးရယ်"

"လူပဲဖြစ်ဖြစ် တိရိစ္ဆာန်တွေမှာပဲဖြစ်ဖြစ် ခံရမည့် ဝဋ်ကြွေးကံတွေက ပါလာပြီးသားပဲ၊ ဒီဝဋ်ကြွေးကံတွေကို ဗုဒ္ဓတောင် ချေဖျက်ပေးလို့ မရဘူး၊ ခံစရာရှိတာတော့ ခံကြရမှာပဲ၊ ကံကြွေးကောင်းတော့လည်း ခံ၊ ဝဋ်ကြွေးမကောင်းတော့လည်း ခံရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ"

သို့ကြောင့် ဦးသက္ကမှာ များစွာစိတ်ပျက်လက်ပျက် ဖြစ်သွားလေသည်။

သူတို့မှာ မြေးမလေး မြသင်းကြူနှင့် နှစ်ယောက်တည်းသာ ရှိကြလေသည်။

အကယ်၍ သူသာ ဒုက္ခိတဘဝ ရောက်သွားပါက မြေးမလေးအတွက် စိတ်မအေးစရာ ကြုံတွေ့ရတော့မည်ကို ယခုကတည်းက တွေးပူမိနေခြင်း ဖြစ်သည်။

"ဖြစ်ချိန်တန်ရင်တော့လည်း ဖြစ်ရမှာပေါ့၊ ဒါပေမယ့် ယောဂီကြီးအနေနဲ့ ကျုပ်ကို အကူအညီ ပေးနိုင်တာရှိရင် ပေးပါဗျာ"

ဟု ပြောလိုက်သည်။

"မင်းအနေနဲ့ အဲဒီလိုလုပ်ချင်တဲ့စိတ်ရှိရင်တော့. . ငါ့နောက်က လိုက်ခဲ့ပေတော့"

ဟု ပြောဆိုပြီး တောတွင်းသို့ခေါ်သွားရာ ဦးသက္ကမှာ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ယောဂီကြီးနောက်မှ လိုက်သွားလေသည်။

သူတို့ဝင်သွားသောတောမှာ အင်္ဂလိမာလ တောကြီးပင် ဖြစ်ပေသည်။

ဦးသက္ကကတော့ သူ ဘယ်နေရာရောက်နေသည်ကို မသိရှာပေ။

ယောဂီကြီးနှင့်အတူ နောက်မှလိုက်သွားစဉ်ကတော့





ူ့အနေနှင့် ထူးထူးခြားခြား ဘာမှမတွေ့ခဲ့ရပေ။

ညနေပိုင်းအချိန်ရောက်တော့ သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ယောဂီကြီးက အိတ်ထဲမှ ဌက်ပျောသီးတစ်လုံး ထုတ်ပေးသဖြင့် စားလိုက်သည်။

ဌက်ပျောသီးစားပြီး ရေဗူးထဲမှရေကို မော့သောက်နေစဉ် ယောဂီကြီးက ပြောသည်။

"မင်းနဲ့ငါနဲ့ ဒီနေရာမှာ လမ်းခွဲကြရမယ်၊ မင်းက လမ်းအတိုင်း ရှေ့ကိုဆက်လျှောက်သွားပေတော့၊ လမ်းဆုံးတဲ့ ခါမှာ ကျောက်ဂူတစ်ဂူ တွေ့ရလိမ့်မယ်၊ အဲဒီကျောက်ဂူထဲမှာ မင်းကို အကူအညီ ပေးမယ့်သူတွေ ရှိတယ်၊ သူတို့နဲ့တွေ့အောင် သွားပေတော့"

ဟု ပြောပြီးနောက် အခြားတစ်နေရာသို့ လျှောက်သွားလေတော့သည်။

ဦးသက္ကမှာ မရောက်ဖူးသေးသောတောထဲမှာ တစ်ယောက်တည်း ကျန်ခဲ့သဖြင့် ကြောက်ရွံ့မှု ဖြစ်မိသော်လည်း ဆတ်နိုင်တော့ပေ။

သို့ကြောင့် ယောဂီကြီး ညွှန်ပြသောလမ်းအတိုင်း ဆက်လျှောက်လာလေသည်။

အချိန်ကလည်း နေဝင်ချိန်သို့ ရောက်လာချေပြီ။

သို့ကြောင့် အလင်းရောင်ပျောက်သွားပြီး အမှောင်ထုကြီး ဖုံးလွှမ်းစပြုလာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တောနက်ထဲမှ သတ္တဝါမျိုးစုံတို့၏ ဟိန်းဟောက်သ
အော်သံများလည်း ကြားလာရသည်။

ထို့ကြောင့်. . . ထွေထွေထူးထူး စဉ်းစားမနေတော့
ယောဂီကြီး ညွှန်ပြပေးသောလမ်းအတိုင်း. . . ခပ်သုတ်သု
လျှောက်လာလေသည်။

တစ်နေရာရောက်သောအခါ သူ့ပတ်ဝန်းကျင်မှ အသ
မျိုးစုံတို့ ကြားလာရသည်။

ထိတ်လန့်ဖွယ်ရာကောင်းသော အသံများပင်ဖြစ်သည်

အသံကြားရာသို့ ကြည့်သောအခါ အမှောင်ရိပ်ထဲတွ
လှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်များကို လှမ်းမြင်ရသည်

ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ထွက်လာသော မည်းမည်
သဏ္ဌာန်တို့မှာ တောတိရိစ္ဆာန်များတော့ မဟုတ်ကြပေ။

ဦးသက္ကလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ခပ်သု
သုတ်တက်လာရာ လမ်းဆုံးသွားလေတော့သည်။

ရှေ့၌မြင့်မားသော ကျောက်တောင်နံရံကြီးသာ ရှိ
အခြားဂူပေါက်ဝတော့ မတွေ့ရပေ။

နောက်မှကြားနေရသော အသံများကလည်း တဖြ
ဖြည်း နီးလာလေပြီ။

မြင်နေရသော မည်းမည်းသဏ္ဌာန်များကလည်း သ
ရာသို့ လာနေကြလေပြီ။

ထိုအခိုက်မှာပင် နောက်ဘက်မှ အသံလိုလို ကြား
ဖြင့် လှည့်ကြည့်လိုက်ရာ အံ့သြဖွယ်ရာမြင်ကွင်းကို တွေ့ရ





သည်။

အခြားမဟုတ်ပေ။

လူတစ်ယောက် ဝင်သာလောက်သော ဂူပေါက်ဝတစ်ခု
ကို တွေ့ရလေသည်။

နောက်မှ အန္တရာယ်များကလည်း တဖြည်းဖြည်းနှင့် နီး
လာပြီဖြစ်သောကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ
ဟနေသော ဂူပေါက်အတွင်း ပြေးဝင်လိုက်ရလေသည်။

သူ အတွင်းရောက်သွားပြီးနောက်တွင် ဂူပေါက်ဝလည်း
တဖြည်းဖြည်းနှင့် ပြန်ပိတ်သွားလေသည်။

အပြင်ဘက်မှ ကြားနေရသောအသံများလည်း တိတ်
ဆိတ်ငြိမ်သက်သွားလေတော့သည်။

ဂူပေါက်ဝ ပိတ်သွားပြီဖြစ်သဖြင့် ဂူအတွင်း၌ မှောင်နေ
မည် ထင်ရသော်လည်း အလင်းရောင်အနည်းငယ် ရနေလေ
သည်။

ကြည့်လိုက်တော့. . သူနှင့် မနီးမဝေးနေရာမှာ ပုံထား
သော ရွှေငွေရတနာများကို တွေ့ရလေသည်။

"ရွှေငွေရတနာတွေပါလား၊ ငါတော့. . ဟန်ကျပြီ ထင်
တယ်"

ဟု စိတ်ထဲမှ တွေးလိုက်မိသည်။

ရွှေငွေရတနာများက မနည်းလှပေ။ ကျောက်ဖျာပြ
ကြီးပေါ်မှာ စုပုံထားခြင်း ဖြစ်လေသည်။

သူက ရတနာများကို တအံ့တသြ ကြည့်နေစဉ်မှာ အ



www.burmeseclassic.com

www.burmeseclassic.com



မှောင်ရိပ်ထဲမှ လူကြီးတစ်ယောက် ထွက်လာလေသည်။

ထိုလူကြီးကိုမြင်တော့ ဦးသက္ကမှာ ထိတ်လန့်သွားလေသည်။

"မကြောက်ပါနဲ့၊ ငါက မင်းကို ရန်မမူပါဘူး၊ မင်းကို ပြောစရာရှိလို့ လာတာပါ"

ဟု အသံသြသြကြီးနှင့် ပြောလေသည်။

မိမိအား ရန်မမူပါဟု ပြောထားသဖြင့် အနည်းငယ်တော့ စိတ်သက်သာရာ ရသွားလေသည်။

ထို့ကြောင့် မနီးမဝေးမှာရပ်နေသော လူကြီး၏မျက်နှာကို ကြည့်လိုက်သည်။

အဝတ်နက်ကြီး ခြုံထားသည်ကတစ်ကြောင်း မှောင်နေသည်က တစ်ကြောင်းကြောင့် မျက်နှာကိုမမြင်ရဘဲ အရောင်လက်နေသော မျက်စိနှစ်လုံးကိုသာ မြင်နေရသည်။

ထိုလူကြီးက ဆက်ပြောသည်။

"ဒီရတနာတွေကို မြင်တယ်မဟုတ်လား၊ ဒီရတနာတွေက ကောင်းမှုကုသိုလ်တွေ ပြုလုပ်ဖို့ သစ္စာဓိဋ္ဌာန်နဲ့ ထားခဲ့တဲ့ ရတနာတွေပဲ၊ ဒီအတိုင်းယူလို့ မရဘူး"

ဦးသက္ကကတော့ သူပြောသမျှကိုသာ နားထောင်နေသည်။

"မင်းကို ဒီနေရာရောက်အောင် ခေါ်ရတာက. . အကြောင်းရှိတယ်၊ မင်းအနေနဲ့ ဒီရတနာတွေနဲ့ ကောင်းမှုကုသိုလ်ပြုလုပ်ပေးနိုင်တဲ့ သူတွေကို တွေ့အောင်ရှာဖွေပေးဖို့ပဲ၊ ဒီကိစ္စ





တွေက မင်းတစ်ယောက်တည်း လုပ်လို့မရဘူး၊ သူတို့နဲ့ အတူတူလုပ်မှ အောင်မြင်မယ်"

ထိုသို့ကြားရတော့ နည်းနည်းတော့ စိတ်ဝင်စားလာသည်။

"မင်းက ဘာကြောင့် မလုပ်နိုင်သလဲဆိုတော့ မကြာခင် မျက်စိနှစ်ကွင်း အလင်းမရတော့မှာမို့ပဲ၊ ဒါကြောင့် မင်းမျက်စိ ကွယ်နေတဲ့အချိန်မှာ ဒါတွေကို ဆောင်ရွက်ပေးနိုင်မယ့် သူတွေကိုသာ တွေ့အောင်ရှာဖွေပေတော့"

"မျက်စိမမြင်တဲ့သူက ဘယ်လိုရှာပေးရမလဲ"

"မပူနဲ့ မင်းကို အကူအညီပေးမယ့် ဖိုးသူတော်တစ်ဦး မကြာခင် ရောက်လာပြီး အကူအညီပေးလိမ့်မယ်"

"ဒီနေရာကို နောက်တစ်ခါ ပြန်လာရင်ကော တွေ့နိုင်ပါ့မလား"

"ဒီနေရာကို ရောက်လာတဲ့အခါမှာတော့ ဂူပေါက်ဝကို တွေ့ရမှာမဟုတ်ဘူး၊ ဒါပေမယ့် ဒီနေရာကို ရောက်လာပြီး သက်ဆိုင်ရာ သစ္စာဓိဋ္ဌာန်ပြုနိုင်ရင်. . ဂူပေါက်ဝကို ပြန်တွေ့ရနိုင်ပါတယ်"

"ဘယ်လို သစ္စာဓိဋ္ဌာန်ပြုရမလဲ"

"ဒီရတနာတွေရခဲ့ရင် ကိုယ်ကျိုးအတွက် မသုံးဘဲ. . . သာသနာအကျိုးအတွက် သုံးပါ့မယ်ဆိုတဲ့ သစ္စာဓိဋ္ဌာန်ပြုရမယ်၊ ဟောဟိုကျောက်ဖျာပေါ်မှာ တင်ထားတဲ့ ကြေးပုရပုဒ်ကို မင်းယူသွားပါ၊ အဲဒီအထဲမှာ လမ်းညွှန်ပြထားတဲ့ အညွှန်းတွေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် ဦးသက္ကလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ မနီးမဝေး၌ တွေ့နေရသော ကြေးပုရပိုက်ကို ယူလိုက်လေသည်။

ထိုသို့ယူပြီးသောအခါ ရပ်နေသူက ပြောသည်။

"မင်း ပြန်ထွက်ပေတော့"

ဟု တစ်နေရာသို့ လက်ညှိုးထိုးပြရာ လူတစ်ကိုယ်စာထွက်နိုင်သော ဂူပေါက်ဝကို တွေ့ရသဖြင့် အပြင်ထွက်ခဲ့လေသည်။

အပြင်ရောက်တော့ ညအချိန်ရောက်သဖြင့် မှောင်မည်းနေချေပြီ။

သို့ကြောင့် ခရီးဆက်ရန် မသင့်သောကြောင့် သစ်ပင်တစ်ပင်ပေါ်သို့ တက်နေရလေသည်။

သူတက်နေသောနေရာမှာ အဆိပ်ပင်ရှိသောနေရာနှင့် မဝေးလှသောကြောင့် အဆိပ်ငွေ့များ သင့်သဖြင့်. . နောက်တစ်နေ့ရောက်သောအခါ မျက်စိမမြင်ရတော့ပေ။

မျက်စိမမြင်ရသော်လည်း သူယူလာသော ကြေးပုရပိုဒ်ကလေးတော့ ရှိနေသေးသည်။

နောက်တစ်နေ့မှာတော့ သူ ပြန်ရောက်မလာသဖြင့် ရွာမှလူများက လူစုပြီး လိုက်လံရှာဖွေကြရာ ပြန်တွေ့ကြသဖြင့် ရွာသို့ ပြန်ခေါ်သွားကြလေသည်။

ထိုနေရာရောက်သောအခါ ဦးသက္ကက သူပြောပြနေသော အကြောင်းအရာများကို ရပ်လိုက်သဖြင့် ထိုအခါမှပင်





စိတ်ဝင်စားစွာ နားထောင်နေကြသော နီမောင်တို့ သုံးယောက်လည်း သက်ပြင်းကိုယ်စီ ချရပေတော့သည်။

"အဘပြောပြတဲ့ အကြောင်းအရာတွေ နားထောင်ရတာ အတော်ကို စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ အဘမျက်စိကလည်း အဆိပ်ငွေ့တွေကြောင့် ကွယ်သွားခဲ့တာဆိုတော့ ဆေးကောင်းဝါးကောင်းနဲ့ တွေ့ရင်တော့ ပြန်ပြီးမြင်လာနိုင်ပါတယ်"

ဦးသက္ကက သက်ပြင်းတစ်ချက်ချလိုက်ပြီး ခေါင်းညိတ်ပြလေသည်။

"ဒါထက် ဂူထဲကို ရောက်သွားခဲ့ပြီးတဲ့နောက် မျက်စိကွယ်သွားခဲ့တာဆိုတော့ အဲဒီဂူရှိတဲ့နေရာကိုရော နောက်တစ်ခေါက် ရောက်ဖြစ်ခဲ့သေးသလား အဘ"

"မရောက်နိုင်တော့ပါဘူးကွယ်"

"နောက်ပြီး အဘ ဂူထဲကရလာတဲ့ ကြေးပုရပိုက်ရော ရှိသေးသလား၊ ရှိသေးရင် ကြည့်ပါရစေ"

ဟု ခွင့်တောင်းသောအခါ ဦးသက္ကက မြသင်းကြူကို ယူလာခိုင်းသဖြင့် ဘုရားစင်ပေါ်မှာ အဝတ်ဖြူတစ်စနှင့် ပတ်ကာတင်ထားသော အထုပ်တစ်ထုပ်ကိုယူလာပြီး နီမောင်ကို ပေးသဖြင့် ဖြေကြည့်လိုက်သည်။

ကြေးပုရပိုက်ပေါ်မှာ ရေးထားသော စာလုံးများမှာ သူမသိသော တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသေးသော စာလုံးများဖြစ်နေသည်ကို တွေ့ရလေသည်။

"ဒီစာလုံးတွေကတော့ ကျွန်တော်တို့ မမြင်ဖူးသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



စာလုံးတွေဆိုတော့ အဓိပ္ပါယ်သိမှာ မဟုတ်ပါဘူး၊ အဘရော သိသလား"

"ငါလည်း ဂူထဲမှာ သူပေးတုန်းက ကြည့်လိုက်တယ်၊ ဘာမှမသိပါဘူး"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ အဘ"

"အဲဒါကိုတော့ မင်းပဲ တာဝန်ယူလုပ်ပေးရမှာပဲ၊ ဘာကြောင့်လည်းဆိုတော့ မင်းကို ဦးသူတော်ကြီးက ယုံယုံကြည်ကြည်နဲ့ ငါ့ဆီရောက်အောင် လွှတ်လိုက်မှတော့ ဒီအလုပ်တွေက မင်းပဲလုပ်ရမယ် ထင်တယ်"

ထိုစကားကြားသောအခါ နီမောင်မှာ ကြေးပုရပိုက်ကို ကိုင်ပြီး အတော်ကြာအောင် စဉ်းစားနေလေသည်။ ပြီးမှ . . .

"ကျွန်တော်လည်း စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် ဒီလောက်ခက်ခဲတဲ့ အလုပ်မျိုးတွေကိုတော့ ကျွန်တော်တို့ချည်း လုပ်လို့ရမယ် မထင်ဘူး"

ဟု ပြောလိုက်သည်။

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ကျွန်တော်တို့ အလုပ်လုပ်နေတဲ့ သစ်ခွကုမ္ပဏီမှာ ကျွန်တော့်ဆရာရှိတယ်၊ သူ့နာမည်က ဒေါက်တာမင်းထင်ကျော်လို့ခေါ်တယ်၊ သူက အဲဒီလိုကိစ္စမျိုးတွေကို နှံ့စပ်ကျွမ်းကျင်တယ်၊ ကြေးပုရပိုဒ်ကို သူ့ကိုပြကြည့်ရင် အဓိပ္ပါယ်သိရနိုင်တယ်"

"မင်း ယုံကြည်စိတ်ချရတယ်ဆိုရင်တော့ ကြေးပုရပိုက်ကို ယူသွားပြီး ပြကြည့်လိုက်တာ ပိုကောင်းမှာပေါ့၊ မင်းသဘောအတိုင်းသာ လုပ်ပေတော့"





ဟု ခွင့်ပေးလေသည်။

နီမောင်ကတော့ ကြေးပုရပိုက်ကို ကိုင်ထားရင်းနှင့် သူ့အနေနှင့် တာဝန်ကြီးလှသော အလုပ်တစ်ခုကို လုပ်ရတော့မည် ဖြစ်သောကြောင့် စိတ်ထဲမှာ လေးလေးနက်နက် ရှိနေလေသည်။

ညနေပိုင်း နီမောင်တို့ သုံးယောက်ပြန်တော့ မြသင်းကြူကိုယ်တိုင် ခြံပေါက်ဝသို့ရောက်အောင် လိုက်ပို့ပေးသည်။

"ခြံထဲမှာ စိုက်ထားတဲ့ သစ်ခွပန်းတွေက အတော်ကလေး မျိုးစုံတာပဲ၊ လှလည်း အတော်လှတယ်၊ ဒီသစ်ခွပန်းတွေက မင်းစိုက်ထားတာလား"

ထိုသို့မေးသောအခါ မြသင်းကြူက ချစ်စဖွယ် အမူအရာဖြင့်ပြုံးကာ ခေါင်းညိတ်ပြသည်။

"အစ်ကိုတို့ သုံးယောက်က တောထဲမှာ သစ်ခွပန်းရှာဖွေတဲ့အလုပ် လုပ်ကြတယ်၊ ဒီတစ်ခါ တောထဲရောက်လို့ သစ်ခွပန်းလှလှလေးတွေ တွေ့ရင် မင်းအတွက် ယူလာခဲ့ပေးမယ်နော်"

"ကျေးဇူးတင်ပါတယ် အစ်ကို"

ထို့နောက် သုံးယောက်သား မြသင်းကြူကို နှုတ်ဆက်ပြီး ထွက်လာကြသည်။

"သစ်ခွပန်းရှာပြီး တစ်ခေါက်သွားပို့ပေးဦးမယ်ဆိုတော့ ကယ်ပါ၊ ရွာက ကောင်မလေးကို မြင်တာနဲ့ သဘောကျနေပြီ မ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

"မဟုတ်ပါဘူး စောထီးရယ်၊ ငါက စေတနာနဲ့ပါ"

"မင်းစေတနာထားပုံက သိသာလွန်းပါတယ်၊ ဒါပေမယ့် ပြောမယ့်သာ ပြောရတယ်၊ ကယ်ပါရွာသူ ဖြစ်နေပေမယ့် မြသင်းကြူက ရုပ်ရည် အတော်ကလေးလှတယ်"

ငမဲအောင်ကပါ ဝင်ပြောလေသည်။

"ကယ်ပါရွာသူလဲ လူပဲမဟုတ်လား၊ သူ ကယ်ပါရွာမှာ မနေပဲ နန်းတော်ထဲမှာ ရှိနေရင်တော့ ရွှေမင်းသမီး ဖြစ်နေမှာ ပေါ့"

"အေးပါကွာ၊ စိတ်ထဲက နှစ်သက်မှုရှိရင် အပြစ်တွေက နေ အချစ်တွေ ဖြစ်လာနိုင်သေးတာပဲ၊ သဘောကျရင်. . ဆက်ကြိုးစားပေါ့ကွာ"

ဟု ပြောကြရာ နီမောင်လည်း ထွေထွေထူးထူး ဘာမှ ပြန်မပြောတော့ပေ။

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ ငှမောင်ရီပျိုးစအချိန်တွင် မောရမြိုင်ရွာသို့ ပြန်ရောက်လာကြလေသည်။





# အခန်း (၉)

# သစ်ခွပန်းတို့၏ သမိုင်းကြောင်းအစ

ဗန်ဒါသစ်ခွကုမ္ပဏီ(Vandar Orchid Company)သည် ကမ္ဘာကျော် သစ်ခွရှာဖွေရေး ကုမ္ပဏီတစ်ခု ဖြစ်လေသည်။

(၁၉)ရာစုနှစ်ဦးပိုင်း အချိန်လောက်ကတည်းက စီးပွားရေး ဈေးကွက်ထဲတွင် နေရာတစ်နေရာ ရလာခဲ့သော သစ်ခွဈေးကွက်သည် လုပ်ငန်းရှင်ကြီးများ၏ မျက်စိကျစရာ လုပ်ငန်းတစ်ခု ဖြစ်လာခဲ့လေသည်။

ဥရောပတိုက်တွင် သစ်ခွကုမ္ပဏီအချို့ ပေါ်ပေါက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြပါလေသည်။

နာမည်ကြီး သစ်ခွကုမ္ပဏီများထဲတွင် ဗီနှင့်သားများ ကုမ္ပဏီ၊ လွတ်ကုမ္ပဏီ၊ ဆင်းဒါးကုမ္ပဏီတို့ ပါဝင်ကြသည်။ ထို ကုမ္ပဏီများမှ ကမ္ဘာ့နေရာအနှံ့အပြားသို့ သစ်ခွမုဆိုးများစေ လွှတ်ကာ ရှားပါးသစ်ခွမျိုးများ ရှာဖွေစေခဲ့သည်။

(၂၀)ရာစုနောက်ပိုင်းမှာတော့ သစ်ခွရှာဖွေရေး ကုမ္ပဏီ များ တိုးပွားလာလေသည်။

ထိုအထဲတွင် ဗန်ဒါသစ်ခွကုမ္ပဏီလည်း တစ်ခုပါဝင်ခဲ့ သည်။ သစ်ခွမုဆိုးများသည် ကမ္ဘာ့နေရာအနှံ့အပြားမှ သစ်ခွ ပန်းများကို ရှာဖွေပြီး ကုမ္ပဏီသို့ ပေးပို့ခဲ့ကြသည်။

ဆင်းဒါးကုမ္ပဏီမှ စေခိုင်းသဖြင့် ပီရူးနိုင်ငံတွင် သစ်ခွ များ စုဆောင်းပေးခဲ့ရသော သစ်ခွမုဆိုးကြီး အင်ဗာဆလိုင်း သည် သစ်ခွပင်အရေအတွက် (၁၇၀၀၀)အထိ ဥရောပသို့ တင် ပို့ပေးခဲ့ကြောင်း မှတ်တမ်းရှိလေသည်။

သစ်ခွချစ်သူများအတွက် စိတ်ဝင်စားဖွယ်ရာကောင်း သော အချက်အလက်များကိုလည်း ရေးသားဖော်ပြပေးပါမည်။

သစ်ခွနှင့်ပတ်သက်၍ ဦးဆုံးမှတ်တမ်းပြုပြီး သစ်ခွ ဂုဏ်ပုဒ်ကို ဖော်ထုတ်ခဲ့သူမှာ တရုတ်နိုင်ငံမှ ပညာရှိကြီး ကွန်ဖြူး ရှပ်(Confucius)(ဘီစီ ၅၅၁-၄၇၉)ဖြစ်သည်။

အလွန်မွှေးကြိုင်သော သစ်ခွပွင့်တစ်မျိုး၏ရနံ့ကို အ ကြောင်းပြု၍. . .

"လူကောင်းသူကောင်းနှင့် သိကျွမ်းရသည်မှာ မွှေးရနံ့ ကြွယ်သည့် သစ်ခွဖြင့်ပြီးသောအခန်းတွင်းသို့ ဝင်ရသကဲ့သို့ နှစ်လိုဖွယ်ရှိသည်"

ဟူ၍ ကွန်ဖြူးရှပ်စ်က မိန့်ဆိုခဲ့သည်။

အာရှတိုက်သားများသည် အပွင့်၏ လှပမှု၊ ရနံ့သင်း ကြိုင်မှု၊ အပင်နှင့်အရွက်၏ လှပမှု စသည်တို့အပေါ် မူတည်၍ သစ်ခွများကို စမ်းသပ်စိုက်ပျိုးခြင်း၊ သစ်ခွနှင့် စပ်ဆိုင်သော စာအုပ်များ ထုတ်ဝေခြင်း၊ ပန်းချီကားများ ရေးဆွဲခြင်းတို့ကို . . (၃)ရာစုလောက်ကစတင်၍ ဆောင်ရွက်ခဲ့ကြသည်။

အေဒီ(၂၉၀)၌ တရုတ်နိုင်ငံ "ဇင်မင်းဆက်"(Tsin Dynasity) လက်ထက်တွင် ရုက္ခဗေဒပညာရှင် ကီဟန်(Ki Han) ဆိုသူသည် သစ်ခွအကြောင်းများကို ရုက္ခဗေဒရှုထောင့်သက် သက်မှ တင်ပြချက်များ ထည့်သွင်း၍ ရုက္ခဗေဒစာအုပ် ပြုစုခဲ့ သည်။

အေဒီ(၁၂၇၉)သို့ ရောက်သောအခါ တရုတ်နိုင်ငံ ယွန် မင်းဆက် (Yuan Dynasty)လက်ထက်တွင် သစ်ခွ အပင်နှင့် အပွင့်များကို အသားပေးဖော်ပြသည့် ဆေးရေးပန်းချီကားများ ထွက်ပေါ်ခဲ့သည်။

အရှေ့နိုင်ငံများ၌ သစ်ခွနှင့် စပ်ဆိုင်သော ကဗျာအ ရေးအဖွဲ့များ ထွန်းကားလာသည်။

မြန်မာနိုင်ငံ၌လည်း သစ်ခွ၏အလှဂုဏ်ကို အရေးတယူ ထည့်သွင်းဖွဲ့ဆိုခဲ့သော တောလားတစ်ပုဒ်သည် အင်းဝခေတ်၌ ပေါ်ခဲ့သည်။






www.burmeseclassic.com

www.burmeseclassic.com



၎င်းမှာ ရှင်ဥတ္တမကျော်၏ တောလားဖြစ်သည်။

"မတီကေတု
တိုင်းဇေယုက
သမုတ်မှန်စွာ
ကေသာနွံသည်
ရွှေလျံသဇင်
ဂမုန်းအင်တို့"

ဟူ၍ သစ်ခွမျိုးနွယ်တွင် ပါဝင်သော "သဇင်"ပန်း... ကြောင်းကို အရေးတယူ စပ်ဆိုခဲ့သည်။

ဘီစီ (၃၇၀-၂၈၅)ခန့်တွင် ယဉ်ကျေးမှု ထွန်းကား... အရပ်ဒေသဖြစ်သည့် မြေထဲပင်လယ်ဒေသ၊ ဂရိပညာရှင် သီ... ဖရေးတပ်(Theophrastus)ရေးသားသော "အပင်များအတွင်း... လေ့လာခြင်း"အမည်ရှိစာအုပ်၌ သစ်ခွပင်များကို စတင်၍ မှ... တမ်းပြုထားလေသည်။

ဂရိ ရုက္ခဗေဒပညာရှင် "ဒိုင်အိုခရိုင်ဒီး"(Dioscorid... ရေးသားသော ရုက္ခဗေဒစာအုပ်၌ "ဩကစ်"(Orchis)ဟူသော အမည်ကို စတင်သုံးစွဲသည်။

မြေထဲပင်လယ်ဒေသရှိ သစ်ခွတို့မှာ မြေပေါ်ပေါ... သစ်ခွများဖြစ်ပြီး၊ ၎င်းတို့တွင် ထူးခြားစွာ ပါဝင်လေ့ရှိသော ကပ်ပယ်အိတ်ကဲ့သို့သော အရာနှစ်ခုကို အကြောင်းပြု၍ ... ဘာသာဖြင့် "ကပ်ပယ်အိတ်နှစ်ခု"ဟု အဓိပ္ပါယ်ရသော ဩကစ် (Orchis)ဟူ၍ အမည်ပေးခဲ့ခြင်း ဖြစ်သည်။





ထိုဝေါဟာရမှတဆင့် နောင်အခါတွင် သစ်ခွပန်းများကို အင်္ဂလိပ်ဘာသာဖြင့် ဩကစ်(Orchis)ဟူ၍ ယေဘူယျအားဖြင့် သတ်မှတ်ခေါ်တွင်ခဲ့ပေသည်။

(၁၉)ရာစုနှစ်ဦးပိုင်း၌ ဥရောပတိုက်ရှိ နာမည်ကြီးသစ်ခွ ကုမ္ပဏီများဖြစ်သော "ဗီနှင့်သားများကုမ္ပဏီ"(Veitch & Sons Company) လွတ်ကုမ္ပဏီ(Mrsses Loddiges)၊ ဆင်းဒါး သစ်ခွ ကုမ္ပဏီ(Sander's Orchid Company)တို့၏ စေလွှတ်ချက်အရ အမေရိကတိုက်၊ အာရှနှင့် အာဖရိကတိုက်တို့တွင် သစ်ခွများစု ဆောင်းခဲ့ကြသည်။

နာမည်ကြီး သစ်ခွမုဆိုးအချို့မှာ အိုဗာဆလိုင်း (Oversiy)၊ ဟူကမ်းမင်း(Hugh Cumming)၊ သောမတ်လော့ (Thomas Lobb)၊ ဂုစတဗ်ဝေါလစ်(Gustave Wallis)၊ ဝီလျံဘောက်စ် (William Boxall)၊ ပေါ်တီ(Porte)တို့ ဖြစ်သည်။

(၁၈၉၂)ခုနှစ်၌ ဆင်းဒါးစ်၏ ခိုင်းစေချက်ဖြင့် အိုဗာဆ လိုင်း(Oversly)ဟူသော သစ်ခွမုဆိုးတစ်ဦးသည် ဘီရူးနိုင်ငံ၌ ကယ်တယ်လီယာရက်(Cattleyarex)သစ်ခွမျိုးကို တောတွင်း၌ နှစ်လတိတိ ဒုက္ခအပေါင်းနှင့်ရင်ဆိုင်၍ ရှာဖွေယူခဲ့ရသည်။

အင်္ဂလန်နိုင်ငံ ဒီဗွန်ရှိုင်းယားနယ်သား - ဟူကမ်းမင်း (Hugh Cumming)ဆိုသူ သစ်ခွမုဆိုးသည် ရှာဖွေရရှိထားသော အာရှတိုက် ဖိလစ်ပိုင်ကျွန်းမှ သစ်ခွများကို ဥရောပသို့ တင်ပို့ခဲ့ သည်။

ဤသို့တင်ပို့ရာတွင် သစ်ခွအစိုသာမက မျိုးဆန်း၍ ရှား



www.burmeseclassic.com

www.burmeseclassic.com



ပါးသော သစ်ခွအချို့ကို ရုက္ခဗေဒရှုထောင့်ဖြင့် လေ့လာနိုင်ရန် အခြောက်ခံ၍ ပို့ပေးခဲ့သည်။ သူပေးပို့ခဲ့သည်မှာ ဂလပ်စကိုတက္ကသိုလ်ရှိ ဆာဝီလျံဂျက်ဆန်ဟွတ်ကာ(Sir William Jackson Hooker)၏ "စံပင်ပြတိုက်"(Herbarium)သို့ ဖြစ်သည်။

(၁၈၄၃)ခုနှစ်တစ်ဝိုက်တွင် သောမတ်လော့သည် ဂျာဗားကျွန်းတစ်ဝိုက်နှင့် ဖိလစ်ပိုင်ဒေသ တောတောင်တို့မှ အပူပိုင်း သစ်ခွအဆန်းများကို ရှာဖွေပေးခဲ့ရာ. . ကမ္ဘာတွင် မှတ်တမ်းမပြုရသေးသည့် သစ်ခွမျိုးသစ်နှစ်မျိုးကို တွေ့ရှိသည်အထိ ဖြစ်သည်။

သစ်ခွမုဆိုး ဂုစတာဗ်ဝါလစ်သည် (၁၈၇၀)ပြည့်နှစ်တွင် အာရှတိုက် ဖိလစ်ပိုင်နိုင်ငံသို့ရောက်ရှိပြီး တောနင်းရှာဖွေခဲ့သဖြင့် ကမ္ဘာတွင် မှတ်တမ်းမပြုရသေးသည့် သစ်ခွဆန်းသုံးမျိုးကို ဖော်ထုတ်နိုင်ခဲ့သည်။

ဝီလျံဘောက်ဆဲဆိုသူ သစ်ခွမုဆိုးသည် အာရှတိုက်တခွင်သို့ အခေါက်ပေါင်းများစွာ လာရောက်ခဲ့ရာ သစ်ခွမျိုးဆန်းများစွာကို ရှာဖွေပေးနိုင်ခဲ့သည်။

သစ်ခွသိုက်များရှိရာ အပူပိုင်းဒေသများရှိ အရှေ့နိုင်ငံတို့၏ တောတောင်တို့တွင် သစ်ခွမုဆိုးတို့ ခြေရာထပ်အောင် ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ကိုလိုနီနိုင်ငံဖြစ်ခဲ့ရသော မြန်မာနိုင်ငံသည်လည်း သစ်ခွမုဆိုးတို့၏ တောနင်းခြင်းမှ မကင်းခဲ့ပေ။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံအောက်ပိုင်းကို (၁၈၂၆)ခုနှစ်၌ သိမ်းယူပြီးချိန်တွင် အနောက်ဥရောပ၌ သစ်ခွစိုက်ပျိုးမွေးမြူခြင်းဖြင့် စီးပွားရေးဈေးကွက် တစ်ခေတ်ဆန်းချိန်နှင့် ကြုံကြိုက်ခဲ့သည်။





မြန်မာနိုင်ငံ၏ သစ်ခွမျိုးများကို ဥရောပသို့ ပို့ပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် သစ်ခွသိုက်ရှိကြောင်း အသိပေးခဲ့သူမှာ (၁၈၂၉)ခုနှစ်ခန့်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သူ ဒေါက်တာဝေါလစ်(Dr Wallis)ဆိုသူ ဖြစ်ပေသည်။

ဒေါက်တာဝေါလစ်သည် မိုးလုံးပြာဟုခေါ်သည့် ဗဒေါသစ်ခွမျိုးပေါင်းများစွာကို အင်္ဂလန်နိုင်ငံသို့ယူဆောင်ပြီး ဦးစွာစင်တင်ပေးခဲ့သည်။

ထိုစင်တင်ပေးမှုကြောင့် (၁၈၇၃)ခုနှစ်တွင် ရုက္ခဗေဒပညာရှင် ဝီလျံဂရဖစ်(William Griffith)ဆိုသူ ရောက်ရှိလာပြီး ရှားပါးသစ်ခွမျိုးများကို တောတောင်အထပ်ထပ်မှ ရှာဖွေထုတ်ယူသွားခဲ့သည်။

(၁၈၆၀)ပြည့်နှစ်၌ ရိုမင်ကက်သလစ် ဘုန်းတော်ကြီးချား(လ)ပဲရစ်(ရှ)(Rev-Charles Perish)ဆိုသူသည် မော်လမြိုင်၌ နှစ်(၂၀)ကျော်မျှ နေထိုင်ခဲ့ပြီး သစ်ခွများကို ရှာဖွေခဲ့သည်။

သစ်ခွအမျိုးအစားသစ်များ ဖြစ်ကြသော ပါဖီယို ပဲဒီလဲပဲရစ်(Paphiopedilum panishil)၊ ဒင်ဒရိုဘီယမ်ပဲ ရစ်ရှေး (Dendrobium parishil)၊ ဗင်ဒါပဲရစ်ရှေး(Venda psrishil)စသည်တို့သည် မြန်မာနိုင်ငံတွင် သူ အဦးဆုံးတွေ့ရှိခဲ့၍ သူ့အမည်ဖြင့် မှည့်ခဲ့သော သစ်ခွပန်းအချို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၈၆၆)မှ (၁၈၆၈)ခုနှစ်လောက်အတွင်း ရုက္ခဗေဒပညာရှင် ဗိုလ်မှူးကြီးဝီလျံဘင်ဆင်(Colonel William Benson)သည် တပ်စခန်းချရာ တနင်္သာရီနှင့် ရခိုင်ရိုးမတစ်ခွင်၌ သစ်ခွများကို စုဆောင်း၍ အနောက်နိုင်ငံများသို့ ပို့ပေးခဲ့သည်။

ထိုဗိုလ်မှူးကြီးသည် ရှမ်းပြည်နယ်၌ ချောကလက်ရောင်နှင့် အဖြူသွေးရှိသော ဗင်ဒါမျိုးစုဝင် သစ်ခွတစ်မျိုးကို တွေ့ရှိခဲ့သည်။

ယင်း ဗင်ဒါမှာ ရုက္ခလောက၌ အမည်မပေးရသေးသော မြန်မာ့ဒေသရင်း သစ်ခွဖြစ်၍ တွေ့ရှိသူ ဘင်ဆင်ကိုဂုဏ်ပြုသောအားဖြင့် ဗင်ဒါဘင်ဆိုနီ(Venda bensoni)ဟူ၍ အမည်ပေးခဲ့သည်။

(၁၉၂၂)ခုနှစ်၌ ရုက္ခဗေဒပါရဂူ ကင်းဒမ်းဝပ် (Kingdon Ward)သည် မြန်မာနိုင်ငံ မြောက်ဖျားဒေသ၌ အပင်များကိုရှာဖွေစုဆောင်းခဲ့ရာ အလွန်အဖိုးတန်ပြီး ကမ္ဘာ၌ ရှားပါးစပြုနေပြီဖြစ်သော ပါဖီယိုပဲဒီလမ်(Paphiopedilium)သစ်ခွမျိုးကို တွေ့ရှိခဲ့သည်။

ရှာဖွေတွေ့ရှိသူ ကင်းဒမ်းဝပ်ကို ဂုဏ်ပြုသောအားဖြင့် ထိုသစ်ခွကို ပါဖီယိုပဲဒီလမ်ဝါဒီအိုင် (Paphiopedilium wardii) ဟူ၍ အမည်ပေးခဲ့သည်။

(၁၉၅၇)ခုနှစ်တွင် သစ်တောမင်းကြီး မစ္စတာ ဟန်တလေနှင့် သစ်တောအမှုထမ်း ဦးချစ်ကိုကိုတို့သည် မြန်မာသစ်ပင်များ စာရင်းပြုစုရန် ကြွင်းဆင်းရာတွင်. . . သစ်ခွမျိုးများစွာကိုကောက်ယူမှတ်တမ်းတင်ခဲ့ကြသည်။





ရုက္ခဗေဒရှုထောင့်အရ သစ်ခွသည် အြိုကစ်ဒေစီး (Orchiddaceac)မျိုးရင်း၌ ပါဝင်ပြီး မျိုးစု(၇၃၅)ခန့်ရှိသည်။

မျိုးစိတ်များမှာ (၂၀၀၀၀)ခန့်အထိ ရှိသည်။

လူတို့ ဖန်တီးမျိုးစပ်ယူ၍ရသော စပ်မျိုးအရေအတွက်မှာမူ (၃၅၀၀၀)ခန့် ရှိသည်။

သို့ဖြစ်၍ သစ်ခွသည် အပွင့်ဆောင် အပင်များထဲတွင် အရေအတွက်အများဆုံး အပင်မျိုးဖြစ်သည်။

မြန်မာနိုင်ငံ၌ သစ်ခွမျိုးစိတ်ပေါင်း (၁၀၀၀) မှ (၁၅၀၀) ခန့်အထိ ရှိသည်ဟူ၍ ရုက္ခဗေဒပါရဂူ ကင်းဒမ်းဝပ်(Kingdon Ward)က ဆိုခဲ့သည်။

"မြန်မာ့သစ်ခွ"အမည်ရှိစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုထုတ်ဝေခဲ့သော ဘာတယ်ဂရန့်(Bertl Grant)၏ အဆိုအရ မျိုးစုပေါင်း (၁၆)စုအထိ ရှိသည်ဟု ဆိုပေသည်။

သစ်ခွပင်များသည် ရာသီဥတု သင့်တင့်မျှတမှုကို နှစ်သက်သည့်အပင်မျိုးဖြစ်၍. . ရာသီဥတုသင့်တင့်သော တောတောင်လျှိုမြောင်တို့၌ ပေါများစွာ တွေ့နိုင်သည်။

ပေါက်ရာဒေသကိုလိုက်၍ သစ်ခွကို အမေရိကတိုက် သစ်ခွမျိုးနှင့် အရှေ့အိန္ဒိယကျွန်းစု သစ်ခွမျိုးဟူ၍ အုပ်စုနှစ်မျိုး ခွဲခြားထားသည်။

အမေရိကတိုက် သစ်ခွမျိုးတို့တွင် ကက်တယ်လီယာ (Cattleya)၊ လီလီယာ(Laelia)၊ မီလတိုးနီးယား(Miltonia) အွန်



www.burmeseclassic.com

www.burmeseclassic.com



ဆစ်ဒီယမ်(Orcidium)စသည်တို့ ထင်ရှားသည်။

အရှေ့အိန္ဒိယကျွန်းစု၊ ဖိလစ်ပိုင်နှင့် အရှေ့တောင်အာရှနိုင်ငံတို့တွင် ဒင်ဒရိုဘီယမ်(Dendrobium)၊ ဗင်ဒါ(Venda)၊ ဆင်ဘီဒီယမ်(Cymbidium)စသည်တို့ သစ်ခွမျိုးများ ပေါက်ရောက်သည်။

မြန်မာနိုင်ငံ၌ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းတောင်တန်းတစ်ဝိုက်၊ ရခိုင်ရိုးမနှင့် တနင်္သာရီတိုင်းတို့၌ အရှေ့အိန္ဒိယကျွန်းစု သစ်ခွမျိုးများကို ပေါများစွာတွေ့နိုင်သည်။

အနောက်နိုင်ငံ သစ်ခွကုမ္ပဏီများအနက် အချို့မှာ -

* အင်္ဂလန်နိုင်ငံရှိ ချားဝပ်ကုမ္ပဏီ၊ (Charles Worth Company)၊
* ပြင်သစ်နိုင်ငံရှိ ဗက်ချိုရော့နှင့် လီတော့ဖ်ကုမ္ပဏီ (Vacherot and Lecoufle Company)
* အမေရိကန်ပြည်ထောင်စုရှိ ဂျုံးနှင့်စကူလီကုမ္ပဏီ၊ (Jones and Scully Company)
* ဩကစ်ဩလန်ဒိုကုမ္ပဏီ (Orchid Orlando Company)
* ဖရက်အေစတီးဝပ် (Fred A Stewart Company)စ သည်တို့ဖြစ်သည်။

ကမ္ဘာကပင်လေးစားရသော သစ်ခွဗေဒကို အကြီးအကျယ် အရေးပေးလေ့လာသောဌာနမှာ အမေရိကန်နိုင်ငံ၊ ဟားဗတ်တက္ကသိုလ်ရှိ ရုက္ခဗေဒဌာန ဖြစ်ပေသည်။





သစ်ခွစိုက်ပျိုးသူများ၊ ဝါသနာပါသူများ၊ သုတေသီများ၊ လေ့လာရန်အတွက် သစ်ခွစာအုပ် မြောက်များစွာ ထွက်ပေါ်သည့်အပြင် လစဉ်ထုတ်ဂျာနယ်များ၊ စာစောင်များလည်း ပေါ်ထွက်ခဲ့သည်။

အမေရိကန်နိုင်ငံမှ လစဉ်ထုတ် အေအိုအက်စာစောင် (American Orchid Society (A.O.S) Bulletin)မှာ ကမ္ဘာ၌ နာမည်ကြီးသော စာစောင်ဖြစ်သည်။

သစ်ခွနှင့်ဆိုင်သော စာအုပ်စာတမ်းများ အများဆုံး သိုမှီးထားသော စာကြည့်တိုက်မှာ ဟားဗတ်တက္ကသိုလ်ရှိ အုတ်အိမ်သစ်ခွ စာကြည့်တိုက် (Oakes Ames Orchid Library) ဖြစ်သည်။

သစ်ခွ စိုက်ပျိုးသူအချင်းချင်း အသင်းအဖွဲ့များဖွဲ့၍ သစ်ခွစိုက်ပျိုးရေး အတွေ့အကြုံဖလှယ်ခြင်း၊ ဟောပြောပွဲ ပြုလုပ်ခြင်း၊ ပန်းအလှ ပြပွဲပြိုင်ပွဲ ပြုလုပ်ခြင်း၊ အာရှနိုင်ငံများသို့ ခရီးဆန့်၍ လေ့လာခြင်းများပါ ပြုလုပ်ခဲ့ကြသည်။

သို့ဖြစ်၍ အနောက်နိုင်ငံ၏ သစ်ခွကဏ္ဍသည် တစ်ဖက်၌ စီးပွားရေး တွက်ခြေကိုက်သကဲ့သို့ တစ်ဖက်၌လည်း ပညာရပ်တစ်ခုအနေဖြင့်ပါ တိုးတက်လျက်ရှိပါသည်။

ထိုင်းနိုင်ငံရှိ နာမည်ကြီးသစ်ခွကုမ္ပဏီအချို့မှာ ဗန်ကရာဘူးသစ်ခွကုမ္ပဏီ(Bangkrabue Nursery)၊ ထိုင်းသစ်ခွ ကုမ္ပဏီ (Thai Orchid Company)၊ အန်ပီလီ သစ်ခွကုမ္ပဏီ (N.P. Lee Orchid Company)၊ ဒဗလျူရိုဂျန်နာဒါရာ သစ်ခွကုမ္ပဏီ (W.

www.burmeseclassic.com



Rajansdara Orchid Company)တို့ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ဗန်ကောက်ပန်းလုပ်ငန်းကုမ္ပဏီ (Bangkok Flower Centre Company Limited(B.F.C)သည်လည်း နာမည်ကြီး သစ်ခွကုမ္ပဏီတစ်ခုဖြစ်သည်။

မြန်မာ သဘာဝသစ်ခွများအနက်မှ မြန်မာနိုင်ငံသားများ အကျွမ်းတဝင်ဖြစ်ပြီး ပြည်တွင်းသစ်ခွ စီးပွားရေးဈေးကွက်အတွက် စိုက်ပျိုးသည့် သဘာဝသစ်ခွအချို့ကို ဖော်ပြပါမည်။

မြန်မာအမည်နှင့် ရုက္ခသိပ္ပံအမည်တို့ကို တွဲ၍ဖော်ပြထားပါသည်။

(၁) သဇင် (Bulbophyllum auricomum)
(၂) လက်တံရှည် ကြွေလိပ်ပြာ၊ ဝါဆိုပန်း (Dendrobium moschatum)
(၃) ဖယောင်းခြေတို (Dendrobium capillipes)
(၄) ဆင်မမျက်ကွင်း (Dendrobium pulchellum)
(၅) ရွှေဝါကလေး (Dendrobiumdixantium)
(၆) ခရမ်းရောင်လွင်ပြင်၊ တံခွန်လုံးကြီး (Dendrobium parishil)
(၇) ရွှေဆစ်ကြိုး (Dendrobium findlayanum)
(၈) ခမောက်ကြီး၊ တံခွန်လုံး (Dendrobium plorardll)
(၉) သင်းကျကျ (Dendrobium primulinum)
(၁၀) ငွေတူကလေး (Dendrobium palpabrae)
(၁၁) တခိုင်လုံးငွေ ကြက်ဥနှစ် (Dendrobium thyrsiflorum)





(၁၂) မောက်ခန်းဝါ၊ ရွှေတူ (Dendrobiumchrysotoxum)
(၁၃) ရတနာရွှေခက်၊ ရွှေဝါကလေး (Dendrobium aggregatum)
(၁၄) ငွေချိုးဖြူ (Dendrobium crumanetum)
(၁၅) ငွေတူ (Dendrobium fomosum)
(၁၆) ကြက်ဥနှစ် ပန်းကလေး (Dendrobium densiflorum)
(၁၇) မညိုးပန်း၊ ဂမုန်းအင် (Dendrobium scabrilingue)
(၁၈) ကြက်တူရွေးပန်း (Saccolabium calceolake)
(၁၉) စာကလေး၊ ပန်းရိုးဆက်ကြီး (Vanda teres)
(၂၀) စာကလေး ရွက်ပြား (Vanda parishil)
(၂၁) မိုးလုံးမှိုင်းပြာ (Vanda coerulea)
(၂၂) မိုးကန်တော့ပန်း (Vanda ameisiana)
(၂၃) စာကလေးအနီ (Aerides crassifolium)
(၂၄) စာကလေးအဖြူ (Aerides falcatum)
(၂၅) ကြောင်မြီး (Rhynchostylis sp)
(၂၆) စာကလေးနီနီ (Ascocentrum eurvifolium)
(၂၇) ကျားပဟုံး (Grammatophyllum speciosum)

ဥရောပနိုင်ငံများတွင် သစ်ခွရှာဖွေသော ကုမ္ပဏီများသာမက သုတေသနလုပ်ငန်းများ သစ်ခွချစ်သူများ အသင်းအဖွဲ့များပင် ထူထောင်ထားကြလေသည်။

ကမ္ဘာကျော် သစ်ခွကုမ္ပဏီများမှာ ဥရောပတစ်ခွင်သာမက အာရှတိုက်နိုင်ငံများသို့ပါ မျက်စိကျပြီး ခြေဦးလှည့်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြန်မာ၊ ယိုးဒယား၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ စသော နိုင်ငံများအထိ လာရောက်၍ ခြေကုပ်ယူကာ ရသမျှ သစ်ခွများကို ရှာဖွေစုဆောင်းကာ သယ်ယူကြလေသည်။

ထိုအထဲတွင် ဗန်ဒါသစ်ခွကုမ္ပဏီလည်း ပါဝင်လာလေတော့သည်။





# အခန်း(၁၀)

# နီမောင် ဒေါက်တာမင်းထင်ကျော်နှင့် ရွှေဝက်မာ

ဒေါက်တာမင်းထင်ကျော်မှာ ဗန်ဒါသစ်ခွကုမ္ပဏီမှ သုတေသနအရာရှိတစ်ဦးဖြစ်သည်။ သူသည် အသက်(၃၀)ဝန်းကျင်ခန့်သာရှိသေးပြီး သုတေသနလုပ်ငန်းများနှင့် စွန့်စားသွားသာသော အလုပ်တို့ကို များစွာဝါသနာပါသူတစ်ဦး ဖြစ်သည်။

ဗန်ဒါသစ်ခွကုမ္ပဏီက ဥရောပမှ မြန်မာနိုင်ငံသို့ ရောက်လာပြီး သစ်ခွရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့လို အတွေ့အကြုံများပြီး အရည်အ ချင်းရှိသော ဒေသခံများကို ခေါ်ယူအသုံးပြုလေသည်။

ဒေါက်တာမင်းထင်ကျော် တာဝန်ကျသော သုတေသန ဌာနတွင် လက်ထောက်အဖြစ် တာဝန်ယူဆောင်ရွက်ပေးနေသူ မှာ အမျိုးသမီးတစ်ဦး ဖြစ်သည်။

သူမ၏ အမည်မှာ မာရီယာဖြစ်ပြီး အသက်(၂၅)နှစ် ဝန်းကျင်အရွယ်ခန့် ရှိသည်။

မာရီယာသည် ဥရောပသွေး ပါသူတစ်ဦးဖြစ်ပြီး အရပ် အမောင်းမြင့်မားပြီး ရုပ်ရည်ချောမောသူ ဖြစ်သည်။

မြန်မာနိုင်ငံမှာ ရှိနေစဉ်ကပင် အတူတူလက်တွဲပြီး လုပ်ကိုင်ခဲ့ကြရသဖြင့် တစ်ယောက်အကြောင်း တစ်ယောက် သိကာ ချစ်သူအဖြစ်သို့ ရောက်ရှိနေကြပြီးလည်း ဖြစ်သည်။

အိန္ဒိယသို့ ရွှေ့ပြောင်းလာသောအခါမှာလည်း နှစ် ယောက်စလုံး ပါလာကြလေသည်။

အလုပ်တာဝန် ထမ်းဆောင်နေသည့်အချိန်တွင် စူးစူး စိုက်စိုက် လုပ်ကိုင်ကြပြီး အလုပ်နားသော အချိန်များမှာတော့ သူတို့နှစ်ယောက်နှင့်ပတ်သက်သော ဘဝရေးရေးကို ဆွေးနွေး တိုင်ပင်ကြလေသည်။

တစ်ခါတစ်ရံ ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် ထော ထဲသွားသောအခါ မာရီယာသည် အတူတူလိုက်လာတတ်လေ သည်။ ညအချိန်များတွင် နှစ်ယောက်တွေ့ဆုံပြီး ဘဝရေးရေး နှင့် ပတ်သက်သည့် အကြောင်းများကို ဆွေးနွေးသည့်အခါ ဆွေး





နွေးကြသည်။

"မောင်. . ကျွန်မတို့နှစ်ယောက် ချစ်သူဘဝ ရောက်ခဲ့ ကြတာလည်း အတော်ကြာပြီဆိုတော့ လက်ထပ်ဖို့ကိစ္စကို မောင် ဘယ်လို စဉ်းစားထားသလဲဟင်"

ဒေါက်တာမင်းထင်ကျော်က မီးဖိုထဲသို့ ထင်းချောင်းများ ကို ထိုးထည့်ရင်းနှင့် သက်ပြင်းချလိုက်သည်။

"မောင်လည်း မြင်သာမြင် မကြင်ရတဲ့ဘဝမျိုးနဲ့ မနေ ချင်တော့ပါဘူး၊ ဒီတစ်နှစ်အတွင်းလောက်မှာပဲ မောင်တို့နှစ် ယောက် လက်ထပ်ကြရင် မကောင်းဘူးလားဟင်"

"ဒါကတော့ မောင့်ရဲ့သဘောပါပဲ၊ ကျွန်မကတော့ ကိုယ့်ချစ်သူနဲ့အတူ နေခွင့်ရရင် ကျေနပ်ပါပြီ"

"ဒါထက် ခင်ကရော ဘယ်လိုစဉ်းစားထားသလဲ၊ လက် ထပ်ပြီးရင် ဘယ်မှာနေမှာလဲဟင်"

မာရီယာ၏ မိဘဆွေမျိုးများ နိုင်ငံခြားမှာ ရှိနေကြ သောကြောင့် ထိုသို့မေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်မက ဥရောပသွေးပါသူတစ်ယောက် ဖြစ်ပေမယ့် မြန်မာဓလေ့ထုံးစံတွေကို လေးစားတန်ဖိုးထားပါတယ်၊ မောင်တို့ မြန်မာစကားပုံတွေထဲမှာ သျှောင်နောက်ဆံထုံးပါတို့၊ ဆွေပြမျိုးပြ တို့ဆိုတဲ့ စကားတွေ ရှိတယ်မဟုတ်လား"

"ရှိပါတယ်"

"မောင်နဲ့လက်ထပ်ပြီးရင်တော့ မောင်ထားတဲ့နေရာမှာ နေပေးရမှာပေါ့၊ ဒါပေမယ့် ကျွန်မမိဘ အသိုင်းအဝိုင်းတွေရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာကိုလည်း ဆွေပြမျိုးပြတော့ သွားကြရမှာပေါ့၊ ဒါမှ နှစ်မျိုးစလုံး ပြီးသွားမှာလေ”

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က သဘောကျသော အမူအရာဖြင့် ပြုံးကာ ချစ်သူကိုယ်လေးကို ပွေ့ဖက်ထားလိုက်လေသည်။

တကယ်တော့ သူတို့နှစ်ယောက်မှာ စိတ်တူကိုယ်တူ ဝါသနာတူများ ဖြစ်ကြရုံမက နားလည်မှုရှိပြီးသားမို့ ဘဝခရီးလမ်းကို အတူလက်တွဲပြီး လျှောက်လှမ်းမည်ဆိုလျှင်လည်း အနှောင့်အယှက် အဟန့်အတားများ ရှိမည်မဟုတ်တော့ပါချေ။

တောထဲမှ ရုံးသို့ပြန်ရောက်သောတစ်နေ့မှာတော့ ဒေါက်တာမင်းထင်ကျော်၏ အခန်းသို့ နီမောင်ရောက်လာလေသည်။

နီမောင်မှာ ဒေါက်တာမင်းထင်ကျော်အား ခင်မင်လေးစားမှု ရှိသူဖြစ်ပြီး ယခုကဲ့သို့ အိန္ဒိယသို့ လိုက်ပါလာခြင်းမှာလည်း ဒေါက်တာမင်းထင်ကျော် ခေါ်လာသောကြောင့် လိုက်လာခဲ့ခြင်း ဖြစ်ပေသည်။

“နီမောင်ပါလား၊ မင်းတို့သုံးယောက် ဒီကနေ့ တောထဲ မသွားကြဘူးလား”

“မသွားဘူးဆရာ”

“တစ်နေ့က မင်းတို့သုံးယောက် ရှာတွေ့လာတဲ့ သစ်ခွပန်းတစ်မျိုးက အတော်ကလေး ရှားပါးတယ်၊ ပြောရရင်တော့ ဘယ်နေရာမှာမှ မတွေ့ရသေးတဲ့ သစ်ခွပန်းမျိုးသစ်တစ်ခုပဲ”





နီမောင်က ခေါင်းညိတ်ပြကာ ဧည့်ခန်းမှာချထားသည့် ...လားထိုင်မှာ ဝင်ထိုင်သောအခါ ဒေါက်တာမင်းထင်ကျော်က ...က်နှာချင်းဆိုင်မှာ ဝင်ထိုင်လေသည်။

“နာမည်မရှိသေးတဲ့ သစ်ခွပန်းဆိုတော့ ဘယ်လိုနာ...ည်ပေးမလဲ ဆရာ”

“ကမ္ဘာ့သစ်ခွသုတေသနမှာ သုတေသနပြုလုပ်ပြီးရင် ...တ်ပုံတင်ရမယ်၊ အမှန်တော့ သစ်ခွပန်းမျိုးသစ်တစ်ခုကို ဦး...းရှာတွေ့ရင် တွေ့တဲ့သူရဲ့နာမည်ကိုပဲ ဂုဏ်ပြုတဲ့အနေနဲ့ ပေး...လေ့ရှိကြတယ်”

“ဟုတ်ကဲ့”

(၁၉၃၁)ခုနှစ် ဝန်းကျင်လောက်က သစ်ခွမှုဆိုးကြီး ...င်းဒါးဝဲ့ဒ်သည် မြန်မာနိုင်ငံ ကချင်ပြည်နယ်တောထဲတွင်. . ...မ္ဘာပေါ်မှာ ရှားပါးလှသော သစ်ခွတစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့...ည်။

လေဒီရှူးပုံသဏ္ဌာန်နှင့်တူသော ထိုသစ်ခွမှာ. . .

“မဉ္ဇူသက”ဟူ၍ တင်စားခေါ်ဆိုထိုက်သည့် ကမ္ဘာတွင် ...လွန်ရှားသော မြန်မာ့သစ်ခွတစ်မျိုး၏ ရုက္ခဗေဒအမည်ဖြစ်...ည်။

ပန်းပွင့်ပုံသဏ္ဌာန်မှာ အမျိုးသမီးစီး ခုံမြင့်ဒေါက်ဖိနပ် ...လေဒီရှူး-Lady shoes)နှင့် တူသောကြောင့်. . “ဖိနပ်သစ်ခွ” ...ipper Orchid)နွယ်ဝင်ဟူ၍လည်း ခေါ်ကြသည်။

အဆိုပါသစ်ခွကို ကမ္ဘာကျော် ရုက္ခဗေဒပါရဂူ ...ရေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး မစ္စတာ ကင်းဒမ်းဝါ့ဒ်က ပထမဆုံးအကြိမ်အဖြစ်. . ကချင်ပြည်နယ်မြောက်ဖျား၊ ပူတာအိုအရှေ့မြောက်၊ မလိခနှင့် နာမ့်တိဆန်မြစ်တို့၏ ရေဝေတောင်တန်းပေါ်၌ (၁၉၂၂)ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။

အဆိုပါ သစ်ခွပန်းကို ရုက္ခဗေဒအသင်းကြီးသို့ တင်ပြ ရန် ဖြစ်သော်လည်း အဦးဆုံးတွေ့သော သစ်ခွပင်က ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သည်။

သို့ဖြစ်၍ အကြိမ်များစွာ ကြိုးစား၍ အမျိုးမျိုးအဖုံး သစ်ခွရှာပုံတော် ဖွင့်ခဲ့ရာ (၁၉၃၁)တွင် မူလနေရာ၌ပင် ထိုသစ်ခွ ပန်းပင်ကို ထပ်မံတွေ့ရပြန်သည်။

သစ်ခွပင်ကို တွေ့ပြီးနောက် စံနစ်တကျ မှတ်တမ်းတင် ရေးသားကာ နမူနာအပင်များဖြင့် အပြည်ပြည်ဆိုင်ရာ ရုက္ခဗေ အသင်းကြီးသို့ တင်ပြခဲ့သည်။

ထိုအချိန်ထိ. . ယင်းသစ်ခွမျိုးကို မည်သူတစ်ဦးတ ယောက်ကမျှ တရားဝင်တွေ့ရှိခြင်း၊ အမည်ပေးခြင်း မပြုလုပ် သေးကြောင်း အထောက်အထား ခိုင်မာသေချာတော့မှ စတ တွေ့ရှိတင်ပြသူ "မစ္စတာကင်းဒမ်းဝါ့ဒ်"၏ အမည်နှင့် သစ်ခွပ ၏ မျိုးရင်းအမည်ကို ပူးတွဲကာ "ပါဖီယိုပီဒီလမ်းဝါဒီ" (Paphio pedilum Waddi)(သို့မဟုတ်)"ဆင်ပရီပီဒီယမ် ဝါဒီယာနမ် (Cypripedium Wardianum)ဟု (၁၉၃၇)ခုနှစ်တွင် ကမ္ဘာ ဂ္ဂဝင်၌ နေရာပေး မှတ်တမ်းတင် ဖော်ထုတ်ပေးခဲ့ခြင်း ဖြစ်ပေ သည်။





အဆိုပါသစ်ခွသည် မြန်မာနိုင်ငံ၌သာရှိသည့် ရှားပါး သော သစ်ခွဖြစ်ကြောင်းလည်း အပြည်ပြည်က ထိုအချိန်မှ စ ၍င်ကာ အသိအမှတ် ပြုလိုက်ကြသည်။

"မင်းတို့ရှာတွေ့ခဲ့တဲ့ သစ်ခွမျိုးကို အပြည်ပြည်ဆိုင်ရာ ရုက္ခဗေဒအသင်းကြီးကို တင်ပို့ပြီး စစ်ဆေးကြည့်ရမယ်၊ ဒီသစ် ခွမျိုး မှတ်ပုံတင်ထားတာ မရှိသေးဘူးဆိုရင်တော့ ငါတို့စိတ် ကြိုက် အမည်တစ်မျိုး ပေးကြရမှာပေါ့"

ဟု ပြောပြလေသည်။

နီမောင်ကတော့ သူ့အနေဖြင့် ထိုအကြောင်းများကို ဘာမှမသိသောကြောင့် ဘာမှထပ်မပြောတော့ပေ။

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီး ညှိဖွာပြီး နီမောင်ကို အကဲခတ်ကြည့်ကာ မေးလိုက်သည်။

"နီမောင် မင်း ငါ့ဆီကို တကူးတက ရောက်လာတာ ပြောစရာကိစ္စ တစ်ခုခုရှိလို့လား"

"ဆရာ့ကို ပြောစရာတစ်ခု ရှိလို့လာတာပါ"

"ပြောစရာရှိတာ ပြောပေါ့ကွာ. .၊ မင်းနဲ့ငါနဲ့က ခွင့် တောင်းနေရမယ့်သူတွေမှ မဟုတ်တာ"

"ကျွန်တော် အလုပ်တစ်ခု လက်ခံထားတာရှိတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်ပင် အံ့ဩ သွားလေသည်။

"ဘာအလုပ်လဲ"

"အဟိံသက ရတနာဂူကို ရှာဖို့အလုပ်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုးစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ စိတ်ဝင်စားသော အမူအရာဖြင့် ကိုယ်ကိုရှေ့သို့ကိုင်းကာ တိုးတိုးမေးလိုက်သည်။

"မင်းကို ဘယ်သူက ခိုင်းတာလဲ၊ ငါ့ကို ပြည့်စုံအောင် ပြောပြပါဦး"

ထိုသို့မေးသဖြင့် နီမောင်က ဦးသက္ကပြောပြသော အကြောင်းများကို ပြောပြလိုက်သည်။

"မင်းပြောတဲ့အကြောင်းကို ငါ အတော်စိတ်ဝင်စားတယ်၊ ငါလည်း ဒီဂူအကြောင်းကို သတင်းကြားနေတာတော့ အတော်ကြာပြီ၊ ဒါပေမယ့် ဒီလိုပြည့်ပြည့်စုံစုံတော့ တစ်ခါမှ မကြားရသေးဘူး"

"ဟုတ်တယ်ဆရာ"

"ဒါဖြင့် မင်းနဲ့တွေ့ခဲ့တဲ့ အပယ်ခံရှာက ဦးသက္ကဟာ ဒီဂူထဲကို ရောက်ခဲ့ဖူးတာပေါ့"

"ဟုတ်တယ်ဆရာ၊ သူက ဂူထဲက ပြန်ထွက်ကတည်းက မျက်စိကွယ်သွားတာဆိုတော့ ကျွန်တော့်ကို အကူအညီတောင်းပြီး ဒီတာဝန်ကို ပေးလိုက်တယ်၊ လွယ်ပါ့မလားဆရာ"

"လွယ်တော့မလွယ်ဘူးကွ၊ ဒီအလုပ်မျိုးတွေက လောကသားတွေနဲ့ ဆက်စပ်နေတာဆိုတော့ အဆင်မသင့်ရင် အသက်အန္တရာယ် ဖြစ်လောက်တဲ့အထိ ဖြစ်နိုင်တာမျိုးတွေရှိတယ်"

ဒေါက်တာမင်းထင်ကျော်က. . ထိုကဲ့သို့သော ရှေး





ဟောင်းရတနာဂူများနှင့် ပတ်သက်ပြီး အတွေ့အကြုံများစွာ ရှိသူဖြစ်သဖြင့် ထိုကဲ့သို့ပြောလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော်ကလည်း ဒီအလုပ်မျိုးတွေကို စိတ်ဝင်စားတယ်၊ ကူညီပေးပါ့မယ်လို့လည်း ကတိပေးခဲ့ပြီးပြီဆိုတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲဆရာ"

"ဒါကတော့ လုပ်သင့်တဲ့ ကိစ္စတစ်ခုပါပဲ၊ ငါလည်း စိတ်ဝင်စားပါတယ်၊ မင်းကို အကူအညီပေးပါမယ်"

ထိုစကားကြားတော့ စိတ်ထဲမှာ ဝမ်းသာသွားလေသည်။

"ဒီအလုပ်က ကိုယ်ကျိုးအတွက် လောဘနဲ့ လုပ်ကြတာမှမဟုတ်တာ၊ ငါတို့အကူအညီပေးလို့ အောင်မြင်သွားရင်. . . ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်ပေးလို့ ရကြမှာဆိုတော့ ငါတို့နှစ်ယောက် အတူလက်တွဲပြီး လုပ်ကြတာပေါ့"

"ဆရာပါ ပါရင်တော့ အများကြီး ပိုကောင်းတာပေါ့. . ဆရာ"

"ဒါထက် မင်းဆီမှာ ဦးသက္ကပေးလိုက်တဲ့ ကြေးပုရပိုက်ရော တစ်ပါတည်း ပါလာသလား"

ထိုသို့ မေးသဖြင့် နီမောင်က ရင်းအကျီအိတ်ထဲတွင် အဝတ်ဖြင့်ပတ်ကာ ထည့်လာသော ကြေးပုရပိုက်ကိုထုတ်ပြီး ဒေါက်တာမင်းထင်ကျော်ကို လှမ်းပေးလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်က သောက်လက်စ စီးကရက်ကို ပြာခွက်ထဲထည့်ပြီး လှမ်းယူလိုက်သည်။

ကြေးပုရပိုက်မှာ ပတ်ထားသောအဝတ်များကို ဖြေပြီး



www.burmeseclassic.com

www.burmeseclassic.com



ပုရပိုက်ပေါ်မှစာများကို အတော်ကြာအောင် ကြည့်နေလေသည်။

အတော်ကြာတော့မှ သဘောပေါက်သွားဟန်ဖြင့် ဦးခေါင်းတစ်ချက်ညိတ်လိုက်သည်။

"စာတွေက ဘယ်လိုရေးထားတာလဲ၊ အဓိပ္ပါယ်ကရော ဘယ်လိုတဲ့လဲ ဆရာ"

"ဒီစာရေးနည်းက 'ရွှေဝှက်စာ'ရေးနည်းလို့ ခေါ်တယ်။ ရှေးကတည်းက ဆရာတော်ကြီးတွေ သိဒ္ဓိပေါက်တဲ့ဝိဇ္ဇာတွေ အသုံးပြုခဲ့တဲ့ ရေးနည်းတစ်မျိုးပါပဲ"

ဟု ရွှေဝှက်စာရေးနည်းကို ပြောပြလေသည်။

## ထူးခြားသော ရွှေဝှက်စာ ရေးနည်း

| | | | | |
|---|---|---|---|---|
| ရေးချတစ်စီး | = | ( ါ ) | = | (၁) |
| နှစ်လုံးကြီး | = | ( ိ ) | = | (၂) |
| သုံးစီးဆန်ခတ်ပါ | = | ( ီ ) | = | (၃) |
| တစ်ချောင်းငင်လေး | = | ( ု ) | = | (၄) |
| နှစ်ပချွေး | = | ( ူ ) | = | (၅) |
| ဆရေးသဝေပါ | = | ( ေ- ) | = | (၆-) |
| သေးသေးတင်ရှစ် | = | ( ံ ) | = | ( △ ) |
| ဧရရစ် | = | ( ြ ) | = | (ဧ-) |
| ဝိစ်စေ့ကိုးသျှာ | = | ( -- း ) | = | (၉) |





| | | | | |
|---|---|---|---|---|
| ဝဆွဲဝတင် | = | ( ွ ) | = | ( ိ ) |
| ပင့်လျှင်ရေးချ | = | ( ျ ) | = | ( ါ ) |
| ဟထိုးနောက်ပစ် | = | ( ှ ) | = | ( ် ) |
| နောက်ပစ်ဟထိုး | = | ( ် ) | = | ( ှ ) |
| သတ္တအသတ် | = | ( င ) | = | ( △ ) |

အထူးမှတ် သိတတ်ရွှေဝှက်စာ

အထက်ဖော်ပြပါ ရွှေဝှက်စာကို အဓိပ္ပါယ်ကောက်၍ ပြန်ရေးပါက အောက်ဖော်ပြပါအတိုင်း ထင်ရှားစွာ သိလာစေပါသည်။

က = က

ကါ = ကိ

ကိ = က၂

ကီ = က၃

ကု = က၄

ကူ = က၅

ကေ = ၆က

ကံ = က△

ကြ = ဧက

ကး = က၉

ကွ = ကိ

ကျ = ကာ

ကှ = ကဲ



www.burmeseclassic.com

www.burmeseclassic.com



ကဲ = ကှ

က် = က်

ဟူ၍ ရေးသားရပေသည်။

တောသူတောင်စံ - ေတါသေတါင်စ်

ကြိန်းတောဇံ - ဧကိန်ဋ္ဌေတါဇ်

ပြင်းထန်လေးဖြစ်တင် - ဧပင်ဋ္ဌထန်ေလ္ဌဖစ်တင်

အင်းတွင်အင်းဆန်ဖြည့် - အင်ဋ္ဌတိုင်အင်ဋ္ဌဆန်ဧဖည်ဋ္ဌ

ကြည့်ပါလိုရာတွေ့ - ဧကည်ဋ္ဌပိလ်ုရိေတို့

အမိဌာန်အောင်ရက်စေ့ - အမ်ဋ္ဌန်ေအိင်ရက်ေစ္ဋ္ဌ

ငါ့ထံလိုက်ခဲ့ပေ - ငိ်ထံလုက်ခ္ဋ္ဌေပ္ဋ္ဌ

ဧင်း ရွှေဝှက်စာရေးသော လက်ာမှာ

ရေးချတစ်စီး နှစ်လုံးကြီး

သုံးစီးဆန်ခတ်ပါ၊

တစ်ချောင်းငင်လေး၊ နှစ်ပဆွေး

ဆရေးသဝေပါ၊

သေးသေးတင်ရှစ် ရေရစ်

ဝစ်စေ့ကိုးသင်္ချာ၊

ဝဆွဲဝတင်၊ ပင့်လျှင်ရေးချ၊ ဟထိုးနောက်ပစ်

နောက်ပစ်ဟထိုး၊ သတ္တအသတ်၊ အထူးမှတ်

သိတတ် ရွှေဝှက်စာ

ဟူ၍ ဖြစ်ပေသည်။

ကြေးပုရပိုက်ပေါ်တွင် ရေးထားသော စာများ၏ အ





မိပ္ပါယ်များမှာ . .

"ဤရတနာများက သာသနာအကျိုးအတွက် ရည်စူး၍ ထားခဲ့သော ရတနာများပင်ဖြစ်၏ . ., ထိုက်သောသူများသာ တွေ့ပြီး မထိုက်သောသူများ မတွေ့ကြစေနှင့် . . .

မသမာသူတို့ တွေ့ပါက ဘေးအန္တရာယ်များနှင့် တွေ့ ကာ အသက်သေဆုံးပြီး မဟာအဝီစိငရဲနှင့် မကျွတ်မလွတ်သော အဖြစ်နှင့် ရှိပါစေသား"

ဟူသော အမိပ္ပါယ်နှင့် ရေးထားသော စာများဖြစ်ပေ သည်။

"ဒီစာတွေကို ဘယ်သူရေးသွားခဲ့တာလည်း ဆရာ"

"ရွှေဝှက်စာကို ရေးသားတီထွင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေက တော့ ရှေးကဆရာတော်ကြီးတွေနဲ့ ပညာရှိပုဂ္ဂိုလ်တွေပဲ၊ ဒီကြေး ပုရပိုက်ပေါ်မှာ ဒီစာတွေ ရေးသားခဲ့သူကတော့ အင်္ဂုလိမာလ ရဟန္တာကြီးမဖြစ်ခင် အဟိသက လူဆိုးကြီးဘဝနဲ့ လူတွေကို သတ်၊ လက်ညှိုးတွေကို ဖြတ်ယူခဲ့တဲ့ အချိန်တုန်းက ရေးခဲ့တာပဲ ဖြစ်မှာပေါ့"

"ဒါဆိုရင် အချိန်အတော် ကြာခဲ့ပြီပေါ့"

"မြတ်စွာဘုရား ပွင့်တော်မူစဉ် ကာလကတည်းကဆို တော့ နှစ်ပေါင်း(၂၅၀၀)ကျော်လောက် ရှိပြီပေါ့"

"ဒီလိုဆိုရင်တော့ ကျွန်တော်တို့နဲ့ထိုက်လို့ လုပ်ခွင့်ရ တာပဲ ဖြစ်မယ်၊ ဆရာကရော ဘယ်လိုသဘောရသလဲ"

"သူတော်ကောင်းတွေ ထားခဲ့တဲ့အလုပ်ဆိုတော့ မထိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူဆိုရင် တွေ့လည်းမတွေ့ဘူး၊ လုပ်ခွင့်လည်း မရနိုင်ဘူး အခုလို လုပ်ခွင့်ရတယ်ဆိုတာ ငါတို့နှစ်ယောက်နဲ့ ထိုက်လို့ပဲ ဖြစ်မှာပေါ့"

"ဒါဖြင့် ကျွန်တော်တို့ သစ်ခွပန်းရှာရင်းနဲ့ အဲဒီဂူကို ရှာကြမယ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က စိတ်ပါလက်ပါနှင့် ခေါင်းညိတ်ပြလေသည်။ ထိုအခိုက်မှာပင် သူတို့နှစ်ယောက် စကားပြောနေသော အခန်းထဲသို့ လူတစ်ယောက် ဝင်လာလေသည်။

ဝီလျံဆိုသူပင် ဖြစ်သည်။

ဝီလျံသည် အင်္ဂလိပ်လူမျိုးတစ်ယောက် ဖြစ်သော်လည်း အာရှတိုက် နိုင်ငံများနှင့် ပတ်သက်သည့် ဓလေ့ထုံးစံများကို တတ်ကျွမ်းနားလည်သူ တစ်ယောက်ဖြစ်သည်။

ထို့ပြင် ဘာသာစကား အတော်များများတို့ကိုလည်း နားလည်တတ်ကျွမ်းလေသည်။ ဝီလျံသည် သစ်ခွမှုဆိုးတစ်ဦး ဖြစ်ကာ ကုမ္ပဏီမှ အားထားရသူလည်း ဖြစ်သည်။

"မစ္စတာမင်းထင်ကျော် ဘာတွေများ တိုင်ပင်နေကြတာလဲဗျ"

"ဘာမှတော့ မဟုတ်ပါဘူး၊ ရှေးဟောင်းပုရပိုက်တစ်ခု တွေ့လို့ လေ့လာနေတာပါ"

"ဘယ်လို ပုရပိုက်မျိုးလည်းဗျ၊ ရတနာလမ်းညွှန်ပုရပိုက်မျိုးလား"

"ဘာမှတော့ မဟုတ်ပါဘူး၊ ရှေးဟောင်းပုရပိုက်တွေ့လို့





လေ့လာနေတာပါ၊ ဘာမှတော့ မသိရသေးပါဘူး"

ဒေါက်တာမင်းထင်ကျော်က ချထားသော ပုရပိုက်ကို ယူပြီး ဝီလျံကိုပေးသဖြင့် ကြည့်လေသည်။

သို့သော်၊ သူ နားမလည်ပေ။

"ဘာအဓိပ္ပါယ်နဲ့ ဒီလိုစာမျိုးတွေ ရေးထားတာပါလိမ့်"

ဟု ပြောဆိုရေရွတ်ပြီး ပုရပိုက်ကို ပြန်ပေးလေသည်။

"ဒါထက် ခင်ဗျားကို ပြောစရာ ရှိသေးတယ်ဗျ"

"ဘာများလဲ"

"ဟိုတလောက ဘင်ဆင်တို့နဲ့ တောထဲသွားတာ ထူးဆန်းတဲ့ အဖြစ်အပျက်နဲ့ တွေ့ခဲ့ရတယ်"

"ဘယ်လို အဖြစ်အပျက်လည်း ပြောပါဦး"

"ဒေသခံတွေက အဲဒီတောကို အဟိသက တောကြမ်းလို့ခေါ်ကြတယ်၊ သူတို့ကတော့ အဲဒီတောထဲဝင်ရမှာ အတော်ကြောက်လန့်နေကြပုံရတယ်"

"အင်း. . ပြောပါဦး"

"ကျုပ်တို့ သုံးယောက်လည်း အဲဒီတောထဲဝင်ဖို့ လမ်းပြသုံးယောက် ခေါ်သွားကြတယ်၊ တောထဲရောက်တော့ ထူးဆန်းတဲ့ပန်းတစ်မျိုး တွေ့ခဲ့ရပြီး ခေါ်သွားတဲ့ လူတစ်ယောက် သေသွားတယ်"

"ဘယ်လိုပန်းမျိုးလဲဗျ"

"ကျုပ်လည်း နေရာအတော်များများကို ရောက်ခဲ့ဖူးပါတယ်၊ ဒီလိုပန်းခိုင်မျိုး တစ်ခါမှ မမြင်ဖူးသေးဘူး၊ ပန်းခိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဍာန်က လက်ညှိုးတွေကို ကြိုးနဲ့သီကုံးထားတဲ့ ပုံသဏ္ဍာန်မျိုးပဲ"

"ဟင်. . ."

"ဒီထက်ပိုပြီး ဆန်းကြယ်တာက အဲ့ဒီပန်းခိုင်က သွေးတွေ စီးကျနေတယ်ဗျ၊ အဲဒီပန်းခိုင်ရဲ့နာမည်က မရဏပန်းကုံးလို့ သူတို့ကပြောတယ်၊ ထူးဆန်းတဲ့ ပန်းခိုင်တွေ့ပြီး နောက်တစ်နေ့ရောက်တော့ ခေါ်သွားတဲ့လမ်းပြတစ်ယောက် သေသွားတယ်"

"ဘယ်လိုသေတာလဲဗျ"

"ထူးထူးဆန်းဆန်း သေတာပါပဲ၊ သူသေသွားတော့ လက်ညှိုးနှစ်ချောင်းစလုံးပြတ်ပြီး မတွေ့ရတော့ဘူး၊ ဒါမျိုးတွေထက်ကယ်ရော ရှိသလားဗျ"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက်ချကာ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ရှိတာပေါ့ဗျာ၊ လူသူအရောက်အပေါက်နည်းတဲ့ တောတောင်တွေထဲမှာ ဒီလိုဆန်းကြယ်တဲ့ အဖြစ်အပျက်မျိုးတွေ အများကြီး ရှိကြပါတယ်"

"ကျုပ်ကတော့ မကျေနပ်သေးဘူးဗျာ၊ ပဟေဠိ ပုစ္ဆာတွေမှာ အဖြေတစ်ခုကတော့ ရှိနေတာပဲ၊ ခင်ဗျားကိုပါခေါ်ပြီး အဲဒီတောမျိုးကို နောက်တစ်ခေါက် သွားကြည့်ချင်သေးတယ်"

"အဆင်ပြေတော့လည်း အတူတူသွားကြတာပေါ့"

ဟုပြောလိုက်ရာ ဝီလျံလည်း နေရာမှပြန်ထကာ ဒေါက်





တာမင်းထင်ကျော်အား နှုတ်ဆက်ပြီး ပြန်ထွက်သွားလေတော့သည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က နီမောင်ကို မေးသည်။

"သူပြောသွားတဲ့တောကို မင်းသိတယ် မဟုတ်လား"

"သိပါတယ်၊ အဟီသက တောကြမ်းလို့လည်း ခေါ်တယ်၊ အင်္ဂလိမာလ တောကြမ်းလို့လည်း ခေါ်တယ်၊ ကျွန်တော်တို့ သွားရမယ့်နေရာက အဲဒီတောထဲမှာ ရှိတယ်"

ထိုစကား ကြားသောအခါ ဒေါက်တာမင်းထင်ကျော်က ပခုန်းနှစ်ဘက်ကို တွန့်ပြလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ သူ လာပြောသွားတာ ကောင်းပါတယ်၊ ငါတို့အတွက် သတိထားရတာပေါ့"

"ကျွန်တော်တို့ ဘယ်တော့လုပ်ငန်းစမလဲ ဆရာ"

"နောက် တစ်ရက်နှစ်ရက်လောက်ကြမှပဲ အစီအစဉ်ဆွဲပြီး သွားကြတာပေါ့"

"ကောင်းပါပြီ ဆရာ"

ထို့နောက် နီမောင်လည်း ကြေးပုရပိုက်ကို ဒေါက်တာမင်းထင်ကျော်ထံမှာထားခဲ့ပြီး အပြင်သို့ ပြန်ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

# မာယာစကော်ကွင်း သို့မဟုတ် အချစ်စကော်ကွင်း

တစ်နေ့သ၌ မောရမြိုင်ရွာသို့ ဗန်ဒါသစ်ခွကုမ္ပဏီမှ လူသုံးယောက် ရောက်လာကြသည်။ သုံးယောက်စလုံး အင်္ဂလိပ်လူမျိုးများ ဖြစ်ကြသည်။

ထိုသုံးယောက်မှာ ဝီလျံ၊ ဘင်ဆင်၊ သောမတ်တို့ပင်ဖြစ်ကြလေသည်။

၎င်းတို့သည် မောရမြိုင်ရွာသို့ ရောက်သောအခါ ရွာ



www.burmeseclassic.com

www.burmeseclassic.com



လူကြီး မောရိယနေအိမ်သို့ မေးမြန်းစုံစမ်းပြီး သွားကြလေသည်။

မောရိယမှာ ကုလားလူမျိုးတစ်ဦးဖြစ်ပြီး အသက်(၅၀)ကျော်အရွယ်ခန့်သာ ရှိသေးသည်။

သို့သော် သူသည် လူရည်လည်သူတစ်ဦး ဖြစ်သည်။ တစ်ကြောင်း အထက်အရာရှိများနှင့် ဆက်ဆံရာမှာလည်း လိုက်သိသူတစ်ဦး ဖြစ်သောကြောင့် ယခုကဲ့သို့ မောရမြိုင်ကဲ့သို့ ရွာကြီးတစ်ရွာကို စီမံအုပ်ချုပ်ခွင့်ရခြင်း ဖြစ်ပေသည်။

မောရမြိုင်ရွာထဲသို့ ထူးထူးခြားခြား မျက်နှာဖြူ ယောက် ဝင်လာသည်ကို မြင်သောအခါ တစ်ရွာလုံးက အံ့ နေကြလေသည်။

အချို့ဆိုလျှင် တကူးတကနှင့်ပင် ထွက်ကြည့်ကြ သည်။

မောရိယနေအိမ်သို့ ရောက်သောအခါ သူကိုယ်တိုင် ထွက်ကြိုပြီး နေရာထိုင်ခင်းပေးသည်။

မောရိယတွင် မေရီဆိုသော သမီးချောတစ်ယောက် ရှိသည်။

အသက်(၂၀)ဝန်းကျင်ခန့်ပင် ရှိသေးပြီး . . သွက်လက် ချက်ချာသူတစ်ဦးလည်း ဖြစ်သည်။

မေရီသည် သူ့မနေအိမ်သို့ မျက်နှာဖြူများ ရောက်လာ သည်ကိုပင် များစွာကျေနပ်ဝမ်းသာနေပြီး လိုလေသေးမရှိ အောင် ဧည့်ခံပေးလေသည်။

မောရိယ ကိုယ်တိုင်ကလည်း အခိုင်းအစေတို့ကိုခေါ်ပြီး





လိုလေသေးမရှိအောင် ဧည့်ခံပေးလေသည်။

"သခင်တို့ ဘယ်လိုအကြောင်းနဲ့များ ရောက်လာကြသလဲ၊ ကျွန်တော် ဘာများလုပ်ပေးရပါမလဲ"

"ခင်ဗျားကို မေးစရာရှိလို့ လာခဲ့တာပဲ"

"ဘာများ သိချင်လို့လဲ"

"အဟိံသက တောနဲ့ပတ်သက်ပြီး ခင်ဗျားသိထားတာတွေ ဘာရှိသလဲ"

"သခင်က ဘာသိချင်တာလဲ"

"သာမန်ထက်ထူးခြားတဲ့ အကြောင်းအရာမျိုးတွေ သိချင်တာဗျ"

ဝီလျံစကား ကြားသောအခါ မောရိယက မျက်မှောင် ကြုတ်လျက် အတန်ကြာအောင် စဉ်းစားနေလေသည်။ ပြီးမှ . .

"အဟိံသကတောဆိုတာ တခြားမဟုတ်ဘူး၊ ရှေးအခါက လူတွေကိုသတ်ပြီး လက်ညှိုးဖြတ်ယူတဲ့ အင်္ဂုလိမာလ နေသွားတဲ့တောမို့ ခေါ်တာပါ"

"အဟိံသကနဲ့ အင်္ဂုလိမာလက ဘယ်လိုဆက်စပ်နေသလဲ"

"နာမည်မတူပေမယ့် လူကတော့ တစ်ယောက်တည်းပါ"

"သူက လက်ညှိုးတွေဖြတ်ပြီး ဘာလုပ်တာလဲ"

မောရိယက ထိုအကြောင်းအရာအချို့ကို အတိုချုပ်ပြီး ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က သူ လက်ညှိုးဖြတ်တာကို စိတ်မဝင်စားဘူး တခြား စိတ်ဝင်စားစရာတွေ ဘာရှိသေးသလဲ"

"အဲဒီတောထဲမှာ အဟိသက ထားခဲ့တဲ့ ရွှေငွေရတနာတွေ ဝှက်ထားတဲ့ ဂူရှိတယ်လို့တော့ သတင်းကြားမိပါတယ် သခင်"

ထိုစကားကြားတော့မှ သုံးယောက်စလုံး စိတ်ဝင်စားသော အမူအရာမျိုးဖြစ်ကာ တက်တက်ကြွကြွ ဖြစ်လာကြသည်။

"အဲဒီဂူက ဘယ်နေရာမှာ ရှိသလဲ ခင်ဗျားသိလား"

"ဘယ်နေရာမှာ ရှိသလဲတော့ မသိပါဘူး သခင်၊ ဘာကြောင့်လည်းဆိုတော့ အဲဒီဂူက ရှာလို့လည်း မတွေ့ရဘူး၊ ရေထိုက်မှ တွေ့ရတယ်လို့ ပြောကြပါတယ်"

"အဲဒီဂူအကြောင်းကို သိတဲ့လူ ဒီရွာမှာ မရှိဘူးလား"

မောရိယက ခေါင်းခါပြလိုက်သည်။

"မရှိပါဘူး သခင်"

"ခင်ဗျားက ရွာလူကြီး လုပ်နေပြီး အတော်ညံ့တာပဲ ဒီရွာမှာ အဲဒီဂူအကြောင်းကို သိထားတဲ့သူ ရှိတယ်"

"ဘယ်သူများပါလိမ့်"

"နီမောင်"

ဝီလျှံစကားကြားတော့ အံ့သြသွားသည်။

နီမောင်ကိုတော့ မောရိယ သိသည်။

သူ့အလုပ် သူလုပ်ပြီး အေးအေးနေတတ်သော လူတစ်ဦး ဖြစ်သည်။





ထို့ပြင် နီမောင်တို့က မောရမြိုင်ရွာမှာ နေသည်ဆိုသော်လည်း သူတို့အစုနှင့်သူတို့ သီးခြားနေကြခြင်း ဖြစ်လေသည်။

"နီမောင် သိတယ်ဆိုတာ သခင်က ဘယ်လိုသိတာလဲ"

"နီမောင်က ငါတို့စခန်းမှာ အလုပ်လုပ်နေတာလေ၊ နောက်ပြီး သူက သုတေသနအရာရှိ ဒေါက်တာမင်းထင်ကျော်နဲ့လည်း အတော်ရင်းနှီးခင်မင်တယ်၊ မနေ့က သူတို့နှစ်ယောက် ပြောဆိုတိုင်ပင်နေတာကို ငါ ကြားလိုက်ရတယ်၊ ဒါကြောင့် လာပြီး စုံစမ်းတာ"

ဒီတော့မှ ဝီလျှံတို့ဘာကြောင့် တကူးတက ရောက်လာကြသည်ကို သဘောပေါက်လေတော့သည်။

"ဒီတော့ ကျွန်တော်ဘာလုပ်ပေးရမလဲ သခင်"

"ဒီအကြောင်းကို သေသေချာချာသိအောင် ခင်ဗျား စုံစမ်းပေးပါ၊ ဒီအကြောင်းသိရရင် ငါတို့ကိုပြောပါ၊ မင်းအတွက် အကျိုးအမြတ် ရှိစေရမယ်"

"ကောင်းပါပြီ ကျွန်တော်ကြိုးစားစုံစမ်းပြီး သခင်တို့ဆီကို သတင်းပို့ပေးပါ့မယ်"

ဟု ပြောလိုက်ရာ ဝီလျှံတို့လည်း ပြန်သွားကြလေသည်။

တစ်နေ့တော့ နီမောင်နေသောအိမ်သို့ ဧည့်သည်တစ်ယောက် ရောက်လာလေသည်။

မေရီပင် ဖြစ်သည်။

တစ်ရွာတည်း နေကြသူချင်းဖြစ်ကြသဖြင့် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်ယောက် သိနေကြသည်။

မလာစဖူး ရောက်လာသော မေရီကို မြင်သောအခါ နီမောင်မှာ များစွာအံ့သြသွားလေသည်။

"မေရီပါလား၊ ဘာကိစ္စရှိလို့ လာတာလဲ"

"အစ်ကို ဒီကနေ့ တောထဲမသွားဘူးလား၊ မသွားရင် အကူအညီ တောင်းချင်လို့ပါ"

"ဘယ်လိုကူညီရမလဲ ပြောလေ"

"ကျွန်မ ဟိုဘက်ရွာခဏသွားမလို့၊ အဖော်မရှိလို့ လိုက်ခဲ့ပေးပါ"

မမျှော်လင့်သော စကားကြောင့် ထပ်မံအံ့သြရလေသည်။

မေရီနှင့်သူနှင့် ခင်မင်ရင်းနှီးမှုက နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားလာရလောက်သော အခြေအနေမျိုး တော့ မဟုတ်သေးပေ။

တစ်ရွာတည်းနေကြသူများ ဖြစ်သောကြောင့် သိကျွမ်းသော အဆင့်မျိုးသာ ရှိလေသည်။

ထိုကဲ့သို့သော အခြေအနေမျိုးမှာ မေရီနှင့်အတူ လိုက်ရမည်ဆိုသောအခါ စိတ်ထဲ၌ တစ်မျိုးဖြစ်သွားမိသည်။ သို့သော်လည်း စကားလွန်ထားပြီးပြီ ဖြစ်သောကြောင့် မတတ်နိုင်တော့ပေ။

နီမောင့်အမူအရာကို ကြည့်ပြီး မေရီက မေးသည်။

"ဘာလဲ အစ်ကိုက ကျွန်မ အဖော်ခေါ်တာ မလိုက်ချင်





လို့လား၊ ဒီလိုဆိုရင်လည်း ရပါတယ်၊ ကျွန်မ တစ်ယောက်တည်း သွားပါတော့မယ်"

ဟု ပြောသဖြင့် ပျာပျာသလဲ ပြန်ပြောရလေသည်။

"ဒီသဘောမျိုး မဟုတ်ပါဘူး၊ မေရီနဲ့ နှစ်ယောက်တည်း သွားရင် သင့်တော်ပါ့မလားလို့ စဉ်းစားနေတာပါ။ တော်ကြာ သူများတွေက တစ်မျိုးထင်သွားမှာ စိုးရိမ်လို့ပါ"

"ဒါက ကျွန်မစဉ်းစားရမယ့် ကိစ္စပါ၊ ကျွန်မသဘောက စိတ်ထဲမှာ မှန်တယ်ထင်ရင် ဘယ်သူမှ ဂရုမစိုက်ဘူး၊ ကဲ အစ်ကို လိုက်ခဲ့မလား. . မလိုက်ဘူးလား"

"လိုက်. . လိုက်ခဲ့ပါ့မယ်"

ဟုပြောပြီး မေရီနှင့်အတူ လိုက်ခဲ့ရလေသည်။

မေရီသွားရမည့်ရွာမှ ကြားထဲတွင် တောတစ်တောကို ဖြတ်ကျော်သွားရသော နေရာ၌ရှိလေသည်။

လူသွားလူလာမရှိသော တောလမ်းမှာ ယခုကဲ့သို့ နှစ်ယောက်တည်း သွားရသောအခါတွင် နီမောင်စိတ်ထဲတွင် တစ်မျိုးတော့ ဖြစ်နေမိသည်။ အဘယ်ကြောင့်ဆိုသော်. . .

မေရီသည် အသက်အရွယ် ငယ်သေးသလို လှပချောမောသူတစ်ယောက် ဖြစ်သောကြောင့်ပင်. . .

နီမောင်ကတော့ တောထဲမှာ သူတို့နှစ်ယောက်တည်း သွားနေသည်ဟု ထင်နေသော်လည်း မဟုတ်ပေ။

သူတို့မမြင်နိုင်သောနေရာမှ လျှို့ဝှက်ကာ. . လူနှစ်ယောက်က နောက်ယောင်ခံ လိုက်လာကြသည်ကိုတော့ နီမောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မသိရှာပေ။

တောထဲမှ ဖြတ်သွားသောအခါ မေရီကပင် ဦးဆောင်ပြီး စကားပြောသွားလေသည်။

"အစ်ကိုတို့က ဗမာပြည်က လာကြတာနော်"

"ဟုတ်ပါတယ် သစ်ခွကုမ္ပဏီမှာ အလုပ်လုပ်ရင်းနဲ့ ဒီနေရာကို ရောက်လာခဲ့ကြတာပါ"

"မိသားစုသုံးယောက်တည်းပဲ ရှိတာဆိုတော့ ခုထိ ရှာ ရွယ်ထားတဲ့သူတွေဘာတွေ မတွေ့သေးဘူးလား"

"မရှိသေးပါဘူး မေရီရယ်၊ ငါတို့ဘဝက ဆင်းရဲပါတယ် ဒီလိုအခြေအနေမျိုးမှာ ဘာမှ စိတ်ကူးယဉ်လို့ မဖြစ်သေးပါဘူး"

"စိတ်ကူးယဉ်တာကတော့ ပိုက်ဆံမရှိလည်း ယဉ်လို့ရ တယ်၊ ဒါပေမယ့် ကြိုးစားမှုရှိတဲ့ သူတစ်ယောက် အဖို့ကတော့ ဆင်းရဲလည်း ခဏပါပဲ၊ ချမ်းသာနိုင်တဲ့နည်းတွေက ရှိနေတာပဲ"

မေရီစကားကိုတော့ စိတ်ဝင်စားမိလေသည်။

"ဘယ်လိုနည်းတွေ ရှိနေတာလဲ မေရီရဲ့၊ သိရင်လည်း ပြောပြပါဦး"

"အစ်ကိုက ရိုးသားပုံရတယ်၊ ဒါကြောင့် ကျွန်မသိတာ ပြောပြမယ်၊ အစ်ကိုသိတာရှိရင်လည်း ကျွန်မကို ပြောပြရမယ် ဘယ်လိုလဲ"

ဟု မေးသည်။

"ဘာအကြောင်းကို ပြောပြရမှာလဲဟင်"

"ကျွန်မတို့က ဒီမှာ အမြဲနေတဲ့သူတွေဆိုတော့ ဒီနေရာ





က တောတွေအကြောင်းကို သိတယ်၊ ဒီတောထဲမှာ အဟိသတ လိုဏ်ဂူဆိုတာရှိတယ်၊ အဲဒီဂူထဲမှာ ရွှေငွေရတနာတွေ အများ ကြီး ရှိတယ်၊ အဲဒီဂူကိုသာ ရှာတွေ့ခဲ့ရင် တစ်သက်မဟုတ်ဘူး ဆယ်သက်စားရင်တောင် မကုန်နိုင်ဘူး"

ဟု ပြောသည်။

"မေရီက ဘယ်လိုသိနေတာလဲ"

"ကျွန်မက ချမ်းသာနိုင်တဲ့ကိစ္စတွေဆိုရင် အားလုံးစိတ်ဝင်စားတယ်၊ ဒါကြောင့် ဒီအကြောင်းတွေကိုသိအောင် ရှာဖွေစုဆောင်းထားတယ်"

"ဒါဖြင့် အဲဒီဂူ ဘယ်နေရာမှာ ရှိသလဲ"

နီမောင်က စကားတစ်ချက်ထောက်ကာ မေးလိုက်သည်။

"သိတန်သလောက်တော့ သိပါတယ်၊ အစ်ကိုရော အဲဒီအကြောင်းတွေကို စိတ်မဝင်စားဘူးလား"

"စိတ်. . စိတ်ဝင်စားပါတယ်"

"ဒါဖြင့် အစ်ကို ဘာတွေသိထားပြီပြီလဲ၊ ကျွန်မကို ပြောပြပါလား"

ဟု မေးလေသည်။

နီမောင် ချက်ချင်းဆိုသလိုပင် ငြင်းလိုက်လေသည်။

"ခုထိတော့ ဘာမှမသိသေးပါဘူး"

နီမောင်ထံမှ အဖြေစကား ကြားသောအခါ, မေရီမှာ မကျေမနပ် ဖြစ်သွားသော အမူအရာဖြင့် ရှေ့ဆက်မသွားတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရပ်လိုက်လေသည်။

"ဟင်. . . ဘာဖြစ်လို့လဲ မေရီ"

"ခေါင်းထဲမှာ အတော်မူးလာလို့ ရှေ့ဆက်သွားလို့တောင် ရပါတော့မလား မသိဘူး၊ ကျွန်မကိုတွဲပြီး ဟိုသစ်ပင်ရိပ်နား ပို့ပေးပါလား"

ဟု ပြောသဖြင့် နီမောင်က နံဘေးနားမှ ဝင်တွဲလိုက်သောအခါ မေရီ၏ကိုယ်က သူ့ကိုမှီကျလာလေသည်။

နီမောင်ခမျာ အတော်ပင် တုန်လှုပ်သွားလေသည်။

သို့သော် မတတ်နိုင်တော့။

တောထဲမှာ နှစ်ယောက်တည်း ရှိနေသောအချိန်ဖြစ်နေရာ သူမကူညီလျှင် မဖြစ်တော့ပေ။

သို့ကြောင့် မေရီကိုတွဲပြီး သစ်ပင်ရိပ်သို့ ပို့ပေးလိုက်သည်။

မေရီကတော့ မျက်စိမှိတ်ထားကာ တဟင်းဟင်းနှင့် ညည်းညူနေလေသည်။

နီမောင်တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိပဲ ဖြစ်နေစဉ် တောထဲမှ တိုးထွက်လာသော ခြေသံများကို ကြားရသဖြင့် လှည့်ကြည့်လိုက်သည်။

မမျှော်လင့်သော လူသုံးယောက်ကို တွေ့ရခြင်းကြောင့် များစွာ အံ့သြသွားလေသည်။ အခြားသူများ မဟုတ်ပေ။

အပါယ်ခံရွာမှ မြသင်းကြူနှင့် လူနှစ်ယောက်တို့ပင် ဖြစ်ကြလေသည်။





"ဟင် . . မြသင်းကြူ တို့ပါလား၊ ဘယ်သွားကြမလို့လဲ"

"ကျွန်မတို့က တောထဲက ဆေးပင်ရှာပြီး ပြန်လာကြတာပါ၊ အစ်ကိုကရော ဒီမှာ ဘာလုပ်နေတာလဲ"

နီမောင်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"ဒီလိုဆိုရင် စိတ်မပူပါနဲ့၊ ကျွန်မနဲ့ပါလာတဲ့ လူနှစ်ယောက်က ဆေးကုပေးတတ်တယ်၊ နေမကောင်း ဖြစ်နေတဲ့ မိန်းကလေးကို သူတို့ ဆေးကုပေးကြပါလိမ့်မယ်"

ဟုပြောရာ လူနှစ်ယောက်က လဲနေသော မေရီအနီးသို့ တပ်သွားကြသည်။

သူတို့အနားကပ်လာတော့ မေရီက မျက်စိပြန်ဖွင့်ကြည့်သည်။

"ရှင်တို့ ဘာလုပ်ကြမလို့လဲ"

ဟု မေးရင်းနှင့် နေရာမှထထိုင်သည်။

"မင်းကို ဆေးကုပေးမလို့လေ၊ နေကောင်းသွားပြီလား"

"အို . . ရှင်တို့ ဆေးကုပေးစရာ မလိုပါဘူး"

ထိုသို့ပြောနေစဉ် နောက်ထပ်လူနှစ်ယောက် ရောက်လာကြသည်။

"မေရီ ဘာဖြစ်နေတာလဲ"

"လမ်းသွားရင်းနဲ့ ခေါင်းထဲကမူးလာလို့ ဆက်သွားလို့ရတော့ဘူး၊ နင်တို့ ရောက်လာတာ အတော်ပဲ"

"ငါတို့လည်း နင့်ကို စိတ်မချလို့ နောက်က လိုက်လာကြတာ၊ အခု ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေ့မသွားတော့ဘူး၊ အိမ်ပဲပြန်တော့မယ်"

ဟု ပြောပြီး အဖော်ခေါ်လာသော နီမောင်ကိုပင် နှုတ်မဆက်တော့ဘဲ နောက်ရောက်လာသော လူနှစ်ယောက်နှင့် ပြန်လိုက်သွားလေတော့သည်။

ထိုအခါ. . မြသင်းကြူနှင့်အတူပါလာသော လူနှစ်ယောက်က. .

"မြသင်းကြူ ငါတို့ ရွှေ့ကသွားနှင့်မယ်၊ နင် နောက်ကသာ လိုက်ခဲ့ပေတော့"

ဟု ပြောဆိုကာ တောထဲပြန်ဝင်သွားကြလေသည်။

နေရာမှာတော့ နီမောင်နှင့် မြသင်းကြူတို့ နှစ်ယောက်သာ ကျန်ခဲ့လေသည်။

ထိုအခါမှ နီမောင်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။

"တိုက်တိုက်ဆိုင်ဆိုင် မြသင်းကြူတို့ ရောက်လာလို့သာ တော်ရော့တယ်၊ မဟုတ်ရင် ဘာလုပ်ရမှန်း မသိပဲနဲ့ အတော်ကြီး ခက်နေတာ"

နီမောင်စကားကြားတော့ မြသင်းကြူက သဘောတကျ စွာဖြင့် ရယ်နေသည်။

ပြီးမှ. . .

"ကျွန်မတို့နဲ့တွေ့ရတာ တိုက်ဆိုင်လို့ မဟုတ်ပါဘူး အစ်ကိုရှိတဲ့နေရာကို တမင်လာလို့ တွေ့ရတာပါ"

ဟု ပြောသည်။





"ဘယ်လိုသိတာလဲဟင်"

"အဘပြောပြလို့ သိတာပါ၊ အဘက အစ်ကိုတောထဲမှာ ဒုက္ခရောက်နေတာသိလို့ ကျွန်မနဲ့ အဖော်နှစ်ယောက်ကို လွှတ်လိုက်လို့ ရောက်လာကြတာပါ"

ထိုသို့ပြောတော့မှ သဘောပေါက်သွားသဖြင့် သက်ပြင်းချလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် မြသင်းကြူတို့ကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး အစ်ကိုရယ်၊ အစ်ကိုနဲ့ ကျွန်မတို့က အလုပ်တစ်ခုကို အတူတူ လုပ်နေကြတာပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က အကူအညီပေးကြရမှာပေါ့၊ ဟိုမှာ အဘစောင့်နေတယ်၊ အစ်ကို လိုက်ခဲ့ဦးမလား"

ဟု မေးသည်။

"လိုက်ခဲ့ပါ့မယ်၊ မြသင်းကြူ တစ်ယောက်တည်း ပြန်လို့ ဘယ်သင့်ပါ့မလဲ"

ထိုစကားကြောင့် သူမမျက်နှာပေါ်မှာ ကျေနပ်မှုအပြုံးရိပ်ကလေးများ ယှက်သမ်းသွားလေသည်။

"အစ်ကိုက ကျွန်မနဲ့ လိုက်ဝံ့သေးလို့လား၊ တော်ကြာ ဟိုအမျိုးသမီးလို ယောင်ချောက်ဆင်မှာ မစိုးရိမ်ဘူးလား"

ထိုစကားကြောင့် ထပ်မံအံ့သြရပြန်လေသည်။

"မြသင်းကြူက ဒါကို ဘယ်လိုသိတာလဲ"

"အဘပြောပြတာကြောင့် သိတာလည်း သိတာပေါ့၊ ဒါပေမယ့် ဒီနေရာရောက်လာတော့မှ ဟိုအမျိုးသမီးလာ မာယာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချောက်ဆင်နေတယ်ဆိုတာ သိရတယ်လေ၊ ဒါကြောင့် ကျွန်မနဲ့ လိုက်ရမှာ မကြောက်ဘူးလားလို့ မေးတာပါ"

"မကြောက်ပါဘူး"

"ဟင်. . ဘာဖြစ်လို့လဲ"

"မင်းက ထောင်ချောက်ဆင်မယ့်သူမျိုးမှ မဟုတ်တာ၊ တကယ်လို့ ထောင်ချောက်ဆင်တယ်ဆိုရင်တောင် အဲဒီထောင်ချောက်ထဲကို တိုးဝင်ရမှာ ဝန်မလေးပါဘူး"

ဒီတစ်ကြိမ်တော့ မြသင်းကြူမျက်နှာပေါ်မှာ အံ့သြသော အရိပ်အယောင်များ ပေါ်လာလေသည်။

"အစ်ကို တကယ်ပြောနေတာလား"

နီမောင်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဘာကြောင့် ဒီစကားမျိုး ပြောတာလဲ"

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ မြသင်းကြူကို တွေ့ကတည်းက နှစ်သက်နေလို့ပေါ့"

"တောထဲမှာ နှစ်ယောက်တည်း တွေ့ရတုန်း အခွင့်အရေးယူတာတော့ မဟုတ်ပါဘူးနော်"

"အစ်ကိုက အခွင့်အရေး ယူတတ်တဲ့သူမျိုး မဟုတ်ပါဘူး၊ မြသင်းကြူကို တကယ်နှစ်သက်လို့ ဒီစကားပြောတာပါ၊ မြသင်းကြူ သဘောကိုလည်း ပြောပါဦး"

"ကျွန်မ စဉ်းစားပြီး အဖြေပေးပါ့မယ်၊ အမှန်အတိုင်း ပြောရရင် ကျွန်မဘဝမှာ ဒီလိုအပြောခံရတာမျိုး ဒီအကြောင်းနဲ့ ပတ်သက်ပြီး စဉ်းစားပေးရတာမျိုး တစ်ခါမှ မရှိခဲ့ဘူးတော့ ဘယ်





ကစပြီး ဘယ်လိုစဉ်းစားရမှန်းတောင် မသိပါဘူး"

"ပိုကောင်းတာပေါ့"

"ဘယ်လိုကောင်းတာလဲ"

"မြသင်းကြူသာ ကိုယ့်မေတ္တာကို လက်ခံပေးရင် ကိုယ်က အချစ်ဦး ဖြစ်ခွင့်ရမှာပေါ့"

"ကျွန်မတို့က အပယ်ခံဘဝတွေပါ အစ်ကိုရယ်၊ အစ်ကိုပါ ဒီလိုဘဝမျိုးရောက်မှာ မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ ဒါတွေက လောကနဲ့ သက်ဆိုင်တဲ့ ကန့်သတ်ချက်တွေပဲ၊ အခု သူဌေးသူကြွယ်ဘဝ ရောက်နေကြတဲ့သူတွေ လူကုံထန်အသိုင်းအဝိုင်း ရောက်နေကြတဲ့ သူတွေထဲမှာလဲ ဒီလိုဘဝမျိုးကလာတဲ့သူတွေ ဒီထက်နိမ့်ကျတဲ့ ဘဝမျိုးက လာတဲ့သူတွေ မရှိဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး၊ ဒါကြောင့် ပကာသနနဲ့ သက်ဆိုင်တာတွေက မေတ္တာတရားနဲ့ ဘာမှမသက်ဆိုင်ပါဘူး၊ အစ်ကို့သဘောကတော့ ဒါပါပဲ"

နီမောင်စကား ကြားသောအခါ မြသင်းကြူက ပြုံးလိုက်လေသည်။

"အစ်ကို့ဆီက ဒီလိုသဘောမျိုး ရှိတယ်ဆိုတာ သိရမှတော့ ကျွန်မဘက်က ထွေထွေထူးထူး စဉ်းစားစရာ မလိုတော့ပါဘူး၊ အဘကို အသိပေးပြီးရင် အစ်ကိုလိုချင်တဲ့အဖြေ ပေးပါ့မယ်"

"ဝမ်းသာလိုက်တာ"

နီမောင်က မြသင်းကြူ လက်ကလေးနှစ်ဘက်ကို ပိုင်

www.burmeseclassic.com



ပိုင်နိုင်နိုင် ဆုပ်ကိုင်ပြီး မျက်နှာကို စေ့စေ့ကြည့်သည်။

မြသင်းကြူကလည်း ချစ်ရည်ရွှမ်းသော မျက်ဝန်းဖြင့် မော့ကြည့်လေသည်။

အကြည့်ချင်းဆုံသည့် အခိုက်အတန့်လေးမှာပင် ရင်ထဲမှာရှိသော ချစ်ခြင်းမေတ္တာ၏ အတိမ်အနက်ကို သိမြင်ကြရလေသည်။

နီမောင်အတွက်ကတော့ မကြာသေးခင်က လှပသော အမျိုးသမီးတစ်ယောက်၏ မာယာစက်ကွင်းသို့ သက်ဆင်းရမလို ဖြစ်ခဲ့ရသည်။ ယခုတော့လည်း သူ့စိတ်ထဲက နှစ်သက်မှုရှိသော မေတ္တာစက်ကွင်းသို့ သူကိုယ်တိုင်ပင် လိုလိုလားလား သက်ဆင်းခဲ့ရချေပြီ ဖြစ်တော့သည်။





# အခန်း(၁၂)

# လက်ညှိုးတစ်ချောင်းဖြင့် အပေးအယူ

အချိန်က ညဥ့်နက်ပိုင်းအချိန် ရောက်နေချေပြီ။

ဗန်ဒါသစ်ခွကုမ္ပဏီမှ ရုံးခွဲအဖြစ် 'လာရောက်ဖွင့်လှစ်ထားသော ရုံးခန်းအဆောက်အအုံများရှိသော ဝန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေချေပြီ။

ဝန်းထဲမှာတော့ အဆောက်အဦးများက သူ့နေရာနှင့်သူ ရှိနေကြသည်။

သစ်တောနှင့် နီးသောနေရာတွင် ကေအဆောက်များ



www.burmeseclassic.com

www.burmeseclassic.com



များကို နေရာယူထားပြီး သစ်သားတိုင်ကျောက်တိုင်များစိုက် ကာ သံဆူးကြိုးများဖြင့် ကာရံထားသည်။

တောနက်ထဲမှ တောတိရိစ္ဆာန်များ ဝင်ရောက်နှောင့် ယှက်မည် စိုးသဖြင့် ဝင်ပေါက်တစ်ပေါက်သာထားပြီး တံခါးတပ် ဆင်ထားသည်။

အထဲမှာတော့ သစ်သားများဖြင့် ဆောက်လုပ်ထား သော အဆောက်အအုံများရှိနေပြီး အချို့လူနေပြီး အချို့သုတေ သနပြုရန်အတွက် အသုံးပြုလေသည်။

ဒေါက်တာမင်းထင်ကျော်နေသောအခန်းမှာ သုတေ သနပြုသော ခန်းမဆောင်နှင့် တဆက်တည်းရှိသော နေရာ၌ ရှိသည်။

မာရီယာနေသော အခန်းမှာလည်း ထိုအဆောင်တွင် ၌ပင် ရှိလေသည်။

ယခုတော့ ဒေါက်တာမင်းထင်ကျော်နှင့် မာရီယာတို့ နှစ်ယောက်စလုံး စခန်းမှာမရှိကြပေ။

သစ်ခွရှာဖွေရေးအဖွဲ့နှင့် တောထဲသို့ လိုက်သွားကြ လေသည်။

တစ်ခါတစ်ရံ တောထဲသွားသော အဖွဲ့များမှာ သုံးလေး ရက်ကြမှ ပြန်ရောက်လာကြလေသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်နေသောအခန်း မှာ မီးရောင်မတွေ့ရဘဲ မှောင်မည်းနေလေသည်။

ထိုအချိန်ရောက်တော့မှ ဒေါက်တာမင်းထင်ကျော်နေ





သော အခန်းရှိရာသို့ လူနှစ်ယောက်ရောက်လာကြသည်။

ဝီလျံနှင့် သောမတ်တို့ပင် ဖြစ်သည်။

နှစ်ယောက်စလုံး အင်္ကျီ၊ ဘောင်းဘီ အနက်ရောင်များ ဝတ်ဆင်ထားကာ အမှောင်ရိပ်ဖြင့် အကာအကွယ်ယူထားကြ သည်။

ထိုနေရာနှင့် မနီးမဝေးရောက်ပြီး လှမ်းကြည့်သောအခါ အဆောင်ထဲမှာ လူတစ်ယောက်ရှိနေသည်ကို ဝိုးတဝါး လှမ်း မြင်ကြရသည်။

"အိမ်ထဲမှာ လူတစ်ယောက် ရှိနေတယ် မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် သူတော့ မဖြစ်နိုင်ဘူး၊ သူက တောထဲလိုက်သွားတာ ပြန်ရောက်မလာသေးဘူး"

"ဒါဖြင့် သူခိုးဝင်နေတာများ ဖြစ်မလား"

နှစ်ယောက်သားတိုင်ပင်ပြီး ထိုအဆောင်ရှိရာသို့ သွား ကြလေသည်။ ဒေါက်တာမင်းထင်ကျော်နေသော အခန်းရောက် သောအခါ နောက်ဘက်အပေါက်မှ အခြေအနေကို ကြည့် သည်။

ထိုအခါမှာတော့ ဘာမှမတွေ့ရတော့ပေ။

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ နောက်ဘက်မှ တံခါးကိုဖွင့်ပြီး အတွင်းသို့ ဝင်သွားကြသည်။

"သူနေတဲ့ အခန်းထဲမှာပဲ ရှိမယ်"

"မင်းပြောတဲ့ ကြေးပုရပိုက်က သူနဲ့အတူတူယူသွားရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းမျိုးတော့ တောထဲသယ်သွားမှာ မဟုတ်ပါဘူး"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော် နေသောအခန်းထဲသို့ ဝင်ရောက်ရှာဖွေကြသည်။

ထိုအခန်းမှာ တစ်ယောက်တည်းနေသူ အခန်းဖြစ်သဖြင့် ပစ္စည်းများဖြင့် ရှုပ်ပွနေလေသည်။

ခေါင်းရင်းဘက် တစ်နေရာမှာတော့ အိပ်ရာနံဘေးမှာ စာရေးစားပွဲတစ်လုံးရှိပြီး စားပွဲပေါ်မှာ စာရွက်များ ပြန့်နေသဖြင့် ဝီလျံကတစ်ရွက်ချင်း ကောက်ယူကာ မီးရောင်ဖြင့် ထိုးကြည့်သည်။

ဂဏန်းအက္ခရာများ၊ စာလုံးအက္ခရာများဖြင့် ရှုပ်ထွေးနေသော စာရွက်များပင် ဖြစ်သည်။

ထိုစာရွက်များမှာ ကြေးပုရပိုဒ်မှာပါသော အကြောင်းအရာများကို အကြမ်းဖျင်း အဖြေထုတ်ထားသော စာရွက်များပင် ဖြစ်သည်။

အံဆွဲထဲမှာတော့ အဝတ်ဖြင့်ပတ်ထည့်ထားသော ကြေးပုရပိုက်ကို တွေ့ရသည်။

"ဒီမှာ တွေ့ပြီ၊ ဟိုတလောက နီမောင်လာပေးသွားတာ ဒီကြေးပုရပိုက်ပဲ"

နှစ်ယောက်စလုံး ဝမ်းသာအားရဖြင့် ဖြေကြည့်သောအခါ ကြေးပုရပိုက်ပေါ်မှာ ရေးသားသောစာများမှာ သူတို့ နားမလည်သော အက္ခရာများ ဖြစ်နေလေသည်။





ထိုအခိုက်မှာပင် နောက်ဘက်မှ ခြေသံတရှပ်ရှပ်နှင့်ဝင်လာသောအသံကို ကြားရသဖြင့် နှစ်ယောက်စလုံး ပြိုင်တူလှည့်ကြည့်လိုက်ရာ မနီးမဝေးမှာရပ်နေသော လူတစ်ယောက်ကို တွေ့ကြရသည်။

တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားသောကြောင့် မည်သူမည်ဝါမှန်းတော့ မသိရပေ။

ဝီလျံက လက်ထဲမှလက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်။

မာတ်ခဲအားမရှိတော့သည့်အလား လက်နှိပ်မီးရောင်က မလင်းတော့ပေ။

"မင်း ဘယ်သူလဲ"

"ငါ ဘယ်သူလဲဆိုတာ သိဖို့မလိုဘူး၊ မင်းတို့ ဘာလုပ်နေတယ်ဆိုတာ ငါသိတယ်၊ မင်းတို့ သူထုပါးပိုင်တဲ့ပစ္စည်းကို ယူဖို့ ကြံစည်နေတာ မဟုတ်လား"

ဝီလျံတို့မှာ ခိုးထုပ်ခိုးထည်နှင့် အမိခံရသူပမာ မလုံမလဲ ဖြစ်သွားကြလေသည်။

ထိုသူက ဆက်ပြောသည်။

"ပစ္စည်းတစ်ခုယူရင် တစ်ခုပေးရတယ် ဆိုတာကတော့ သဘောပေါက်တယ် မဟုတ်လား"

"ခင်ဗျား ဘာလိုချင်တာလဲ"

"ငါ ဘာလိုချင်သလဲဆိုတာ နောက်တော့ သိရမှာပေါ့၊ မင်းတို့ အခုလိုချင်နေတာ ကြေးပုရပိုက်ထဲမှာပါတဲ့ စာတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အခိပ္ပါယ်မဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်၊ ခင်ဗျားဘယ်လိုသိနေတာလဲ"

"သိတာပေါ့ကွာ . . ၊ ဒီကြေးပုရပိုက်က ငါပေးလိုက်တဲ့ ပစ္စည်းပဲဟာ"

ထိုစကားကြားသောအခါ နှစ်ယောက်စလုံး ဝမ်းသာသွားကြလေသည်။

"ဒါဖြင့် ဒီကြေးပုရပိုက်ထဲမှာပါတဲ့ စာတွေရဲ့အဓိပ္ပါယ်ကို ပြောပြပါလား"

"တစ်ခုလိုချင်ရင် တစ်ခုတော့ ပေးရမှာပေါ့"

"ဘာလိုချင်တာလဲ"

"မင်းရဲ့ လက်ညှိုးတစ်ချောင်း"

ထိုစကားကြားသောအခါ မျက်လုံးပြူးသွားကြလေသည်။

"လက်ညှိုးကဘာလုပ်ဖို့လဲ၊ တခြားယူစရာ မရှိဘူးလား"

"မရှိဘူး၊ ငါက လက်ညှိုးပဲ လိုချင်တယ်"

"မပေးနိုင်ဘူး၊ ငါတို့ဘာသာ ရောက်အောင် ကြိုးစားယူမယ်"

"မင်းတို့ ကြေးပုရပိုက်ထဲက အဓိပ္ပါယ်တွေသိရင်လည်း အဟိံသကလိုဏ်ဂူကို ရှာလို့တွေ့မှာမဟုတ်ဘူး၊ ဒီလိုဏ်ဂူက ကျိန်စာတိုက်ထားတဲ့ဂူပဲ"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"မင်းတို့တတွေ အသက်သေရင်တော့ ဂူထဲရောက်တြ





သိမ့်မယ်"

ဟုပြောကာ နောက်သို့ ပြန်လှည့်သွားလေတော့သည်။

ကြည့်နေရင်းမှာပင် . . အမှောင်ရိပ်ထဲရောက်တော့ ပျောက်သွားလေသည်။

ထိုအခါမှ နှစ်ယောက်သား သက်ပြင်းချနိုင်ကြလေတော့သည်။

"ဘယ်လိုဆက်လုပ်ကြမလဲ၊ သူပြောသွားတာတွေက ရော ဖြစ်နိုင်ပါ့မလား"

"ငါတော့ အယုံအကြည်မရှိဘူး"

"စောစောက တွေ့လိုက်တာ ဝိညာဉ်ဖြစ်မယ်ထင်တယ်၊ ဝိညာဉ်တွေကို မယုံလို့မရဘူး"

ထိုအခါ ဝီလျံက ကြေးပုရပိုက်နှင့်အတူ စားပွဲပေါ်မှာ တွေ့သော စာရွက်စာတမ်းများကို အားလုံးသိမ်းယူပြီးနောက် အိတ်တစ်လုံးထဲသို့ ထည့်ယူလေသည်။

"ငါက လက်တွေ့သမားပဲ . . ၊ ကြေးပုရပိုက်ထဲက အကြောင်းအရာတွေကို အခုမသိရသေးလဲ . . တဖြည်းဖြည်းသိအောင် ကြိုးစားယူမယ်"

ဟု ပြောဆိုပြီးနောက် ပစ္စည်းထည့်ထားသော အိတ်ကို ဝါ တစ်ပါတည်းယူ၍ ထိုအခန်းထဲမှ ပြန်ထွက်လာကြလေသည်။

ထိုညက မိမိအခန်းပြန်ရောက်တော့ ဝီလျံတစ်ယောက် မအိပ်သေးဘဲ စားပွဲပေါ်သို့ယူလာသော ကြေးပုရပုဒ်နှင့် စာရွက်များကိုချကာ အဖြေတွေ့လိုတွေ့ငြား ရှာဖွေကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် မိမိအခန်းအပြင်ဘက်မှ ခြေသံလိုလို ကြားသဖြင့် တံခါးဖွင့်ကြည့်တော့ အမှောင်ရိပ်ထဲမှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို လှမ်းမြင်ရသဖြင့် တံခါးကို ချက်ချင်း ပြန်ပိတ်လိုက်သည်။

ထို့နောက် ညစောင့်ကုလားကိုခေါ်ပြီး ခြံဝန်းထဲမှာ သေသေချာချာ ဂရုစိုက်ကြည့်ရှုရန် မှာကြားလေသည်။

ဓားကောက်ကြီးတစ်လက်ကို လွယ်ထားသော အစောင့်ကုလားက သူ့ကိုအရိုအသေပေးပြီး ပြန်ထွက်သွားလေသည်။

ခဏကြာတော့. . . ခြံဝန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော အစောင့်ကုလားကို လှမ်းမြင်ရသဖြင့် စိတ်သက်သာရာ ရသွားကာ လုပ်လက်စအလုပ်များကို ဆက်လုပ်နေလေသည်။

ထိုအချိန်မှာပင် မိမိအခန်းအပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်သွားသော ခြေသံကို ကြားရသဖြင့် တံခါးဖွင့်ကာ အပြင်ဘက်သို့ ကြည့်လိုက်သည်။

သူ ထွက်ကြည့်သောအချိန်တွင် အမှောင်ရိပ်များကျနေသော အခန်းထောင့်ချိုးဘက်သို့ ကွေ့ဝင်သွားသော မည်းမည်း သဏ္ဍာန်ကြီးကို လှမ်းမြင်လိုက်ရသည်။

နောက်တော့ မထူးခြားတော့သဖြင့် အခန်းထဲပြန်ဝင် ရုံပင် ရှိသေးသည်။ ခြံဝန်းထဲမှ ဈူးဈူးဝါးဝါးအော်သံကို ကြားလိုက်ရလေသည်။





သို့ကြောင့် ပြတင်းပေါက်တံခါးကို ဖွင့်ကြည့်လိုက်တော့ ဒရဝမ်စောင့်သောကုလားမှာ မြက်ခင်းပေါ်၌ ပုံလျက်သား လဲကျနေသည်ကို တွေ့ရသဖြင့် . သေနတ်နှင့် လက်နှိပ်မီးကို ယူပြီး အောက်သို့ ကပျာကယာ ဆင်းသွားလေသည်။

ဝီလျံရောက်သွားတော့ ကုလားမှာ တအင်းအင်းတအဲ အဲနှင့် ညည်းညူနေသည်။

သူကိုင်သော ဓားကောက်ကြီးက နံဘေးနားမှာ ကျနေသည်။

"မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ လောလောဆယ် စွန်းပေနေသော သွေးများကို တွေ့ရသည်။

"ဟင်. ."

ဝီလျံက မီးရောင်ဖြင့်ထိုးပြီး သေသေချာချာကြည့်တော့ ကုလား၏ လက်တစ်ဖက်မှာ လက်ကောက်ဝတ်မှ ပြတ်ကျနေသည်။

ထိုနေရာမှ သွေးစက်များ ထွက်နေခြင်း ဖြစ်သည်။

"ဂျမား ဘယ်လိုဖြစ်တာလဲ"

အော်ဟစ်ညည်းညူနေသော ကုလားက ပြတ်ကျနေသောလက်ကို ပြသဖြင့် မီးရောင်ဖြင့် ထိုးကြည့်သောအခါ လက်တစ်ချောင်း မရှိတော့ပေ။

လက်ညှိုးတစ်ချောင်း မရှိတော့ပေ။

"မင်းလက်ကို ဘယ်သူ ဖြတ်သွားတာလဲ"

"သူ. . သူဖြတ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ကျန်လက်ဖြင့် ထိုးပြတော့မှ လှည့်ကြည့်လိုက်သောအခါ သူ့နောက်ဘက်တွင် မားမားကြီးရပ်နေသော လူမည်းကြီးကို တွေ့ရသဖြင့် . ကျောထဲမှာ စိမ့်တက်သွားလေသည်။

နောက်မှ သတိရကာ ခါးမှာထိုးထားသော သေနတ်ကို ကပျာကယာဆွဲထုတ်ပြီး ကြည့်လိုက်သောအခါ စောစောက နေရာတွင် လူမည်းကြီးအား မတွေ့ရတော့ပေ။

အနီးဝန်းကျင်ကို ကြည့်တော့လည်း ဘာမှမရှိတော့ပေ။

စိတ်ထဲမှာ မကျေနပ်သဖြင့် မီးရောင်ဖြင့် လိုက်လံထိုးကြည့်တော့လည်း ဘာမှ မတွေ့ရသဖြင့် မကျေမနပ် ဖြစ်သွားလေသည်။

ထို့နောက်မှာတော့ ဝီလျံက အသံပေးပြီး ခေါ်လိုက်တော့မှ အခြားသူများ ရောက်လာလေသည်။ ဒဏ်ရာရနေသော ကုလားကို တွဲခေါ်သွားကြလေသည်။

လက်ညှိုးတစ်ချောင်း ပြတ်နေသော လက်တစ်ဖက်နှင့် ဓားကောက်ကိုတော့ တစ်ယောက်က ယူသွားလေသည်။

ဇဝေဇဝါဖြင့်ရပ်နေသော ဝီလျံရှိရာသို့ ၎င်းနှင့် တွဲဖော်များဖြစ်ကြသည့် ဘင်ဆင်နှင့် သောမတ်တို့ ရောက်လာကြသည်။

"ဘယ်လိုဖြစ်တာလဲ ဝီလျံ"

"ငါလည်းမသိဘူး၊ ငါဆင်းလာတော့ သူ လက်ပြတ်နေပြီ"





"သူ့လက်ကို ဘယ်သူဖြတ်သွားတာလဲ"

ထိုအကြောင်းကို ကောင်းစွာမသိသေးသော ဘင်ဆင်က ဝင်မေးလိုက်သည်။

"သူ့လက်ကို ဖြတ်သွားတဲ့လူကို ငါ တွေ့လိုက်တယ်၊ ကြောက်စရာကောင်းတဲ့ ဝိညာဉ်တစ်ကောင်ပဲ"

"ဝိညာဉ် . . ဟုတ်လား"

ဘင်ဆင်က များစွာအံ့ဩသွားဟန်ရှိသည်။

"ဝိညာဉ်က ဘာကြောင့် ဒီလိုလုပ်တာလဲ၊ ငါတို့လုပ်မယ့် အလုပ်နဲ့ သက်ဆိုင်နေလို့လား"

ဝီလျံက ခေါင်းခါပြလိုက်လေသည်။

ထိုအခါ သောမတ်က ဝင်ပြောသည်။

"သူပြောတဲ့အတိုင်း လက်ညှိုးဖြတ်ယူသွားတာပဲ၊ ဘာကြောင့် ဒီလိုဖြစ်တာလဲ"

"ငါလည်း မသိဘူး"

ထိုအခါ ဘင်ဆင်က ဝင်ပြောပြန်သည်။

"ငါကတော့ ဒါမျိုးတွေ သိပ်ပြီးအယုံအကြည် မရှိလှဘူး၊ ဒါပေမယ့် ငါတို့သုံးယောက် လမ်းပြကုလားသုံးယောက်နဲ့ တောထဲသွားတုန်းက 'မရဏပန်းကုံး'လို့ခေါ်တဲ့ ပန်းတစ်မျိုး တွေ့ခဲ့ရတယ်၊ အဲဒီပန်းကုံး တွေ့ပြီးတော့ ကုလားတစ်ယောက် သေသွားခဲ့တယ်"

"ဟုတ်တယ် အဲဒီတုန်းကလည်း သေနေတဲ့ ကုလားမှာ လက်တစ်ဖက် ပြတ်နေပြီး လက်ညှိုးတစ်ချောင်း ပျောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို သတိပြုမိတယ် မဟုတ်လား”

သောမတ်က မေးသည်။

“သတိပြုမိတယ်၊ အခုဖြစ်ပုံနဲ့ အတော်တူတယ်၊ ငါတို့ ဘယ်လို လုပ်ကြမလဲ၊ မင်း ကြေးပုရပိုက်ထဲက စာတွေကို. . . အဓိပ္ပါယ်ဖော်လို့ရပြီလား ဝီလျံ”

“ငါလည်း ကြည့်နေတာပဲ ဘာမှမသိဘူး”

“ဒေါက်တာမင်းထင်ကျော်ကတော့ အဲဒါမျိုးတွေ နှံ့စပ်တော့ သူကတော့ အဓိပ္ပါယ်သိချင်သိနိုင်တယ်”

“သူ့မေးလို့တော့ ဘယ်ပြောမှာလဲ. .၊ ဒီအခြေအနေရောက်မှတော့ အခွင့်အရေးကို လက်လွှတ်ပေးလို့ မရဘူး၊ ဒီဒေသကို ကျွမ်းကျင်တဲ့သူတွေကိုခေါ်ပြီး တစ်ခေါက်ထပ်သွားကြရင် ကောင်းမယ်၊

“ဘယ်သူတွေကို ခေါ်သွားမလဲ”

“မောရှမြိုင်ရွာက မောရိယနဲ့ တိုင်ပင်ပြီး လုပ်ကြရမယ်”

ဝီလျံကပြောသောအခါ ကျန်နှစ်ယောက်က ဘာမှထပ်မပြောကြတော့ပေ။

ထို့နောက် မိမိတို့ အခန်းရှိရာသို့ အသီးသီးပြန်လာကြသည်။

သောမတ်ဆိုသူမှာ မိမိအခန်းရောက်သောအခါ အခန်းတံခါးကို ဖွင့်လိုက်ရာမှာ နှာခေါင်းထဲမှာ သွေးညှီနံ့လိုလို ရသဖြင့် အံ့သြသွားသည်။

အခန်းထဲမှာ မီးအိမ်တစ်လုံး ထွန်းထားသောကြောင့်





အရာဝတ္ထုတို့ကို မြင်နေရသည်။

သို့ကြောင့် အတွင်းဝင်ပြီး အသေအချာ ကြည့်သောအခါ ကြမ်းပြင်တစ်နေရာမှာ သွေးကွက်များ စွန်းပေနေသည်ကို တွေ့ရလေသည်။

“ဟင်. .”

တအံ့တသြဖြင့် အပေါ်သို့ မော့ကြည့်လိုက်သောအခါ မျက်နှာကျက် တစ်နေရာတွင် ချိတ်ဆွဲထားသော မရဏပန်းကုံးကို တွေ့ရသဖြင့် ကြက်သေသေသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

# တောတောင်မာယာ ဝင်္ကပါ

နောက်ရက်မှာတော့ ဝီလျံကပင်ခေါင်းဆောင်ပြီး တောတွင်းသို့ဝင်ရန် ပြင်ကြလေသည်။

သစ်ခွပန်း ရှာဖွေရန်အတွက် ခရီးထွက်ကြမည်ဟု အကြောင်းပြထားကြသည်။

ယခင်ကလည်း ထိုကဲ့သို့ပင် လူစုလူဝေးဖြင့် တောထဲတောင်ထဲ သွားလာနေကျဖြစ်သဖြင့် မည်သူကမှ ဂရုစိုက်ကာ ကြည့်မနေကြတော့ဘဲ ကိုယ့်အလုပ်ကိုယ် လုပ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ပတ် ခရီးထွက်ရာမှာတော့ လူများသည်။

ဝီလျံ၊ ဘင်ဆင်၊ သောမတ်တို့သုံးယောက်အပြင် မောရီယပါ ပါသည်။

လမ်းပြများအဖြစ် ယခင်တစ်ခေါက် လိုက်ခဲ့ဖူးသော ရာဂျစ်နှင့် ချန္ဒရာတို့အပြင် အခြားကုလားနှစ်ယောက်ပါ ပါသဖြင့် စုစုပေါင်း ရှစ်ယောက်ဖြစ်သည်။

ယခင်တစ်ခေါက် သွားကြစဉ်က 'မူတူး'ဆိုသူ ကုလားတစ်ယောက် လက်ပြတ်ပြီး သေသဖြင့် ရာဂျစ်နှင့် ချန္ဒရာတို့ မလိုက်လိုကြပေ။

သို့သော် မောရီယက အတင်းခေါ်သဖြင့် ကြောက်ရွံ့စွာ လိုက်လာကြရခြင်း ဖြစ်လေသည်။

ဒီတစ်ကြိမ်တော့ ဝီလျံတို့က သေနတ်စသော လက်နက်များကို ပြည့်စုံအောင် ယူဆောင်လာကြလေသည်။

သူတို့သည် အဟီသကတောထဲသို့ စတင်ဝင်ကတည်းက သတိကြီးစွာဖြင့်ထားကာ တွေ့သမျှ မြင်သမျှ မျက်ခြည်မပြတ်အောင် ကြည့်ကြရလေသည်။

ယခုကဲ့သို့ ထွက်သာလာကြသော်လည်း အဟီသကလိုဏ်ဂူသို့ ရောက်ဖူးသူ တစ်ယောက်မှမပါပေ။

တွေ့ဖူးမြင်ဖူးသူလည်း မပါပေ။

သို့ကြောင့် စမ်းတဝါးဝါးနှင့်သာ သွားလာရင်း ဂူပေါက်မြင်သမျှ ဝင်ရောက်ရှာဖွေကြလေသည်။

ထိုသို့ ရှာဖွေရာမှာတော့ အချို့ဂူများထဲတွင် ရတနာ





များကို မတွေ့ရသော်လည်း အန္တရာယ်များနှင့် တွေ့ကြရသည်။

လူသူအရောက်အပေါက်နည်းသော ဂူများအတွင်း၌ အဆိပ်ပြင်းသော မြွေဆိုးများ၊ ပင့်ကူများ၊ ကင်းမြီးကောက်များ၊ သွေးစုပ်လင်းနို့၊ သွေးစုပ်လိပ်ပြာများ၊ ပဒူကောင်များ၊ ပသန်များစသော လူကိုအန္တရာယ်ပေးသော သတ္တဝါများနှင့် တွေ့ကြရသည်။

ထို့ပြင် တောထဲ၌မင်းမူနေသော ဆင်ရိုင်း၊ ကိုးတောင်များ၊ ဝက်ဝံ၊ မျောက်ဝံ စသော တောတိရစ္ဆာန်များနှင့်လည်း ရင်ဆိုင်တွေ့ရသောအခါ တွေ့ရသည်။

သေနတ်များပါသဖြင့် ပစ်ခတ်သောအခါမှ အဝေးသို့ ပြေးသွားကြခြင်း ဖြစ်သည်။

ထိုသတ္တဝါများ၏ အန္တရာယ်ထက် ပိုမိုကြောက်စရာကောင်းသော အန္တရာယ်များနှင့်လည်း တွေ့ရသေးသည်။

သဘာဝအန္တရာယ်ဘေးပင် ဖြစ်သည်။

သွားရင်းနှင့်ပင် နွယ်ရှင်များ ပတ်ယူသွားသောကြောင့် လမ်းပြကုလားတစ်ယောက် ပါသွားသေးသည်။

အော်သံကြားသဖြင့် ကြည့်လိုက်သောအခါ နွယ်ရှင်က မြွေလိပ်သကဲ့သို့ ပတ်ယူကာ အပေါ်သို့ ဆွဲတင်သွားသည်ကို တွေ့ရသည်။ ဘာမှ မတတ်နိုင်တော့. . .။

ဇင်းလူကို ကယ်ဖို့ကြိုးစားပါက နောက်ထပ်နွယ်ရှင်များ အပတ်ခံရမည်စိုးသောကြောင့် အနားမကပ်ဝံ့ကြတော့ဘဲ. . . နောက်သို့ ဆုတ်ပေးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပေါ်မှ 'ကယ်ပါ ယူပါ'ဟု အော်ဟစ်အကူအ ညီတောင်းနေသောအသံကို ကြားနေရသေးသည်။

နောက်တော့ . . တဖြည်းဖြည်းနှင့် ပျောက်သွားတော့ သည်။

မကြာခင် သစ်ပင်ပေါ်မှ သွေးစက်များကျလာသည်။ မိုးရွာသကဲ့သို့ ကျလာခြင်း ဖြစ်သည်။

မနီးမဝေးမှာ ရှိနေကြသူတို့မှာလည်း အပေါ်သို့ မော့ ကြည့်နေရုံသာ တတ်နိုင်တော့သည်။

လမ်းပြပါလာသော အခြားကုလားများကတော့ သူတို့ အဖော်ကိုကြည့်ပြီး မျက်စိမျက်နှာ ပျက်နေကြသည်။

ထိုသို့ကြည့်နေရင်းမှာပင် အပေါ်သို့ လိပ်တင်ထား သော နွယ်ခွေကြီးက တဖြည်းဖြည်းပြန်ဖြေကျလာသည်။

အောက်သို့ ပြန်ရောက်သောအခါ နွယ်ခွေလိပ်ထဲမှာ ရှိနေသော သူကို အောက်သို့ပစ်ချလိုက်သည်။

ခွေခွေကလေး လဲကျနေသော်လည်း မလှုပ်နိုင်တော့ ပေ။

"ဟေ့ . . မင်းတို့လူကို သွားဆွဲလာခဲ့"

ဝီလျံက အမိန့်ပေးသော်လည်း လမ်းပြကုလားများ တစ်ယောက်မှ မလှုပ်ကြပေ။

"သွားဆွဲလေကွာ"

"သွားဆွဲရင် ကျွန်တော်တို့ပါ နွယ်ရှင်ပတ်ခံရပြီး သေ မှာပေါ့"





ဟု ပြောသဖြင့် ဝီလျံမှာ ဆက်မပြောတော့ပေ။

ထိုအချိန်မှာပင် . . လမ်းပြပါလာသော ကုလားတစ် ယောက်က ဓားကောက်ကြီးကိုကိုင်ပြီး ထိုနေရာသို့ ပြေးသွား လေသည်။

သစ်ပင်အောက်သို့ လူတစ်ယောက်ရောက်လာတော့ ခုနစောက အသက်မရှိသလို ငြိမ်သက်နေသော နွယ်ရှင်များက အသက်ဝင်လာသကဲ့သို့ လူးလွန့်လှုပ်ရှားလာကြသည်။

မြွေများ၊ ကျွတ်များ၊ လူသွေးအနံ့ရသောအခါ လှုပ်ရှား လာကြသည်နှင့် တူသည်။

နောက်မှဝင်သွားသော ကုလားက သူ့အဖော်ကိုလည်း ရစ်၍ ဝင်လာသော နွယ်ရှင်များကိုလည်း ဓားကောက်ဖြင့် ပိုင်း ဖြတ်ပစ်သည်။

ပြတ်ကျသွားသော နေရာများမှ လူသွေးနှင့်တူသော အနီရောင် အစေးရေများ ပန်းထွက်လာသည်။

ပြတ်ကျသွားသော အပိုင်းများမှာလည်း အသက်ရှိ သော သတ္တဝါတစ်ကောင်ကို ဖြတ်ချထားသကဲ့သို့ လှုပ်ရှားနေ ကြသည်။

ပုံသဏ္ဍာန်မှာ မြွေတစ်ကောင်ကို ဓားဖြင့်ခုတ်ဖြတ် သောအခါ လူးလွန့်နေသော ပုံသဏ္ဍာန်မျိုးနှင့် တူလှသည်။ ကြည့်နေသည်နှင့်ပင် ကြက်သီးထဖွယ်ရာဖြစ်သည်။

ထိုအခြေအနေများမှာပင် အဖော်ဖြစ်သူ ကုလားက အနီးနားစားစား ကယ်ယူလာသောကြောင့် နွယ်ပတ်ခံရသူမှာ အ



www.burmeseclassic.com

www.burmeseclassic.com



ပြင်သို့ ရောက်လာသည်။

စမ်းသပ်ကြည့်သောအခါ အသက်မရှိတော့ပေ။

တစ်ကိုယ်လုံး သွေးများမရှိတော့သဖြင့် ကမ္ဗဒ္ဒါန်းရုပ်ကဲ့သို့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေပြီ။

ဘာမှမတတ်နိုင်တော့ပေ။

ထိုအလောင်းကို သစ်ပင်တစ်ပင်အောက်မှာ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပြီး ရှေ့သို့ခရီးဆက်ကြလေသည်။

တစ်ယောက်သေသဖြင့် ခုနစ်ယောက်သာ ကျန်တော့သည်။

ဤသို့ဖြင့် တစ်နေကုန်သွားသဖြင့် သင့်တော်သောဂူပေါက်တစ်ခုအတွင်းသို့ ဝင်ရောက်ကာ စခန်းချကြလေသည်။

ညအချိန်ရောက်သောအခါ ဝီလျှံတို့သုံးယောက်နှင့်မောရိယအပါအဝင် လေးယောက်တို့မှာ ကြေးပုရပိုက်မှာပါသော အကြောင်းအရာများနှင့် စာများကို အဓိပ္ပါယ်ဖော်ရန်ကြိုးစားနေကြလေသည်။

"သခင်တို့ အဓိပ္ပါယ်ဖော်လို့ရပြီလား"

မောရိယက မေးသည်။

"မရသေးဘူး၊ ဒါပေမယ့် ဒီလို ဂူက်စာတွေရဲ့ အဓိပ္ပါယ်ကိုတော့ မသိရသေးဘူး၊ နီမောင်နဲ့ ဒေါက်တာမင်းထင်ကျော်နှစ်ယောက်တော့ အဓိပ္ပါယ် သိနိုင်ကြတယ်"

ထိုအခါ မောရိယက ဝင်ပြောလေသည်။

"သခင်တို့ အကြံပေးတဲ့အတိုင်း နီမောင်ဆီက တစ်ဆ





သိရအောင်လို့ ကျွန်တော့်သမီးကို လွှတ်ပြီး ကြံစည်ခဲ့ပါတယ်၊ ဒါပေမယ့် အနှောင့်အယှက် ပေါ်လာတာနဲ့ မအောင်မြင်ခဲ့ပါဘူး"

"ဘယ်က အနှောင့်အယှက်လဲဗျ"

"ကျွန်တော် လွှတ်လိုက်တဲ့ သူနှစ်ယောက် ပြောပြတာတော့ ကယ်ပါရွာကလူတွေလို့ ပြောတာပဲ"

"ကယ်ပါရွာဆိုတာ ဘာလဲဗျ"

"ကယ်ပါရွာဆိုတာ တောင်းရမ်းစားသောက်တဲ့သူတွေနေနေတဲ့ရွာကို ပြောတာပါ။ နီမောင်က အဲဒီရွာက ကောင်မလေးတစ်ယောက်နဲ့ သိကျွမ်းနေပုံပဲ"

ဟု ပြောပြသောအခါ ဝီလျှံတို့ သုံးယောက်က စိတ်ဝင်စားသော အမူအရာ ရှိကြလေသည်။

"တကယ်လို့ အခုတစ်ခေါက် ကြိုးစားကြည့်လို့ အောင်မြင်ရင်အောင်မြင် မအောင်မြင်ရင်တော့ အဲဒီရွာကို တစ်ခေါက်သွားပြီး စုံစမ်းကြည့်ရမယ်"

ဟု ပြောသည်။

ထိုကဲ့သို့ ပြောဆိုနေကြစဉ်မှာ တောထဲမှ ပြေးလွှားသံများ ကြားလာရသဖြင့် ပါလာသော သေနတ်များကို အဆင်သင့်ပြင်ထားကြလေသည်။

မကြာမီ အမှောင်ရိပ်ဖုံးနေသော သစ်တောထဲမှာ ပြေးလွှားနေသောလူများကို တွေ့ကြရသည်။

ယခုကာလ ဝတ်ဆင်ထားသော အဝတ်အစားများနှင့်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပဲ ရှေးခေတ်ကာလဝတ်ဆင်ကြသော အဝတ်အစား များ ဝတ်ဆင်ထားသောလူများ ကြောက်လန့်တကြား ပြေးလွှား နေကြလေသည်။

၎င်းတို့ထံမှ အော်သံဟစ်သံများမှာလည်း ဆူညံနေ တော့သည်။

ထိုကဲ့သို့ ပြေးလွှားနေသော လူများနောက်မှ အဝ မည်းကြီးကို ခြုံထားသော လူတစ်ယောက် ပြေးလိုက်နေသည် ၎င်း လက်ထဲမှာလည်း အသွားထက်လှသော ဓားကြီးတစ်လ ကိုကိုင်ထားပြီး တွေ့သမျှလူကို ဓားဖြင့် ခုတ်သတ်လေသည်

ဓားချက်ထိပြီး လဲကျသွားသော လူများထံမှ လက်မ ကို အရင်ဖြတ်သည်။

လက်ဖြတ်ပြီးမှ လက်ညှိုးတစ်ချောင်းတည်း ရွေး သွားပြီးနောက် လက်ပြတ်တို့ကို ပစ်ချထားခဲ့သည်။

ပြီးလျှင်. . နောက်လူများနောက် ဆက်လိုက်ပြန် သည်။

ထိုသို့လိုက်ရင်းနှင့် သူတို့ရှိနေသော ဂူဘက်သို့ ရော လာကြသည်။

တဖြည်းဖြည်းနှင့် နီးလာသောကြောင့် မြင်ကွင်း ရှင်းလာလေသည်။

လူများကို တစ်ယောက်ပြီးတစ်ယောက် လိုက်လံ ဖြတ်နေသော အဝတ်မည်းခြုံထားသောလူကို မြင်သော ဝီလျံမှာ ကောင်းစွာမှတ်မိသွားလေသည်။





စခန်း၌ သူတို့ကို လာပြီးဒုက္ခပေးသွားသော သူဝင်ဖြစ် သည်။

သူတို့ ဂူပေါက်ဝရောက်လာတော့ ထိုလူတရပ်ပြီး ဘစ် ချက်လှည့်ကြည့်သည်။

မျက်နှာကိုမမြင်ရသော်လည်း အရောင်လက်နေသော မျက်လုံးနှစ်လုံးကိုတော့ မြင်ရသည်။

"ခင်းက ငါတို့ကို ဒုက္ခပေးဖို့ ကြံစည်နေသေးတယ်"

ပြောပြောဆိုဆိုနှင့် ဝီလျံက သေနတ်ဖြင့်ချိန်ကာ ပစ် လိုက်လေတော့သည်။

"ဒိုင်း. . ဒိုင်း. ."

သေနတ်သံက ဂူထဲမှာရော အပြင်ဘက်မှာပါ ပဲ့တင် ထပ်သွားလေသည်။

ကျယ်လောင်လှသော သေနတ်သံကြောင့် တောတိရိ စ္ဆာန်များ အလန့်တကြား ပြေးလွှားသံများ၊ အော်သံများ၊ အိပ် တန်းတက်နေသော ကျေးငှက်တိရိစ္ဆာန်တို့၏ အော်သံများပါ ဆူညံသွားလေတော့သည်။

ခဏကြာတော့ အော်သံများ တိတ်သွားသည်။

မီးခိုးငွေ့များ ရှင်းသွားတော့မှ ကြည့်လိုက်သောအခါ အပြင်ဘက်မှာ ဘာမှမတွေ့ရတော့ပေ။

လူမည်းကြီးရော သူ လိုက်သတ်ထားသောလူများ အ လောင်းများပါ မရှိတော့ပေ။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလက်ချ မရှိကြသဖြင့် တစ်ယောက်မှမအိပ်ဝံ့ကြဘဲ စကားပြောရင်းနှင့် စောင့်နေကြလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာလေပြီ။

တောထဲမှာ အမှောင်ရိပ်များ ဖုံးနေသည်သာမကဘဲ မြူနှင်းများပါ ဝေ့ဆိုင်းနေသဖြင့် တစ်နေရာနှင့် တစ်နေရာ မမြင်ရသလောက် ဖြစ်နေလေသည်။

သန်းခေါင်ယံအချိန် ကျော်သောအခါမှာတော့ တိတ်ဆိတ်နေသော တောတွင်းတစ်နေရာမှ ခေါ်သံလိုလို ကြားရသည်။

"ရာဂျစ်ရေ ချန္ဒရာရေ"

ထိုအသံကြောင့် ရာဂျစ်နှင့် ချန္ဒရာတို့ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်။

သူတို့နှင့်အတူပါလာသော လမ်းပြကုလားကလည်း နားစွင့်နေလေသည်။

"ရာဂျစ်ရေ ချန္ဒရာရေ"

"ဒါ . . ဆာမိအသံပဲ"

ဆာမိဆိုသူမှာ နွယ်ပတ်ခံရသဖြင့် သေဆုံးသွားခဲ့သူ ဖြစ်သည်။

ထိုသို့ ပြောနေစဉ် ခေါ်သံက တဖြည်းဖြည်းနှင့် နီးလာလေသည်။

အတူပါလာသော ကုလားအမည်မှာ ရာရှစ်ဆိုသူ ဖြစ်





သည်။

ရာရှစ်မှာ ဆာမိနှင့် ညီအစ်ကိုကဲ့သို့ ခင်မင်သူ ဖြစ်သည်။

အတန်ကြာတော့ တောစပ်မှာ လူတစ်ယောက်ထွက်လာလေသည်။

ကိုယ့်ကိုယ်ကိုယ် မဟန်နိုင်သဖြင့် ဒယိမ်းဒယိုင် ဖြစ်နေလေသည်။ အခြားမဟုတ်ပေ။

သူတို့ မြေမြှုပ်ထားခဲ့သော လမ်းပြလိုက်လာသော ဆာမိပင် ဖြစ်လေသည်။

"ဟေ့ . . ရာရှစ် ငါ့ကိုလာခေါ်ပါဦးဟ"

"ဟင် ဆာမိ မင်းမသေဘူးလား"

"မသေလို့ ထလာတာပေါ့ကွာ၊ အခုတောင် သေနတ်သံကြားလို့ ငါလိုက်လာတာ၊ ငါ့ကို လာတွဲပါဦး"

"အေး . . အေး . . လာပြီ"

ရာရှစ်ဆိုသူက ဂူထဲမှ ပြေးထွက်သွားလေသည်။

သူ ထွက်သွားသည်နှင့် ဂူပေါက်ဝသို့ မီးခိုးငွေ့များကဲ့သို့ အရာများ ပိတ်သွားသောကြောင့် မမြင်ရတော့ပေ။

ထွက်သွားသော ရာရှစ်အသံလည်း မကြားရတော့ပေ။

အတန်ကြာတော့မှ ဂူနှင့် မနီးမဝေးနေရာမှ စူးစူးဝါးဝါး အော်သံတစ်ချက် ကြားလိုက်ရသည်။

"အား . . ."

ထိုအော်သံကြောင့် ဂူထဲမှာကျန်ခဲ့သူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မောရိယက သတိပေးလိုက်သဖြင့် မည်သူမှ မထွက်ဝံ့ကြတော့ပေ။

"ဒါ ရိုးရိုးသားသား မဟုတ်ဘူး တောခြောက်နေတာ အပြင်ထွက်တာနဲ့ သေမှာပဲ"

သို့ကြောင့် ဂူထဲမှသာ အခြေအနေ ကြည့်နေကြသော်လည်း ရာရှစ်ကတော့ ပြန်ရောက်မလာနိုင်တော့ပေ။

မိုးခိုးငွေ့များ ရှင်းသွားသောအခါ ဂူအပြင်ဘက်၌ ရှင်းနေလေသည်။

ထွက်သွားသောလူရော လာခေါ်သည့်လူပါ. . နှစ်ယောက်စလုံး မတွေ့ရတော့ပေ။

နောက်ထပ်တော့ ဘာမှထူးထူးခြားခြား မတွေ့ကြရတော့ပေ။

သူတို့သည် အဟိံသက ရတနာဂူကို ရှာဖွေရန် ထွက်လာကြခြင်း ဖြစ်သည်။

သို့သော် ရတနာဂူကို မတွေ့ရသေးခင်မှာပင် လူနှစ်ယောက်တော့ ပျောက်သွားခဲ့ချေပြီ။

ထိုအခြေအနေကို မြင်သောအခါ ရာဂျစ်နှင့် ချန္ဒရာတို့နှစ်ယောက်မှာ မျက်စိမျက်နှာပျက်နေကြလေပြီ။

ဖြစ်နိုင်လျှင် ထိုနေရာမှ ထွက်ပြေးချင်နေကြပြီ။

သို့သော်. . မပြေးဝံ့ကြပေ။

နောက်တစ်နေ့ နံနက်လင်းတော့မှ အပြင်ဘက်သို့ ထွက်ပြီး အခြေအနေ ကြည့်သောအခါ ရာရှစ်၏ အစအနက





သော်မှ မတွေ့ရတော့ပေ။

ထို့ပြင် တစ်နေရာမှ တစ်နေရာသို့ စိတ်မှန်းဖြင့် ဆက်လက်ရှာဖွေကြပြန်သည်။

မြေပုံအညွှန်းမရှိပဲ စိတ်မှန်းဖြင့် လိုက်လံရှာဖွေကြရသဖြင့် အကျိုးမထူးဘဲ ရှိလေသည်။

တစ်နေရာရောက်သောအခါ သစ်ပင်တစ်ပင်အောက်မှာ ထိုင်နေသော ဆာဒူးကြီးတစ်ယောက်ကို တွေ့ရသဖြင့် မောရိယက ထိုနေရာသို့ လျှောက်သွားပြီး အရိုအသေပေးလိုက်သည်။ သူ အနားရောက်လာသောအခါ ဆာဒူးကြီးက မျက်စိဖွင့်ကြည့်လေသည်။

"ဘာလိုချင်သလဲ"

လေသံတိုးတိုးဖြင့် မေးသည်။

"အဟိံသကဂူ ဘယ်နေရာမှာ ရှိသလဲလို့ သိချင်ပါတယ်"

"ဒီကနေ အနောက်ဘက်ကို သွားတဲ့အခါ လူမျက်နှာနဲ့ ပုံသဏ္ဍာန်တူတဲ့ ကျောက်ဂူတစ်ဂူတွေ့လိမ့်မယ်၊ အဲဒါ အဟိံသကလိုဏ်ဂူပဲ၊ အဲဒီဂူထဲမှာ မင်းတို့လူနှစ်ယောက်လည်း ရောက်နေပြီ"

ထိုစကားကြားသောအခါ မောရိယမှာ များစွာဝမ်းသာသွားလေသည်။

သူသည် ဆာဒူးကြီးကို အရိုအသေပေးပြီးနောက် သူ၏လူတို့ရှိရာ ပြန်လျှောက်လာပြီး အကျိုးအကြောင်း ပြောပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟန်ကျပြီ သခင်၊ ကျွန်တော်တို့ သိချင်တဲ့နေရာ သိရပြီ"

"ဘယ်လိုသိတာလဲ"

"အဟိသက ဂူရှိတဲ့နေရာကို ဆာဒူးကြီးက ပြောပြလိုက်တယ်၊ ရာရှစ်တို့လည်း အဲဒီနေရာရောက်နှင့်နေကြပြီလို့ ပြောတယ်၊ ကျွန်တော်တို့ကို ဘုရားမတာပဲ"

ထိုကဲ့သို့ ဝမ်းသာအားရပြောသဖြင့် ကျန်လူများလည်း ဝမ်းသာသွားကြလေသည်။

ထို့နောက် ဆာဒူးကြီးညွှန်ပြသော နေရာဘက်သို့ ဦးတည်ပြီး ခရီးဆက်ကြလေသည်။

သူတို့ထွက်သွားပြီး မကြာမီမှာပင် သစ်ပင်အောက်၌ ထိုင်နေသော ဆာဒူးကြီးမှာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေပြီ။

တောတောင်မာယာဝက်ပါကား ဆန်းကြယ်လှပေသည်။





# အခန်း(၁၄)

# တောသလမင်း လက်ထက်မှ ပြဒ်ဝှာများ

ဝီလျံခေါင်းဆောင်သောအဖွဲ့သည် ဆာဒူးကြီး ညွှန်ပြသောနေရာဘက်သို့ ဦးတည်ပြီး ခရီးဆက်ကြလေသည်။

လမ်းခရီးတလျှောက်မှာတော့ နောက်ထပ်အနှောင့်အယှက် မတွေ့ကြရပေ။

ဤသို့ဖြင့် ညနေပိုင်းအချိန်ရောက်သောအခါ တစ်နေရာမှ အသံကြားရသည်။

"ငါတို့ ဒီဘက်မှာဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဒီဘက်မှာ ဒီကိုလာကြဟေ့"

ဟူသောအသံကြားသဖြင့် နားစွင့်လိုက်ကြသည်။

အသံကတော့ သူတို့ကြားဖူးနေသော အသံမျိုးဖြစ်သည်။

"ဘယ်သူ့အသံလဲ"

"ရာရှစ်အသံလို့တော့ ထင်တာပဲ"

"ဆာဒူးကြီး ညွှန်ပြလိုက်တာလဲ အဲဒီဘက်ဆိုတော့ အသံကြားတဲ့ဘက်ကိုပဲ ဦးတည်သွားကြမယ်"

ဟုပြောဆိုကာ အော်သံကြားရာဘက်သို့ တက်လာခဲ့ကြသည်။

ထိုသို့တက်လာစဉ်မှာ ကြားနေရသော အသံက . . တဖြည်းဖြည်းနှင့် နီးလာလေသည်။

"ငါတို့ ဒီဘက်မှာဟေ့ . . လာကြ . . လာကြ"

ထိုအသံကြားတော့ ရာရှစ်က နားစွင့်လိုက်သည်။

"ဒီအသံကို ကျွန်တော်မှတ်မိတယ်၊ ဆာမိန့် ရာရှစ်တို့အသံပဲ၊ ဆာဒူးကြီးပြောတဲ့အတိုင်း သူတို့ ဂူထဲရောက်နေကြပြီ ထင်တယ်"

ဟု အားတက်သရော ပြောသည်။

ဘာပဲဖြစ်ဖြစ် တောနက်ထဲမှာ သွားလာနေစဉ် မိမိတို့လူတစ်ယောက်၏ အသံကို ကြားရသည်ကတော့ အားရှိစရာပင် ဖြစ်သည်။

တဖြည်းဖြည်းသွားနေရင်းမှာပင် နောက်ထပ် အော်





ပြောနေသောအသံကို ကြားကြရသည်။

"အဟိသကလိုဏ်ဂူကို ငါတို့ရှာတွေ့ပြီဟေ့၊ ဒီဘက်မှာ"

သို့ကြောင့် ဆက်တက်သွားကြရာ နောက်ဆုံးမှာတော့ တောင်ကုန်းအမြင့်ပေါ်မှာရှိနေသော ထူးထူးဆန်းဆန်း ဂူတစ်လုံးကို တွေ့ကြရသည်။

လူအရိုးခေါင်းတစ်လုံးနှင့် ပုံသဏ္ဍာန်တူသော ဂူပင်ဖြစ်လေသည်။

မျက်လုံးပေါက်နှစ်ပေါက်၊ နှာခေါင်းတစ်ပေါက်ရှိပြီး ပါးစပ်ပေါက်နေရာကတော့ အောက်ခြေတွင်ရှိပြီး အတော်ကလေးကျယ်သည်။

ထိုဂူကိုမြင်သောအခါ မောရိယက ဝမ်းသာအားရ ပြောလေသည်။

"ဆာဒူးကြီးပြောလိုက်တဲ့ လူမျက်နှာနဲ့ဂူဆိုတာ ဟိုမှာတွေ့ပြီ"

ထိုသို့ ပြောနေစဉ် ဂူပေါက်ဝမှာ လူနှစ်ယောက် ထွက်ပေါ်ကာ သူတို့ရှိရာသို့ လှမ်းကြည့်နေသည်။ အခြားမဟုတ်ပေ။

သူတို့နှင့်ပါလာသော ဆာမိန့်နှင့် ရာရှစ်တို့ နှစ်ယောက်ပင် ဖြစ်ပေသည်။

သူတို့က ဂူရှိရာသို့တက်လာရန် လှမ်းခေါ်နေကြသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ကျောက်တုံးကျောက်ခဲများပေါ်မှနင်းကာ အပေါ်သို့ တက်သွားကြသည်။

သစ်ပင်သစ်တောများကြားမှ တက်သွားရခြင်း ဖြစ်သ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဂူပေါက်ကိုမမြင်ရပြန်ပေ။

သို့ကြောင့် နေရာချင်း မဝေးလှသောကြောင့် စိတ်အား ထက်သန်စွာဖြင့် အပေါ်သို့ တက်သွားကြသည်။

ထိုသို့တက်သွားကြစဉ်မှာတော့ နောက်ထပ် အသံမ ကြားရတော့ပေ။

နေဝင်ချိန်နီးလာပြီဖြစ်သဖြင့် တောထဲတွင် အမှောင် ရိပ်များ သမ်းလာလေပြီ။

နောက်ဆုံးမှာတော့ ဝီလျံတို့တတွေမှာ အရိုးခေါင်းကြီး ချထားသည်နှင့်တူသော ကျောက်ဂူကြီးတစ်ဂူရှိရာသို့ ရောက် သွားကြလေသည်။

ထိုနေရာရောက်တော့ စောစောက လှမ်းမြင်ရသော ဆာမိနှင့်ရာရှစ်တို့နှစ်ယောက်ကို အရိပ်အယောင်မျှပင် မတွေ့ ကြရတော့ပေ။

"ဟိုနှစ်ယောက် ဘယ်ရောက်သွားပြီလဲ"

"သူတို့ ဂူထဲရောက်နေလောက်ပြီ သခင်"

ဝီလျံတို့သုံးယောက်ကတော့ လမ်းပြခေါ်လာသူများက သူတို့ကို မလေးမခန့် ပြုလုပ်သည်ဟု ယူဆသဖြင့် မကျေမနပ် ဖြစ်နေကြလေသည်။

ကျောက်ဂူပေါက်ဝ ရောက်သောအခါ မှောင်စပျိုးနေ ပေပြီ၊ မည်သို့ပင် ဖြစ်စေ။

ဆာဒူးကြီး ပြောလိုက်သည့်အတိုင်း လူမျက်နှာနှင့်တူ သော အဟီးသကလိုဏ်ဂူကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ





ကြသဖြင့်တော့ စိတ်လှုပ်ရှားနေကြလေသည်။

"ဒီဂူရဲ့ ပုံသဏ္ဍာန်ကတစ်မျိုးပဲ၊ အရိုးခေါင်းကြီး ချထား သလိုပဲ၊ ထူးဆန်းလိုက်တာ"

ဟု ဘင်ဆင်ကပြောသည်။

"ကြည့်ရတာတော့ သဘာဝအတိုင်း ဖြစ်နေပုံပါပဲ၊ ကဲ အချိန်ရှိတုန်း ဂူနားကပ်ကြည့်ကြရအောင်"

ဟုပြောဆိုပြီး ဂူပေါက်ဝရှိရာသို့ လျှောက်သွားကြသည်။

ဂူပေါက်ဝမှာ အရိုးခေါင်းပါးစပ် ဟထားသည်နှင့် အ တော်ကလေး ဆင်တူသည်။

အပေါ်ပိုင်းမှာ ကျိုးတို့ကျဲတဲဖြစ်နေသော သွားကြီးများ ပင် ရှိနေသည်။

ထိုသွားကြီးများမှာ တလှုပ်လှုပ်နှင့် ဖြစ်နေပြီး အချိန်မ ရွေး ပြုတ်ကျလာနိုင်သော အနေအထားမျိုးလည်း ရှိသည်။

အပေါ်မော့ကြည့်တော့ မေးရိုးမခိုင်သဖြင့် ပါးစပ်ကြီးက ဟစိဟစိ ဖြစ်နေသကဲ့သို့ ရှိသည်။

ဂူအတွင်းမှာတော့ မှောင်နေသည်။

ရှေ့မှရောက်နေသော ဝီလျံက လက်နှိပ်မီးရောင်ဖြင့် အတွင်းသို့ ထိုးကြည့်တော့ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

"ဟိုနှစ်ယောက် ဘယ်ပျောက်သွားပြီလဲ"

"ဂူထဲရောက်နေကြပြီ ထင်ပါတယ်"

"အသံပေးကြည့်စမ်း"

ဟု ပြောသဖြင့် ချန္ဒရာက အသံကျယ်ကျယ်ဖြင့် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဆာမိရေ၊ ရာရှစ်ရေ မင်းတို့ ဘယ်မှာလဲဟေ့"

ထိုသို့အော်လိုက်သောအခါ အတွင်းဘက်မှ ပဲ့တင်သံများ ပြန်ထွက်လာသည်။

"ဆာမိရေ၊ ရာရှစ်ရေ"

ဟူသော ပဲ့တင်သံများက တော်တော်နှင့် မဆုံးတော့ပေ။

ထိုအသံများ ပျောက်သွားတော့ နောက်ထပ် မည်သည့်အသံမှ မကြားရတော့ပေ။

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဂူထဲဝင်ကြည့်ကြသည်။

စုစုပေါင်း (၆)ယောက်သာ ကျန်တော့သည်။

ဝီလျံ၊ ဘင်ဆင်၊ သောမတ်၊ မောရိယ တို့ လေးယောက်နှင့် လမ်းပြလိုက်လာသော ရာဂျစ်နှင့် ချန္ဒရာတို့သာ ဖြစ်သည်။

သူတို့သည် ဂူထဲရောက်သည်နှင့် အသင့်ပါလာသော မီးတိုင်ကို ထွန်းလိုက်သည်။

မီးအလင်းရောင်ကြောင့် နေရာအတော်များများသို့ မြင်လာရသည်။ ဂူမှာ ရှေးဟောင်းဂူကြီးတစ်ဂူဖြစ်ပြီး နေရာအတော်များများတွင် လူလက်ပြတ်နှင့် တူသောအရာများ တွေ့ရသည်။

ဂူအပေါ်ဘက်တွင် မရဏာပန်းကုံးနှင့်တူသော အရာများက တွဲလောင်းဖြစ်နေပြီး အချို့နေရာများမှာတော့ ဂူနံရံများမှာ ချိတ်ဆွဲထားသကဲ့သို့ ရှိလေသည်။

ကျောက်သားများမှ ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်နေသဖြင့် ကြောက်ရွံ့စရာတော့ မရှိလှပေ။

အတွင်းဘက်ရောက်တော့မှ ထူးဆန်းသောအရာများကို ထပ်မံတွေ့ရပြန်၏။ အခြားမဟုတ်ပေ။

သွေးများ တစက်စက်ကျနေသော မရဏာပန်းကုံးများကို တွေ့လာရခြင်း ဖြစ်သည်။

ဂူပေါက်ဝမှာ တွေ့ခဲ့ရသည့်အတိုင်း အချို့က နံရံမှာ၊ အချို့က အပေါ်မှ ချိတ်ဆွဲထားသကဲ့သို့ ရှိသည်။

အချို့ကျတော့လည်း ကျောက်ပြားချပ်များပေါ်၌ တင်နေကြသည်။

"ဒါ ဘာတွေလဲ"

ဝီလျံကမေးလိုက်ရာ ချန္ဒရာက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြန်ပြောသည်။

"ဒါ မရဏာပန်းကုံးလို့ ခေါ်ပါတယ်၊ ပန်းပွင့်တွေက လူလက်ညှိုးတွေကို ကြိုးနဲ့ သီဆွဲထားတာနဲ့ တူပါတယ်၊ ပန်းကုံးက ထွက်နေတဲ့ အစေးရေတွေက သွေးတွေနဲ့ တူပါတယ်"

"ဒါတွေက ဘာကြောင့် ဒီတောထဲမှာ ရှိနေတာလဲ"

"ဒီပန်းမျိုးတွေက ဒီတောတစ်ခုမှာပဲ ရှိပါတယ် သခင်"

"ဒီပန်းတွေမြင်ရင် ဘာဖြစ်သလဲ"

"ကံမကောင်း ဖြစ်တတ်ပါတယ်၊ ဒါကြောင့် ဒီမရဏာပန်းကုံးတွေရှိတဲ့ ဒီတောထဲကို ဘယ်သူမှ မလာဝံ့ကြတာ ဖြစ်ပါ





www.burmeseclassic.com

www.burmeseclassic.com



တယ်”

ဟု ရာဂျစ်က ပြန်ပြောပြသည်။

“ငါတို့ကတော့ ဒါတွေအယုံအကြည်မရှိဘူး၊ လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ”

ထိုသို့ပြောနေစဉ် ဘင်ဆင်က မနီးမဝေး ကျောက်ပြားချပ်ပေါ်မှာရှိနေသော မရဏာပန်းကုံးတစ်ခုကို ကောက်ယူလိုက်သည်။

မရဏာပန်းပွင့်သော အပင်မှာ သစ်ကပ်နွယ်ပင်မျိုးဖြစ်သော သစ်ပင်၊ သစ်ကိုင်းမှာ ဖြစ်စေ၊ ကျောက်ဆောင်ကျောက်တုံးများ၌ဖြစ်စေ၊ တွယ်ကပ်ပြီး ပေါက်လေ့ရှိသည်။

ထူးခြားမှုမှာ အပွင့်ပွင့်သောအခါ အပင်မမြင်ရပဲ အနီရောင်အပွင့်များချည်း ပွင့်သည်။

ပုံသဏ္ဌာန်မှာ လူ၏လက်ညှိုးနှင့် တထေရာတည်းတူသည်။

အပင်မှ တစိမ့်စိမ့် စီးထွက်နေသည့် အစေးရေများမှာ အနီရောင်ဖြစ်သည်။

ပန်းကုံးအရွယ်အစားက လူလည်ပင်း၌ စွပ်ထား၍ရလောက်အောင် ကြီးသည်။

မရဏာပန်းကုံးဟု အမည်ပေးထားရလောက်အောင်ပင် မြင်ရသည်နှင့်ပင် အော့နှလုံးနာစရာ ကြောက်စရာကောင်းလှပေသည်။

ထိုမရဏာပန်းကုံးများက ကျောက်ဂူထဲတွင် နေရာအနှံ့





အပြား၌ ရှိနေကြသည်။

သစ်ကပ်နွယ်ပင်များ ဖြစ်သောကြောင့် ကျောက်နံရံများတွင် မည်သည့်နေရာမဆို တွယ်ကပ်ကာ ပေါက်နေနိုင်ခြင်း ဖြစ်လေသည်။

ထိုပန်းပွင့်ပန်းခိုင်များမှ စိမ့်ထွက်နေသော အစေးရေများမှာ သွေးရောင်နှင့်တူသကဲ့သို့ . အနံ့အသက်ကလည်း မကောင်းလှပေ။

အမဲဖျက်သောနေရာမျိုးတွင် ရသည့် ညှီစို့စို့ သွေးနံ့များပင်ဖြစ်သည်။

“ဒါ သစ်ခွမျိုးနွယ်ထဲမှာပါတဲ့ ပန်းတစ်မျိုးပဲ၊ သုတေသနလုပ်ကြည့်ရအောင် တစ်ပင်လောက်တော့ ယူသွားရမယ်”

ဟုပြောကာ လက်ထဲမှာကိုင်ထားသော ပန်းကုံးကို အောက်သို့ ပြန်ချထားလိုက်သည်။

လက်မှာ စွန်းပေနေခဲ့သော အစေးရေများက သွေးများစွန်းပေနေသကဲ့သို့ နီရဲနေလေသည်။

ဝီလျံတို့ သုံးယောက်ကတော့ သစ်ခွမုဆိုးများ ဖြစ်ကြသောကြောင့် ထူးထူးဆန်းဆန်း သစ်ခွပန်းမျိုး တွေ့သောအခါ စိတ်ဝင်စားမှု ဖြစ်ကြသော်လည်း ဒေသခံများဖြစ်ကြသည့် မောရိယတို့ သုံးယောက်ကတော့ ထိန်လန့်ကြောက်ရွံ့နေကြလေသည်။

တောထဲမှာ မရဏာပန်းကုံး တစ်ခုတစ်လေတွေ့မြင်သော်မှ အတိတ်နိမိတ်မကောင်းဟု အယူရှိကြရာ . ယခုကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာထဲမှာ ပန်းကုံးအမြောက်အမြားတွေ့သောအခါ မြော ဖွယ်မရှိတော့ပေ။

သို့သော် သူတို့က အစေအပါးများ ဖြစ်ကြသောကြောင့် ကိုယ့်သဘောနှင့်ကိုယ် ဘာမှလုပ်၍ မရကြပေ။

အကယ်၍သာ ကိုယ့်သဘောနှင့်ကိုယ် လုပ်ရမည်ဆို ပါက ထိုနေရာမှ အမြန်ဆုံးထွက်သွားကြမည်သာ ဖြစ်သည်။

အချိန်က နေဝင်ချိန်ကျော်ပြီ ဖြစ်သဖြင့် အပြင်ဘက်မှာ ရော ဂူအတွင်း၌ပါ မှောင်နေလေပြီ။

သူတို့တွင် မီးတိုင်များပါလာသောကြောင့် အလင်း ရောင်ကတော့ အတော်အသင့် ရနေကြသည်။

ထူးဆန်းသောအချက်က ထိုမျှလူသူအရောက်အ ပေါက်နည်းသော ဂူအတွင်းသို့ ရောက်နေကြသော်လည်း သတ် ရှိသတ္တဝါတို့ကို တစ်ကောင်တစ်လေမှ မတွေ့ရသေးခြင်းပင် ဖြစ်၏။

ဂူထဲမှာအနေများသော လင်းဆွဲ၊ လင်းနို့၊ ပင့်ကူ၊ ကင်း မြီးကောက်၊ မြွေ စသော သတ္တဝါများလည်း မရှိကြပေ။

ယုတ်စွအဆုံး ကျောက်ဂူနံရံများ၌ အိမ်ဖွဲ့နေတတ် သော ပင့်ကူများပင် မရှိပေ။

သူတို့တတွေကတော့ ထိုအခြေအနေများကို သတိမမူမိ ကြဘဲနှင့် ဂူအတွင်းပိုင်းသို့ ဆက်ဝင်လာကြလေသည်။

အတွင်းဘက်ရောက်တော့ လူသံသူသံအချို့ ကြားလာ ရသည်။





ထိုအသံများ ကြားရသဖြင့် ဂူထဲသို့ ဝင်လာကြသူတို့မှာ အားရှိလာကြသည်။

ထို့ကြောင့် အသံကြားရာသို့ ဆက်ဝင်လာကြရာ တစ် နေရာရောက်တော့ လူတစ်စုနှင့် တွေ့ရသည်။

ထိုလူများမှာ ယခုကာလဝတ်ဆင်သော အဝတ်အစား မျိုးနှင့် မဟုတ်ဘဲ၊ ရှေးခေတ်ကဝတ်ဆင်သော အဝတ်အစား များ ဝတ်ဆင်ထားကြလေသည်။

စုစုပေါင်း(၁၀)ယောက်ခန့်ရှိပြီး ထိုလူများထဲမှာတော့ သူတို့လူနှစ်ယောက်ကို မတွေ့ရပေ။

သူတို့ကိုမြင်တော့ အချင်းချင်း စကားပြောနေကြသည် များကိုရပ်ကာ မျက်လုံးပြူးများဖြင့် လှည့်ကြည့်လေသည်။

ထိုနေရာမှာတော့ ရွာလူကြီးဖြစ်သော မောရိယက အားကိုးရသည်။

ရှေ့သို့ထွက်သွားပြီး လေသံကျယ်ကျယ်ဖြင့် အော်ပြော လေသည်။

“မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်ရွာကလဲ၊ ငါက မောရ မြိုင်ရွာက ရွာလူကြီး မောရိယပဲ”

ရွာလူကြီးဆိုသောအသံ ကြားရလျှင် ကြောက်လန့်သွား မည်ဟု ထင်သော်လည်း မကြောက်ရွံ့ပဲ မျက်လုံးပြူးများဖြင့် ကြည့်မြဲကြည့်နေကြသည်။

“မင်းတို့ ငါ့ကိုသိသလား”

မောရိယကထပ်မေးတော့ တစ်ယောက်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ ငါတို့ရဲ့ အရှင်သခင်က ကောသလမင်းကြီးပဲ"

"ဟင်. ."

ထိုစကားကြောင့် မောရိယမှာ မျက်နှာပျက်သွားသည်။

တွေ့နေရသောလူများမှာ. . လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်က လူတွေများဖြစ်မလားဟု စိတ်ထဲမှ ထင်လိုက်မိသည်။

"မင်းတို့ ဘာတွေပြောနေတာလဲ၊ ကောသလမင်းကြီးက လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀)ကျော်က သာဝတ္ထိပြည့်ရှင် ဘုရင်တစ်ပါးပဲ"

"ဟုတ်တယ်လေ၊ ငါတို့လည်း အဲဒီအချိန်ကတည်းက ဒီဂူထဲရောက်ခဲ့ကြပြီး နေလာခဲ့ကြတာပဲ"

"ဘာကြောင့် ဒီဂူထဲမှာပဲ နေတာလဲ"

"ငါတို့ရဲ့လက်တွေ ပြန်လိုချင်လို့ စောင့်နေတာ၊ အဟိသက လူဆိုးက ငါတို့လက်တွေဖြတ်ပြီး လက်ညှိုးတွေ ဖြတ်ယူသွားတယ်၊ ဒါကြောင့် သူ့ကို လာစောင့်နေတာ"

"ဟင်. ."

သည်တော့မှ သဘောပေါက်သွားလေတော့သည်။

သို့ကြောင့် ဝီလျှံအနားသို့ ကပ်ကာ တိုးတိုးပြောလိုက်သည်။

"သခင် ရှေ့မှာတွေ့နေတာ လူတွေမဟုတ်ဘူး၊ တစ္ဆေသရဲတွေပဲ၊ ကျွန်တော်တို့ ဒီဂူထဲက အပြင်ပြန်ထွက်ကြမှ ဖြစ်မယ်"





"ဝိညာဉ်တွေကို ကြောက်စရာလား၊ သေနတ်နဲ့ ပစ်ရင် ပြေးမှာပေါ့"

ဟုပြောကာ ခြောက်လုံးပြူးသေနတ် ဆွဲထုတ်ပြီး နှစ်ချက်သုံးချက် ပစ်လေသည်။

"ဒိုင်း. . ဒိုင်း. ."

ပဲ့တင်သံများကြောင့် သေနတ်သံက တော်တော်နှင့် မစဲဘဲ ရှိလေသည်။

သေနတ်သံ စဲသွားသောအခါ မနီးမဝေးမှာ ရှိနေသော မိစ္ဆာများလည်း ပျောက်သွားလိမ့်မည်ဟု ထင်ထားသော်လည်း သူထင်သလိုတော့ ဖြစ်မလာပေ။

သူတို့ ကြည့်လိုက်သောအချိန်မှာ မိစ္ဆာကောင်များက အနီးသို့ပင် ရောက်နေကြချေပြီ။

မျက်နှာနှင့် ပုံပန်းသဏ္ဍာန်များကလည်း စောစောကနှင့် မတူတော့ပေ။

ကြောက်မက်ဖွယ်ရာ အသွင်အပြင်များ ဖြစ်နေကြလေပြီ။

"ငါတို့လက်တွေ ပြန်ပေး၊ ငါတို့လက်တွေ ပြန်ပေး"

ဟု ကြောက်စရာကောင်းသော အသံများဖြင့် တောင်းရင်း အနီးသို့ကပ်လာကြလေသည်။

သို့ကြောင့် သေနတ်ဖြင့် ပစ်သူကပစ်၊ ဓားလှံလက်နက်တို့ဖြင့် ထိုးခုတ်သူကခုတ်နှင့် ဆူညံသွားလေတော့သည်။

သို့သော်လည်း လက်ပြတ်ကြီးများဘဝ ရောက်နေသော



www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာကောင်များက အနားသို့ရောက်လာပြီး တွေ့သမျှ လူတို့ကို သတ်ဖြတ်လေတော့သည်။

သူတို့အသုံးပြုသော သေနတ်၊ ဓားလှံများမှာ မိစ္ဆာများကို တိုက်ခိုက်ရာတွင် ဘာမှအသုံးမဝင်ပဲ ရှိလေသည်။

သို့ကြောင့် နောက်ကြောင်းသို့ ပြန်လှည့်ပြေးရလေတော့သည်။

ထိုအခါမှ အန္တရာယ်က ညှပ်ပူးညှပ်ပိတ် သဘောမျိုးဖြင့် အပေါက်ဝမှလည်း မကောင်းဆိုးဝါးများ ထပ်ဝင်လာကြပြန်သည်။

ဝီလျှံတို့မှာ သေနတ်ကို အားကိုးကြသူများဖြစ်ရာ သေနတ်ကို အသုံးပြု၍မရမှန်းသိသောအခါ ရှေ့ဆုံးက ပြေးလေတော့သည်။

တစ်နေရာသို့ရောက်သောအခါ ဘင်ဆင်ဆိုသူ၏ လည်ပင်းပေါ်သို့ မရဏာပန်းကုံးတစ်ခု ရောက်လာလေသည်။

လှည့်ကြည့်လိုက်တော့ မကောင်းဆိုးဝါးတစ်ကောင်က သူ့လည်ပင်းကို မရဏာပန်းကုံးတစ်ခုဖြင့်စွပ်ကာ ဆွဲယူလိုက်ခြင်းဖြစ်သည်။

ဘင်ဆင်မှာ အင်အားရှိသမျှ ရုန်းသော်လည်း မလွတ်ပဲ ပါသွားလေသည်။

မိစ္ဆာများလက်မှ လွတ်အောင်ပြေးကြသူတို့မှာ အချို့လည်း မလွတ်တော့ပဲ မိစ္ဆာများလက်ထဲ ပါသွားကြသဖြင့် ဂူအပြင်သို့ သုံးယောက်သား ပြန်ရောက်ကြလေသည်။





ဝီလျှံ၊ သောမတ်နှင့် ရာဂျစ်တို့ သုံးယောက်ပင် ဖြစ်သည်။

ဘင်ဆင် မောရီယနှင့် ချန္ဒရာတို့ကတော့ ဂူထဲမှ ပြန်မထွက်နိုင်ကြတော့ပေ။

သေသည်ရှင်သည်ကိုပင် မသိကြရပေ။

အပြင်ရောက်တော့ အမှောင်ထုများ ဖုံးလွှမ်းနေသည်။

သို့သော်. . နောက်ကအန္တရာယ်က ပိုပြီးကြောက်ဖို့ကောင်းသဖြင့် ခြေဦးတည့်ရာ ထွက်ပြေးကြလေသည်။

သူတို့ ထွက်ပြေးသွားသည်ကိုတော့ ဂူပေါက်ဝမှ လူတစ်ယောက် ထွက်ကြည့်နေလေသည်။

အဝတ်မည်းကြီး ခြုံထားသူပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၅)

# ဦးသူတော်နှင့် ပြန်တွေ့ရခြင်း

ဒေါက်တာမင်းထင်ကျော်မှာ တောထဲမှ ပြန်ရောက်လာသောအခါ ၎င်းအခန်းထဲမှာထားခဲ့သော ပစ္စည်းအချို့ ပျောက်နေသည်ကို သိရလေသည်။

သူ ထည့်ထားခဲ့သော ကြေးပုရပိုက်လည်း မရှိတော့ပေ။

"မောင့်အခန်းထဲကို တစ်ယောက်ယောက်ဝင်ပြီး အထဲကပစ္စည်းတွေ ယူသွားတယ်"

သူက မာရီယာကို အကျိုးအကြောင်း ပြောပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာပစ္စည်းတွေ ယူသွားသလဲဟင်"

"ကြေးပုရပိုက်တစ်ခုလည်း ပါသွားတယ်"

"ဒီပစ္စည်းက မောင့်အတွက် အရေးကြီးတယ် မဟုတ်လား"

"အရေးတော့ကြီးတယ်၊ ဒါပေမယ့် သူတို့ ယူသွားလို့လည်း အကြောင်းထူးမှာ မဟုတ်ဘူး၊ ဘာကြောင့်လည်းဆိုတော့ ကြေးပုရပိုက်မှာပါတဲ့ စာတွေရဲ့အဓိပ္ပါယ်ကို သူတို့ သိမှာမဟုတ်ဘူး"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"အဓိပ္ပါယ်ဖော်ထားတဲ့ စာရွက်တွေကတော့ မောင့်ဆီမှာ ရှိပါတယ်၊ နီမောင်နဲ့တိုင်ပင်ပြီး ခရီးပြန်ထွက်ဖို့ စီစဉ်ရမယ်"

ဟု ပြောလိုက်သည်။

မာရီယာကတော့ ထိုကဲ့သို့ဖြစ်သည်ကို ကျေနပ်ဟန်မရှိပေ။

"ဒါ ဘယ်သူ့လက်ချက်လို့ ထင်သလဲ"

"ဝီလျံတို့လက်ချက်ပဲ ဖြစ်မှာပေါ့၊ ကိုယ်တို့ ပြန်မရောက်ခင်ကတည်းက သူတို့သုံးယောက်စလုံး ခရီးထွက်သွားကြတယ်လေ၊ ဒီကိစ္စပဲ ဖြစ်မှာပေါ့"

"လူယုတ်မာတွေ"

ဟု မကျေမနပ်ဖြင့် ရေရွတ်လိုက်သည်။

"အဟီသက လိုဏ်ဂူထဲမှာရှိတဲ့ ရတနာတွေက သန္နိ





ဌာန်ပြီးထားခဲ့တဲ့ ရတနာတွေဆိုတော့ လောဘစိတ်နဲ့ ရှာဖွေယူရင် ဘယ်လိုမှ ရှာတွေ့နိုင်မယ် မထင်ဘူး၊ ဒီရတနာတွေကိုရရင်. . ကုသိုလ်ကောင်းမှုတွေ ပြုမယ်ဆိုတဲ့စိတ်နဲ့ ရှာဖွေမှ တွေ့နိုင်မယ်"

"ဒီတော့ မောင် ဘယ်လိုလုပ်မလဲ"

"မောင်ကတော့ ဒီလိုသစ္စာမရှိတဲ့ လက်တွဲဖော်တွေနဲ့ အတူတွဲပြီး အလုပ်မလုပ်ချင်တော့ဘူး၊ ဒီကိစ္စလေး အောင်မြင်အောင် ဆောင်ရွက်ပြီးရင်တော့ အလုပ်ကထွက်ပြီး မြန်မာပြည် ပြန်တော့မယ်လို့ စိတ်ကူးတယ်၊ ခင်ရော ဘယ်လိုသဘောရသလဲ"

"ကျွန်မက မောင်မရှိဘဲနဲ့တော့ တစ်ယောက်တည်း ဘယ်နေခဲ့ပါ့မလဲ၊ မောင်ခေါ်ရာ လိုက်မှာပေါ့"

ဟုပြောရာ ဒေါက်တာမင်းထင်ကျော်မှာ အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။

"ဒီတော့ အခုလောလောဆယ် ဘယ်လိုလုပ်မလဲ"

"နီမောင်နဲ့တိုင်ပင်ပြီး ဒီကိစ္စအောင်မြင်အောင် ကြိုးစား ဆောင်ရွက်ရမယ်"

ဟု ပြောလေသည်။

သူတို့ပြန်ရောက်ပြီး နောက်တစ်နေ့မှာတော့ ဝီလျံနှင့် သောမတ်တို့ ပြန်ရောက်လာကြသည်။

တောထဲမှာ သစ်ခွပန်းရှာဖွေရင်း တောဆင်ရိုင်းအုပ် တိုက်သဖြင့် ပြေးခဲ့ရကြောင်း၊ ဘင်ဆင်နှင့် လမ်းပြခေါ်သွားသူများကတော့ လူချင်းကွဲသွားသောကြောင့် သေသည်ရှင်သည်



www.burmeseclassic.com

www.burmeseclassic.com



မသိရသေးကြောင်း ပြောပြကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သူတို့နှစ်ယော

အခြေအနေကိုကြည့်ကာ ထွေထွေထူးထူး ဘာမှ မပြောတော့

ပေ။

နောက်ပိုင်းရက်မှာတော့ မာရီယာနှင့် တိုင်ပင်ပြီး ခ

ထွက်ရန် ပြင်ဆင်နေသည်။

ထို့အတူပင် နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံး

ယောက်မှာလည်း ဒေါက်တာမင်းထင်ကျော်နှင့် တိုင်ပင်ထား

ဖြစ်သဖြင့် ခရီးထွက်ရန် လိုအပ်သောပစ္စည်းများ ပြင်ဆင်

ဆောင်းနေကြလေသည်။

ထိုသို့ ပြင်ဆင်နေကြရင်းမှ စောထီးကမေးသည်။

"နီမောင် မင်း ဟိုဘက်ရွာက မြသင်းကြူနဲ့ အဆင်

သွားကြပြီ မဟုတ်လား"

နီမောင်က အလုပ်လုပ်နေရာမှ ခေါင်းညိတ်ပြလို

သည်။

"ငါတို့က ဒီမှာအလုပ်လာလုပ်နေကြတာဆိုတော့ အ

နေကြမှာမှ မဟုတ်တာ၊ မြန်မာပြည်ပြန်တော့ သူက ဘယ်

လုပ်မှာလဲ"

"သူတို့ မြေးအဘိုးကိုပါ တစ်ပါတည်း ခေါ်သွားရ

ပေါ့"

"သူကရော လိုက်ပါ့မလား"

"ငါ့အပေါ်မှာ တကယ်နှစ်သက်တယ်ဆိုရင်တော့ လို





မှာပါ"

"ဟိုရောက်တဲ့အခါ သူတို့အကြောင်းတွေကို တခြားသူ

တွေသိသွားတော့ ဘယ့်နှယ်လုပ်မလဲ"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ငါက သူ့အပေါ်မှာ မေတ္တာရှိတယ်ဆိုတာ ဘာမှမျှော်

လင့်ချက် မရှိပါဘူး၊ ဒီလိုပဲ ပတ်ဝန်းကျင်က ကဲ့ရဲ့ရှုတ်ချမှုတွေ

လည်း မကြောက်ပါဘူး၊ တကယ်တမ်း အရေးကြီးတာက ငါတို့

နှစ်ယောက် နားလည်မှုရှိပြီး တစ်ယောက်နဲ့တစ်ယောက် သစ္စာ

ရှိရှိနဲ့ တစ်သက်လုံး လက်တွဲသွားနိုင်ဖို့သာ အရေးကြီးပါတယ်"

"ငါတို့နှစ်ယောက်ကတော့. . မင်းပြောတဲ့မေတ္တာအ

ကြောင်းတွေ၊ သစ္စာအကြောင်းတွေလည်း မသိပါဘူးကွာ၊ မင်း

တို့နှစ်ယောက် အဆင်ပြေပြေနဲ့ လက်တွဲနိုင်ပါစေလို့လည်း ဆု

တောင်းပေးပါတယ်"

ဟု ပြောလေသည်။

တစ်နေ့သော နံနက်ပိုင်းအချိန်တွင် မောရမြိုင်ရွာထဲသို့

ဆာဒူးတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသော ဖိုးသူတော်ကြီး

ဝင်လာလေသည်။

"နောင်ဝေဝေ. . နောင်ဝေဝေ"

"အဟိံသကနေရာ တွေ့အောင်ရှာ

ရွှေငွေရတနာ ရပါစေ၊

တွေ့သောရတနာ လှူပေးပါ။

ချမ်းသာခြင်းသို့ ရောက်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူတော်ကြီးက ရွာတွင်းသို့ ဝင်လာကတည်းက ကြေးစည် တနောင်နောင်ထုကာ ပါးစပ်မှာလည်း ဆုတောင်းစာများကို အဆက်မပြတ် ရွတ်ဆိုလာလေသည်။

ရွာလူကြီး အိမ်ရှေ့ရောက်သောအခါ အိမ်ထဲမှ အမျိုးသမီးတစ်ယောက် ပြေးထွက်လာသည်ကို လှမ်းမြင်သဖြင့် ရပ်တံ့နေသည်။ ထွက်လာသူမှာ မေရီဖြစ်သည်။

"ဆာဒူးကြီးရယ်. . ခဏလေး နေပါဦးရှင်၊ သိချင်တာလေး မေးချင်လို့ပါ"

"မေးပါ. . မေးပါ"

"ဆာဒူးကြီး ဆုတောင်းစာထဲမှာပါတဲ့ အဟိံသကဂူဆိုတာ တကယ်ရှိသလားဟင်"

"ရှိတာပေါ့"

"ဆာဒူးကြီးရော နေရာသိသလား"

"သေသေချာချာတော့ ဘယ်သိပါ့မလဲ၊ ဘာကြောင့်မေးတာလဲ မိန်းကလေး"

"ကျွန်မအဖေ အဲဒီ အဟိံသကဂူရှိတဲ့နေရာသွားတာ တစ်ရက်နှစ်ရက် ရှိပါပြီ၊ ခုထိ ပြန်ရောက်မလာသေးလို့ပါ၊ သူ့အတွက် ဗေဒင်လေးဘာလေး ဟောတတ်ရင် ဟောပေးခဲ့ပါရှင်"

ဖိုးသူတော်ကြီးက ကြေးစည်တနောင်နောင်ထုကာ. . မျက်စိမှိတ်ကာ အာရုံခံသကဲ့သို့ လုပ်နေလေသည်။

"ငါ အာရုံခံကြည့်တာတော့ မင်းအဖေ အသက်မသေ





သေးပါဘူး၊ သူနဲ့သွားတဲ့အဖော်တွေက သေပြီထင်လို့ ဂူထဲမှာ ထားခဲ့ကြတယ်၊ မကြာခင် အိမ်ပြန်ရောက်လာပါလိမ့်မယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ဆာဒူးကြီးရယ်"

"ဒါပေမယ့် ငါတစ်ခုတော့ မှာထားခဲ့မယ်၊ ဒီတစ်ခါ ထဲကောင်းထောက်မလို့ အသက်မသေပဲ ပြန်လာပေမယ့် နောက်တစ်ကြိမ် ထပ်သွားရင်တော့ သေမှာပဲလို့ သူပြန်ရောက်လာရင် သာ ပြောလိုက်ပါ"

ဟုပြောပြီး ပြန်ထွက်သွားရန်ပြင်တော့ မေရီက တားလေသည်။

"နေပါဦး ဆာဒူးကြီးရယ်၊ ကျွန်မအဖေကို ဗေဒင်ဟောပေးတာ ကျေးဇူးတင်လို့ အစားအသောက်တွေ လှူပေးပါရစေ"

"အလှူခံကတော့ လှူမယ့်သူရှိရင် နေပေးရမှာပေါ့"

ဟု ပြောပြီး ရပ်နေလေရာ မေရီလည်း ဝမ်းသာအားရဖြင့် အိမ်ထဲသို့ ဝင်သွားပြီး အစားအသောက်များ ယူလာလေသည်။

ဖိုးသူတော်ရှိရာသို့ ရောက်သောအခါ ရိုသေသော အမူအရာဖြင့် ပေးလေသည်။

*"နောင်ဝေဝေ . . နောင်ဝေဝေ"*

"ကိုယ်ပြုသောကံ ကိုယ့်ထံပြန်
ကိုယ်သာခံရမည်။
ကိုယ်ပြောသောကံ ကိုယ့်ထံပြန်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သာခံရမည်။
စိတ်ထားဖြူစင် အေးချမ်းစွာ
ချမ်းသာသုခ ရပါစေ”

“နောင်ဝေဝေ. . နောင်ဝေဝေ”

ဖိုးသူတော်ကြီးက မေရီလှူသော အစားအသောက်များကို ဋင်းနံ့ဘေး၌ လွယ်ထားသော လွယ်အိတ်ကြီး အတွင်းသို့ ထည့်ပြီးနောက် ထိုနေရာမှ ထွက်သွားလေတော့သည်။

မေရီကတော့ များစွာကျေနပ်သွားသော အမူအရာဖြင့် ခြံပေါက်ဝမှာ ရပ်လျက်သား ကျန်ခဲ့လေသည်။

ဖိုးသူတော်ကြီးထွက်သွားပြီး မရှေးမနှောင်းမှာပင် သူ့တို့နေအိမ်သို့ ဖခင်ဖြစ်သူ မောရိယ ပြန်ရောက်လာလေသည်။

တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ရနေသော်လည်း ကံကောင်းထောက်မစွာဖြင့် အသက်မသေသောကြောင့် ထိုအိမ်သို့ ပြန်လာနိုင်ခြင်း ဖြစ်သည်။

မေရီတို့ကတော့ ဖခင်ဖြစ်သူ ပြန်ရောက်လာသော ကြောင့် များစွာဝမ်းသာနေကြလေသည်။

“အဖေ အသက်မသေပဲနဲ့ ပြန်ရောက်လာတာကိုပဲ ဝမ်းသာလှပါပြီ၊ ဒီအလုပ်တွေက အန္တရာယ်များလှပါတယ်၊ မလုပ်ပါ နဲ့တော့ အဖေရယ်”

မောရိယကတော့ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ရလာသောကြောင့် တွေတွေထူးထူး ဘာမှပြန်မပြောတော့ပေ။

သို့သော်. . သူ့တစ်သက်မှာတော့ တစ်ကြိမ်တစ်ခါ





မတွေ့ဖူးသေးသော ကြောက်စရာကောင်းသည့် အဖြစ်အပျက်များကို တွေ့ခဲ့သဖြင့် ယခုထက်တိုင် ထိတ်လန့်တုန်လှုပ်နေဆဲပင် ရှိသေးသည်။

ကြေးစည် တနောင်နောင်ထုကာ တစ်အိမ်ဝင်တစ်အိမ် ထွက်နှင့် အလှူခံလာသော ဖိုးသူတော်ကြီးကတော့ နီမောင် တို့အိမ်ရှေ့ရောက်တော့ ရပ်လေသည်။

“နောင်ဝေဝေ. . နောင်ဝေဝေ”

ကြေးစည်သံကြားသဖြင့် ခရီးသွားရန်အတွက် ပြင်ဆင်နေသော နီမောင်တစ်ယောက် ဝမ်းသာအားရ အမူအရာဖြင့် ခပ်သုတ်သုတ် ထွက်လာလေသည်။

“ဦးသူတော်ကြီးပါလား၊ တွေ့ချင်နေတာနဲ့ အတော်ပဲ”

“မျှော်တုန်းမျှော်ဆဲ သူတော်လည်း ရောက်လာဆိုတာ ဒါမျိုးပေါ့”

ဟု ပြောကာ ခြံထဲဝင်လာလေသည်။

နီမောင်က ကွမ်းဆေးလက်ဖက်တို့နှင့် ကျွေးမွေးဧည့် ခံပေးရင်းနှင့် အကြောင်းစုံ ပြောပြလိုက်လေသည်။

အခြားသူများ ကြုံတွေ့ရသောအန္တရာယ်များကိုလည်း သူသိသမျှ ပြန်ပြောပြလိုက်လေသည်။

“ဒီလိုပါပဲ၊ ဘယ်လောက်အန္တရာယ်များတဲ့နေရာ ဖြစ်နေပါစေ၊ သွားသင့်တဲ့သူသွားရင် ဘာမှမဖြစ်ဘူး၊ လုပ်သင့်တဲ့သူ လုပ်ရင် ဘယ်လိုအန္တရာယ်မှ မတွေ့နိုင်ဘူး၊ အန္တရာယ်တွေ့ တယ်ဆိုတာ မသွားသင့်တဲ့နေရာကို မသွားသင့်တဲ့သူတွေသွား



www.burmeseclassic.com

www.burmeseclassic.com



လို့ တွေ့ရတာ"

"ဦးသူတော်ကြီးရောက်လာတာ အတော်ပဲ၊ ကျွန်တော် တို့ ခရီးသွားကြမလို့ ပြင်နေကြတယ်၊ တစ်ခါတည်း လိုက်လာ ခဲ့ပါလား"

"ခေါ် တော့လည်း လိုက်ခဲ့ရုံပေါ့ကွာ၊ အပန်းမကြီးလှပါ ဘူး၊ ဟိုရောက်တော့လည်း . . မိတ်ကောင်းဆွေကောင်းတွေနဲ့ တွေ့ရတာပေါ့"

"ဟင် . . . တောထဲမှာ ဘယ်ကမိတ်ဆွေတွေ ရှိလို့လဲ"

"လောကမှာရှိနေတဲ့ သက်ရှိသတ္တဝါတွေမှန်သမျှ ဆွေ မျိုးမတော်ဖူးတဲ့သူ ဘယ်မှာရှိမှာလဲ၊ ဝိညာဉ်လောကမှာဆိုရင် ပိုတောင်များသေးတယ်"

ထိုသို့ပြောတော့မှ သဘောပေါက်သွားလေသည်။

ဘာပဲပြောပြော နီမောင်ကတော့ ဖိုးသူတော်ကြီးပါ လိုက်ခဲ့မည်ဆိုသဖြင့် များစွာဝမ်းသာအားတက်သွားလေသည်။

နောက်တစ်နေ့ နံနက်စောစောမှာတော့ ဒေါက်တာ မင်းထင်ကျော်နှင့် မာရီယာတို့နှစ်ယောက် ရောက်လာကြလေ သည်။

နီမောင်တို့နှင့်အတူ ဖိုးသူတော်ကြီးပါ တွေ့ရသောအခါ ဒေါက်တာမင်းထင်ကျော်ကလည်း ဝမ်းသာသွားလေသည်။

"ဦးသူတော် ဒီရောက်နေတယ်ဆိုတာ သတင်းတော့ ကြားမိပါရဲ့၊ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

"ကျုပ်ကလည်း မောင်ထင်ကျော်နဲ့ ပြန်တွေ့ရတာ ဝမ်း





သာစရာပဲပေါ့"

သည်တော့မှ ဒေါက်တာမင်းထင်ကျော်နှင့် ဦးသူတော် ကြီးတို့ နှစ်ယောက်မှာ မိတ်ဟောင်းဆွေဟောင်းများ ဖြစ်သည်ကို သိရလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ရောက်လာသောအခါ စ ခန်းတွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များကို ပြန်ပြောပြ သည်။

"အချိန်သိပ်မရှိတော့ဘူး၊ သူတို့က ဒီအကြောင်းတွေကို ရိပ်မိနေကြပုံရတယ်၊ ဒါကြောင့် ဒီရွာက မောရိယတို့နဲ့ ပူးပေါင်း ပြီး ရှာဖွေတဲ့လုပ်ငန်းတွေတောင် လုပ်နေကြပြီ"

"အခြေအနေ ဘယ်လိုရှိသလဲ ဆရာ"

"ကြည့်ရတာ အခြေအနေကောင်းပုံတော့ မရသေးဘူး၊ ဒါပေမယ့် မကောင်းလည်း ဒီအတိုင်းတော့ နေမယ်မထင်ဘူး၊ ဒါကြောင့် ငါတို့က အစီအစဉ်စမှ ဖြစ်တော့မယ်"

"ကျွန်တော်တို့ကတော့ အဆင်သင့်ပါပဲ ဆရာ"

ထိုအခါ ဦးသူတော်ကြီးက ဝင်ပြောလေသည်။

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ မောင်ထင်ကျော် ရယ်၊ သူတို့ ဘယ်လောက်ပဲ ကြိုးစားအားထုတ်ပါစေ မရနိုင်ပါ ဘူး၊ ဘာကြောင့်လည်းဆိုတော့ . . . ဒီရတနာတွေက ရဟန်း လောင်းလျာ အဟိံသကဘဝနဲ့ သစ္စာပြုပြီးထားခဲ့တဲ့ ရတနာ ဆိုတော့ မထိုက်ရင် မတွေ့နိုင်ပါဘူး"

"မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ကိုတော့

www.burmeseclassic.com



ရွှေး အနှောင့်အယှက် ပေးနိုင်တယ် မဟုတ်လား”

“ကျုပ်တို့ကိုတော့ ဒုက္ခပေးနိုင်တာပေါ့၊ ဒါပေမယ့် သူတော်ကောင် နတ်ကောင်းစောင်မ ဆိုသလိုပါပဲ၊ ကောင်းတာလုပ်မယ့်သူတွေအတွက်ကတော့ တကယ်လို့ အန္တရာယ်နဲ့ တွေ့ရင်တောင်မှ တောထဲမှာ အကူအညီပေးမယ့်သူတွေ ရှိမှာပေါ့”

“ဘယ်သူတွေများလဲ ဦးသူတော်ရဲ့”

“နှစ်ပေါင်းများစွာကတည်းက မကျွတ်မလွတ်ဘဝနဲ့ ရှိနေကြတဲ့ ပရလောကသားတွေပဲပေါ့၊ အရေးအကြောင်းရှိရင် သူတို့ကို အားကိုးရမယ်၊ သူတို့က သေနတ်တွေထက် အားကိုးရတယ်”

ဟုပြောပြရာ ထိုအခါမှ အနားမှာရှိနေသူတို့မှာ သဘောပေါက်ကြရပေတော့သည်။

ထို့နောက်မှာတော့ နောက်တစ်နေ့ နံနက်စောစောအချိန်၌ ခရီးထွက်ကြရန် ပြင်ဆင်ကြလေတော့သည်။





# အခန်း(၁၆)

# အဟိံသကတောကြမ်းမှ သက်ဆိုင်သူများ

နောက်တစ်နေ့ နံနက်စောစောအချိန်မှာတော့ လိုအပ်သော ပစ္စည်းများကိုပါ တစ်ပါတည်းယူဆောင်ပြီး အဟိံသကတောကြမ်းရှိရာသို့ ဦးတည်ကာ ခရီးထွက်ကြလေသည်။

သူတို့အဖွဲ့မှာတော့ ဒေါက်တာမင်းထင်ကျော်၊ မာရီယာ၊ နီမောင်၊ စောထီး၊ ငမဲအောင်နှင့် ဦးသူတော်ကြီး အပါအဝင် (၆)ယောက်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ထံမှာ အမဲပစ်သေနတ်တစ်လက်နှင့် မာရီယာထံမှာ ပြောင်းတိုသေနတ်တစ်လက် ပါလာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုသေနတ်နှစ်လက်အတွက် ကျည်ဆံများလည်း ပြည့်စုံစွာ ပါလာကြသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်မှာတော့ တောတက်ရာ၌ ယူဆောင်သွားလေ့ရှိသော ဓားလှံ၊ လေးမြှားလက်နက်နှင့် တောထဲမှာ အရေးအကြောင်းနှင့် ကြုံတွေ့ပါက အသုံးပြုနိုင်သည့် အခြားပစ္စည်းများ တပါတည်း ယူဆောင်လာကြသည်။

ဖိုးသူတော်ကြီးမှာတော့ သွားလေရာ ယူဆောင်လေ့ရှိသည့် တောင်ဝှေးတစ်ချောင်းနှင့် လွယ်အိတ်ကြီးတစ်လုံးသာ ပါလေသည်။

ထိုလွယ်အိတ်ကြီးအတွင်းမှာတော့ မည်သည့်ပစ္စည်းများ ပါလာသည်ကို မသိကြရပေ။

ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့ သုံးယောက်မှာ တောထဲသို့ သစ်ခွပန်းရှာဖွေရန်အတွက် အတူတကွ သွားလာနေကျ ဖြစ်သောကြောင့် မထူးဆန်းတော့ပေ။

သူတို့နှင့်အတူ ဖိုးသူတော်ကြီး ပါလာသည်သာ ထူးခြားသည်။

တောထဲရောက်ပြီး စခန်းတစ်ထောက် နားသောအခါ ယူလာသော အစားအသောက်များကို စားသောက်ရန် ပြင်ဆင်နေကြစဉ် ဖိုးသူတော်ကြီးက အစားအသောက်အချို့ကို ယူသွားပြီး မနီးမဝေးနေရာရှိ သစ်ပင်အောက်များမှာ ဖက်များနှင့် ပုံ





ပေးထားခဲ့ပြီးမှ ပြန်လာသည်။

"ဘာလုပ်တာလဲ ဦးသူတော်"

"တောထဲမှာရှိတဲ့ ပရလောကသားတွေကို မိတ်ဆွေဖွဲ့တဲ့အနေနဲ့ အစားအစာပေးတာပါ။ မိတ်ဆွေဖွဲ့ထားရင် မနှောင့်ယှက်ဘူး"

ဟု ပြောသည်။

"ဦးသူတော် မြင်ရသလား"

"ဘယ်မြင်ရမလဲ ဒါပေမယ့် လေထဲကို လက်နဲ့ဖမ်းဆုပ်သလိုပေါ့၊ လက်ထဲမှာ ကပ်ပါလာတဲ့ မြူမှုန်တွေကို သာမန်မျက်စိနဲ့ မမြင်ရသလို သူတို့လည်း ဒီပတ်ဝန်းကျင်မှာ အများကြီးရှိနေကြတာပေါ့"

ဟု ပြောပြလေသည်။

ထို့နောက် . အစားအသောက်တို့ကို အမောပြေ စားသောက်လေသည်။

ထိုသို့ စားသောက်နေရင်းနှင့် နီမောင်က ဒေါက်တာမင်းထင်ကျော်ကိုမေးသည်။

"ဆရာ ကြေးပုရပိုက်ထဲက အချက်အလက်တွေ သိလိုက်ရသလား"

"သိတန်သလောက်ပဲ သိလိုက်ရတယ်"

"ဒါဖြင့် ဂူကို တွေ့အောင်ရှာဖွေဖို့ လွယ်ပါ့မလား"

"ဒီလိုပဲ ကြိုးစားရမှာပေါ့"

ထိုအခါ ဖိုးသူတော်ကြီးက ဝင်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လည်း စိတ်မပူကြပါနဲ့၊ အချိန်တန်ရင် လမ်းပြပေးမယ့်သူနဲ့ တွေ့ရမှာပါ"

"ဘယ်သူတွေလဲ"

"သက်ဆိုင်တဲ့ ပရလောကသားတွေအပြင် အခြားဘာရှိမလဲ"

ဟု ပြောပြလေသည်။

ထိုကဲ့သို့ ပြောဆိုစားသောက်ပြီးသောအခါ ရှေ့သို့ ခရီးဆက်ကြလေသည်။

သူတို့အဖွဲ့တွင် အမျိုးသမီးတစ်ယောက် ပါသည်ဆိုသော်လည်း မာရီယာမှာတော့ အတွေ့အကြုံရှိသူတစ်ဦး ဖြစ်သဖြင့် အခက်အခဲတော့ သိပ်မရှိကြပေ။

ဤသို့ဖြင့် စကားတပြောပြောနှင့် ခရီးဆက်သွားကြရာ တစ်နေရာရောက်တော့ တောကျီးကန်းများ ဝိုင်းဝန်းစားသောက်နေသောအရာကို တွေ့ရသည်။

အခြားတော့ မဟုတ်ပေ။

သွေးသံရဲရဲနှင့် တွဲထားသော လူ၏လက်ညှိုးများနှင့် တူသော မရဏပန်းကုံးဟုခေါ်သော ပန်းပွင့်များကို အကောင်အရွယ်အစားကြီးမားသော တောကျီးကန်းကြီးများက ဝိုင်းဝန်းထိုးဆိတ် စားသောက်နေသည်ကို တွေ့ရခြင်းပင် ဖြစ်လေသည်။

"အင်္ဂုလိမာလ ဘဝတုန်းက လူတွေရဲ့ လက်ညှိုးတွေကို ဖြတ်ပြီး သစ်ပင်တွေပေါ်မှာ တင်ထားတော့ အခုလိုပဲ ကျီးငှက်တွေက ထိုးသုတ်စားသောက်ကြတယ်၊ ဒါကြောင့် လက်ညှိုးတစ်





ထောင် မပြည့်ခဲ့တာပဲ၊ အဲဒီအချိန်ကတည်းက လူတွေရဲ့ လက်ညှိုးတွေကို စားသောက်ခဲ့တဲ့ ကျီးငှက်တွေဟာ အခုလည်း ဒီပန်းတွေကို လက်ညှိုးအမှတ်နဲ့ စားနေကြတုန်းပဲ"

ဟု ဖိုးသူတော်ကြီးက ပြောသည်။

တောထဲသို့ အမြဲသွားလာနေကြသော နီမောင်တို့မှာ ခရီးသွားရင်း မရဏပန်းကုံးကိုတွေ့သော် ကံမကောင်းဟု ထင်မြင်ယူဆကြသည်။

ယခုအခါမှာတော့ မရဏပန်းကုံးကို တွေ့ရသော်လည်း တောကျီးကန်းများ ဖျက်ဆီးထားသောကြောင့် ပျက်စီးနေပေပြီ။

သို့ကြောင့် စိတ်အနှောင့်အယှက်မရှိတော့ပဲ ခရီးဆက်ကြလေသည်။

ညဦးပိုင်း အချိန်ရောက်တော့ သင့်တော်သော ဂူတစ်ဂူအတွင်းသို့ဝင်ပြီး စခန်းချကြလေသည်။

အားလုံး ဂူအတွင်းရောက်ပြီးသောအခါ ဖိုးသူတော်ကြီးက ဂူပေါက်ဝတစ်ပိုက်တွင် ပရိတ်ကြိုးများဖြင့် လိုက်လံတားဆီးနေလေသည်။

နီမောင်တို့ကတော့ ဖိုးသူတော်ကြီး စေခိုင်းသမျှ ဝိုင်းကူလုပ်ပေးကြရလေသည်။

အားလုံးပြီးတော့ ဖိုးသူတော်ကြီးက ပြောသည်။

"ဒီညတော့ အနှောင့်အယှက်တွေရော သက်ဆိုင်သူတွေပါ ရောက်လာနိုင်တယ်၊ စကားပြောရင်း စောင့်ကြတာပေါ့"

ညဥ့်ဦးပိုင်းအချိန် ရောက်သောအခါ ဂူပေါက်ဝနားတွင်



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုတစ်ဖို ဖိုထားပြီး ညစာကိုတော့ ဂူထဲမှာပင် ချက်ပြုတ်စား သောက်ကြသည်။

"မှောင်သွားရင်တော့ အပြင်ကိုမထွက်ကြနဲ့တော့"

ဟုလည်း မှာထားလေသည်။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် အလင်းရောင် ပျောက် သွားပြီး မှောင်ရိပ်သမ်းလာသောအခါ တောနက်ထဲမှ အော်ဟစ် ပြေးလွှားနေသော အသံများ. . ၊ ကယ်ပါယူပါနှင့် အကူအညီ တောင်းခံနေသောအသံများ ကြားလာရသည်။

"ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ"

အော်သံများမှာ ယောကျာ်းအသံရော၊ မိန်းမအသံများ ပါ ရောထွေးနေလေသည်။

"ကိုင်း. . အခုထိ မကျွတ်မလွတ်သေးတဲ့ဘဝမှာ ရှိ နေကြတဲ့ သနားစရာကောင်းတဲ့သူတွေကို ကျုပ်တို့ပြုလုပ်ခဲ့တဲ့ အမျှအတန်းတွေ ဝေပေးလိုက်ကြရအောင်"

ဟုပြောကာ ဖိုးသူတော်ကြီးကပင် ဦးဆောင်ကာ အမျှ အတန်း ဝေပေးလိုက်ကြလေသည်။

"အမျှ. . အမျှ. . အမျှ. .

အမျှ. . အမျှ. . အမျှ. .

အမျှ. . အမျှ. . အမျှ. . ရကြပါစေ ယူတော်မူကြပါ၊

သာဓု. . သာဓု. . သာဓု"

သာဓုသုံးကြိမ် ခေါ်လိုက်တော့မှ ကြားနေရသော အ သံများမှာ ကျယ်ကျယ်လောင်လောင် ကြားနေရာမှ တဖြည်း





ဖြည်းနှင့် တိုးသွားကာ ပျောက်ကွယ်သွားလေတော့သည်။

"ဒီလူတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော်က တည်းက အသတ်ခံရတဲ့သူတွေ ဖြစ်မှာပေါ့"

နီမောင်ကမေးတော့ ဖိုးသူတော်ကြီးက ပါးစပ်ထဲသို့ ကွမ်းယာတစ်ယာထည့်၍ ဝါးရင်းမှ ခေါင်းညိတ်ပြလိုက်သည်။

"ဒီလောက်နှစ်တွေ အများကြီးကြာနေတာတောင်. . မကျွတ်မလွတ်သေးတဲ့ဘဝမှာပဲ ရှိနေကြသေးသလား"

"လူတွေရဲ့သက်တမ်းနဲ့ ကြည့်မယ်ဆိုရင်တော့. . နှစ် ပေါင်း(၂၅၀၀)ကျော်ဆိုတာ အကြာကြီးပေါ့၊ ဒါပေမယ့် ပြဟ္မာဘုံ၊ နတ်ဘုံတွေ သက်တမ်းနဲ့ဆိုရင် ရက်က သိပ်မကြာသေးဘူး၊ ဒီလိုပဲ ငရဲကျနေသူတွေရဲ့ သက်တမ်းလည်း ရှည်ကြာကြတယ်"

လူတို့၏ အနှစ်(၅၀)သည် စတုမဟာရာဇာနတ်၏ (၁) ရက်ဖြစ်သည်။

စတုမဟာရာဇာနတ်တို့၏. . သက်တမ်း(၅၀၀)သည် သိဉ္ဇိုစ်းငရဲ၌ (၁)ရက်သာ ဖြစ်သည်။

သိဉ္ဇိုစ်းငရဲ၏ တစ်ရက်မှာ လူတို့အရေအတွက်အားဖြင့် အနှစ်ကိုးသန်းရှိသည်။

သိဉ္ဇိုစ်းငရဲ၏ သက်တမ်းသည် အနှစ်(၅၀၀)ရှိသည်။

လူတို့၏ နှစ်လဖြင့်ရေတွက်သော်. . ကုဋေပေါင်း တစ် သိန်းခြောက်သောင်းနှစ်ထောင်ဖြစ်သည်။

သိဉ္ဇိုစ်းငရဲသည် ငရဲသက်တမ်းအနည်းဆုံး ငရဲဘုံ ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



ငရဲဘုံထဲတွင် သက်တမ်းအကြာဆုံး မဟာအဝီစိငရဲ ဆိုလျှင်တော့ ဆိုဖွယ်ရာ မရှိတော့ပေ။

"ဒီတော့ လူတွေရဲ့ အနှစ် (၅၀)မှ နတ်ဘုံမှာ တစ်ရက် နတ်တို့ရဲ့ သက်တမ်း (၅၀၀)မှ ငရဲဘုံမှာ တစ်ရက်ဆိုမှတော့ နှစ်ပေါင်း (၂၅၀၀)ကျော်ဆိုတာ ပြိတ္တာလောကမှာ မနေ့တနေ့ ကလောက်ပဲ ရှိကြဦးမှာပေါ့"

ဟုပြောပြရာ ကြားရသူတို့မှာ ပြိတ္တာလောက ရောက် နေကြရသူများအတွက် စိတ်မကောင်းပင် ဖြစ်ကြရလေသည်။

"ဒီလိုဆိုတော့လည်း သူတို့ဘဝက သနားစရာပါလား"

နီမောင်က ရေရွတ်လိုက်သည်။

စောထီးနှင့် ငမဲအောင်တို့ စီမံပေးသော လက်ဖက်ရည် ကိုသောက်ရင်း စကားပြောနေကြရာ ညဦးပိုင်းအချိန် ရောက် လာလေတော့သည်။

ထိုအချိန်ရောက်တော့မှ လူနှစ်ယောက်သုံးယောက် ရောက်လာကြလေသည်။

တောထဲမှာပင် သေဆုံးခဲ့ကြသော မုတ္တူး၊ ဆာမိ၊ ရာရှု တို့ပင် ဖြစ်ကြလေသည်။

သုံးယောက်စလုံး သွေးသံရဲရဲဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြသည်။

"ကယ်ပါ. . ယူပါ"

ဟု အော်ဟစ်ရင်းနှင့် ဂူပေါက်ရှိရာသို့ ရောက်လာကြပြီး ပရိတ်ကြိုးများတားထားသော နေရာရောက်တော့ ရပ်တံ့သွား





ကြသည်။

ဖိုးသူတော်ကြီးက အသင့်ထုပ်ထားသော အစားအ သောက်ထုပ်များကို ပစ်ပေးလိုက်တော့ ကောက်ယူကာ စား သောက်နေကြသည်။

"မင်းတို့က ဘဝခြားနေပြီ၊ ဒီတော့ ငါတို့ကို အနှောင့် အယှက် မပေးကြနဲ့၊ စားသောက်ပြီးရင် ဝေးရာသွားကြ"

ဟု ပြောလိုက်သောအခါ ခေါင်းညိတ်ပြကြသည်။

စားသောက်ပြီးတော့ နေရာမှထကာ တောထဲ ပြန်ဝင် သွားကြလေသည်။

ညဉ့်နက်ပိုင်း အချိန်ရောက်တော့ တစ်ကိုယ်လုံး အဝတ် မည်းကြီး ခြုံထားသောသူ ရောက်လာသည်။

ဖိုးသူတော်ကြီးက ဂူပေါက်ဝအထိ ထွက်သွားပြီး မေး သည်။

"သက်ဆိုင်သူ မဟုတ်လား"

"ဟုတ်ပါတယ်"

"မိတ်ဆွေအဖြစ်နဲ့ လာတာဆိုရင် ငါတို့ကျွေးတဲ့ အစား အသောက်တွေကို လက်ခံပြီး စားသောက်ပါ"

ဟု ပြောပြီး အသင့်ထုပ်ထားသော အစားအသောက် ထုပ်ကို ပေးသောအခါ လှမ်းယူပြီး စားသောက်လေသည်။

"ငါတို့က အဟိသာကဂူကို သွားကြမယ့်သူတွေဖြစ်တယ်၊ ဂူထဲမှာရှိတဲ့ ရတနာတွေကိုယူပြီး မူလထားခဲ့တဲ့သူရဲ့ ဆန္ဒရှိတဲ့ အတိုင်း ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးကြမယ့် သူတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဦးသက္ကဆိုတဲ့သူကို ကြေးပုရပိုက်ပေးလိုက်တာ သင်ပဲ မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ကြေးပုရပိုက်ပေးပြီး ဘာကြောင့် မျက်စိကွယ်အောင် လုပ်ထားတာလဲ"

"အချိန်မတန်သေးဘဲ မသိသင့်တဲ့သူတွေ သိသွားပြီး မရောက်သင့်တဲ့သူတွေ ရောက်လာမှာစိုးလို့ပါ"

"ဒီကိစ္စတွေပြီးရင်ကော. . . သူ ဒုက္ခိတဘဝက လွတ်မြောက်နိုင်ပါသလား"

"လွတ်မြောက်နိုင်ပါတယ်"

"ကောင်းပြီ ငါတို့က ရတနာတွေရရင်လည်း ကိုယ်ကျိုးအတွက်မသုံးဘဲ အားလုံးကုသိုလ်ကောင်းမှုပြုပြီး သင်တို့ကို အမျှအတန်းဝေပေးပါ့မယ်၊ အကူအညီပေးပါ"

ခေါင်းညိတ်ပြလေသည်။

"ဒီကနေ အနောက်ဘက်စူးစူးကိုသွားရင် လူမျက်နှာနဲ့တူတဲ့ ကျောက်ဂူတစ်ဂူရှိတယ်၊ အဲဒီဂူကို ဝိညာဉ်လှောင်အိမ်လို့ခေါ်တယ်၊ အတွင်းမှာ နှစ်ပေါင်းများစွာ မကျွတ်မလွတ်ကြတဲ့ ဝိညာဉ်တွေရှိတယ်"

ဖိုးသူတော်ကြီးက ခေါင်းညိတ်ပြလိုက်သည်။

လူမည်းကြီးက အစားအသောက်များ စားသောက်နေရင်းမှ ဆက်ပြောလေသည်။

"အဲဒီဂူထဲကို မဝင်ပါနဲ့၊ ဝင်ရင် အန္တရာယ်နဲ့ တွေ့ရပါ





လိမ့်မယ်၊ ဝိညာဉ်လှောင်အိမ်ရဲ့ အနောက်ဘက်ကို ဆက်သွားရင်တော့ ကျောက်နံရံကြီးတစ်ခု ရှိတဲ့နေရာ ရောက်ပါလိမ့်မယ်"

"ကျောက်နံရံကာဆီးနေမှတော့ ရှေ့ဆက်သွားလို့ ရပါတော့မလား"

"မရပါဘူး လမ်းဆုံးပါပြီ၊ အဲဒီနေရာမှာ သင်တို့ရှာနေတဲ့ အဟိ သကလိုဏ်ဂူ ရှိပါတယ်"

"ကောင်းပါပြီ အခုလို ပြောပြပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးပြီးရင်လည်း သင့်အတွက် ရည်စူးပြီး အမျှအတန်းဝေပေးပါ့မယ်"

လူမည်းကြီးက စားသောက်ပြီးသောအခါ ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

ညဉ့်နက်ပိုင်း ရောက်လာတော့ သာမန်ဝိညာဉ်လောကသားအချို့လောက်သာ တွေ့ကြရပြီး ကြီးကြီးမားမား အနှောင့်အယှက်မျိုးတော့ မတွေ့ကြရတော့ပေ။

နောက်တစ်နေ့မှာတော့ ထိုနေရာမှ ခရီးဆက်ကြလေသည်။

ညနေပိုင်း အချိန်ရောက်တော့ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်ရှိသည့် ဂူတစ်ဂူရှိရာသို့ ရောက်သွားကြသည်။ အရိုးခေါင်းတစ်လုံး ချထားသည်နှင့်တူသော ဂူပင်ဖြစ်သည်။

"ဂူကြီးကလည်း ကြောက်စရာ ကောင်းလိုက်တာ" မာရီယာက တိုးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဂူက ဝိညာဉ်လျှောင်အိမ်လို့ခေါ်တဲ့ ဂူပဲဖြစ်မယ်၊ ဒီဂူကို ရှောင်သွားရမယ်"

ဟု ပြောဆိုပြီး ကြောက်စရာကောင်းသော ဂူကြီးအနီးမှ ဖြတ်သွားကြလေသည်။

နောက်ဆုံးမှာတော့ လမ်းကဆုံးသွားပြီးနောက် ရှေ့သို့ ဆက်သွားလို့ မရကြတော့ပေ။

ရှေ့မှာတော့ မြင့်မားမတ်စောက်သော ကျောက်သားနံရံကြီးက ဆီးတားနေလေပြီ။

"လမ်းဆုံးသွားပြီ၊ ရှေ့ဆက်သွားလို့ မရတော့ဘူး"

"သူပြောလိုက်တဲ့အတိုင်းဆိုရင်တော့ အဟိသက လိုက်ဂူရှိတဲ့နေရာက ဒီနေရာပဲ"

"ဒါပေမယ့် ဂူပေါက်တော့ မတွေ့ရဘူး"

"ဒီနားတစ်ဝိုက်မှာ ရှိနိုင်တယ်ဆိုတော့ ဒီနားတစ်ဝိုက် လိုက်ကြည့်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ပြီးနောက် လူစုခွဲကာ လိုက်လံရှာဖွေကြလေသည်။

ထိုနားတစ်ဝိုက်မှာတော့ သစ်ပင်မြင့်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများက ထူထပ်စွာ ရှိနေကြသည်။

ကျောက်နံရံကြီး တစ်ဝိုက်မှာလည်း ချုံနွယ်ပိတ်ပေါင်းများက ထူထပ်စွာ ရှိနေကြရာ စောထီးနှင့် ငမဲအောင်တို့က စွန့်စွန့်စားစား ဝင်ရောက်ကြည့်ကြသည်။

ကျောက်သားနံရံများမှလွဲပြီး ဂူပေါက်ဝတော့ မတွေ့ရ





ပေ။

နီမောင်မှာ ကျောက်နံရံနှင့် မနီးမဝေးတစ်ဝိုက် လိုက်ရှာနေရင်းနှင့် ကျောက်ရေအိုင်တစ်ခုရှိသောနေရာသို့ ရောက်သွားလေသည်။

ကျောက်ရေအိုင်မှာ သိပ်မကျယ်လှပေ။

အတွင်း၌ ရေများရှိနေသေးသည်။

သစ်ရွက်ခြောက်များ ကျနေသဖြင့် ရေကိုပင် မမြင်ရပေ။ နီမောင်က ရေစပ်သို့ ဆင်းသွားပြီးနောက် သစ်ရွက်များကို လက်ဖြင့် ဖယ်ကြည့်လိုက်သည်။

"ဟာ. . ."

ရေ၏အရောင်မှာ သာမန်အရောင်မျိုး မဟုတ်ပေ။

သွေးရေများ ထည့်ထားသကဲ့သို့ နီရဲနေသည်။

သစ်ရွက်များကျနေသောကြောင့် ရေအရောင် ပြောင်းသွားလေသလားဟု ထင်သော်လည်း မဟုတ်ပေ။

ရေ၏အရောင်ကိုက သွေးအရောင်ကဲ့သို့ ဖြစ်နေခြင်းဖြစ်၏။

နီမောင်က ထိုနေရာတစ်ဝိုက်သို့ လိုက်ကြည့်သောအခါ ရေအိုင်နှင့် မနီးမဝေးတွင် ကျောက်ပြားတစ်ချပ် တွေ့ရပြန်သည်။

ကျောက်ပြားချပ်မှာ ကျောက်ပျဉ်ကဲ့သို့ အဝိုင်းပုံသဏ္ဌာန်ဖြစ်ပြီး မျက်နှာပြင်မှာ ချောမွေ့နေသည်။

ထို့ပြင် မျက်နှာပြင်ပေါ်မှာ ထူးထူးခြားခြားဖြစ်နေသော ချိုင့်ခွက်ရာများလည်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ နီမောင်ရှိရာသို့ ဒေါက်တာမင်းထင်ကျော် ရောက်လာသည်။

"အခြေအနေ ဘာထူးသလဲ နီမောင်"

နီမောင်က သူတွေ့သောအခြေအနေကို ပြောပြလိုက်လေသည်။

ထိုအခါ . . ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားပြီးမှ ပြောသည်။

"ဒါဆိုရင် ဒီနေရာမှာ အဟိသက လိုဏ်ဂူရှိတယ်ဆိုတာ မှန်နေပြီ"

"ဘာကြောင့်လည်း ဆရာ"

"အင်္ဂလိမာလဟာ အဟိသကဘဝမှာ လူတွေလက်ထိုဖြတ်ပြီးပုန်းအောင်နေတဲ့နေရာရဲ့ ဂူနားမှာ သွေးဆေးတဲ့ ရေအိုင်နဲ့ ဓားသွေးခဲ့တဲ့ကျောက်ပြား ရှိတယ်လို့ သိရတယ်၊ ဓားသွေးတဲ့ကျောက်ပြားပေါ်မှာ ပေါ်နေတဲ့အရာတွေက တခြားမဟုတ်ဘူး ဓားသွေးရင်းနဲ့ ဓားနှောင့်ဆောင့်ခဲ့တာကြောင့် ပေါ်နေတဲ့အရာတွေပဲ"

"ဒီလိုထူတဲ့ ကျောက်ပြားပေါ်မှာ ချိုင့်ခွက်အရာတွေထင်အောင် ဆောင့်တဲ့အားက မနည်းဘူးနော်"

"ဘုရားပွင့်တဲ့အချိန်က လူတွေရဲ့အရပ်က (၄၅)တောင် လောက်မြင့်တယ်၊ အခုလောက်ဆိုရင်တော့ ထန်းပင်လောက်မြင့်မှာပေါ့၊ အဟိသကဟာ သုံးဂါဝုတ်ခရီးကို မရပ်မနားပြေးနိုင်ပြီး ဆင်တွေကျားတွေကိုတောင် လက်နဲ့သတ်နိုင်တယ်ဆိုမှတော့ ကျောက်ပြားပေါ်မှာ အရာထင်အောင် ဓားနှောင့်ဆောင့်ခဲ့တယ်ဆိုတာ ဘယ်ဆန်းပါတော့မလဲ"





"ဆရာပြောတဲ့အတိုင်းဆိုရင်တော့ ဒီနားတစ်ဝိုက်မှာ သူနေခဲ့တဲ့ ဂူရှိမှာ သေချာပြီပေါ့နော်"

"ဒီလိုတော့ ယူဆလို့ရပါတယ်၊ ဒါပေမယ့် သစ္စာဓိဋ္ဌာန်ပြုပြီး ထားခဲ့တဲ့ နေရာဆိုတော့ လွယ်လွယ်နဲ့တော့ ဘယ်တွေ့ပါ့မလဲ"

"ကြိုးစားကြရမှာပေါ့ . ဆရာရယ်၊ ကျွန်တော်တို့က တိုယ်ကျိုးအတွက် လောဘနဲ့ လုပ်ကြတာမဟုတ်တော့ အဆင်ပြေမှာပါ"

ဟု နှစ်ယောက်သား ပြောဆိုကာ မိမိလူများရှိရာသို့ ပြန်လာကြလေသည်။

စခန်းချသည့် နေရာရောက်သောအခါ အခြေအနေကို ပြောပြလိုက်လေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် နေဝင်ချိန်ရောက်လာပြီ ဖြစ်သောကြောင့် မှောင်စပျိုးလာလေသည်။

အခြားနေရာများဆိုလျှင် ယခုကဲ့သို့ နေဝင်ချိန်ရောက်လာပြီ ဆိုပါက တောတိရစ္ဆာန်များအော်သံများ ကြားလာရသည်။

မနီးမဝေးမှ လာရောက်ခြောင်းမြောင်းနေကြသည်ကို တွေ့ရလေ့ရှိသည်။

ယခုရောက်နေသောနေရာမှာတော့ အသံလည်းမကြားရ၊ ဘာမှ ထူးထူးခြားခြား မတွေ့ကြရသဖြင့် အံ့သြစရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ထုံးစံအတိုင်း ဖိုးသူတော်ကြီးက အနီးတစ်ဝိုက်ကို ပရိတ်ကြိုးများဖြင့် ကာရံထားသည်။

ပြီးမှ အသင့်ပါလာသော အစားအသောက်များကို စားသောက်ကြသည်။

"ဒီကနေ့ညတော့ ဒီအတိုင်း မနေကြဘူး၊ အားလုံး ဘုရားတရားကို အာရုံပြုနေကြပါ၊ ကျုပ်က ပုတီးစိတ်ပြီး အမိဋ္ဌာန်ဝင်မယ်၊ ထူးခြားမှု တွေ့ရင်သာ ပြောပါ"

ဟု ပြောဆိုမှာကြားလေသည်။

သူတို့ နေရာယူထားသောနေရာမှာ ကျောက်နံရံကြီး နံဘေးတစ်နေရာဖြစ်သည်။

အနောက်ဘက်တွင် သစ်တောများနှင့် မြင့်မားသော ကျောက်နံယံကြီးရှိသည်။

ရှေ့ဘက်မှာတော့ သစ်တောသစ်ခြုံများ ရှိသည်။ အားလုံးကိစ္စပြီးတော့ ဖိုးသူတော်ကြီးက ကျောက်နံရံဘက်သို့ မျက်နှာမူကာ ပုတီးစိပ်နေသည်။

ဒေါက်တာမင်းထင်ကျော်၊ နီမောင်တို့ (၅)ယောက်တတော့ ၎င်းအနောက်ဘက်တွင် ငြိမ်သက်စွာဖြင့် ဘုရားတရားကို အာရုံပြုနေကြသည်။

၎င်းတို့သည် ဘုရားတရားကို ယုံကြည်ကြသူများ ဖြစ်သဖြင့် ထိုကဲ့သို့ ပြုလုပ်ရသည်ကိုပင် နှစ်သက်နေကြသည်။

ဥရောပသွေးပါသူ မာရီယာပင် ဒေါက်တာမင်းထင်





ကျော်နှင့် ပတ်သက်ခဲ့ပြီးနောက် ဗုဒ္ဓဘာသာကို နှစ်သက်ယုံကြည်မှု ရှိလာပြီး သူမလည်း ငြိမ်သက်စွာရှိနေသည်။

ဗုဒ္ဓ၏ မေတ္တာရိပ်တရားရိပ်များက စိတ်ချမ်းမြေ့မှုကို ဖြစ်ပေါ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

# သောကဗယ်ဆွာ ချစ်သူတို့ ရင်ခွင်မှာ

တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်း အချိန်သို့ ရောက်လာလေပြီ။ ထိုအချိန်အထိတော့ ထူးထူးခြားခြား ဘာမှမတွေ့ရသေးပေ။ ဦးသူတော်ကြီးက ရှေ့မှဦးဆောင်ပြီး ဒေါက်တာမင်းထင်ကျော်၊ နီမောင်တို့တတွေကတော့ စိတ်အားထက်သန်စွာဖြင့် ငြိမ်သက်စွာ ရှိနေကြသည်။

သန်းခေါင်ယံအချိန်ရောက်တော့ သူတို့ထိုင်နေသောနေရာနှင့် မနီးမဝေးနေရာရှိ ကျောက်နံရံမှ အလင်းရောင်တစ်ခု ဆိုးထွက်လာသည်။ ထိုအခြေအနေကို စောထီးနှင့်ငမဲအောင်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က အရင်မြင်သဖြင့် ကျန်လူများကို အသိပေးသည်။

ထိုအခါမှ အားလုံးမျက်စိဖွင့်ကြည့်လိုက်ကြရာ အမှန်ပင် အလင်းရောင်များ ထွက်နေသည်ကို တွေ့မြင်ကြရသည်။

"ဂူပေါက်ဝပေါ်လာပြီ၊ အတွင်းဝင်ကြစို့"

ဟုပြောကာ နေရာမှထကြလေသည်။

အလင်းရောင်များ ထွက်နေသောနေရာသို့ သွားကြည့်သောအခါ ကျောက်နံရံမှာ ထက်ခြမ်းကွဲနေပြီး အတွင်းမှ အလင်းရောင်အချို့ အပြင်သို့ထွက်နေခြင်း ဖြစ်သည်။

အပေါက်မှာ လူတစ်ယောက် ချောင်ချောင်ချိချိ ဝင်နိုင်လောက်သော အခြေအနေမျိုး ဖြစ်သည်။ ထိုအခြေအနေသည် တစ်သက်တစ်ခါမြင်ရသော အခြေအနေမျိုး ဖြစ်သည်။

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဖိုးသူတော်ကြီးက ရှေ့ဆုံးမှ ဦးဆောင်ပြီး အတွင်းသို့ ဝင်သွားရာ. . နောက်မှ တစ်ယောက်ပြီးတစ်ယောက် ဝင်လိုက်သွားကြလေသည်။ အတွင်းဘက်သို့ ရောက်သောအခါ ကျယ်ဝန်းသော ဂူတစ်ဂူသို့ ရောက်သွားကြသည်။

ဂူအတွင်းမှာတော့ ထူးထူးခြားခြား အလင်းရောင်များ ရှိနေသဖြင့် အတန်အသင့် မြင်နိုင်လေသည်။

တစ်နေရာမှာတော့ ကျောက်ပြားတစ်ချပ်ပေါ်မှာ ငြိမ်သက်စွာထိုင်နေသော အဘိုးအိုတစ်ဦးကို တွေ့ကြရသည်။

ဖြူဖွေးနေသောဆံပင်ကို ထိပ်ပေါ်မှာ ထုံးတင်ထားသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ပါးသိုင်းမွေးများကလည်း





အဖြူရောင်များပင်ဖြစ်ပြီး ရှည်လျားစွာ ရှိကြသည်။ ကိုယ်ပေါ်မှာ ဝတ်ထားသော အဝတ်များကလည်း အဖြူရောင်ပင် ဖြစ်သည်။

သူတို့အားလုံး ထိုနေရာသို့သွားပြီး အရိုအသေ ပေးလိုက်ကြသောအခါ မျက်စိဖွင့်ကြည့်လေသည်။

"ရောက်လာကြပြီလား"

"ရောက်လာပါပြီ အဘိုး"

"ဟောဟိုကျောက်ဖျာပေါ်မှာ အထုပ်နှစ်ထုပ် ထုပ်ထားတယ်၊ နှစ်ထုပ်စလုံးမှာ ရွှေငွေရတနာ ပစ္စည်းတွေပါတယ်၊ တစ်ထုပ်က ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးဖို့အတွက် ဖြစ်ပြီး တစ်ထုပ်က သင်တို့ သုံးစွဲဖို့အတွက်ပဲ"

"ကျွန်တော်တို့ မသုံးစွဲလိုပါဘူး"

"ဒါပေမယ့် ထိုက်တန်တဲ့သူဆိုတာ သုံးစွဲခွင့်ရှိတယ်၊ အကျိုးရှိတဲ့ နေရာတွေမှာ သုံးစွဲပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့က ထိုနေရာသို့သွားကာ တစ်ယောက်တစ်ထုပ်စီ ယူလိုက်ကြသည်။

"ကဲ. . ဂူပေါက်မပိတ်ခင် အပြင်ပြန်ထွက်ကြပေတော့၊ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီးရင်သာ မကျွတ်မလွတ်သေးတဲ့ ဘုံဘဝရောက်နေတဲ့ သူတွေကို အမျှအတန်းဝေပေးကြပါ"

"ကောင်းပါပြီ"

ထို့နောက် သူတော်စင်အဘိုးအိုကို အရိုအသေပေးပြီးနောက် အပြင်ဘက်သို့ ပြန်ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အပြင်ပြန်ရောက်ပြီး မရွှေမနှောင်းမှာပင် ဟနေသော ဂူပေါက်ကြီးက တဖြည်းဖြည်း ပြန်ပိတ်သွားလေသည်။

ဂူပေါက် ပြန်ပိတ်သွားပြီးနောက်တွင် အလင်းရောင်လည်း တဖြည်းဖြည်းနှင့် ပြန်ပျောက်သွားလေသည်။

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်တော့ ဖိုးသူတော်ကြီးက ပြောသည်။

"ကိုင်း. . . ကိစ္စတွေလည်း အောင်မြင်ပြီဆိုတော့ ကျုပ်လည်း သွားစရာရှိတာ သွားရပေဦးမယ်"

"ဦးသူတော်ကြီးက ဘယ်သွားမှာလဲ"

"ဒီတာဝန်တစ်ခုပြီးတော့ နောက်တာဝန်တစ်ခု ထမ်းဆောင်ဖို့ သွားရဦးမှာပေါ့၊ လူတွေမှာ သူ့တာဝန်တွေနဲ့သူ ရှိကြတယ်၊ လောကီတာဝန် ထမ်းဆောင်ရတဲ့သူတွေ လောကုတ္တရာတာဝန်တွေ ထမ်းဆောင်ပေးကြရတာတွေ ရှိတယ်. . ၊ ကျုပ်ကတော့ အခုလိုပဲ၊ မြေလျှောက်ဝိဇ္ဇာဘဝနဲ့ သာသနာ့အကျိုးတွေကို လုပ်ကိုင်ပေးရတာရှိတယ်၊ ဒါကြောင့် ဒီတစ်နေရာပြီးပြန်တော့ နောက်တစ်နေရာ ဆက်သွားရမယ်"

"ကျွန်တော်တို့နဲ့ တွေ့ရဦးမှာလား"

"သံသရာခရီး မဆုံးမချင်း တစ်နေရာမဟုတ် တစ်နေရာမှာတော့ ပြန်တွေ့ကြရဦးမှာပေါ့"

ဟု ပြောဆိုနှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

"နောင်ဝေဝေ. . နောင်ဝေဝေ"

"ကိုယ်ပြုသောကံ ကိုယ့်ထံပြန်





ကိုယ်သာခံရမည်၊

ကိုယ်ပြောသောကံ ကိုယ့်ထံပြန်

ကိုယ်သာခံရမည်၊

စိတ်ထားဖြူစင် အေးချမ်းစွာ

ချမ်းသာသုခ ရပါစေ"

"နောင်ဝေဝေ. . နောင်ဝေဝေ"

အစရှိသော ဆုတောင်းစာများကို ရွတ်ဆိုရင်း တဖြည်းဖြည်းနှင့် ဝေးသွားလေတော့သည်။ နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့လည်း ဖိုးသူတော်ကြီးအတွက် စိတ်မကောင်းဖြစ်မိသော်လည်း ဘာမှမတတ်နိုင်တော့ဘဲ မိမိတို့နေရပ်သို့ ပြန်ခဲ့ကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် မာရီယာတို့နှစ်ယောက် ပြန်ရောက်လာသောအခါ ဝီလျံနှင့် သောမတ်တို့က ပြောသည်။

"မင်းတို့နှစ်ယောက်က ကုမ္ပဏီအလုပ်တွေ မလုပ်ဘဲ တခြားအလုပ်တွေ လုပ်နေကြတယ်၊ ဒါကြောင့် အထက်အရာရှိတွေက မကျေနပ်ကြဘူး"

"ဒီတော့ ဘယ်လိုလုပ်မတဲ့လဲ"

"အလုပ်ကထွက်ဖို့ အမိန့်စာ ထုတ်ပေးလိုက်တယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ငါတို့သိချင်တာကို ပြောပြပေးမယ်ဆိုရင်တော့ နှစ်ယောက်စလုံး အလုပ်မှာ ဆက်ထားပေးဖို့ ပြောပေးမယ်"

"မလိုတော့ပါဘူး၊ ငါတို့က ဝါသနာပါလို့ ဒီအလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်လုပ်နေတာ၊ မင်းတို့ လူကြီးတွေက သဘောမကျဘူးဆိုရင် ချက်ချင်း ပြန်သွားကြရုံပဲ ရှိတယ်၊ မင်းတို့ စိတ်ဝင်စားတဲ့ ကိစ္စတွေကို ငါသိတယ်၊ ကြေးပုရပိုက်ထဲက လျှို့ဝှက်ချက်တွေ မ ဟုတ်လား"

"ဟုတ်တယ် . . ဟုတ်တယ်"

"ငါတော့ ဒီအကြောင်းကို ဘာမှ မသိဘူး၊ မင်းတို့ သိချင်ရင် တောထဲမှာ ဖိုးသူတော်ကြီးတစ်ယောက်ကို တွေ့အောင်ရှာပြီး သူ့ကိုမေးရင် သိနိုင်တယ်"

ဟု ပြောဆိုကာ ၎င်းတို့ပစ္စည်းများကို သိမ်းဆည်းပြီး ဗန်ဒါ သစ်ခွရှာဖွေရေးစခန်းမှ ထွက်သွားကြလေတော့သည်။

ဝီလျံနှင့်သောမတ်တို့လည်း တအံ့တသြဖြင့် ကျန်ခဲ့ကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် မာရီယာတို့အတွက်တော့ စူဠလိပ်အား ရေထဲသို့ လွှတ်လိုက်သကဲ့သို့ပင် ဖြစ်တော့သည်။

နီမောင်လည်း ၎င်းဆောင်ရွက်ရမည့်ကိစ္စများ ပြီးသွားပြီ ဖြစ်သဖြင့် အပယ်ခံရွာသို့ သွားလေသည်။

မြသင်းကြူတို့အိမ် ရောက်တော့ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာထိုင်ကာ ပုတီးစိပ်နေသော ဦးသက္ကကို တွေ့ရသည်။

ဦးသက္ကက သူ့ကိုကြည့်ပြီး ပြုံးပြလေသည်။

"အောင်မြင်ခဲ့ပြီလား"

"ဟုတ်ကဲ့ အောင်မြင်ခဲ့ပါပြီ၊ ဒါ့ထက် အဘမျက်လုံးတွေ ပြန်မြင်ရပြီလား"





"ခုတော့ မြင်ရပါပြီ"

"ရတနာတွေတော့ ရခဲ့ပြီ၊ ကုသိုလ် ကောင်းမှုတွေ ဆက်လုပ်ပေးရဦးမယ်"

"လုပ်ပေးရမှာပေါ့၊ သူတို့အတွက်လည်း ကုသိုလ်ရ . . ဆောင်ရွက်ပေးတဲ့သူတွေလည်း ကုသိုလ်ရတာပေါ့၊ အိမ်ထဲမှာ မင်းညီမရှိတယ်"

ဟု ပြောသဖြင့် အိမ်ထဲဝင်သွားတော့ မြသင်းကြူနှင့် တွေ့ရသည်။

"အစ်ကိုပြန်လာပြီလား၊ အဘတော့ မျက်စိပြန်မြင်လာပြီ"

"ဝမ်းသာစရာပေါ့၊ အစ်ကိုလာတာ မြသင်းကြူကို ပြောစရာရှိလို့ပါ"

"ပြောလေ"

"အစ်ကိုတို့ ဆောင်ရွက်ပေးတဲ့ ကိစ္စတွေ ပြီးပြီဆိုတော့ ဗမာပြည် ပြန်ကြတော့မယ်၊ မြသင်းကြူတို့ မြေးအဘိုးပါ ခေါ်သွားချင်တယ်"

"ကျွန်မအဘိုးကို ပြောပြပြီးပါပြီ၊ အဘိုးကတော့ ဒီမှာပဲ နေခဲ့တော့မယ်လို့ ပြောပါတယ်"

"ဒါဖြင့် မြသင်းကြူကတော့ လိုက်ခဲ့မှာပေါ့နော်"

"အစ်ကိုကရော ကျွန်မကို တကယ်ခေါ်သွားချင်လို့လား၊ တော်ကြာ ကျွန်မတို့အကြောင်းတွေကို သိသွားရင် ခေါ်ပေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေကို စိုးရိမ်နေဖို့ မလိုပါဘူး၊ အစ်ကို မြသင်းကြူအပေါ်မှာ ထားခဲ့တဲ့မေတ္တာကို ဘယ်လိုအရာမျိုးနဲ့မှ ချေဖျက်လို့ မရနိုင်ပါဘူး၊ အစ်ကိုလိုချင်တာက ဂုဏ်ပကာသနတွေ မဟုတ်ပါဘူး၊ ဖြူစင်တဲ့ မေတ္တာတရားပါပဲ"

"ကျွန်မပေးနိုင်တာလည်း တစ်ခုပဲ ရှိပါတယ်၊ အဲဒါကတော့ တခြားမဟုတ်ပါဘူး၊ မေတ္တာတရားတစ်ခုပဲ ရှိပါတယ်"

"မြဆီက ဒီစကားကြားရတာ တကယ်ပဲ ဝမ်းသာမိပါတယ်"

ဟု ပြောဆိုကာ မြသင်းကြူကိုယ်လေးကို ထွေးဖက်ထားလိုက်လေသည်။ နောက်ရက်အတန်ကြာသောအခါမှာတော့ မြန်မာပြည်သို့ ထွက်ခွာမည့် သင်္ဘောတစ်စင်းပေါ်မှာ ဒေါက်တာမင်းထင်ကျော်၊ မာရီယာ၊ နီမောင်၊ မြသင်းကြူ၊ စောထီး၊ ငမဲအောင်တို့အပြင် နီမောင်မိဘများပါ တွေ့ကြရလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (အဟိသက ကျိန်စာဂူ)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိယာပဟောန္တု သုခီအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။(၂၀၁၄)ခုနှစ်၊ ဧပြီလ(၁)ရက်၊အင်္ဂါနေ့၊ ညနေ(၅)နာရီ။

